

ရင်မြတ်နိုး
မုန်းရိပ်သို့ဝေးလွင့်ဝေ

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၁၉၂၀၂၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၃၂၂၀၃၀၉ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း။<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂)<br>စံယဉ်အော့ဖ်ဆက်<br>၁၃၊ ၁၀၇ လမ်း။<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

ရှင်မြတ်နိုး

မုန်းရိပ်တို့ဝေးလွင့်စေ/ရှင်မြတ်နိုး ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၀၉

၂၈၇ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) မုန်းရိပ်တို့ဝေးလွင့်စေ


# အခန်း (၁)

လှပခန့်ညားလွန်းသော တိုက်ကြီးရဲ့ အခန်းတစ်ခုထဲတွင် သူဌေးကြီးဦးမြတ်ညာရဲ့ တစ်ဦးတည်းသောသမီးလေး ရွှေသဲညာ တစ်ယောက် အလိုမကျသော မျက်ဝန်းတွေနှင့် ခြံကြီးထဲကို မမိုတ်မသုန် စူးစိုက်စွာကြည့်မိနေသည်။ ဒက်ဒီကို ညာ လုံးဝမကျေနပ်ပါဘူး။ မာမ့်ကို အိမ်ပေါ်ကနေ မောင်းထုတ်လိုက်လို့ပဲလေ။ မာမ့်အပြစ်က ဘာလဲ။ အိမ်က ဒရိုင်ဘာနဲ့ ဖောက်ပြန်လို့တဲ့လေ။ မဖြစ်နိုင်ပါဘူး။ လုံးဝမဖြစ်နိုင်တာပဲ။ မာမီက အိမ်ရှင်မပီသပြီး ဖြူစင်ချောမောသော မိန်းမတစ်ယောက်ပဲလေ။ ညာ အသိဆုံးပဲဟာ။ လွန်ခဲ့သောခြောက်လလောက်က ညာ နိုင်ငံခြားမှာ ကျောင်းသွားတက်နေတုန်း ဒက်ဒီဆီက ဖုန်းလာသည်။ သမီးညာရဲ့မာမီ သစ္စာမရှိဘူးတဲ့။ အိမ်က ဒရိုင်ဘာဦးမျိုးခန့်နဲ့ ဖောက်ပြန်လို့တဲ့။

အဲဒီတုန်းကတည်းက ညှာ လက်မခံခဲ့ပေ။ မဖြစ်နိုင်ပါဘူးဟု ငြင်းဆန်ခဲ့သည်။

"သမီးညှာ ပြန်လာခဲ့ပါ၊ အားလုံး ဒက်ဒီရှင်းပြမယ်၊ ဒရိုင်ဘာဦးမျိုးခန့်တောင် အချုပ်ထဲမှာလေ၊ မယားခိုးမှုနဲ့ ဒက်ဒီ တရားစွဲထားတာ၊ သမီးမာမီ ကြည်ကြည်သာကိုယ်တိုင်က ဝန်ခံတယ်"

"အမယ်လေး"

ဒီသတင်းသည် ညှာ့အတွက်ကတော့ ကောင်းကင်ပေါ်မှ ကြီးမားတဲ့မြည်ဟီးသံကြီး ပေါက်ကွဲလွင့်စင်ကာ မိုးကြိုးပစ်ချခံလိုက်ရသလို ဖြစ်သွားရသည်။ ဘာကြောင့်များ ဒီလို လူတွေကဲ့ရဲ့ပြစ်တင်ဝေဖန်စရာ အဖြစ်အပျက်မျိုးတွေ ဖြစ်လာခဲ့ရတာလဲ။ ဒက်ဒီကိုယ်တိုင်ကရော မာမီ့ကိစ္စတွေကို လူသိထင်ရှားဖြစ်အောင် ဘာဖြစ်လို့များ အကျယ်ချဲ့ရတာလဲ။ တကယ်ဆို သိုသိုသိပ်သိပ်ဖြေရှင်းရမှာလေ။ ဒက်ဒီက စီးပွားရေးအရ အောင်မြင်ကျော်ကြားတဲ့ တိုင်းသိပြည်သိ လုပ်ငန်းရှင်ကြီးပဲ။ နောက်ဆုံး သမီးရဲ့အနာဂတ်ကိုရော ထည့်မစဉ်းစားတော့ဘူးတဲ့လား။ ဒက်ဒီက မာမီ့အပေါ် မထေမဲ့မြင်နှင့် အမြဲတမ်းဥပေက္ခာပြုထားခဲ့တာ ညှာ သိနေသည်။

"မာမီ့ကို ဒက်ဒီက ဘာဖြစ်လို့များ ဥပေက္ခာပြုထားရတာလဲ၊ မချစ်ဘဲနဲ့ လက်ထပ်ခဲ့ရလို့လားဟင်"





"မချစ်ဘူး၊ ဒက်ဒီ့အတွက် ရုပ်သေးရုပ်တစ်ရုပ်လို မိန်းမကို လက်ထပ်ပေးခဲ့ကြတာပဲ"

မာမီရယ် ဘယ်လိုဖြစ်ကြတာလဲ။ ညှာ ယုံတောင်မယုံနိုင်ဘူး။ ညှာ့မာမီက အဲဒီလိုမိန်းမတစ်ယောက် မဟုတ်ပါဘူး။ အမြဲတမ်း အိမ်ရှင်မပီသပြီး အိမ်မှုကိစ္စတွေကလွဲပြီး ဘာကိုမှ စိတ်မဝင်စားတဲ့မိန်းမပါ။ ဒက်ဒီ မတရားစွပ်စွဲတာပဲဖြစ်တယ်။ လုပ်ကြံတာပါ။ မာမီဖောက်ပြန်တာ မဖြစ်နိုင်ပါဘူးလေ။ ရွှေသဲညှာတစ်ယောက်တည်း ကြေကွဲဝမ်းနည်းစွာ မျက်ရည်တွေ ပြည့်လျှံလာရသည်။

"ညှာ"

ဒက်ဒီ့အသံက တည်ငြိမ်အေးစက်စွာဖြင့် သူမနောက်မှ တိုးတိတ်စွာ ထွက်ပေါ်လာသည်။ ညှာကတော့ ဒက်ဒီ့ကိုမကြည့်။ မာမီ့ရဲ့အကျင့်ဖောက်ပြန်မှုတွေအတွက် သက်သေအထောက်အထားတွေနဲ့ ညှာ့ကိုပြောပြမှပဲ မဟုတ်လား။ ဒက်ဒီက ညှာ့အနားထိ တိုးကပ်လာသည်။

"သမီးအနေနဲ့ ဒက်ဒီ့စကားတွေကို လက်မခံနိုင်တာ ဒက်ဒီနားလည်ပါတယ်လေ၊ သမီးမာမီကိုယ်တိုင်က ဝန်ခံနေတာပဲ၊ မယုံရင် သမီးကိုယ်တိုင်သွားမေးကြည့်လို့ရတာပဲ"

"တော်ပါတော့ ဒက်ဒီ၊ မာမီက ကိုယ်ကျင့်တရားပျက်

ပြားတဲ့ မိန်းမတစ်ယောက်မဟုတ်ဘူးဆိုတာ သမီးတစ်ယောက်ဖြစ်တဲ့ ညှာအသိဆုံးပါ၊ တစ်ခုခုတော့ မှားယွင်းနေပြီထင်တယ်၊ မာမီက ညှာ့အတွက် မိခင်ကောင်းတစ်ယောက်၊ ဒက်ဒီ့အတွက် တာဝန်ကျေပွန်တဲ့ ဇနီးမယားကောင်းတစ်ယောက်"

"တိတ်စမ်း ဆက်မပြောနဲ့တော့"

ဒက်ဒီ့အသံတွေ တုန်လှုပ်ချောက်ချားစွာ တုန်ရီနေသည်။ မာမို့ကိစ္စကို ဒက်ဒီအကျယ်ချဲ့နေတာ အကြောင်းရှိသည်ကို ညှာ သိနေ၏။ မာမို့အပြစ်တွေကို ဒက်ဒီ ဘာဖြစ်လို့ လူသိထင်ရှား ပတ်ဝန်းကျင်အသိုင်းအဝိုင်းကလူတွေ ရွံရှာမုန်းတီးပြီး ဒက်ဒီ့အပေါ် ကျတော့ သနားစရာကောင်းတဲ့ လင်ယောကျ်ားတစ်ယောက်ဖြစ် နေအောင် ဖန်တီးနေတာ။ အဲဒီအကြောင်းရင်းက ဘာလဲ။ ပြောပြ ပါ ဒက်ဒီ။ ညှာ ငယ်စဉ်လေးတည်းက မာမီ အနိမ်ခံဘ၀၊ ယောကျ်ားအပေါ် ကြင်နာယုယပြီး အိမ်ရှင်မကောင်းပီသခဲ့တာ။ ဒက်ဒီ ထင်ရာစိုင်းပြီး မာမို့အပေါ် အကြင်နာကင်းမဲ့စွာ ဆက်ဆံပြုမူ ခဲ့တာတွေ ညှာ သိနေတာပဲ။ မာမီ မတရားခံရတာဟုပဲ ထင်သည်။

"သမီးသွားတွေ့ပါ၊ သမီးမာမီ ဘာတွေပြောမလဲဆိုတာ လေ၊ ဒက်ဒီကိုယ်တိုင် အိပ်ခန်းထဲမှာ မိခဲ့တာ၊ မငွေ သက်သေရှိ တယ်လေ"

"တော်ပါတော့ ဒက်ဒီ၊ ညှာ့ကို ဘာမှလာမပြောပါနဲ့တော့၊





တစ်နေ့ကျရင် အမှန်တရားဆိုတာ ပေါ်လာမှာပါ၊ မာမီနဲ့ပတ်သက် တာတွေ ညှာ မကြားပါရစေနဲ့တော့"

"မကြားချင်လည်း ဒက်ဒီပြောရမှာပဲလေ၊ ဒက်ဒီက ပိုပြီး တော့တောင် မပြောချင်သေးတာပါ၊ သမီးမာမီကိုယ်တိုင်က ဝန်ခံနေခဲ့တာပဲ၊ ဒက်ဒီ မတရားပြောတာမှ မဟုတ်တာပဲ၊ သမီး သနားရမှာက ဒက်ဒီ့ကိုပဲ အားပေးနှစ်သိမ့်ရမှာလေ"

ညှာ့နှုတ်ခမ်းသားလေးက တဆတ်ဆတ်တုန်ရီလာရသည်။ ဒက်ဒီ့စကားတွေကို ညှာဘယ်လိုမှ ယုံကြည်လက်ခံလို့မရပေ။ မာမီက အဲဒီလိုမိန်းမမျိုးမဟုတ်ပါဘူး။ ညှာ သွားမေးလည်း မာမီ ဝန်ခံတယ်ထားပါဦး ညှာ လက်မခံနိုင်ပါဘူးလေ။ ဒက်ဒီ့လက်ကိုင် ဖုန်း မြည်လာသည်။

"ဟဲလို ကိုကျော်ဇောလား ရပါတယ်ဗျာ ဘယ်တတ်နိုင် ပါ့မလဲ၊ ကိုယ့်ကံပဲလေ၊ မိန်းမက ကိုယ့်အိပ်ခန်းထဲမှာ နောက် ယောကျ်ားနဲ့ဖောက်ပြန်နေတာမိတယ်ဆိုတော့ ကိုယ်ကစတာမှ မဟုတ်တာပဲ ကိုကျော်ဇောရယ် ကိုယ်အရှမ်းခံစားနေရတယ်၊ ကိုယ့်ရင်တွေ ကွဲထွက်မတတ်ပဲ၊ ကုမ္ပဏီကိုတောင် မသွားရဲလောက် အောင် ရှက်မိတယ်ဗျာ"

"ဒက်ဒီ"

ဒက်ဒီ ဖုန်းပိတ်လိုက်စဉ် ညှာ ရှူးသွပ်စွာအော်ဟစ်တား

[illegible] မာမီ့ကို ဒက်ဒီ တမင်တကာနှာမည်ပျက်သွား [illegible]တာထက် ပိုပြောနေတာပဲ၊ တကယ်ဆို ဒက်ဒီက [illegible]ခြေသင့်သည်။

"ဒက်ဒီ့အပေါင်းအသင်းတွေက ဒက်ဒီ့ကိုသနားနေကြတယ်၊ အားပေးနေကြတယ်၊ သမီးမာမီကြောင့် ဒက်ဒီမျက်နှာပျက်ရတာ ဂုဏ်သိက္ခာမဲ့ရတာ"

"ဒက်ဒီ"

"ပြော"

"သမီးအနားကနေ ထွက်သွားပေးပါတော့၊ ကျေးဇူးပြုပြီး မာမီ့အကြောင်းတွေ မကြားပါရစေနဲ့"

"ဒက်ဒီက သမီးကိုစောင့်ရှောက်မှာပါ၊ တစ်ဦးတည်းသော သမီးလေးကို ဒက်ဒီချစ်တယ်၊ မိမြိုင်လုပ်ရက်တယ်ကွာ၊ သမီးလေးရဲ့မျက်နှာကိုတောင် မထောက်ဘူး"

ဒက်ဒီ့အနားကနေ ညှာထွက်လာခဲ့သည်။ ခြံထဲဆင်းလာပြီး ကားမောင်းထွက်လာခဲ့၏။ ဘယ်ကိုသွားရမလဲ။ ညှာ ဘာဆက်လုပ်ရမလဲ။ မာမီ့ဆီသွားတွေ့သင့်လား။ ဒက်ဒီပြောတာတွေ အမှန်ပဲလားဟု မေးချင်သည်။ မာမီက ဒက်ဒီ့ဆန္ဒပဲ။ ဒက်ဒီက ထားရာနေ စေရာကိုသွားတဲ့မိန်းမပဲ။ မာမီ့ကို အိပ်ခန်းထဲမှာ ဒရိုင်ဘာမင်းခန့်နှင့် အတူတူတွေ့တာတဲ့။ ဘာတွေလဲ။ ညှာ လက်မခံနိုင်ပါ





ဘူး။ မဖြစ်နိုင်ပါဘူး။ ညှာ စိတ်ညစ်ညစ်နှင့်ကားလေးကို ခြေဦးတည့်ရာ မောင်းနေမိသည်။

"ကျွီ"

"ဟင်"

"ဒုက္ခပါပဲ"

ညှာ့ကားလေးက အဝေးပြေးလမ်းမကြီးပေါ်အထိ ရောက်လာပြီး လမ်းပေါ်မှာ ထိုးရပ်သွားသည်။ စိတ်ညစ်ရတဲ့အထဲမှာ ကားကလာပျက်နေသေးတယ်။ ညှာ ကားပေါ်မှဆင်းပြီး ကားကို ကြည့်သည်။ ဟွန်း ညှာလည်း ဘာမှမလုပ်တတ်ဘူး။ ညှာက ကားပဲမောင်းတာ။ ကားကိုပြင်ဖို့ နည်းနည်းမှ စိတ်မဝင်စားပေ။ သူမ စိတ်ညစ်ညစ်နှင့် မောင်းလာတာ မြို့ပြင်ရောက်လာ၏။ ဘယ်သူ့ဆီ အကူအညီတောင်းရမလဲ။ ဒက်ဒီ့ဆီလည်း ဖုန်းဆက်ပြီး အကူအညီမတောင်းချင်ပါဘူး။ နိုင်ငံခြားကိုတောင်ပြန်ဖို့ ဆုံးဖြတ်ထားသည်။ ညှာ စိတ်ညစ်ပြီးရပ်နေစဉ် အရက်မူးသမား တစ်ယောက်က ဒယိမ်းဒယိုင်နှင့် သူမအနားကပ်လာ၏။ ရီဝေသော မျက်ဝန်းတွေနှင့် ညှာ့ကိုကြည့်ပြီး မေးသည်။

"ကားပျက်နေလို့လား"

"ဘာရှင့်"

"ကားပျက်နေလို့လားလို့ မေးနေတယ်လေ၊ ဘာလဲ မင်း

မျက်လုံးတွေက ငါ့ကိုအထင်သေးနေတာလား၊ အဖက်မတန်သလို ကြည့်တာလား"

အရေးထဲ အရက်မူးသမားက လာပြီးပြဿနာရှာနေသည်။ သူ့ကိုကြည့်လိုက်တော့ လူရည်သန့် လူချောလူခန့် တစ်ယောက်ဖြစ်နေပြီး ဘာဖြစ်လို့များ အမူးသမားဖြစ်နေရတာလဲ။ ညွှာ နည်းနည်းတော့ ကြောက်လာမိသည်။

"မေးနေတယ်လေ"

"ဟုတ်တယ်"

"လေသံက မာလှချည်လား၊ ကျုပ်က ကားဝပ်ရှော့မှာနေလာတာနော်၊ ကျုပ်ဦးလေးက ဝပ်ရှော့ထောင်ထားတယ်၊ ပြင်ပေးရမလား စေတနာနဲ့မေးတာနော်"

"ရှင် ရှင်က"

သူ ဆက်မပြောတော့ဘဲ ကားစက်ဖုံးကို ဖွင့်ကြည့်သည်။ ခေါင်းက အင်ဂျင်ခန်းထဲစိုက်နေ၍ ညွှာ စိတ်ပျက်နေမိ၏။ အမူးသမားဆိုတော့ မာမာထန်ထန်လည်း မပြောရဲပေ။ သူ့အသက်က ညွှာနှင့် ရွယ်တူလောက်ပဲရှိမည်။ အသားက ဖြူနုပြီး အရပ်အမောင်းကလည်း မြင့်မြင့်မားမားနှင့် ကြည့်၍ကောင်းနေသည်။ ဘာဖြစ်လို့များ အရက်ကို မူးရူးအောင်သောက်နေရတာလဲ။ ညွှာနှင့် မဆိုင်ပါဘူးလေ။ စိတ်ညစ်လွန်းလို့ ထွက်လာကာမှ ကားပျက်တာရော





အမူးသမားရော တွေ့နေရသည်။

"အမိ"

"ဟင်"

"မောင်းကြည့်လိုက်"

"ရှင်"

"မောင်းကြည့်ပါဆို"

"ဟုတ်ကဲ့"

ညွှာ ကားပေါ်တက်ပြီး ကားစက်ကိုနှိုးကြည့်တော့ စက်က အလွယ်တကူပဲ နိုးသွားသည်။ တော်ပါသေးရဲ့ အမူးသမားက ညွှာ့ကိုမရစ်ဘဲ ကားပြင်ပေးလို့။ သူကြည့်ရတာ ဆင်းရဲနွမ်းပါးပုံရ၍ ကားပြင်ပေးခကို ထုတ်ပေးဖို့ ပိုက်ဆံအိတ်ကို ဖွင့်မိသည်။

"ရှင့်ကို ကျေးဇူးအများကြီး တင်ပါတယ်နော်၊ ပိုက်ဆံလေးတော့ လက်ခံပေးပါရှင်"

သူ့အကြည့်တွေက မာထန်စွာ ညွှာထံ ဆတ်ခနဲရောက်လာ၍ ညွှာ လန့်သွားရသည်။ အမယ်လေး အမူးသမားကလည်း မာနရှိသည့်ပုံပင်။ စေတနာနဲ့ပေးတဲ့ဟာကို သူ့ပုံစံက မရှိသေးကြီးထင်သည်။

"အမိဆီက ဘယ်သူက ပိုက်ဆံတောင်းလို့လဲ"

"ဟို ဟို ညွှာကစေတနာနဲ့ပါ၊ ငွေကြေးသတ်မှတ်တာ

မဟုတ်ပါဘူး၊ ရှင် ရှင်က ကားပြင်ဆရာဆိုတော့"

"ကျုပ်ကိုအထင်သေးပြီးတော့ မပေးနဲ့နော်၊ ကျုပ်က လည်း စေတနာနဲ့ပြင်ပေးတာပဲ၊ အထင်သေးတဲ့ မျက်လုံးတွေနဲ့ လည်း ကျုပ်ကိုမကြည့်နဲ့၊ ကျုပ်ပုံစံက စုတ်ပြတ်နံ့ချာနေချင်နေမယ်၊ မာနကတော့ မိုးပေါ်မှာပဲ"

လေသံမာမာနှင့်ပြောဆိုပြီး ညှာ့အနားမှ ထွက်သွားသည်။ ကြီးကျယ်လိုက်တာ ကျေးဇူးတော့တင်ပါတယ်လေ။ သူပြင်ပေးသွားလို့ ညှာတစ်ယောက်တည်း ဒုက္ခမရောက်တာပါ။ သူ ဒယိမ်းဒယိုင်နှင့် သွားနေတာ ညှာ ရပ်ကြည့်မိနေသည်။ ဘယ်လိုလူလဲ မာနကလည်းကြီးနေလိုက်ပေမယ့် မိန်းကလေးတစ်ယောက်အပေါ် မဖွယ်မရာ စော်စော်ကားကား မဆက်ဆံခဲ့ပေ။ သူ အဝေးကိုရောက်သွားတော့မှ ညှာ ကားပေါ်တက်လိုက်ပြီး စက်နှိုးကာ မောင်းထွက်လာမိသည်။

"ကျုပ်ကိုအထင်သေးပြီးတော့ မပေးနဲ့နော်၊ ကျုပ်က လည်း စေတနာနဲ့ပြင်ပေးတာပဲ၊ ကျုပ်ပုံစံက စုတ်ပြတ်နံ့ချာနေချင်နေမယ်၊ မာနကတော့ မိုးပေါ်မှာပဲ"

သူ့စကားတွေကို ညှာ ပြန်၍ကြားယောင်လာရသည်။ ရှင် ဘယ်လိုလူလဲ။ အရက်ကတော့ အတော်လေးမူးနေ၏။ ခန္ဓာကိုယ်ကိုပင် မထိန်းသိမ်းနိုင်လောက်အောင် ဖြစ်နေသည်။ သူ့မှာ





စိတ်ဝင်စားစရာအကောင်းဆုံးက မာထန်နေပုံ မျက်ဝန်းစိမ်းစိမ်းတွေပဲ။ ညို့မျက်ဝန်းတွေပဲလား။ ညှာ ဘာတွေစဉ်းစားနေရတာလဲ။ လမ်းပေါ်မှာတွေ့တဲ့ အမူးသမားတစ်ယောက်အကြောင်းကိုများနော် ညှာ့ကိုယ်ညှာ မကျေမနပ်နှင့် ဒေါသတွေ ထွက်ချင်နေမိသည်။

# အခန်း (၂)

“ကင်း နင် အရက်တွေသောက်လာတယ် မဟုတ်လား၊ ဘာဖြစ်လို့သောက်လာရတာလဲ၊ နင် စိတ်ညစ်နေလို့လားတဲ့”

မောင်လေးကင်း ဒယိမ်းဒယိုင်နှင့် ပြန်လာတာကို တွေ့ရတော့ မြနန္ဒာ စိတ်ပျက်သွားရလေသည်။ စိုးရိမ်ပူပန်မှုတွေလည်း ရင်ထဲကိုတိုးဝင်လာကာ အစ်မတစ်ယောက်အနေနှင့် ကင်းကိုကြည့်ပြီး နာကျင်ကြေကွဲသွားရသည်။ ကင်းကတော့ ဘာကိုမှအရေးမစိုက်သလို အိမ်လေးပေါ်တက်လာသည်။

“ကင်း နင် နင်”

“ဖယ်ပါဗျာ”

“နင် မမကိုအရွဲ့တိုက် အရက်သောက်လာတာ မဟုတ်လား၊ နင် ဒီအရက်ကို ဘယ်တုန်းကသောက်ခဲ့လို့လဲ၊ နင်က





အမြဲတမ်းလိမ္မာပြီး ရည်ရွယ်ချက်က ကြီးမားတဲ့လူပဲ၊ ငါ့ကြောင့် နင့်ဘဝကိုဖျက်ဆီးပစ်တယ်ပေါ့လေ၊ မမကို စိတ်သောကရောက်အောင် လုပ်တာပေါ့လေ”

ကင်းက မြနန္ဒာကို တွန်းဖယ်ပြီး အိပ်ခန်းလေးထဲ ဝင်ဖို့ကြိုးစားနေသည်။ မြနန္ဒာကို ဘာမှတုံ့ပြန်ပြောဆိုမနေပေ။ မြနန္ဒာရဲ့ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံလာသည်။ ကင်းကို ဒီလိုဘဝမျိုးမရောက်စေချင်ဘူး။ လိမ္မာရေးခြားရှိတဲ့ လူတော်လူကောင်းတစ်ယောက်ပဲ ဖြစ်စေချင်ခဲ့တာပါ။

မမနန္ဒာရဲ့ စေတနာမေတ္တာတွေကို ကင်း ဘာဖြစ်လို့ နားလည်မှုမပေးနိုင်ရတာလဲ။ ကင်း အိပ်ခန်းထဲအထိ လိုက်ဝင်လာခဲ့သည်။ ကင်းကို ဆုံးမရမယ်။ အတင်းအကြပ်ပဲ သွန်သင်ဆုံးမရမယ်။ မောင်လေး အရက်သောက်တာကို မြနန္ဒာ လုံးဝခွင့်မလွှတ်ဘူး။ လက်လည်းမခံနိုင်ဘူး။ ကင်းကို ဆူပစ်ရမယ်။

မမနန္ဒာက ကင်းကို တလက်လက်ထပြီး ထွန်းတောက်နေတဲ့ ကောင်းကင်ပေါ်က ကြယ်ပွင့်လေးအဖြစ် ပြုစုပျိုးထောင်ပေးခဲ့တာပါ။ ကင်းက ကြမ်းပြင်ပေါ်မှာထိုင်ပြီး ခေါင်းငိုက်စိုက်ချနေသည်။

“ကင်း”

“ဟင်”

"ဖြန်း"

"ဟင်"

"ဖြန်း ဖြန်း"

"တော်ပြီဗျာ"

မြနန္ဒာကို မော့၍ပင်မကြည့်ရဲဘဲ ရှိသလေးစားစွာ ချစ်ခင်ခဲ့သော ကင်းက အစ်မကို အရက်တွေသောက်ပြီး ဆန့်ကျင်နေသည်။ မြနန္ဒမငိုမိအောင် တင်းထားလိုက်၏။ အကြည့်တွေက တင်းမာနေသည်။

"ကင်း ငါ့ကိုကြည့်စမ်း၊ နင့်ကို ငါ ငယ်ငယ်လေးတည်းက ဘယ်လောက်ပြုစုပျိုးထောင်လာခဲ့ရလဲ ကင်း"

"မကြားချင်ဘူးဗျာ"

"ဘာ"

"ဖြန်း"

"မမ"

"ဖြန်း"

ကင်းမပြောတော့ မမနန္ဒာလို တာဝန်ကျေလွန်းတဲ့ အစ်မအပေါ် ကင်း မုန်းတီးနာကြည်းနေတာပင် လွန်နေပြီ။ အမေကဲ့သို့ ကင်းကို ပြုစုစောင့်ရှောက်လာခဲ့သည်။

"ကင်း ပြောစမ်း မမကို အထင်သေးပြီး ကင်းက ပမာမခန့်လုပ်တာလား၊ မမကိုအထင်သေးတာလား မဘာဖြစ်လို့ ဒီလမ်းကို ရွေးချယ်ရတယ်ဆိုတာရော ကင်း သိလား"

"တော်ပြီဗျာ၊ မကြားချင်ဘူး၊ ဆက်မပြောပါနဲ့တော့"

"နေဦး ကင်း"

မောင်လေးကင်းရဲ့လက်ကို သူမ ဆတ်ခနဲ ဆွဲယူဆုပ်ကိုင်ထားမိသည်။

"ငါဘာဖြစ်လို့ ဒီလမ်းကိုရွေးချယ်ရတာလဲဆိုတာ ရှင်းပြပြီးပြီပဲ ကင်း"

"တော်ပါတော့"

"ကင်းလည်း မမနဲ့အတူတူလိုက်ခဲ့ရမယ်၊ ကင်းအတွက်လေ"

"ကင်းအတွက်နဲ့တော့ မမဘဝကို ဒီလောက်အထိ မရင်းစေချင်ပါဘူးဗျာ၊ ကင်း ယောကျ်ားမပီသရာရောက်ပါတယ်"

"ကင်း"

"ကင်းအတွက် မမစိတ်မပူပါနဲ့လို့ ပြောထားပြီးပြီ၊ ကင်း ယောကျ်ားပါ"

"ဟုတ်တယ် ကင်း၊ မမကိုယ်တိုင်က လော်မာဖောက်ပြားပြီး ဒီလမ်းကိုရွေးချယ်လိုက်တာလေ၊ ဘာပြောချင်သေးလဲ၊ ကင်း အေး ကင်းလိုက်ရမယ်"

“ကင်းကို လွှတ်ထားလိုက်ပါ မမနန္ဒာ၊ ကင်း မလိုက်ချင်ဘူး”

“မင်းဘယ်မှာနေမှာလဲ ကင်း၊ ဒီအိမ်က စာချုပ်ပြည့်နေပြီလေ၊ ပြောင်းပေးရတော့မယ်၊ မမကို နားလည်ပေးစမ်းပါ ကင်းရယ်၊ မမနန္ဒာက အစ်မကြီး အမိအရာပဲ၊ မမရွေးချယ်ထားတဲ့လမ်းကိုတော့ ဆက်ပြီးလျှောက်လှမ်းရမှာပဲ၊ ကင်း လိုက်နေရမယ်၊ မမခင်ပွန်းအိမ်မှာ ကင်းလိုက်နေတာ ဘာများမျက်နှာပူစရာလိုလဲ ကင်း”

“မမ အဲဒီလူက”

“တော်တော့”

မမနန္ဒာကိုလည်း ကင်း မပြောမဆိုရက်အောင် သနားနေမိသည်။ ကင်းကို ချစ်မြတ်နိုးစွာ ငယ်စဉ်လေးကတည်းက အပင်ပန်းခံ ရှာဖွေကျွေးမွေး စောင့်ရှောက်လာခဲ့၏။ ကင်း အပြစ်မတင်ရက်ပါဘူး။ ကင်း ရှက်တယ်။ မမ ဘာတွေလုပ်မိနေတာလဲ။ ကိုယ့်ကိုယ်ကိုရော စဉ်းစားဆင်ခြင်နိုင်စွမ်းတောင် မရှိတော့ဘူးထင်သည်။ ကင်း နှလုံးသားတွေ ကွဲအက်ကြေမွမတတ် နာကျင်နေသည်။ မမနန္ဒာနောက်ကို ကင်း မလိုက်လိုပေ။ ငြင်းဆန်၍မရ။ မမက လက်မခံခဲ့။ မမနောက်ကို ကင်း မလွဲမသွေလိုက်ရတော့မည် ဖြစ်၏။ မမ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်ဝိုင်းနေ





သည်။

“မင်းမရှိဘဲ မမ ဘယ်လိုလုပ်ပြီး အသက်ရှင်နေထိုင်ရမလဲ ကင်းရယ်၊ မောင်လေးကင်းအပေါ် မမ မိခင်တစ်ယောက်လို အုပ်ထိန်းစောင့်ရှောက်ခဲ့တယ်လေ၊ မမကို စိမ်းစိမ်းကားကားကြီး မနေပါနဲ့၊ မမကတော့ အရာအားလုံး မောင်လေးအတွက်လေ၊ မမကို နားလည်ပေးပါ”

ကင်း ဘာပြောရတော့မလဲ။ မမရဲ့စေတနာမေတ္တာတွေကို ငယ်စဉ်လေးထဲက ကင်း အပြည့်အဝရရှိခဲ့ရသည်။ ကင်းအတွက် မမ အလုပ်တွေ ပင်ပင်ပန်းပန်းနှင့်လုပ်ကာ ငွေရှာခဲ့ရ၏။ ချစ်သူလည်းမရှာခဲ့။ ကင်းဘဝရှေ့ရေးအတွက် မမနန္ဒာ စဉ်းစားခဲ့သည်။ သို့သော်လည်း ယခုကိစ္စမှာတော့ ကင်းအဖို့ လုံးဝသဘောတူလက်ခံနိုင်ခြင်းမရှိခဲ့ပေ။ မမလုပ်ရပ်အတွက် ကင်း အရှက်ကြီးရှက်ကာ ဆန့်ကျင်ကန့်ကွက်မိသည်။

“သူက မုဆိုးဖိုပဲလေ၊ အသက်ကတော့ မမထက်ကြီးပါတယ်၊ ကလေးတစ်ယောက်အဖေ၊ ဘာဖြစ်လဲ ကင်း မမတို့ဘဝမှာ အမြဲတမ်း ခက်ခဲကြမ်းတမ်းခဲ့ရတာလေ၊ အိမ်ပိုင်လေးတစ်လုံးတောင် မရှိဘူး၊ ပြီးတော့ မောင်လေးပညာရေးအတွက်”

“တော်ပါတော့ မမရယ်၊ အဲဒီအကြောင်းပြချက်နဲ့တော့ မမဘဝကို အနစ်မွန်းမခံပါနဲ့၊ ကင်းက ယောကျာ်းပါ၊ ကင်းအတွက်

မမဒီလိုလုပ်ပေးစရာမလိုပါဘူးဗျာ''

''ကင်း''

''မမ''

''ဟင်''

''နောက်ဆုတ်လို့ရရင်''

''မဖြစ်တော့ဘူး.မမ၊ လက်ခံရတော့မယ်၊ ကင်း အားလုံး လွန်သွားပြီလေ၊ မောင်လေးကျောင်းစရိတ်တွေအားလုံး မမ သူ့ဆီက လက်ခံရယူခဲ့တာ၊ ပြီးတော့ မမယူထားတဲ့အကြွေးတွေ သူဆပ်ပေးခဲ့တာ''

မမနန္ဒာကို သူဆက်ပြောစရာစကားတွေ မရှိတော့သလို ဖြစ်သွားရသည်။ မမနန္ဒာ့အပေါ် အပြစ်တင်စကားတွေလည်း ဆက်၍ပြောမထွက်တော့ပေ။ မမရင်ထဲမှာ ဘယ်လောက်နာကျင်ကြေကွဲနေလဲဆိုတာ မမမျက်ဝန်းတွေက သိသာနေသည်။

''ကင်းနော် မင်းကိုးများမနေနဲ့၊ ဘာဆင်ခြေမှလည်း ဆက်ပေးစရာမလိုဘူး၊ မမနဲ့လိုက်ခဲ့၊ မင်းပညာဆက်သင်ပါ၊ မမမှာ ရွေးချယ်စရာလမ်း မရှိလို့ပါ ကင်းရယ်နော်''

မမနန္ဒာကို ကင်း ငယ်စဉ်လေးတည်းက ချစ်ကြောက်ရိုသေခဲ့သည်။ ကင်းအမေပါပဲ။ မေမေသေတော့ ကင်းက မွေးကင်းစတဲ့။ ဖေဖေကတော့ ကင်း ကိုယ်ဝန်ရှိစမှာပဲ ကားအက်စီးဒင့်ဖြစ်





ပြီး ဆုံးသွားတာတဲ့။ မမ ငယ်ငယ်ရွယ်ရွယ်နှင့် မောင်လေးအား မိခင်တစ်ယောက်ပမာ ကျွေးမွေးပြုစုခဲ့ရသည်။ ကင်းကို သက်သောင့်သက်သာဖြစ်ဖို့ ကင်းပညာရေး ကျန်းမာရေး အစစအရာရာ မမတာဝန်ယူခဲ့ရ၏။ ကင်းအတွက် မမပင်ပန်းခက်ခဲခဲ့ရသည်။

''မမကံကြမ္မာပဲထားပါ၊ ဦးမြတ်ညွှာက မမကို အရမ်းချစ်တယ်၊ လိုလေသေးမရှိ ထောက်ပံ့ခဲ့တယ်၊ မုဆိုးဖိုပဲကင်းရယ်၊ ဘာဖြစ်လဲ ကင်းအရွယ် သမီးလေးတစ်ယောက်ရှိတယ်ဆိုပေမယ့် မမကို တင့်တောင်းတင့်တယ် လက်ထပ်မှာပါ''

မမအတွက် နောက်ဆုတ်လို့မဖြစ်နိုင်တော့ဘူးဆိုတော့ ကင်း ဆန့်ကျင်နေလို့မဖြစ်ပေ။ ပြီးတော့ ကင်းကိုယ်တိုင် မမဆန္ဒကို အတင်းအကြပ်ငြင်းဆန်လိုခြင်း မရှိပေ။ ကင်း လိုက်နေရမှာပဲ။ မမနန္ဒာ့ကို ကင်း ပေးဆပ်ခြင်းသည် မမတစ်ယောက်တည်းလည်း သူစိမ်းတစ်ရံစာအိမ်မှာ အထီးကျန်မနေစေချင်၍လည်းဖြစ်၏။ မမနန္ဒာ သဘောအတိုင်းပါပဲဟု ပြောပြီး ကင်း ထွက်လာခဲ့သည်။

''မမ အဲဒီလူအကြောင်း ဘယ့်လောက်သိလို့လဲ၊ မမ ဘာတွေလုပ်နေရတာလဲ၊ ကင်းကိုတောင် အသိမပေးဘူး၊ ကင်းက မမအတွက် အရေးမပါတော့တာလားဗျာ''

ဦးမြတ်ညွှာဆိုတဲ့လူနှင့် မမ ပတ်သက်ဆက်ဆံနေခဲ့တာပင် ကင်း မသိပေ။ ယခင်က ငွေကြေးကျပ်တည်းခက်ခဲနေခဲ့သော

မမနန္ဒာသည် နောက်ပိုင်း တော်တော်လေး အဆင်ပြေလာခဲ့သည်။

"ကင်း မမ ပွဲစားအလုပ်က အဆင်ပြေတယ်ကွယ်၊ မောင်လေး လိုအပ်တာပြောနော်၊ မမ မောင်လေးတစ်သက်လုံး ဆင်းရဲနွမ်းပါးခဲ့ရတာ သုံးစမ်းပါကွယ်"

မမနန္ဒာက ဘယ်လောက်ပဲ ပိုက်ဆံတွေပေးပါစေ ကင်း မသုံးခဲ့ပေ။ မမဖြစ်စေချင်တဲ့ ကင်းဘဝတိုးတက်မြင့်မားရေးအတွက်ပဲ ကင်း ကြိုးစားနေခဲ့သည်။ မမနန္ဒာက ကင်းကို အဝတ်အစား အသုံးအဆောင်တွေ အကောင်းစားတွေပဲ ဝယ်ပေးခဲ့၏။ ကင်း ဒီလောက်မလိုအပ်ပါဘူးဟု ပြောလည်း မရခဲ့။ အတင်းအကြပ် ဝယ်ယူဆင်ပေးခဲ့သည်။

"ကင်းက တကယ်ကို လူချောလေး၊ မမမောင်လေးမို့ ပြောတာမဟုတ်ဘူးကွယ်၊ အရမ်းကို ယောကျ်ားပီသတယ်၊ ဝတ်စမ်းပါ၊ မမပွဲတွေဖြစ်လို့ပါ၊ ကြည့်စမ်း စတိုင်လ်လည်းကျလွန်းတယ်၊ သန့်ပြီးဖြူစင်နေတာပဲ"

မမနန္ဒာလည်း မိန်းမချောလေးတစ်ယောက်ပါပဲ။ ချစ်သူတွေ ဝိုင်းဝိုင်းလည်ခဲ့ပေမယ့် မောင်လေးအတွက် ဘယ်သူ့ကိုမှ မရွေးချယ်ဘဲ အပျိုကြီးဘဝကိုပဲ ခံယူခဲ့သည်။ ငွေတွေရှာဖွေခဲ့၏။ ကင်းပညာရေးအတွက် မမငွေကုန်ခဲ့သည်။ တစ်စက်ကလေးမျှပင် မညည်းညူခဲ့။ ကင်း ဆေးတက္ကသိုလ်တက်သောအချိန်တွေမှာ





ပို၍ပင် ပြည့်စုံလာခဲ့ရသည်။

"မမ အိမ်ထောင်ပြုဖို့ဆုံးဖြတ်လိုက်ပြီ ကင်း၊ အဲဒါလည်း မောင်လေးရှေ့ရေးအတွက်ပဲ၊ စဉ်းစားဆုံးဖြတ်ခဲ့တာပါ၊ ပြီးတော့ မမဘယ်လိုမှ ငြင်းဆန်လို့မရတော့လို့ပါကွယ်"

မမအိမ်ထောင်ပြုတာကို သူထောက်ခံခဲ့ပေမယ့် မမ အိမ်ထောင်ပြုမယ့် ခင်ပွန်းအကြောင်း သိရသောအခါ ကင်း ဘယ်လိုမှလက်မခံနိုင်အောင် ဖြစ်သွားခဲ့ရသည်။

"မုဆိုးဖို အသက်အရွယ်က ကြီးပေမယ့် မမအတွက် အားကိုးပြုရမယ့်ယောကျ်ားပါ၊ ကင်းရယ်"

သူဌေးကြီးတစ်ယောက်ကို မမက အပိုင်ချိုင်ပစ်လိုက်သည်ဟု ပတ်ဝန်းကျင်မှာ သတင်းတွေပျံ့နှံ့နေခဲ့၏။ ပြီးတော့ ကင်းအနေနှင့် ချမ်းသာကြွယ်ဝတဲ့ သူဌေးတစ်ယောက်အိမ်မှာ ကပ်နေပြီး ပညာဆက်မသင်ချင်ပေ။ ကင်းက ယောကျ်ားပါ။ အလုပ်လုပ်မယ် ဆိုတော့လည်း မမနန္ဒာက လက်မခံ။ ငိုယိုနေသည်။ အစာလည်း မစား။ အိပ်လည်းမအိပ်တော့။ ကင်းပဲလက်လျှော့ခဲ့ရသည်။ သူ စိတ်ညစ်လွန်းလာ၍ တစ်ကြိမ်တစ်ခါမှ မသောက်ခဲ့ဘူးသော အရက်ကို သောက်ပစ်မိခဲ့၏။ ပတ်ဝန်းကျင်မှာ နေထိုင်ရဲအောင်ပါ။ မျက်နှာပူလွန်းလို့ပါ။ ရှက်လွန်း၍ အရက်ကိုပဲ မူးအောင်သောက်ခဲ့မိသည်။

"မင်းစိတ်ညစ်နေလို့ ရှက်နေလို့ အရက်သောက်တာလား ကင်း၊ နောက် လုံးဝမသောက်ပါနဲ့၊ မမလာ်ထပ်ရတာ မင်းဘဝကို ဖျက်စီးပစ်ဖို့ မဟုတ်ဘူးနော်၊ မသောက်နဲ့ ဒီတစ်ခါ နောက်ဆုံးဖြစ်ပါစေ"

ကရုဏာဒေါသတွေ ပြည့်နှက်နေသော မမနန္ဒာရဲ့ အသံတွေက ငိုသံတွေပါရောယှက်နေခဲ့သည်။ ဘာတွေလဲ ကင်း ဘာဆက်လုပ်ရမလဲ။ လုပ်စရာက မမနန္ဒာခေါ်ဆောင်ရာနောက် ကင်းလိုက်နေဖို့ပဲ။ ကင်း ဆက်ပြီးငြင်းပယ်နေလျှင် မမနန္ဒာက ကြီးကျယ်ခမ်းနားတဲ့တိုက်ကြီးပေါ် သူ့အား အတင်းအကြပ် ခေါ်ဆောင်သွားတော့မှာပဲ ဖြစ်သည်။

"ပတ်ဝန်းကျင်ကို ဂရုစိုက်မနေစမ်းပါနဲ့ ကင်းရယ်၊ မမ အသက်ကြီးပြီလေ၊ အခွင့်အရေးတစ်ခုတော့ အမိအရဆုပ်ကိုင်ရမှာပဲ"

ကင်း ရှက်တယ်။ မျက်နှာပူတယ်။ ကင်းဘဝကို ကင်း မုန်းတီးလာရသည်။ ဒါပေမယ့်လည်း မမနန္ဒာကိုတော့ ကင်း စိတ်ချမ်းသာပျော်ရွှင်စေချင်မိလေသည်။

▯



# အခန်း (၃)

"မာမီ"

"ဟင်"

"ညှာကိုပြောပြပါ၊ ဒက်ဒီစွပ်စွဲသလိုမျိုး မာမီဖြစ်ခဲ့သလားလို့"

ယောက်ျားတစ်ယောက်အပေါ် အိမ်ရှင်မပီသစွာ တာဝန်ကျေပွန်နေတတ်သော မာမီသည် ဒက်ဒီထားရာနေ စေရာသွားတတ်သူလည်းဖြစ်နေသည်။ အလှအပတွေလည်း မပြင်ဆင်တတ်သည့်အပြင် ပတ်ဝန်းကျင်ကလူတွေနှင့်လည်း ဆက်ဆံပတ်သက်လေ့မရှိပေ။ မိသားစုတာဝန်ပဲ ဂရုတစိုက်လုပ်နေတတ်၏။ ဒက်ဒီ့စွပ်စွဲချက်က လုံးဝအခြေအမြစ်မရှိဟုပဲ ထင်မိသည်။

"သမီးညှာ"

"ရှင်"

"ပြန်တော့"

"မာမီ"

"ဟုတ်တယ်၊ ညည်းဒက်ဒီပြောတာတွေ စွပ်စွဲတာတွေက အားလုံးအမှန်တွေပဲ"

"မာမီ"

ညှာ ရှူးသွပ်စွာဖြင့် အော်ဟစ်ပစ်လိုက်မိသည်။ မာမ့်ကို ကြည့်ရတာ ယခင်ကနှင့်မတူတော့ပေ။ အလှအပတွေ ပြင်ထား၏။ မာမီက ဝန်ခံလိုက်တာပဲ။ ဒက်ဒီက အမှန်လား အမှားလားဆိုတာ မာမ့်ကို သွားမေးနိုင်သည်တဲ့။ မာမီနေတဲ့အခန်းက အတော်လေး အဆင့်မြင့်သော တိုက်ခန်းတစ်ခန်း ဖြစ်နေပြီ။ မာမ့်ကိုယ်တွင်လည်း လက်ဝတ်ရတနာတွေ ဝတ်ထားသည်။ ဒက်ဒီက အတော်ဝေးပေးလိုက်တာပဲ။ မာမ့်ရဲ့ လွတ်လပ်မှုတွေ ဒက်ဒီ့ရဲ့နှိပ်ကွပ်အနိုင်ကျင့်မှုတွေက လွတ်မြောက်စေဖို့ ဘယ်လိုနည်းမျိုးနဲ့ အရယူသွားခဲ့ရတာလဲ။ မာမီ ရူးနေပြီလားဟင်။ အပျိုပေါက်အရွယ် သမီးလေးမျက်နှာကိုတောင် မထောက်ထားဘဲ အရှက်သိက္ခာမဲ့စေတဲ့အလုပ်ကို လုပ်သွားရတာလား။ ညှာ မယုံနိုင်ဘူး။ လက်မခံနိုင်ပါဘူး။ မာမီက ကိုယ်ကျင့်တရားပျက်ပြားတဲ့ မိန်းမတစ်ယောက်မှ မဟုတ်တာပဲ။ မာမီက ဝန်ခံလိုက်၍ ညှာအတော်လေးပဲ ဝမ်းနည်းကြေကွဲသွားရ





သည်။

"သမီးညှာ ပြန်ပါတော့၊ မာမ့်ကိုလာပြီး ပက်သက်ဆက်ဆံတာမျိုးတွေ မလုပ်ပါနဲ့၊ သမီးဒက်ဒီ စွပ်စွဲတာတွေက အမှန်ပဲလေ၊ မာမီက ဟိုလူနဲ့အတူနေနေပြီ၊ ယုံပါ ဘာဖြစ်လို့လဲဆိုတော့ တစ်နေ့တော့ သမီးသိလာမှာပါ၊ ပြန်"

"မာမီ"

"ပြန်လေ ဒက်ဒီ့အရိပ်က အေးမြပါတယ်၊ သမီးညှာ အမွေတွေကိုရအောင်ယူ မာမ့်ကိုတော့ သေပြီပဲသတ်မှတ်ထားလိုက်ပါ"

မာမီက ခါးခါးသီးသီးပဲ မောင်းထုတ်နေ၍ ညှာ ပြန်လာခဲ့ရသည်။ မာမီကိုယ်တိုင် ဝန်ခံနေပေမယ့်လည်း ယခုထိ ညှာ လက်မခံနိုင်သေးပေ။ ယုံလည်းမယုံကြည်မိ။ ဒက်ဒီက ဥပေက္ခာတွေနဲ့ ညှင်းပန်းနှိပ်စက်လွန်းတော့လည်း မာမီ နိုးစပ်သူနဲ့ ငြိစွန်းဖောက်ပြားသွားလေလားပဲ။ မာမီ ဈေးသွားဝယ်တဲ့အချိန်မှာ ဒရိုင်ဘာနှင့်သွားတတ်သည်။ ဒက်ဒီက ဇနီးအပေါ် မချစ်မနှစ်သက်ဘဲ ဥပေက္ခာပြုထားသလောက် သမီးကိုတော့ချစ်၏။ အလိုလိုက်သည်။ ဂရုတစိုက်လည်း ရှိတတ်သည်။

"မာမီ ဟိုလူနဲ့အတူနေနေပြီ၊ သမီးညှာ နောက်ထပ် မာမီနဲ့လာမပတ်သက်နဲ့တော့နော်၊ ဒက်ဒီနဲ့ပဲနေ"

မာမိရဲ့ ကိုယ်တိုင်ဝန်ခံမှုအတွက် ညှာ မကျေမနပ်နှင့် ဒေါသတွေပေါက်ကွဲချင်နေရသည်။ ရင်ထဲမှာ မွန်းကျပ်ပြီး မခံစားနိုင်တော့။ ဒီလိုအဖြစ်အပျက်မျိုးတွေ ရင်ဆိုင်ဖြတ်သန်းရမည်ဟု မထင်မှတ်မိ။ ကားကို တရကြမ်းမောင်းပြီး အိမ်ပဲပြန်လာခဲ့၏။ ညှာ အိမ်ပြန်ရောက်ချိန်ကပင် ညဆယ်နာရီရှိနေသည်။

"ညှာ"

"ဟင် ဒက်ဒီ"

"ဘယ်တွေသွားနေတာလဲကွယ်၊ မိန်းကလေးတစ်ယောက်က ဒီအချိန်ထိ မသွားသင့်ဘူးလို့ ဒက်ဒီထင်တယ်၊ ဖုန်းကိုရော ဘာဖြစ်လို့ပိတ်ထားရတာလဲ"

"ညှာ မာမိဳကိုသွားတွေ့တာပါ ဒက်ဒီ"

"ဟင် ဟုတ်လား၊ မာမိက ဘာတွေပြောလဲ၊ ဝန်ခံလိုက်တယ်မဟုတ်လား"

"အင်း"

"ဒက်ဒီပြောသားပဲ သမီးမာမိရဲ့ သစ္စာမဲ့မှုကို ဒက်ဒီခံရတာပါလို့"

ညှာ့အကြည့်တွေက ဒက်ဒီ့ဆီရောက်သွားပါသည်။ ဒက်ဒီ့မျက်ဝန်းတွေက ကြေကွဲမနေပါဘူး။ သဘောကျနှစ်ခြိုက်နေသလိုပဲ။ ဒက်ဒီ မရိုးသားဘူး။ စိတ်အေးလက်အေး ကြေကွဲရိပ်





တွေ ကင်းမဲ့နေတာကိုပင် ညှာ မကျေနပ်မိ။ ညှာ ဘာမှဆက်မပြောချင်တော့သဖြင့် အပေါ်ထပ်ကိုတက်ဖို့ ခြေလှမ်းပြင်လိုက်မိသည်။

"သမီးညှာ"

"ဟင်"

"ဒက်ဒီ သမီးကိုပြောစရာရှိလို့ စောင့်နေတာပါ"

ဒက်ဒီဘာပြောမှာလဲ ညှာ ကြောက်တယ်။ မာမိနှင့်ပေါင်းသင်းနေစဉ်တည်းက ဒက်ဒီ ကောင်မလေးတွေနှင့် ပတ်သက်တတ်တာ ညှာ သိနေသည်။

"ဒက်ဒီနဲ့ မြနန္ဒာဆိုတဲ့ မိန်းကလေးတို့ လက်ထပ်လိုက်ကြပြီ"

"ရှင်"

"ညှော်ခံပွဲတော့လုပ်ဖြစ်မယ်၊ တရားဝင်လက်မှတ်ထိုးပြီးကြပြီလေ"

"သမီးကို အသိပေးတာလား"

"ဟုတ်တယ် သမီး၊ သမီးမာမိကြောင့် ဒက်ဒီ ဘယ်လောက်ထိခိုက်နစ်နာခဲ့ရလဲ၊ ဘယ်လောက်အရှက်ရခဲ့လဲ၊ အဲဒီခံစားချက်တွေကို ဒက်ဒီ အမြန်ဆုံးအစားထိုးပစ်ရမှာပဲလေ၊ အရှုံ့တိုက်ပစ်ချင်တာပဲ"

"မာမိရှိစဉ်ကတည်းက ဇာတ်လမ်းတွေပဲမဟုတ်လား၊

ဒက်ဒီ မာမီ့အပေါ် အပြစ်တွေပုံချပြီး ဒက်ဒီအပြစ်ကင်းသလိုလိုလုပ်ပစ်တာ အဲဒါကြောင့်လား"

"ညှာ"

ဒက်ဒီက တင်းမာတဲ့အကြည့်တွေနဲ့ ဆတ်ခနဲကြည့်ပြီး စိတ်ကိုလျှော့ပစ်လိုက်သလို ညှာ့ပခုံးကို ဆုပ်ကိုင်လိုက်သည်။ ဒက်ဒီ့ကို ညှာမယုံဘူး။ မာမီ့အပေါ် အပြစ်တွေပုံချပစ်လိုက်တာပဲနေမှာပါ။ ဒက်ဒီက ဉာဏ်နီဉာဏ်နက်များသလို တပည့်တွေလည်း ပေါများသူဖြစ်သည်။

"သမီးညှာ့ကို ဒက်ဒီအပြတ်သားဆုံး ပြောမယ်၊ မြနန္ဒာကို လက်ခံရမယ်၊ အဆင်ပြေအောင် ပေါင်းရမယ်၊ မြနန္ဒာက ဒက်ဒီချစ်မြတ်နိုးရတဲ့ မိန်းကလေးပဲ"

"ညှာ မကြားချင်ဘူး၊ မြနန္ဒာက ဘယ်လိုမိန်းကလေးမျိုးလဲ၊ ဒက်ဒီ့ကို အပိုင်ချိုင်လိုက်တဲ့ မိန်းမပဲမဟုတ်လား"

"တိဂ်စမ်း"

ဒက်ဒီ့အသံကလည်း ဒေါသတွေနှင့် မာထန်နေသည်။ ညှာ့ကိုပင် အော်ငေါက်ပစ်ချင်နေ၏။ မြန်လိုက်တာ။ ဒက်ဒီ နောက်မိန်းမယူတာကလည်း တော်တော်လေးမြန်လွန်းနေတာပဲ။ အရှက်မရှိလိုက်တာ။ ဟိုမိန်းမက ဘယ်လိုမျက်နှာမျိုးနဲ့ ဒီတိုက်ကြီးပေါ်တက်လာမှာလဲ။ ဒက်ဒီ့လုပ်ရပ်အတွက် ညှာက အသေအလဲကန့်ကွက်





ဆန့်ကျင်နေရင်လည်း ဒက်ဒီက နောက်ဆုတ်မှာမဟုတ်ပေ။ အဲဒါ ဒက်ဒီ့အကျင့်ပင်။ ညှာ မှတ်မိသလောက်တော့ ဒက်ဒီက သူလုပ်ချင်တာကိုလုပ်ပြီးမှ အသိပေးတတ်သည်။

"မနက်ဖြန်ပဲ မြနန္ဒာနဲ့ သူ့မောင်လေး သမုဒယကင်းဆိုတဲ့ ကောင်လေးတို့ ပြောင်းလာကြလိမ့်မယ်၊ ဒက်ဒီက မြနန္ဒာကို မုန်းဆိုးဖို့ တစ်ယောက်လို့ ပြောပြထားတယ်"

"ဒက်ဒီ အဲဒီလိုမလုပ်ပါနဲ့၊ မာမီမှ မသေသေးတာပဲ မလုပ်ပါနဲ့"

"သမီးမာမီရဲ့ အကျင့်စရိုက်တွေကို မပြောပြချင်လို့ပဲ ညှာ၊ ပြီးပြီ ဖြစ်ခဲ့တာတွေ ဒက်ဒီသတိမရချင်တော့ဘူး၊ လူ့လောကကြီးထဲမှာ လူလာဖြစ်ရတာ ရတောင့်ရခဲလေ သမီး၊ ဒက်ဒီကတော့ ပျော်အောင်နေရမှာပဲ၊ မြနန္ဒာကို သမီးလက်ခံပေးပါ၊ တကယ်လို့ သမီးအတွက် တိုက်ခန်းတစ်ခန်း စီစဉ်ပေးပါဆိုရင်လည်း ဒက်ဒီ စီစဉ်ပေးမယ်လေ"

"သမီး ဒီမှာပဲနေမယ်ဒက်ဒီ"

"မြနန္ဒာကို လက်ခံပေးမယ်ဆိုတဲ့ သဘောလား"

"လက်ခံတာ လက်မခံတာထက် သမီးဒီမှာနေခွင့်ရှိတာယ် မဟုတ်လားဟင်"

"ဒက်ဒီ့ကို အရွဲ့တိုက်ဖို့ သမီးဒီမှာနေမယ်ဆိုရင်တော့

ပြဿနာက ကြီးထွားလာမှာတော့ လက်မခံနိုင်ဘူးနော်၊ သမီးညာ မိသားစုပျော်ရွှင်အောင် ကြိုးစားပါ"

"မိသားစုဟုတ်လား ဒက်ဒီ၊ အဲဒီစကားကို မာမီရှိစဉ်က ဒက်ဒီမပြောခဲ့ပါဘူးနော်"

"သမီး"

"ဒက်ဒီ့ဇနီးလောင်းက မောင်တစ်ယောက်တောင် အဆစ်ပါလာဦးမှာပဲ၊ သမီးနဲ့ရွယ်တူနော်"

တော်တော်လေးအရှက်မရှိတဲ့လူပဲ။ အစ်မကိုများ အဖိုးကြီးတစ်ယောက်နဲ့ လက်ထပ်ခိုင်းပြီး ကပ်ရပ်နေချင်သေးတယ်။ မုန်းလိုက်တာ။ အမြင်ကတ်တယ်။ ဒီလိုယောကျ်ားတစ်ယောက်က ဘာများအထင်ကြီးစရာရှိလို့လဲ။ တွေ့မယ်လေ ရွှေသဲညာပဲဟာ။ ညာတို့မိသားစု ပြိုကွဲအောင်လုပ်ပစ်တဲ့လူတွေ ညာက ခွင့်လွှတ်မယ်များ ထင်နေလား။ ညာ ကြိတ်ပြီးရေရွတ်နေမိသည်။

"ဘာပဲဖြစ်ဖြစ် ညာ မကျေနပ်ပေမယ့် ဒက်ဒီကြောင့် လက်ခံပါတယ်၊ အတတ်နိုင်ဆုံးတော့ ညာ သင့်မြတ်အောင်နေပေးပါ့မယ်"

"တကယ်ပြောတာလား သမီးညာ၊ ဒက်ဒီ့ကိုတော့ မနှောင့်ယှက်ပါနဲ့ သမီးမကျေနပ်ဖြစ်မယ်ဆိုတာတော့ အပြစ်မရှိပါဘူး သမီးရယ်၊ ဒါပေမယ့် ဒက်ဒီက မြနန္ဒာကို ချစ်တယ်"





ညာ့ရင်ထဲမှာ စူးနင့်သွားရသည်။ မာမီ့အပေါ်တော့ ဒက်ဒီ တစ်ကြိမ်တစ်ခါမှ အကြင်နာစကားမဆိုခဲ့။ ချစ်သည်ဆိုတဲ့စကားက မြနန္ဒာနဲ့ကျမှ ဒက်ဒီပြောနေခဲ့သည်။ မြနန္ဒာက ဒက်ဒီ့ထက်တော့ အတော်လေးငယ်ရွယ်မည့်ပုံပင်။ မြနန္ဒာရဲ့ မောင်ဆိုတာရော ဘယ်လိုယောကျ်ားတစ်ယောက်လဲ။ ညာ ပညာသားပါပါဆက်ဆံရမည်ဖြစ်သည်။ ညာ့အကြောင်း ကောင်းကောင်းသိစေရမယ်လေ။ ဒက်ဒီ့အကြိုက်လိုက်ရမည်ဖြစ်၏။ ညာ့မျက်နှာက ပြုံးသွားသည်။

"မာမီနဲ့တွေ့ပြီးကတည်းက ဒက်ဒီ့အပေါ် ညာ အပြစ်မတင်တော့ပါဘူး၊ မာမီကလည်း ဒက်ဒီ့ကို အရှက်ရစေတာပဲမဟုတ်လား"

"သမီးတကယ်ပြောတာလား၊ တကယ်ပဲ သမီးစိတ်တွေပြောင်းသွားတာလား"

ဒက်ဒီက မယုံပေ။ ညာ ပြုံးပစ်လိုက်သည်။ ဟန်ဆောင်အပြုံးက လုံးဝဖြူစင်နေ၏။ ဒက်ဒီက ညာတို့မိသားစုအပေါ် သံယောဇဉ်မတွယ်တာခဲ့ဘူးနော်။ ဘာဖြစ်လို့လဲဟင်။ မာမီ့ကြောင့်လား။ ညာ သိသလောက် မာမီက ယောကျ်ားအကြိုက် လိုက်လျောလွန်းပြီး ပျော့ညံ့နေလို့လား။ မာမီက ဒက်ဒီ့ကိုလက်ထပ်စဉ်က ငယ်ချစ်ဦးနှင့် ခိုးရာလိုက်ပြေးဖို့ ကြံစည်ခဲ့ဖူးသည်။ နောက်ဆုံး လူကြီးတွေ အတင်းအကြပ်စီစဉ်တော့မှ လက်ထပ်လိုက်ခြင်းဖြစ်

သည်။ အဲဒီအချက်ကို ဒက်ဒီက မကျေနပ်ဖြစ်ပြီး မာမီ့အပေါ် အနိုင်ကျင့်ပြီး ဥပေက္ခာထားနေခဲ့တာလား။ ညွှာကတော့ ဒက်ဒီပဲ မမှားသယောင်။ မျက်နှာကျောက ပျော့ပြောင်းနေသည်။

"ညွှာ လက်ခံရတော့မှာပေါ့၊ ဒက်ဒီရယ် မာမီက မှားနေပြီပဲ၊ မမမြနန္ဒာကို ညွှာလက်ခံပါတယ်"

ဒက်ဒီ့အကြည့်တွေက ညွှာ့ထံ မယုံကြည်သလိုနှင့် ရောက်လာ၏။ ညွှာ့နှုတ်ခမ်းလေးက ပြုံးယောင်သမ်းသွားရသည်။

"ဒက်ဒီက ညွှာ့ကိုမယုံတာလား၊ မာမီ့ကိုသွားမေးပြီး တည်းက ဒက်ဒီမှန်တယ်လို့ ထင်မိနေတယ်လေ၊ ဒက်ဒီ့လုပ်ရပ်ကို ညွှာသဘောမကျပေမယ့် မကန့်ကွက်တော့ပါဘူးနော်"

"သမီးရယ် ဒက်ဒီဝမ်းသာလိုက်တာကွယ်၊ မြနန္ဒာက ဒက်ဒီ့ကို မုန်းဖို့လို့ပဲ သိထားတာ"

မာမီ အသက်ထင်ရှားရှိနေတာတောင် မုန်းဖို့လို့ ပြောရက်လိုက်တာ ဒက်ဒီရယ်။ ညွှာ့နှလုံးသားတွေ နာကျင်စူးနစ်သွားရလေသည်။ ရင်ထဲမှာ အမုန်းတွေက ပြင်းထန်စွာ ပေါက်ကွဲမတတ် ကြီးမားလာရ၏။ မြနန္ဒာ ရှင်က ဘယ်လိုမိန်းမမျိုးလဲ။ မောင်ဆိုတဲ့ လူကရော အစ်မကို ဘန်းပြပြီး စားရက်တယ်။ အရှက်မဲ့လိုက်ကြတာ။ ညွှာကတော့ သူမရသင့်တဲ့အခွင့်အရေးတွေကို အရပြန်ယူဖို့ပဲ ဆုံးဖြတ်ထားလိုက်သည်။

▯



## အခန်း (၄)

မမမြနန္ဒာနောက်ကို လိုက်နေဖို့ဆိုတာ ကင်းအတွက် လုပ်ချင်ဆုံးသောအလုပ် ဖြစ်နေသည်။ ကင်း ရှက်နေမိ၏။ ဦးမြတ်ညွှာဆိုတဲ့ မမခင်ပွန်းလောင်းကိုလည်း ကင်း ရင်မဆိုင်ချင်ပေ။ ဦးမြတ်ညွှာမှာ သမီးတစ်ယောက်ရှိသေးသည်။ ဘယ်လိုခံစားနေရလဲ။ ဘယ်လိုသမီးမျိုးမှ ဖခင်က နောက်မိန်းမငယ်ငယ်လေး တစ်ယောက်နှင့် လက်ထပ်မှာကို လက်ခံမှာမဟုတ်ပေ။ ကင်း စိတ်ညစ်နေရသည်။

"ကင်း"

"ဟင်"

"အစ်ကိုကြီးရဲ့သမီး ရွှေသဲညွှာက မမတို့ကို လက်ခံတယ် တဲ့ မောင်လေး ဘာမှအားမငယ်ပါနဲ့ကွယ်၊ မမခင်ပွန်းအိမ်ပဲဟာ

အစ်ကိုကြီးကလည်း သဘောကောင်းပါတယ်''

မမမြနန္ဒာလက်ထဲမှာ ဟန်းဖုန်းနှင့်။ ကင်း စိတ်ပျက်မိသည်။ မမမြနန္ဒာကတော့ ပျော်နေသည့်ပုံပင်။ အင်းလေး ဘဝကို ရှုန်းကန်တည်ဆောက်လာခဲ့ရတော့လည်း မမ ဒီလိုဘဝမျိုးကို မက်မောမှာပဲပေါ့။ ကင်းကိုလည်း ပြည့်ပြည့်စုံစုံနှင့် ကျောင်းနေစေချင်သည်။

''ကင်း''

''ဗျာ''

''မမကိုချစ်တယ်မဟုတ်လား ကင်းရယ်၊ မမ ဒီလိုဘဝမျိုးခံယူရတာ ကင်းအတွက်လည်း ပါပါတယ်၊ မင်းစိတ်ညစ်တယ်ဆိုပြီး အရက်သောက်နေတာတွေ မမလုံးဝလက်မခံဘူးနော်၊ မင်းကြိုးစားပါ၊ မမ အဖြစ်စေချင်ဆုံးဘဝတစ်ခုကို ရယူဖို့ အစွမ်းကုန်ကြိုးစားပါ၊ ကင်းအတွက်ပါ''

''တော်ပါတော့ မမရယ်၊ ကင်း လိုက်မယ်လို့ပြောပြီးပြီပဲ၊ ကင်းက ယောကျ်ားပါ၊ အစ်မကိုဘန်းပြပြီး ကင်းကို ပတ်ဝန်းကျင်က အမြင်စောင်းမှာပဲ ရှက်မိတယ်''

''ကင်း''

မမနောက်ကို ကင်းမလိုက်နိုင်ဘူးဟု မပြောရက်။ မမစကားကို ကင်း ငယ်စဉ်လေးထဲက ရိုကျိုးစွာနာခံခဲ့သည်။ မမက





စည်းကမ်းကြီး၏။ ကင်းကိုချစ်ပေမယ့် အလိုမလိုက်သင့်တဲ့နေရာတွေမှာ အလိုမလိုက်တတ်ပေ။ ကင်းကို ယခုအထိ ရိုက်တုန်းပဲ။ မမက ကင်းအတွက် အမြဲတမ်း ခက်ခဲကြမ်းတမ်းစွာ ရင်ဆိုင်ဖြတ်သန်း၍ ပြုစုစောင့်ရှောက်လာခဲ့သည်။ ကင်း ဘယ်လောက်ပဲမနေချင်ပါစေ လိုက်နေရမှာပဲဖြစ်၏။ ငြင်းဆန်ခွင့်မရှိတော့။ မမက ပစ္စည်းတွေသိမ်းခိုင်း၍ ယူရမည့်ပစ္စည်းတွေ သိမ်းနေရသည်။

''ရော့ ကင်း''

''ဗျာ''

''မင်းအတွက်လေ''

''ဟို ဟို''

မမမြနန္ဒာက ကင်းအတွက်ဆိုပြီး ကားသော့တစ်ချောင်းနှင့် လက်ကိုင်ဖုန်းတစ်လုံးကို ပေးနေသည်။ ကင်း မယူချင်ပေ။ ဘာလုပ်မှာလဲ။ ကိုယ့်ခွန်ကိုယ့်အားနဲ့ ရိုးသားစွာရထားတာတွေမှ မဟုတ်တာပဲ။ မမမြနန္ဒာကလည်း ဖွတ်ပဲပေးနေသည်။

''ယူလေ ကင်း၊ မင်း ဘာအားနာနေတာလဲ၊ မမ ခင်ပွန်းပစ္စည်းတွေပဲဟာ သုံးစမ်းပါကင်းရယ်၊ မမက မောင်လေးကင်းကို အဲဒီလိုဖြစ်နေစေချင်တာပါ''

''ကင်းမှမလိုအပ်တာပဲ မမရယ်''

''လိုအပ်တယ်လေ မင်း ဆေးကျောင်းတက်ရင်ယူသွား၊

မင်းက ကားမောင်းရော ကားပြင်ရော ကျွမ်းကျင်တယ်၊ မမမောင်လေးကို ကားနဲ့ဟမ်းဖုန်းနဲ့ ဖြစ်စေချင်တာကြာပြီပဲလေ''

ကင်းကြောင့် မမက ဦးမြတ်ညွှာလို လူကြီးတစ်ယောက်ကို လက်ထပ်လိုက်တာတော့ ကင်း ယုံကြည်လက်ခံမိသည်။ ကင်း မွေးကင်းစတည်းက မေမေဆုံးပါးသွားခဲ့ရပြီး မမပဲ အမေနေရာ အစားဝင်ခဲ့ရ၏။ ကင်း ဘာမှမပြောလိုတော့ပေ။ မမက ဇွတ်အတင်းပေးနေတော့လည်း ကင်း လက်ခံယူထားလိုက်သည်။

''သုံးစမ်းပါ မောင်လေးရယ်၊ ခဏကြာရင် အစ်ကိုကြီးက မမတို့ကိုလာခေါ်လိမ့်မယ်၊ ကင်း ဘာမှအားငယ်မနေနဲ့နော်၊ သုံးစရာရှိရင်သုံး မမဘက်ကနေ အစ်ကိုကြီးဆီမှာတောင်းဆိုထားခဲ့တာ မောင်လေးအတွက်ပဲ''

မမဆန္ဒတွေကို ကင်း ဆန့်ကျင်ငြင်းဆန်နိုင်ခြင်းမှ မရှိတာပဲ။ သူ့စိတ်ထဲမှာတော့ ရင်မဆိုင်ချင်လောက်အောင် မျက်နှာတွေ ထူပူနေရသည်။ ကင်း ဘာဖြစ်လို့ အရှက်တကွဲအဖြစ်တွေနဲ့ ရင်ဆိုင်ဖို့ ဖြစ်လာရတာလဲ။ မမနှင့်ပတ်သက်ပြီး ရလာသော ဟမ်းဖုန်းကို ကိုင်ထားရတဲ့ သူ့လက်တွေက အင်အားတွေ ကင်းမဲ့နေရသည်။

''တီ''

''ဟော မောင်လေးကင်းရေ အစ်ကိုကြီးလာနေပြီ၊ လာတော့လေ''





ကင်း မင်းဘဝတော့သွားပြီကွာ။ လူ့ဘဝမှာ အရှက်သိက္ခာကင်းမဲ့တဲ့ဘဝကို ရင်ဆိုင်ရတော့မှာပဲ။ ကင်း စိတ်ညစ်နေမိသည်။ နေချင်ပေ။ ကင်း ကိုယ့်ခြေထောက်ပေါ်မှာပဲ ရပ်တည်ချင်နေ၏။ ကင်း အလုပ်လုပ်မယ်ဆိုတော့လည်း မမက လက်မခံပေ။ မလွှဲသာမရှောင်သာ၍ မမနှင့်အတူလိုက်ခဲ့ရသည်။

''ကင်း''

''ဗျာ''

''အစ်ကိုကြီးအိမ်မှာနေရတာ ဘာမှစိတ်မလုံစရာမရှိဘူးနော်၊ ကင်းမမက အစ်ကိုကြီးကို မြူဆွယ်ပြီး လက်ထပ်တာလည်း မဟုတ်ဘူး၊ အားမနာနဲ့၊ ကင်းလိုလိမ္မာတဲ့လူတစ်ယောက်ကို အစ်ကိုကြီးက မြေတောင်မြှောက်ပေးချင်တယ်၊ ကြိုးစားပါ''

ကင်း ငြိမ်သက်နေမိသည်။ မမထက် အသက်အရွယ်ကြီးရင့်နေသဖြင့် ကင်း ရှက်နေမိသည်။ မျက်နှာပူပြီး ကင်း တခြားတစ်နေရာကို ထွက်သွားချင်တဲ့ဆန္ဒတွေပင် ဖြစ်ပေါ်နေရ၏။ ဦးမြတ်ညွှာက ကင်းကို တရင်းတနှီးပင် ယူလာသောကားကို မောင်းစေသည်။

''ရော့ ကင်းပဲ မောင်း၊ ဒီကားက ကင်းကျောင်းတက်ဖို့ ပေးလိုက်ပြီ၊ ကင်း ပညာတော်လို့ပါ၊ တကယ့်ကို ခန့်ညားချောသူပဲ ယောကျ်ားပီသတယ်ကွာ''

ကင်း နှုတ်ခမ်းတွေက အပြုံးတွေနှင့် နှုတ်ဆက်ဖို့ပင် ခက်ခဲနေရသည်။ မမကတော့ ပျော်ရွှင်နေ၏။ မိတွေးဆိုတဲ့ ဂုဏ်ပုဒ်ကို အလွယ်တကူလက်ခံလိုက်တာ ကင်းကြောင့်လား။ မမက ကိုယ်ကျင့်တရားပျက်ပြားပြီး လောဘကြီးသူတော့ မဟုတ်ခဲ့ပေ။ ကင်းအတွက်ပဲဖြစ်မှာပါ။ သူ့စိတ်တွေကိုဖြေနေရသည်။

“ကင်း”

“ဗျာ”

“ရှေ့ကခြံက အစ်ကိုကြီးခြံပဲ ကင်း”

ကင်း ကြည့်လိုက်တော့ ကြီးကျယ်ခမ်းနားတဲ့ခြံကြီးတစ်ခြံဖြစ်နေသည်။ ကင်း မနေချင်ပါဘူး။ ကင်း စိတ်ကမလုံပေ။ ကင်း ရှောင်ဖယ်၍မရနိုင်။ မမမျက်နှာကတော့ ပြုံးနေသည်။ အဲဒီလိုပျော်နေတာကိုပဲ ကင်း မလိုလားမိ။ စိတ်ရှုပ်လိုက်တာ။ ဘာကိုမှဆက်မတွေးချင်တော့။ ခြံကြီးရှေ့မှာ ကားကိုရပ်ပြီး ဟွန်းတီးလိုက်သည်။

“တီ”

“တီ”

“ကားဟွန်းသံကြားတာနဲ့ သမီးလေး ဖွက်ကြိုနေမှာပါကွယ်၊ နန္ဒာ အားမငယ်နဲ့နော်”

ကင်း ပတ်ဝန်းကျင်ကိုပင် မကြည့်တော့။ ခြံစောင့်က





တံခါးဖွင့်ပေးသည်။ လှပခမ်းနားလွန်းတဲ့ခြံကြီးက ကင်းကို ပူလောင်သွားစေရ၏။ ဦးမြတ်ညွှာရဲ့သမီးက ထွက်ကြိုနေမှာတဲ့။ သူ ရင်မဆိုင်လိုပေ။ ကင်းအတွက် ဦးမြတ်ညွှာပေးသော ကားနှင့် ဟမ်းဖုန်းက မဖြူစင်ဘူး။ ကင်း မကိုင်သင့်ပေ။ ကားလေးက ပေါ်တီကိုအောက်တွင် ရပ်သွားသည်။ မိန်းကလေးတစ်ယောက် ထွက်လာ၏။ ကင်း ထူပူသွားရပြီး မော့မကြည့်တော့။ ဒီမိန်းကလေးကို မျက်နှာချင်းဆိုင်ဖို့ပင် ခက်ခဲနေရသည်။

“သမီးလေး”

“ဒက်ဒီ”

“မိတ်ဆက်ပေးရဦးမယ်၊ ဒါက ဒက်ဒီလက်ထပ်မယ့် မိန်းကလေး မြနန္ဒာတဲ့၊ ဒါက မြနန္ဒာရဲ့မောင်လေး သမုဒယကင်းတဲ့၊ ကင်းလို့ပဲခေါ်ကြတယ်”

ဦးမြတ်ညွှာက မိတ်ဆက်ပေးသဖြင့် ကင်း မော့ကြည့်လိုက်တော့ ဟိုနေ့ကကားပျက်နေလို့ သူအကူအညီပေးလိုက်တဲ့ မိန်းကလေးဖြစ်နေသည်။ တကယ့်ကို မထင်မှတ်မိ။ ကင်း မမလက်ထပ်မယ့် ဦးမြတ်ညွှာရဲ့သမီးက သူနှင့်စောစီးစွာ တွေ့ဆုံခဲ့ကြသည်ဟူ၍ပင်။ အဲဒီအချိန်က သူ အရက်တွေသောက်လာခဲ့၏။ မမကြောင့် အရှက်ကြီးရှက်ပြီး အရက်သောက်မိသည်။

“ကင်း ဒါက အစ်ကိုကြီးရဲ့သမီးလေး ရွှေသဲညွှာ”

"ဟင် ရှင် ရှင်"

"ခင်ဗျား"

"သမီးနဲ့ကင်းက အစောကြီးကတည်းက သိနေကြတာလား"

"ဟို သမီးကားပျက်နေလို့ သူက လာပြီးပြင်ပေးခဲ့တာပါ ဒက်ဒီ"

"ဪ ဟုတ်လား၊ သမီးတို့ဆုံတွေ့ပုံကလည်း တော်တော်ထူးဆန်းတာပဲ"

"ကင်းက ကားလည်းပြင်တတ်လား"

"မောင်လေးကင်းက ဦးလေးဝပ်ရှော့မှာ နေခဲ့သေးတယ်လေ၊ ကားပြင်လည်းကျွမ်းတယ်"

ရှင်တော်တော်အရှက်နည်းတာပဲ။ ယောကျ်ားတစ်ယောက်ဖြစ်ပြီး အစ်မအိမ်မှာ အခန့်သားကပ်နေရဦးမယ်။ မုန်းလိုက်တာ အချောင်သမားပဲ။ ညှာမျက်နှာကသာ အပြုံးဟန်ဆောင်နေရတာ။ ရင်ထဲမှာတော့ ဒေါသတွေနှင့် ဗလောင်ဆူနေသည်။ မိထွေးက ညှာနဲ့ အသက်ဘယ်လောက်များကွာနေလို့လဲ။ ဒက်ဒီက မုဆိုးဖိုလို့ပြောတိုင်း ရှင်က ယုံတာပဲလား။ သေသေချာချာ မစုံစမ်းဘူးလားဟင်။ အလကားပါ။ ဒက်ဒီ့စည်းစိမ်ဥစ္စာတွေ မက်မောလို့မဟုတ်လား။ မာမီက ဖောက်ပြန်တဲ့သူဖြစ်၍ အခွင့်အရေးမရှိခဲ့။





ဒက်ဒီပေးလိုက်တဲ့ တိုက်ခန်းပဲရခဲ့သည်။

"ကဲ တိုက်ထဲဝင်ကြရအောင် သမီး၊ မာမီနန္ဒာ့ကို ခေါ်လေ"

မာမီနန္ဒာတဲ့။ ညှာ့ထက် အသက်နည်းနည်းပဲကြီးမှာပါ။ မဆိုရင်ရပြီပဲ။ ဒက်ဒီက မိခင်အဖြစ် အသိအမှတ်ပြုစေချင်တဲ့ဆန္ဒရှိနေသည်။ မာမီနန္ဒာတဲ့။ ညှာ့စိတ်ကို တင်းပစ်လိုက်ပြီး မာမီနန္ဒာ့လက်ကို ဆွဲကိုင်ထားလိုက်ရသည်။

"လာပါ မာမီနန္ဒာ၊ ဒက်ဒီ့ဆန္ဒက ညှာ့ဆန္ဒပါပဲလေ၊ မိသားစုဝင်တွေအဖြစ် ပျော်ပျော်ပါးပါးနေကြရအောင်ပါ"

"ကြားရတာဝမ်းသာပါတယ် သမီးလေးရယ်၊ မာမီနန္ဒာက ဒီလိုပုံစံမျိုးမှ တွေ့ရပါ့မလားလို့ စိတ်ပူနေတာပါကွယ်"

ဒီကောင်မလေး သဘောကောင်းချင်ယောင်ဆောင်နေတယ်ဆိုတာ နန္ဒာရိပ်မိသည်။ ညှာ့မျက်ဝန်းတွေက တင်းမာနေသယောင်ပင်။ နန္ဒာကလည်း မောင်လေးအတွက်ရော နန္ဒာတို့ဘဝခြေသလုံးအိမ်တိုင် မိုးတွယ်နီနားစရာအိမ်လေးတစ်လုံးပင် မရှိခဲ့တဲ့ဘဝမှ လွတ်မြောက်စေရန် အစ်ကိုကြီးရဲ့ အချစ်တွေကို လက်ခံလိုက်တာပဲဖြစ်သည်။ နန္ဒာ့ဘဝမှာ ခက်ခဲပင်ပန်းစွာ ရုန်းကန်ခဲ့ရတာပဲမဟုတ်လား။ ယခုလို ချမ်းသာကြွယ်ဝမှုတွေနှင့် နေထိုင်စားသောက်ရမယ်ဆိုတော့လည်း မက်မောလာရသည်။ ကင်းကတော့ ရှက်နေ

မှာပဲ။ ရိုးသားသူနန္ဒာရေ ဘာများ မရိုးသားတာလုပ်ခဲ့လို့လဲ။ လူလွတ်တစ်ယောက်နဲ့ လက်ထပ်ယူခဲ့တာပဲလေ။ လှပခမ်းနားလွန်းတဲ့ တိုက်ကြီးထဲ ဝင်လာခဲ့သည်။ နန္ဒာ့အတွက်ကတော့ နတ်ဘုံနတ်နန်းပါပဲ။ နန္ဒာ ကံကောင်းတာလား၊ ရွှေသဲညာဆိုတဲ့ အစ်ကိုကြီးသမီးလေးကလည်း ချောလိုက်တာ။ နဖတ်အိစက်နေတာပဲ။ ဒီဟာမလေးမျက်ဝန်းတွေက မာလိုက်တာ။ ကင်းကတော့ အေးစက်စွာထိုင်နေသည်။

"ကင်း လာလေ ကင်းနေရမယ့်အခန်းကို လိုက်ပြမယ်"

"ရပါတယ် အမိ၊ အလုပ်သမားတစ်ယောက်ယောက်ကိုပဲ လိုက်ပြပေးပါစေ"

မင်းမျက်လုံးတွေကို ငါသိတယ်။ မင်း ဟန်ဆောင်နေတာမဟုတ်လား။ ကင်းကို အထင်သေးတဲ့အကြည့်တွေနဲ့ ကြည့်နေသည်။

"ထပါ ကင်းရဲ့၊ နောက်ဆို ကင်းနဲ့ညာ မောင်နှမတွေလို တရင်းတနှီးနေကြရမှာပဲလေ"

မမြနန္ဒာကို ဒက်ဒီဘယ်လောက်အထိ စွဲလမ်းနှစ်သက်နေမယ်ဆိုတာ ညာရိပ်မိသည်။ ချောမောလွန်းတာပဲ။ လက်ဝတ်ရတနာတွေ ဆင်ထားတာကလည်း အပြည့်ပဲ။ ဒက်ဒီ့မျက်ဝန်းတွေက မမြနန္ဒာထံမှာပဲ ရစ်ဝဲနေခဲ့၏။ မျက်နှာငယ်ရမှာ စိတ်ပူနေတာ





မဟုတ်လား။ ရှင်ကြီးက ဒက်ဒီ့ကို စည်းရုံးသိမ်းသွင်းထားနိုင်မှာပဲလေ။ ငယ်ပြီးချောနေတာကိုး။ အရှက်မရှိလိုက်တာ။ မောင်ဆိုတဲ့သူကလည်း မျက်နှာပြောင်လိုက်တာ အရှက်နည်းလိုက်တာ။ ညာ့စိတ်ထဲမှာ ဒေါသတကြီး ကျိန်ဆဲပြောဆိုနေပေမယ့် နှုတ်ခမ်းလေးကတော့ ပြုံးနေသည်။

"ထပါ ကင်းရဲ့၊ ညာ့ကို သူစိမ်းမဆန်ပါနဲ့၊ ကင်းနေဖို့အခန်းကို ဒက်ဒီက လိုလေသေးမရှိအောင် ပြင်ဆင်ထားတာလေ"

ကင်းဆိုတဲ့လူရဲ့အိတ်ကို ညာ ဆွဲယူမလိုက်တော့ သူကထပြီး သူ့အိတ်ကိုသူယူသည်။ ဟွန်း ညာ့ကိုသာ ဆွဲခိုင်းရင်တော့ ရှင်နာပြီသာမှတ်။ ညာ ရှေ့ကနေထွက်လာခဲ့သည်။ ဒက်ဒီကအဖြစ်ကိုသည်းလွန်းတယ်။ ကင်းကို အားနာမနေအောင် သမီးဖော်ဖော်ရွေရွေဆီးကြိုပါတဲ့။ အခန်းကိုလည်း လိုလေသေးမရှိအောင် အခမ်းနားပြင်ဆင်ပေးထားတဲ့။ ဒေါ်မြနန္ဒာကို အတော်အရေးပေးနေတာပဲ။ ညာ ရှေ့မှထွက်လာခဲ့သည်။

"ဒီအခန်းပဲလေ၊ ဘယ်လိုလဲ သဘောကျရဲ့လား"

ရွှေသဲညာရဲ့အသံလေးက ဟန်ဆောင်ပန်ဆောင် သဘောကောင်းပြနေသော်လည်း မာဆတ်ဆတ်နေသည်။ ကင်း ဘာမှမပြောမိ။ ကင်းနေရမယ့်အိပ်ခန်းကြီးက ရွှေသဲညာ မနာလိုဝန်တိုဖြစ်ရလောက်အောင် ခမ်းနားလွန်းနေသည်။

"ရှင်တို့မောင်နှမလိုချင်ကြတာ ဒီလိုအခြေအနေမဟုတ်လား၊ ကျွန်မဒက်ဒီ တာဝန်ကျေပါတယ်နော်"

တင်းမာသောမျက်ဝန်းတွေက ဆတ်ခနဲကြည့်ပြီး အခန်းထဲကနေ ရွှေသဲညှာ ထွက်သွားသည်။ ကင်း ရယ်ပစ်ချင်၏။ တော်တော်ဟန်ဆောင်ကောင်းတဲ့ ရွှေသဲညှာပဲ။ အမေ့ရှေ့မှာတစ်မျိုး ကွယ်ရာမှာတစ်မျိုး။ လှပသပ်ရပ်ခမ်းနားလွန်းနေတဲ့ အိပ်ခန်းကြီးအား ကင်း စိတ်ပျက်စွာ ကြည့်မိနေသည်။



# အခန်း (၅)

"ကင်းရယ် မောင်လေးကို မမကလေ ဒီလိုခမ်းနားတဲ့ အိပ်ခန်းမျိုးနဲ့ ထားချင်ခဲ့တာပါ၊ ကြည့်စမ်း အစ်ကိုကြီးက ပြင်ဆင်ပေးထားလိုက်တာ၊ မမကို ဘယ်လောက်ချစ်မြတ်နိုးလဲလို့ ပြသနေတာပဲ၊ မမရဲ့စိတ်ကူးယဉ်အိပ်မက်တွေ တကယ်ပဲဖြစ်လာခဲ့ပြီလေ"

မမက ကင်းအခန်းကိုလာကြည့်ပြီး ပျော်ရွှင်ဝမ်းသာနေသည်။ ကင်း စိတ်တွေမွန်းကြပ်ပူလောင်နေတာ ကင်းပဲသိနေ၏။ ရွှေသဲညှာက ကင်းတို့မောင်နှမကို ဘယ်လိုအတန်းအစားတွေလဲလို့ အထင်သေးနေတာရော မမသိရဲ့လား။ ကင်းအတွက် ကင်းအတွက် ပြောနေတာကိုပဲ ကင်း စိတ်ညစ်နေရသည်။ မမအနေနဲ့ ကင်းကို ဒီလိုအခြေအနေတွေနဲ့ ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာနေစေချင်တာတော့ အမှန်ပဲဖြစ်သည်။

"ကင်း"

"ဗျာ"

"ကင်းအကြောင်း မမသိပါတယ်၊ အချောင်သမားစိတ်ဓာတ်မရှိဘူးဆိုတာ၊ ဒါပေမယ့် နေပေးပါကွယ်၊ ကင်း စိတ်တွေလုံစမ်းပါ၊ မမခင်ပွန်းအိမ်ပဲ၊ ပြီးတော့ မမက သူများလင်ယောကျ်ားကို လုယူတာမဟုတ်ဘူးလေ၊ မုဆိုးဖိုတစ်ယောက်ကို လက်ထပ်တာပါ"

မမျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေပြည့်လျှံလာတော့လည်း ကင်း စိတ်မကောင်းဖြစ်ရသည်။ ကင်းအတွက် မမ ဘယ်လောက်အထိ ပင်ပန်းခက်ခဲရလဲ။ ဒါပေမယ့် မမနေ့သွာရယ် ကင်း စိတ်မလုံဘူး။ အဲဒီလိုကြီး ကင်းမနေချင်တာပါ။ လောလောဆယ်တော့ မမနေ့သွာဆန္ဒအတိုင်း အလိုက်အထိုက်နေပြီး အခြေအနေအရ ကင်း အလုပ်တစ်ခုရှာဖို့ပဲ ဆုံးဖြတ်ထားမိနေသည်။

"ကင်းက လိမ္မာရေးခြားရှိတဲ့မောင်လေးပါ၊ ဒါကို အစ်ကိုကြီးကသိလို့ မြှောက်စားပေးတာတဲ့၊ ညွာဆိုတဲ့ကောင်မလေးကလည်း လက်ခံတာပဲ၊ တခြား ဒီအရွယ်ကောင်မလေးဆို မမတို့ကို အလွယ်တကူဘယ်လက်ခံမလဲ၊ ကြည့်စမ်း မာမီနေ့သွာတဲ့၊ ချစ်ဖို့ကောင်းတဲ့ကောင်မလေးပါ"

ရွှေသဲညွာကို သဘောကောင်းတဲ့ ကောင်မလေး





တစ်ယောက်လို့ မမသတ်မှတ်ထားတာပဲ။ ကောင်းပါတယ်လေ။ ကင်း ဝေဖန်ချက်မပေးခဲ့။ မမကတော့ လက်ရှိရောက်နေတဲ့ဘဝကို ကျေနပ်နေသည်။ ကင်းကြောင့်ပဲလား။ မမရော ပျော်ချင်ယောင်ဆောင်နေတာလားဟင်။ တစ်ခါတစ်ရံ မမျက်ဝန်းတွေထဲမှာ မျက်ရည်တွေဝဲနေတတ်သည်။

"ကင်းရတဲ့အခွင့်အရေးကို အပြည့်အဝအသုံးချနော်၊ ဘဝမှာ အောင်မြင်မှုတွေရအောင်ကြိုးစားပါ၊ ကင်းဘဝကို ဂုဏ်သိက္ခာတွေအတွက် အလုပ်တွေလုပ်ပြီး ကျောင်းတက်မှာကိုတော့ မမလုံးဝလက်မခံဘူးနော်၊ ကင်း သူဌေးသားတစ်ယောက်လို နေထိုင်တာ မမ မြင်နေပါရစေကွယ်"

ကင်းက တည်ကြည်ခန့်ညားပြီး ကြိုးစားကာ ထက်မြက်သော ယောကျ်ားတစ်ယောက်ပဲဖြစ်သည်။ အချောင်သမားမဟုတ်။ မောင်လေးကင်း ဒီလိုဘဝမျိုးကို ဘယ်လိုမှမနှစ်သက်ဘူးဆိုတာ နေ့သွာသိသည်။ မောင်လေးကို နေ့သွာလုပ်ဆောင်ပေးခဲ့တဲ့ ကြွယ်ဝချမ်းသာမှုကိုလည်း ကင်း မခံစားချင်ပေ။ ဘယ်လောက်အထိများ ရှုက်နေမလဲ။ မမနေ့သွာ မသိဘဲနေမလား ကင်းရယ်။ ဒါပေမယ့် မမလုပ်ပေးနိုင်တာ ဒီလိုမျိုးပဲလေ။ ပညာမတတ်တဲ့မမက ကုမ္ပဏီမှာ အောက်ခြေဝန်ထမ်းပဲဖြစ်နေရတယ်။ ဈေးရောင်းတော့လည်း ငွေအရင်းအနှီးမရှိတော့ ဘယ်လိုမှမချမ်းသာနိုင်ဘူး။ ကင်းကို မမ

အမြဲတမ်းစိတ်ကူးယဉ်နေခဲ့ရတယ်။ မထင်မှတ်ဘဲ ဦးမြတ်ညွှာလို မုဆိုးဖိုသူဌေးကြီးနဲ့ ဆုံလာရပြီး မမကိုချစ်မြတ်နိုးစွာ လက်ထပ်ယူဖို့ ကမ်းလှမ်းလာတော့လည်း မမ လုံးဝမငြင်းဆန်နိုင်တော့ဘူးလေ။ မောင်လေးဘဝရှေ့ရေးအတွက်ပဲ မမ အများကြီးတောင်းဆိုခဲ့ရတာပါ။ တစ်ခါတလေ နန္ဒာ့လုပ်ရပ်အတွက်လည်း နန္ဒာကိုယ်တိုင်ပင် ရှက်နေမိသည်။ မောင်လေးကင်းရှေ့မှာသာ ဟန်ဆောင်နေရတာပါ။ အစ်ကိုကြီးရဲ့သမီးလေးကိုလည်း ရင်ဆိုင်နိုင်ဖို့ အတော်လေးသတ္တိမွေးလာခဲ့ရသည်။ မမဟန်ဆောင်နေရတာပါ။ တမင်ပျော်ရွှင်ဝမ်းသာပြနေခဲ့ရတာပါ။ ကင်းရဲ့ပညာသင်စရိတ်ကို မမဆက်ပြီး တာဝန်မယူနိုင်တော့လို့ မုဆိုးဖိုသူဌေးကြီးတစ်ယောက်ကို လက်ထပ်လိုက်ရတာပါ။ ကင်းကို တယုတယနှင့် အိပ်ရာလေးပြန်ခင်းပေးနေမိသည်။

"မမလေ မောင်လေးနဲ့ ရွှေသဲညှာ မဆုံဖြစ်အောင် ကားတစ်စီးသပ်သပ် တောင်းခဲ့ရတာ၊ အစ်ကိုကြီးက လိုက်လျောပေးပါတယ်၊ မမက ယောကျ်ားတစ်ယောက်နဲ့ တရားဝင်အတည်တကျလက်ထပ်တာပါ"

"မမ"

"ကင်း"

"ကင်းကတော့ မမကိုပဲ အဆင်ပြေစေချင်ပါတယ်၊ ကင်းအတွက် ဘာအခွင့်အရေးမှ ထပ်မတောင်းပါနဲ့တော့၊ ပြည့်စုံနေပါပြီ။





ရွှေသဲညှာကလည်း ရှိနေတော့ မိသားစုအဆင်ပြေစေချင်တယ်၊ မမ အနေနဲ့ ရွှေသဲညှာအမြင်မှာ မိထွေးဆိုးဘဝကို မခံယူပါနဲ့၊ သူ့အဖေကို မြူဆွယ်ဖြားယောင်းယူထားတာမျိုး မဖြစ်စေပါနဲ့၊ ကင်းတို့ ဒီလောက်ဆိုရင် ပြည့်စုံနေပါပြီ"

"အေးပါ ကင်းရယ် မမသိပါတယ်၊ အစ်ကိုကြီးသမီးလေးကို မမ မိခင်တစ်ယောက်လို သည်းခံပြီးနေထိုင်မှာပါ၊ ကင်းသာ ပျော်ပျော်နေနော်၊ ရှက်လည်းမနေပါနဲ့တော့"

"ဟုတ်ကဲ့ပါ"

မမပြန်ထွက်သွားမှ ကင်းစိတ်တွေ သက်သာသလို သက်ပြင်းမောကြီးကို မှုတ်ထုတ်ပစ်လိုက်ရသည်။ ရွှေသဲညှာနှင့် ကင်း ဘယ်လိုမှအဆင်မပြေနိုင်ပေ။ ကိုယ်က မင်းထင်သလို အချောင်သမားတစ်ယောက် မဟုတ်ဘူးဆိုတာ မင်းသိလာရမှာပါ ရွှေသဲညှာရယ်။ ကင်းအခန်းက အရင်က ကင်းနေခဲ့ရတဲ့ဘဝနဲ့ တခြားစီပါပဲ။ အဖိုးတန်သော အသုံးအဆောင်တွေ၊ အဝတ်အစားတွေ ပြည့်နေသည်။ ရွှေသဲညှာ ဘယ်လောက်ပဲ ကျေနပ်ဟန်ဆောင်နေပါစေ မျက်ဝန်းတွေက မာထန်နေ၏။ သူနှင့်စတင်ဆုံတွေ့ခဲ့တဲ့နေ့က ရွှေသဲညှာ စိတ်ညစ်ပြီး မြို့ပြင်ခြေဦးတည့်ရာ ကားမောင်းထွက်လာပုံပင်။ မျက်နှာက ညိုးနွမ်းညှိုးမဲနေသည်။

"စိတ်ညစ်လို့ထွက်လာပါတယ်ဆိုမှ ကားက ပျက်နေပြန်

ပါပြီ”

ရွှေသဲညာ ညည်းညည်းညူညူလေး ပြောလိုက်တာကို ကင်း အမှတ်မထင်ဘဲ ကြားလိုက်ရသည်။ ကင်းလည်း မမကြောင့် စိတ်ညစ်ပြီး အရက်တွေပင်သောက်မိ၏။ မင်းအဖေလုပ်ရပ်ကို မင်း မလွဲသာမရှောင်သာလို့ လက်ခံလိုက်ရပေမယ့် ကိုယ် ကိုယ်ချင်းစာ ပါတယ် ကင်း ရင်မဆိုင်ချင်ဆုံးက ရွှေသဲညာရဲ့ အထင်သေးစွာ ကဲ့ရဲ့ပြစ်တင်နေတဲ့ မာထန်သောမျက်ဝန်းတွေပဲ။

“ဒေါက်”

“ဒေါက်”

“ကိုသမုဒယကင်း တံခါးဖွင့်ပေးပါ”

အပြင်မှ တံခါးလာခေါက်နေသူက ရွှေသဲညာပင်။ ဘာလာလုပ်ပြန်ပြီလဲကွာ။ ရွှေသဲညာနှင့် ရင်မဆိုင်ချင်ပေ။ ကင်း စိတ်တွေအနေကြပ်ပြီး မနေတတ်အောင် ဖြစ်နေရသည်။

“ဒေါက်…ဒေါက်”

“ဒေါက်”

“ဒီမှာ ကျေးဇူးပြုပြီး တံခါးကိုဖွင့်ပေးစမ်းပါ၊ လာပြီး ကြီးကျယ်မနေပါနဲ့၊ ကျွန်မက လာချင်လို့လာတာမဟုတ်ဘူးနော်”

ကင်းဘက်ကနေ တံခါးထပြီး ဖွင့်ပေးလိုက်ဖို့ ဝန်လေး နေရသည်။ မင်းကို တံခါးဖွင့်မပေးချင်လို့ မဟုတ်ဘူးကွ။ ကိုယ်





ကြီးကျယ်နေတာလည်း မဟုတ်ဘူး။ ရင်မဆိုင်ချင်လို့ပါ ရွှေသဲညာ။ သူ ထပြီးဖွင့်ပေးရမလား၊ ဖွင့်မပေးရဘူးလားဆိုတာ တွေဝေနေခဲ့ သည်။

“ဒေါက်…ဒေါက်”

“ဒေါက်”

“ဒေါက်”

“ဒေါက်”

တံခါးကို အဆက်မပြတ်ခေါက်နေသဖြင့် ကင်း ထလာပြီး တံခါးကိုဆွဲဖွင့်လိုက်သည်။

“အင့်”

“အမေ့”

“ဟာ”

တံခါးအဖွင့်တွင် အရှိန်လွန်ပြီး ရွှေသဲညာကိုယ်လေး အခန်း ထဲမှာ ပစ်လဲကျသွားသည်။

“ဝုန်း”

“အား”

“ဟင်”

“အား…ကျွတ်…ကျွတ်”

ကင်း အခြေအနေကို မှင်သက်မိစွာ ငေးကြောင်ကြည့်နေမိ

သည်။ တံခါးက နဂိုတည်းက ပိတ်မထားပေ။ ရွှေသဲညှာ တံခါး ခေါက်နေတာကိုမှုပြီး ဆွဲဖွင့်ပေးလိုက်မိသည်။ ရွှေသဲညှာကိုယ်လေး အရှိန်လွန်ပြီး အခန်းထဲသို့ လဲပြိုကျသွားရ၏။ သူမ တော်တော်နှင့် မထနိုင်။ ကင်းကလည်း ပွေ့ထူပေးရမှာ တွန့်ဆုတ်နေမိပြီး ကြည့်ပဲ ကြည့်နေမိသည်။

“ရှင် ရှင် တမင် ညှာ့ကို အရှက်ခွဲပစ်လိုက်တာမဟုတ်လား၊ တော်တော်ယုတ်မာတဲ့လူ၊ အား ကျွတ် ကျွတ်”

သူ တမင်လုပ်တာမဟုတ်တဲ့အကြောင်း မရှင်းပြမိတော့။ ရွှေသဲညှာကိုလည်း ထူမတ်ပေးဖို့ ဝန်လေးနေခဲ့မိသည်။ ထင်ချင် သလိုထင်တော့ကွာ ကိုယ်က မဟုတ်ပါဘူးပြောလည်း မင်းက ဇွတ်ပဲစွပ်စွဲပြောဆိုနေတော့မှာပဲ မဟုတ်လား။

“ဒီမှာ”

“ဗျာ”

“ရှင် တမင်သက်သက် ကျွန်မကို အရှက်ခွဲချင်လို့ တံခါး ကိုဖွင့်လိုက်တာပဲ၊ ကျွန်မအဖေရဲ့ စည်းစိမ်ဥစ္စာတွေနဲ့ အခန့်သားနေ ပြီး ကျွန်မကို အမြင်ကပ်နေတာပေါ့လေ”

ကင်းက နဂိုတည်းက စကားကိုများများမပြောတတ်သူ။ မိန်းကလေးတွေကိုလည်း ပတ်သက်ခဲ့ဖူးတာမရှိခဲ့။ မမကျေးဇူးကို သိတတ်ကာ စာပဲကြိုးစားမိသည်။ ရွှေသဲညှာကို ကင်းက ဘာပြန်





ပြောရမလဲ။ သူ့အပေါ် အမြင်မကြည်လင်နေတဲ့ မိန်းကလေးပဲ။ ရှင်းလင်းပြဖို့ ကင်း စိတ်ပျက်နေမိသည်။

“အမိ ကိုယ့်ဆီကို ဘာလာလုပ်တာလဲဆိုတာပဲ ပြောပါ”

“ဘာရှင့်”

“ဒီကိုဘာလာလုပ်တာလဲ၊ ကိစ္စရှိလို့လား”

“ရှင် ရှင်”

မုန်းလိုက်တာ အေးတိအေးစက်နဲ့။ သူများအိမ်မှာ ခိုကပ် နေပြီး မျက်နှာကြီးက တင်းမာနေသည်။ ညှာ ဘာကိစ္စနဲ့လာတာ လဲ။ ဒက်ဒီက ညစာစားဖို့ခေါ်ခိုင်း၍ လာတာပဲဖြစ်သည်။ ညှာက လည်း သူ့ကိုအရွဲ့တိုက်ပြီး စိတ်ထဲမှာ ပြောချင်တာတွေပြောဖို့ လာတာပါ။ ရှက်လိုက်တာ။ အလကားလူ သူများအိမ်မှာ ခိုကပ်နေ ပြီး မျက်နှာကြောက တင်းနေသေးတာပဲ။ နာလိုက်တာ ညှာ့စိတ်တွေ ဒေါသတွေပဲဖြစ်နေရသည်။

“အမိ”

“ရှင့်ကို ဒက်ဒီက ညစာစားဖို့ခေါ်ခိုင်းလို့လာတာ၊ ကျွန်မ က လာချင်တာမဟုတ်ဘူးနော်၊ ဒီမှာ ရှင်တို့မောင်နှမကို ကျွန်မက လက်ခံချင်တယ်များ ထင်နေလား”

ရွှေသဲညှာရဲ့ မျက်ဝန်းတွေက အထင်သေးသော အကြည့် တွေနှင့် ဖြစ်နေသည်။ ကင်းကတော့ စိတ်မဝင်စားသလိုပဲ နေလိုက်

မိ၏။ မင်းထင်လေ ကိုယ်လည်းမင်းနေရာမှာဆိုရင် ဒီလိုပဲထင်မှာပဲ။ သူ့အကြည့်တွေက အေးစက်နေသည်။ ရွှေသဲညွှာ ခပ်ဆွာဆွာလေးပြောတာကို သူ အပြစ်မမြင်မိပေ။ မင်း ဟန်ဆောင်နေတာကိုယ်သိတယ်။ မုန်းတီးရွံရှာနေသော အကြည့်တွေပဲ ဖြစ်နေသည်။

“လာစားပါ၊ အခုပဲ ကျွန်မနဲ့အတူတူလိုက်ခဲ့ပါ”

“ကိုယ် မစားချင်သေးဘူးဆိုရင်ရော”

“မရဘူး၊ စားချင်တာ မစားချင်တာတွေ ရှင့်အနေနဲ့ဆင်ခြေပေးလို့မရဘူး”

“ကောင်းပြီလေ သွားကြတာပေါ့”

ရွှေသဲညွှာက ရှေ့မှထွက်သွားပြီး ထမင်းစားခန်းနားရောက်ခါနီးတွင် ကင်းကို ရပ်စောင့်နေသည်။ လူကြီးတွေရှေ့မှာတော့ ရွှေသဲညွှာက သဘောကောင်းတဲ့ပုံစံ အပြည့်ဖမ်းတော့မည်ဖြစ်သည်။

“ဒီမှာ”

“ဟင်”

“ကျွန်မက ကွယ်တရာတစ်မျိုး ရှေ့တစ်မျိုးလုပ်တတ်တဲ့ကောင်မလေးပဲ၊ ရှင်တို့မောင်နှမလိုပဲလေ”

သူ ရွှေသဲညွှာစကားကြောင့် လှမ်းနေတဲ့ခြေလှမ်းတွေပင် တုန့်ခနဲရပ်သွားရသည်။ ရင်ထဲမှာ နာကျင်သွားရ၏။ ကင်းစိတ်တွေလှုပ်ရှားကာ ရွှေသဲညွှာရှေ့မှပင် ထွက်ပြေးသွားချင်စိတ်





တွေ ဖြစ်ပေါ်လာရသည်။

“သူများပစ္စည်းကို အချောင်လိုချင်တဲ့စိတ်ဓာတ်က အရမ်းအောက်တန်းကျတာရော ရှင်တို့သိရဲ့လားဟင်”

ရွှေသဲညွှာက ထမင်းစားခန်းထဲဝင်မည်ပြုစဉ် ကင်းလက်ကို ချိတ်လိုက်သဖြင့် လန့်ဖြန့်သွားရသည်။

“လာပါ ကင်းရယ်၊ ညွှာတို့က မိသားစုတွေပဲဟာအားမနာပါနဲ့”

ရွှေသဲညွှာရယ် မင်းရဲ့ထိုးနက်ချက်တွေက ပြောင်မြောက်လွန်းတယ်ကွာ။ မင်းအပြုံးတွေက ကိုယ့်ရင်ကို မြားချွန်ချွန်နဲ့ပစ်လိုက်သလိုပဲ။ ထမင်းစားခန်းထဲမှာ ဦးမြတ်ညွှာနဲ့ မမနှင်းတို့စောင့်နေကြသည်။ ရွှေသဲညွှာက အသံစာစာလေးနှင့် ရယ်မောနေ၏။ ကင်း လက်ကိုဆွဲပြီး စားပွဲဆီသို့ ခေါ်လာသည်။

“ကင်း လာလေ မိသားစုဝင်တွေ ညစာတစုတဝေးတည်း စားကြတာပေါ့၊ အစ်ကိုကြီးက အားလုံး စည်းစည်းလုံးလုံးနဲ့မိသားစုပျော်ရွှင်တာကို သဘောကျတယ်လေ”

“ကင်းက ညွှာ့ကို အားနာနေတာထင်တယ် ဒက်ဒီ၊ အားမနာဖို့ပြောနေရတယ်၊ ညွှာလည်း မိသားစုသိုက်သိုက်ဝန်းဝန်းနေချင်တာပါလို့၊ ညွှာ့မှာက အစ်ကိုမှမရှိတာ”

“ကင်းနဲ့ညွှာက ရွယ်တူလောက်ပဲရှိမှာပါ၊ တစ်ယောက်

ကိုတစ်ယောက်တော့ တလေးတစားနေစရာ မလိုဘူးလေ၊ တရင်းတနှီးပဲ နေကြပါ"

ဒက်ဒီက မမြနန္ဒာပြောသမျှကို တပြုံးပြုံးနှင့် ထောက်ခံနေသည်။ ပြီးတော့ တယုတယနှင့် တစ်ယောက်ပန်းကန် တစ်ယောက် ဟင်းတွေထည့်ပေးနေကြသည်။ ညွှာ ထသွားချင်တဲ့ စိတ်တွေကို အတော်လေး ထိန်းချုပ်ထားရ၏။ ကင်းဆိုတဲ့လူကတော့ အေးဆေးစွာ အရှက်ကင်းမဲ့စွာ စားနေသည်။



## အခန်း (၆)

ညွှာ သူမအိပ်ခန်းထဲ ပြန်ရောက်တော့ ဒေါသတွေပေါက်ကွဲနေရသည်။ ဒက်ဒီ ဘယ်တုန်းကများ မိသားစုပျော်ရွှင်မှုကို အလေးအနက်ထားသွားရတာလဲ။ မာမီနှင့် ထမင်းလက်ဆုံစားလေ့ မရှိပေ။ အပြင်မှာပဲ အပေါင်းအသင်းတွေနှင့် စားသောက်ခဲ့တာများသည်။ မာမီက အထီးကျန်နေ၍ ညွှာကပဲ မာမီ့ကို အဖော်လုပ်ပေးခဲ့ရ၏။ အိမ်ကိုပင် ပြန်အိပ်ချင်မှအိပ်ခဲ့တာပါ။ မာမီ မျက်ရည်သာ ကြိတ်ပြီးကျနေခဲ့တာ ညွှာ သိနေသည်။

"မင်း ငါ့ကို လက်မထပ်ချင်ဘူး မဟုတ်လား၊ ရည်းစားဦးနဲ့ လိုက်ပြေးဖို့ ကြိုးစားခဲ့တယ်လေ၊ မင်းကို ငါမချစ်ဘူး၊ မင်း အိမ်ရှင်မဘယ်လောက်ပဲ ဝီသနေပါစေ ငါ့ဆီကမေတ္တာကို မျှော်လင့်မနေနဲ့"

ဒက်ဒီ့ဆီက ရက်စက်မာကျောတဲ့ စကားတွေကို ညှာ ကြားနေရတတ်သည်။ မာမှီဘက်မှ ဘယ်လောက်ပဲ ပေးဆပ်ပါစေ ဒက်ဒီက ဥပေက္ခာပြုထားသည်သာ။ ဘယ်သူမှ စေ့စပ်ဖြန်ဖြေ၍ မရခဲ့။ မာမီပဲ အရှုံးပေးခဲ့ရသည်။ ညှာလည်း ဖခင်မေတ္တာကိုရပေ မယ့် မိသားစုပျော်ရွှင်မှုဆိုတာ မရှိခဲ့ပေ။ မမြနန္ဒာကို ဒက်ဒီချစ်မှာ ပေါ့။ ဘယ်လောက်များ မာယာတွေနဲ့ မြူဆွယ်ဖြားယောင်းထားလဲ မှ မသိတာ။ ရွံစရာကြီး။ ဟိုလူကလည်း ယောကျ်ားဖြစ်ပြီး သူများ စည်းစိမ်ချမ်းသာတွေကို မတရားယူချင်တယ်။ အရှက်မဲ့လိုက်တာ နော်။ ညှာ တွေးမိတိုင်း ဒေါသတွေ ထွက်နေရသည်။ သူတို့ကို ဘယ်လိုအနိုင်ယူရမလဲ။ ဟွန်း မြနန္ဒာဆိုတဲ့မိန်းမ အကဲပိုပြီး ညှာ ကို သမီးတဲ့။ ဘာသမီးလဲ သူတို့က သဘောထားဖြူစင်ရိုးသားဟန် ဆောင်နေတာပါ။ ဘယ်ရမလဲ ရွှေသဲညှာပဲဟာ ကင်းဆိုတဲ့လူ အရှက်ကွဲစေရမယ်။ လူတောထဲမတိုးရဲအောင်ကို လုပ်ပစ်ရမယ်။ ကားနဲ့ ဟမ်းဖုန်းနဲ့ အမြင်ကတ်စရာကောင်းလိုက်တာနော်။ တွေးမိ တိုင်း ညှာ မကျေမနပ်ဖြစ်ကာ ဒေါသထွက်နေရသည်။

"မာမှီဘဝနဲ့ မာမီပဲ ရှိပါစေတော့ ညှာရယ်၊ ဟုတ်တယ် မာမီမှားခဲ့တာပဲ၊ ဒီအကြောင်းတွေကို မာမီမပြောချင်တော့ပါဘူးလေ၊ သမီးသာ ရသင့်ရထိုက်တဲ့အမွေတွေ ရအောင်ယူပါ၊ ဒက်ဒီနဲ့ ပဋိ ပက္ခမဖြစ်ပါစေနဲ့၊ မာမီက သမီးကို ဘာတာဝန်မှမယူနိုင်ဘူးလေ"





မာမီက ညှာ ဒက်ဒီနှင့်မသင့်မြတ်ပြီး မာမှီဆီလာနေမှာ ကြောက်နေသည်။ ဒက်ဒီနဲ့ ပေါင်းသင်းနေရတာထက်စာရင် မာမှီပုံစံ က ပျော်ရွှင်နေပြီး အလှအပတွေပင် ပြင်ထားခဲ့၏။ ဘာတွေဖြစ် ကုန်တာလဲ။ မာမီရဲ့ပြောင်းလဲမှုကလည်း မြန်လိုက်တာ။ ရိုးသားမှု တွေ၊ အိမ်ရှင်မပီသမှုတွေ ပျောက်ဆုံးနေသလိုပါပဲလား။ ညှာ မတွေးချင်ဘူး။ သမီးလေးမျက်နှာပင် ဘယ်သူမှ မထောက်ထား ကြတော့ပါလား။ ဒက်ဒီကလည်း အားကျမခံ မမြနန္ဒာဆိုတဲ့ မိန်းမ အား တိုက်ပေါ်ခေါ်တင်ခဲ့သည်။ မောင်တစ်ယောက်ပင် အဆစ်ပါ လာသေး၏။ ညှာ့စိတ်တွေ နာကျင်နေရ၏။ မိသားစုပျော်ရွှင်ရေး တဲ့။ မကြားချင်ဘူး။

"ဒေါက်"

"ဒေါက်"

"သမီးညှာ"

ဒက်ဒီ့အသံကြား၍ ညှာ မတွေ့ချင်ပေမယ့် တံခါးကို ထပြီးဖွင့်ပေးရသည်။ အခန်းဝတွင် ဒက်ဒီက ပြုံးရွှင်တက်ကြွစွာနှင့် အပြုံးတွေဝေနေတာကို ညှာ ကြေကွဲစွာတွေ့မြင်ရသဖြင့် ဟန်ဆောင် တုံ့ပြန်ပြုံးပြဖို့ပင် ဝန်လေးသွားရသည်။

"ဝင်လေ ဒက်ဒီ"

"သမီး အိပ်နေပြီလား"

“ဟင့်အင်း”

ဒက်ဒီက ညှာ့ပခုံးလေးကိုဖက်ပြီး အခန်းထဲဝင်လာသည်။ ညှာ ငိုပစ်ချင်နေ၏။ ဒက်ဒီက မြနန္ဒာနှင့် လက်ထပ်ရတာ ပျော်ရွှင်ကျေနပ်နေပုံပင်။ မိသားစုပျော်ရွှင်မှုကို ဒက်ဒီက လိုလားခဲ့တာလား။ မိသားစုဆိုတာဘာလဲ ဒက်ဒီရယ်။ မမြနန္ဒာက ညှာ့ရဲ့မိထွေးပဲဟာ။ ပြီးတော့ အသက်အရွယ်က မကွာခြားကြဘူးလေ။ ညှာ ကြေကွဲနေပေမယ့် ညှာ့နှုတ်ခမ်းလေးက ပြုံးယောင်လေးသမ်းနေသည်။

“ညှာ”

“ရှင်”

“ဘာပဲပြောပြော ညှာက မြနန္ဒာတို့မောင်နှမကို ဒက်ဒီ့ကြောင့် အလိုက်အထိုက်ဆက်ဆံနေတာ ဒက်ဒီသိပါတယ်ကွယ်”

“ညှာ့အနေနဲ့ ဒက်ဒီ နှစ်သက်မြတ်နိုးတဲ့လူတွေကို သင့်မြတ်အောင်နေဖို့ပဲ ရှိတာမဟုတ်လားဟင်”

“သမီးရယ်”

မမြနန္ဒာတို့မောင်နှမကို ညှာ အရမ်းပဲမုန်းတယ် ဒက်ဒီ။ အချောင်သမားတွေ။ သမုဒယကင်းဆိုတဲ့လူကရော စိတ်ဓာတ်အောက်တန်းကျလွန်းပါတယ်။ ညှာ သူ့ကိုတွေ့တုန်းက အရက်တွေမူးနေပြီး စုတ်ပြတ်သပ်နေတာပဲလေ။ အခုမှ ကြီးပွားချမ်းသာနေ





လိုက်တာ။ ညှာ့အကြောင်းသိစေရမယ်။ ဒက်ဒီ့ရဲ့ယုံကြည်မှုတွေကို ညှာ အပြည့်အဝရယူနေရသည်။

“ကင်းက ရိုးသားတည်ကြည်တယ်လေ၊ ကင်းက ပညာတော်တယ်၊ ဆေးကျောင်းတက်နေတာ”

“ဘာ”

“သမီးလေးအနေနဲ့ ကင်းကိုတော့ တရင်းတနှီး ခင်ခင်မင်မင်နေပါကွယ်၊ ဒက်ဒီတောင်းဆိုတာပါ”

“စိတ်ချပါ ဒက်ဒီရယ်၊ ညှာ့ဘက်ကတော့ လုံးဝအမှားအယွင်းမရှိအောင်နေတာပါ၊ မာမီမြနန္ဒာကိုရော ကင်းကိုပါ မျက်နှာငယ်စေချင်ပါဘူး၊ ဒက်ဒီ ချစ်မြတ်နိုးတယ်ဆိုရင် ညှာလည်း ချစ်မြတ်နိုးရမှာပဲပေါ့”

“ဒက်ဒီ ဝမ်းသာလိုက်တာကွယ်၊ နန္ဒာနဲ့သင့်မြတ်တော့ ဒက်ဒီလည်း စိတ်ချမ်းသာတယ်၊ မိသားစုပုံစံလေး ဒက်ဒီမြင်ချင်တယ်ကွယ်”

“ဟုတ်ကဲ့”

“သမီးလေးနားတော့၊ မနက်ဖြန် သမီးလေး သင်တန်းသွားရင်လည်း ကင်း ကားနဲ့လိုက်ရမယ်”

“ဘာဖြစ်လို့လဲ ဒက်ဒီ၊ သမီးမှာကားရှိတာပဲ”

“ကင်းနဲ့သမီးကို ရင်းနှီးစေချင်လို့ပါ”

"ရပါတယ် ဒက်ဒီ"

"အေး…အေး သမီးအိပ်တော့၊ ဒက်ဒီသွားတော့မယ်"

ဒက်ဒီ ထွက်သွားသည်။ ကင်းရေ ရှင်တော့သေပြီအော မှတ်တော့။ ညှာက ဘယ်လိုမိန်းကလေးမျိုးလဲဆိုတာ ရှင်ကောင်းကောင်းသိစေရမယ်။ ညှာ အိပ်လို့မပျော်ပေ။ မာမီ့အနာဂတ်အတွက်ရော ဒက်ဒီကတော့ ပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝကို ပိုင်ဆိုင်နေပြီဟု ထင်မိနေသည်။ ညှာ့အနာဂတ်အတွက်ကရော သူတို့တွေကို မုန်းမိနေပြီ။ ဒက်ဒီအကွက်ဆင်လိုက်တာပဲ ဖြစ်နိုင်သည်။ မာမီ့ထို အမှားတွေ လွန်ကျူးမိသွားအောင် ဖန်တီးပစ်ခဲ့တာ ဒက်ဒီပဲ။ ညှာ တွေးမိတိုင်း ဒေါသတွေ ပေါက်ကွဲချင်လာရသည်။ ညဦးနက် မှ အိပ်ပျော်သွားပြီး နေမြင့်မှနိုးလာ၏။ ညှာ မျက်နှာသစ်သန့်စင်ပြီးတော့ မမြနန္ဒာ ရောက်လာသည်။

"ညှာလေးရော"

မုန်းလိုက်တာ။ ညှာလေးတဲ့။ သူနဲ့ညှာက ဘယ်လောက်များ အသက်ကွာခြားနေလို့လဲ။ အမြင်ကတ်စရာကောင်းလာအောင် ချွဲပစ်နေသည်။ ဒက်ဒီရှေ့မှာ ညှာ မလွဲသာတော့ဘဲ တံခါးဖွင့်ပေးလိုက်ရသည်။

"သမီးလေးညှာ နိုးပြီလား၊ မာမီက မနက်စာစားဖို့ လာခေါ်တာပါ"





"ဒီမှာ"

"ဟင်"

"ညှာ့မာမီအစားကို ဘယ်သူမှအစားမထိုးနိုင်လို့ပါနော်၊ ညှာလို့ပဲခေါ်ပါ၊ မာမီဆိုတဲ့ အသုံးအနှုန်းကြီးက မသင့်တော်ဘူး ထင်တယ်၊ ဒက်ဒီရှေ့မှာတော့ သုံးချင်သုံးပါ"

"ညှာ"

"ကျွန်မ ဘယ်တော့မှ ရှင့်ကို အမေတစ်ယောက်လို့ အသိအမှတ်ပြုမှာမဟုတ်ဘူး အဲဒါကို သိထားပါ"

မြနန္ဒာပင် ရှေ့သဲညှာရဲ့ အပြုအမူအပြောအဆို အံ့ဩသွားရသည်။ အစ်ကိုကြီးရှေ့မှာတော့ ရွှန်းရွှန်းဝေလို့ အခုကျတော့လည်း မျက်ဝန်းတွေက တင်းမာနေ၏။ ဒီကောင်မလေး မလွယ်ဘူးပဲ။ မြနန္ဒာ အထိတ်တလန့်နှင့် ဘာလုပ်ရမှန်းပင်မသိတော့။ ညှာ့ အကြည့်တွေက မုန်းတီးလွန်းသောအကြည့်တွေ ဖြစ်နေသည်။

"ကောင်းပါပြီ ညှာ၊ မနက်စာစားဖို့ အစ်ကိုကြီးက ညှာ့ကိုခေါ်ခိုင်းလို့ပါ"

"ကျွန်မလာခဲ့ပါ့မယ်"

"ဒီမှာ"

"ဟင်"

"ဂုဏ်မတိုက်နဲ့နော်"

"ဘာ"

"ဒက်ဒီကို ပေါက်ကရတွေ သွားမပြောပါနဲ့လို့ ပြောတာပါ၊ မိထွေးပီပီလေ"

"ဟင်"

"ရှင်တို့ ရိုးအချင်ယောင်ဆောင်မနေစမ်းပါနဲ့ မမြနန္ဒာ၊ ကျွန်မဒက်ဒီလို အဖိုးကြီးတစ်ယောက်ကို လက်ထပ်ရဲတဲ့သတ္တိက ရှင်တို့ဘယ်လောက်အထိ လောဘရမ္မက်ကြီးလဲဆိုတာ"

"တော်ပါတော့ ညွှာ၊ အစ်ကိုကြီးကိုလက်ထပ်တာ ငွေကြေးကြောင့်တစ်ခုထဲ မဟုတ်ပါဘူးကွယ်"

"အချစ်ကြောင့်လား၊ ဟင်း ဟင်း ရှင် တော်တော်လေး ရယ်ရတာပဲ၊ ဒက်ဒီက အဖိုးကြီးလေ"

မြနန္ဒာ ခြေထောက်တွေပင် ရပ်တည်နိုင်စွမ်းမရှိလောက်အောင် တုန်ရီယိုင်ခွေချင်လာရသည်။ ညွှာ့ရဲ့အကြည့်တွေ အတော်လေးအထင်သေးနေတာပင်။ မြနန္ဒာနဲ့ အစ်ကိုကြီးက ဒီလောက်အထိလည်း လူမြင်မကောင်းအောင် အသက်အရွယ်က မကွာခြားသေးပါဘူးလေ။ ညွှာက သူမဖခင်ရှေ့မှာတော့ မြနန္ဒာတို့ကို ဖော်ဖော်ရွေရွေနှင့် သဘောကောင်းချင်ယောင်ဆောင်နေခဲ့သည်။

"ရှင်တို့ တော်တော်အရှက်မရှိတာပဲ၊ ယောကျ်ားတစ်ယောက်ရဲ့အိမ်ပေါ် တက်လာရဲတယ်၊ တော်တော်မျက်နှာပြောင်





တာပဲနော်"

"ညွှာ"

"ဘာညွှာလဲ"

"မနက်စာစားဖို့ပဲ ဆင်းလာပါ ညွှာ၊ အစ်ကိုကြီး စောင့်နေတယ်"

မြနန္ဒာ ပြောပြီးထွက်လာခဲ့သည်။ ရွှေသဲညွှာရဲ့ စကားတွေကို မောင်လေးကင်းသာကြားသွားခဲ့ရင် သေပစ်ချင်လောက်အောင် ရှက်ရမှာပဲ။ ကင်းက လိုက်လာချင်တာမဟုတ်ပေ။ မြနန္ဒာ ုံးဖြတ်လိုက်တာလည်း ကင်းအတွက်ပါ။ မောင်လေးကို ချမ်းချမ်းသာသာနေစေချင်လို့။ ဘုရားရေ ကြောက်စရာကောင်းတဲ့ဟာမလေး ။ မြနန္ဒာတို့ကို ထိုးနှက်တော့မှာပါလား။ မြနန္ဒာ အောက်ကိုပြန်င်းလာခဲ့သည်။

"သမီးလေးရော နန္ဒာ နိုးပြီလား"

"ဟုတ်ကဲ့၊ ဆင်းလာမယ်တဲ့ အစ်ကိုကြီး"

မြနန္ဒာ စိတ်ကို အတော်လေးထိန်းချုပ်ထားရသည်။ တွေတုန်နေရ၏။ တွေးကြည့်ရင် ရှက်စရာတော့ ကောင်းနေည်။ ညွှာ့မျက်ဝန်းတွေက ပိုင်းလုံးတွေဆိုတဲ့ သဘောပဲ။ မြနန္ဒာ တွေပူလာရ၏။ အိုဘာဖြစ်လဲ၊ ယောကျ်ားတစ်ယောက်ကို က်ထပ်ပြီး အဲဒီယောကျ်ားအိမ်လိုက်နေတာ မိန်းကလေး

တစ်ယောက်အလုပ်ပဲ။ သဘာဝပဲလေ။ ရွှေသဲညှာ တော်တော်လေး ကြောက်စရာကောင်းတာပဲ။ ခဏကြာတော့ ရွှေသဲညှာ ဆင်းလာသည်။

"သမီးလေးလာလေ၊ အိပ်ရေးရောဝရဲ့လား"

"ဟုတ်ကဲ့ ဒက်ဒီ၊ မာမီနဲ့မှာ လာနှိုးတုန်းကမှ ညှာ အိပ်ရာကထတာလေ"

"သမီးညှာ"

"ရှင် ဒက်ဒီ"

"ကင်းလည်း မနက်စာစားပြီးရင် ကျောင်းကိုသွားမှာ သမီးလေးကို အရင်လိုက်ပို့ပေးလိမ့်မယ်"

"ဟုတ်ကဲ့ ဒက်ဒီ၊ ကင်းကို ကျေးဇူးတင်ပါတယ်နော် အားနာလိုက်တာ"

ရွှန်းရွှန်းဝေအောင် ပြောနေတဲ့ ကောင်မလေးစကားကတော့ ကင်းအတွက် နားကြောစိမ့်စရာပင်။ မင်းတော်တော်ဟန်ဆောင်ကောင်းတာပဲညှာ။ မမနန္ဒာလည်း ကွယ်ရာမှာ မင်းရဲ့ ထိုးနက်ချက်ကို ခံလိုက်ရပြီထင်တယ်။ ရွှေသဲညှာကို သွားနှိုးပြီး ပြန်လာတော့ မမနန္ဒာမျက်နှာလေး ညှိုးကျနေသည်။ ကိုယ့်မမကိုတော့ မင်းမထိုးနက်ပါနဲ့ကွာ။ စည်းစိမ်ဥစ္စာတွေကြောင့် မင်းဒက်ဒီကို လက်ထပ်ယူခဲ့တာမှန်ပေမယ့် စိတ်သဘောထားယုတ်မာ





ောက်ကျစ်တာတော့ မဟုတ်ပါဘူး။ ကင်း စားသောက်ပြီး ထလိုက်သည်။

"ကင်း စားပြီးသွားပြီလား၊ ခဏလောက်ပဲ စောင့်နေပေးနော်၊ အားတော့နာပါတယ်၊ ညှာ အိပ်ရာထနောက်ကျသွားလို့ လေ"

သူ ထွက်လာခဲ့သည်။ ရွှေသဲညှာရဲ့ အသံစာစာကို ကင်း ကြားချင်တော့။ ချိုအီတဲ့စကားသံတွေရဲ့ နောက်ကွယ်မှာ အထင် သေးအမြင်သေးနှင့် ကဲ့ရဲ့ရှုံ့ချတဲ့ အဓိပ္ပာယ်တွေ ရောယှက်နေသည်။ င်းကို အချောင်သမားစိတ်ဓာတ် အောက်တန်းကျတဲ့လူလို့ ပြောနေ သလိုပါပဲ။ ကင်း ခြံထဲဆင်းလာခဲ့သည်။ ငှန်ဘိုးကြီးမားလွန်းသော ား‌အသစ်စက်စက်ကြီးက ကင်းအတွက်တော့ မက်မောစရာမရှိ ဲ ရွံရှာစက်ဆုပ်ဖွယ်ဖြစ်နေ၏။ ကင်းရယ် သည်းခံပြီးနေလိုက်ပါ။ ောင်လေးကင်း ကျောင်းပြီးသွားတဲ့အထိပါပဲတဲ့။ ညှာ ပြောဆို ဆက်ဆံနေမှုတွေကို မမနန္ဒာ စိတ်သောကရောက်မှာစိုး၍ မပြောပြ ။ မလွှဲမရှောင်သာဘဲ ကင်း ဆက်ပြီးနေရတော့မှာပဲ ဖြစ်သည်။

## အခန်း (၇)

“ဒီမှာ”

ညှာ့အသံလေးက ထုံးစံအတိုင်း ကင်းနှင့် နှစ်ယောက်ချင်း ဖြစ်သွားတဲ့အချိန်တွင် မာထန်နေသည်။ ကင်းကတော့ ဒရိုင်ဘာနေရာမှာ ထိုင်နေလိုက်၏။ ညှာ့ကို ကြည့်လိုက်သည်။

“ဒီလိုအဖိုးတန်ကားကြီးကို ရှင်ပိုင်ဆိုင်ထားရလို့ အရမ်းကျေနပ်ပီတိဖြစ်နေလား”

ကင်း ပခုံးလေးကို ဆတ်ခနဲတွန့်ပစ်လိုက်မိသည်။ စိတ်ပျက်စရာကောင်းတဲ့ ကောင်မလေးပဲ။ ညှာ့ရဲ့ ဒေါသမျက်ဝန်းတွေနှင့် တည့်တည့်ပင် ရင်ဆိုင်ပစ်လိုက်သည်။

“အင်းလေ တစ်သက်လုံး ဆင်းရဲစုတ်ပြတ်ပြီး ငတ်ငတ်ပြတ်ပြတ်နေထိုင်လာရတော့ ဒီစည်းစိမ်ဥစ္စာတွေက ရှင့်အတွက်တော့





ဘကယ့်ကို မက်မောစရာတွေပဲပေါ့နော်”

“အင်း”

“ဘာရှင့်”

“ဟုတ်တယ်လို့ပြောတာလေ”

“ရှင်”

“ကိုယ်က အဲဒီလိုနေချင်လို့ ကိုယ့်အစ်မငယ်ငယ်နုနုချောချောလေးကို မင်းဒက်ဒီနဲ့ လက်ထပ်စေခဲ့တာလေ”

“ဘာ”

ညှာ ဒေါသထွက်သွားပြီး သူ့ကိုရိုက်နှက်ဖို့အတွက် ဟန်ပြင်လိုက်မိသည်။

“ဟိုမှာ မင်းဒက်ဒီထွက်ကြည့်နေတယ် ရွှေသဲညှာ”

“ဟင်”

ရွှေသဲညှာ အထိတ်တလန့်ဖြစ်သွားရပြီး ဒေါသတကြီး ချုပြန့်တော့မည့်ဟန်ကို ချက်ချင်းပဲပြင်လိုက်သည်။ ကင်းအနားကို ကိုးကပ်လာကာ ကင်းလက်မောင်းကို တွဲချိတ်လိုက်၏။ ကင်း ရယ်ချင်လာ၍ တဟားဟားအော်ရယ်ပစ်လိုက်မိသည်။

“ရှင် ရှင် ဘာလျှောင်ရယ်တာလဲ၊ ဘယ်မှာလဲ ဒက်ဒီ”

“မလာပါဘူး”

“ဘာ…ရှင်”

“မင်းတော်တော်မာယာများတဲ့ ကောင်မလေးပဲ ရွှေသဲညှာ”

“ဟုတ်တယ်၊ ကျွန်မ မာယာများရမှာပဲလေ၊ ရှင်တို့မောင်နှမ အချောင်တက်လာပြီး စည်းစိမ်တွေ ခံစားနေတာကို ကျွန်မ ဘယ်လိုမှမရှုစိမ့်နိုင်ဘူး၊ လက်လည်းမခံဘူး၊ ရှင့်အစ်မက လည်း ဒက်ဒီ့ရှေ့မှာ မာယာများပြီး သဘောကောင်းချင်ယောင်ဆောင်နေတာပဲမဟုတ်လား”

“ဟုတ်တယ်”

“ဘာရှင့်”

“မှန်တယ်လို့ ပြောတာလေ၊ မင်းဘာဖြစ်လို့ ဒီလောက်အထိ ဒေါကန်နေရတာလဲ”

“ရွံစရာကောင်းလိုက်တာ၊ အရှက်မရှိတဲ့ဟာတွေ၊ မုန်းတယ်”

မင်းကို ကိုယ်ဘယ်တော့မှ အပြစ်မတင်ပါဘူး ရွှေသဲညှာ။ ကိုယ်တို့က မှားတာပါ။ မင်းနေရာမှာ ကိုယ်ဆိုရင်လည်း ကိုယ့်အမေနေရာမှာ ဘယ်သူမှ အစားမထိုးနိုင်ပါဘူး။ ရွှေသဲညှာကို ကင်း စနောက်ပစ်ချင်လာရသည်။ လစ်လျှင်လစ်သလို ထိုးနှက်နေတတ်သော ရွှေသဲညှာပဲ။ ကားကို စက်နှိုးပြီး သူမောင်းထွက်လာခဲ့၏။ ရွှေသဲညှာ နှုတ်ခမ်းလေးတွေက ထူထော်နေပြီး တင်းနေသည်။





“အမိ”

“ဘာလဲ”

“ကိုယ့်ကျောင်းကိုရောက်ပြီလေ၊ မင်းကားယူသွားတော့ ညနေ (၆)နာရီလောက်မှ ကိုယ့်ကိုလာကြိုပါ”

“ဘာရှင့် ကျွန်မက ဘာဖြစ်လို့လာကြိုရမှာလဲ၊ ရှင့်ဒရိုင်ဘာမှမဟုတ်တာ၊ အခု ကျွန်မကျောင်းကို အရင်လိုက်ပို့ပါ”

“ကိုယ်လည်း မင်းဒရိုင်ဘာမှမဟုတ်တာပဲ၊ မင်းလာကြိုပါ၊ မင်းကျောင်းကိုတော့ ကိုယ်လိုက်မပို့နိုင်ဘူး၊ လာလည်း မကြိုနိုင်ဘူး”

“ရှင် ရှင် တော်တော်ကြီးကျယ်နေတာပါလား၊ ဘဝင်မြင့်နေလိုက်တာ၊ ရှင့်ကိုယ်ရှင် သူဌေးသားများမှတ်နေလား၊ ကိုယ့်ဘဝကိုယ် မေ့သွားပြီလား”

“မေ့ပစ်လိုက်ပြီလေ၊ ဘာလုပ်မှာလဲ ကိုယ်က အရင်ဘဝကြီးကိုသတိရနေလို့ အကျိုးမရှိဘူးလေ၊ ကိုယ်က အခု သူဌေးကတော်ဒေါ်မြနန္ဒာရဲ့ မောင်ပဲ”

“ရှင်”

သူမ ဒေါသတကြီးနှင့် ကင်းရဲ့ပါးကိုရိုက်ဖို့ လက်ပြင်လိုက်သဖြင့် သူမလက်လေးကို ဆတ်ခနဲ ဖမ်းဆုပ်ထားပစ်လိုက်သည်။ ညှာရဲ့အမုန်းတွေ ခါးသည်းလွန်းစွာ ကင်းကို ဒေါသတကြီး

ကြည့်နေ၏။ မင်းမှန်ပါတယ် ညွှာရယ်။ မင်း ခံစားနေရမှာပါပဲ။ ဒါပေမယ့် မင်းကိုတော့ ကိုယ် လုံးဝအလျှော့မပေးချင်ဘူး။ မင်းကို လျှော့လိုက်ရင် မင်းက ကိုယ်တို့မောင်နှမအပေါ် ပိုပြီးအနိုင်ကျင့် စော်ကားလာတော့မှာပဲ မဟုတ်လား။ ကိုယ့်မမနန္ဒာအတွက် ကိုယ် အကာအကွယ်ပေးချင်တယ်။ ကိုယ့်အတွက် မမနန္ဒာ မင်းဒက်ဒီနဲ့ လက်ထပ်လိုက်တာအမှန်ပါပဲ။ မင်း စော်ကားမှုတွေ ရပ်တန့်သွားအောင်တော့ ကိုယ် လုပ်ပစ်ရမှာပဲ။ တောင်းပန်ပါတယ် ရွှေသဲညွှာရယ်။ သူမက ဒေါသတကြီးနှင့် သူမလက်ကလေးကို ရုန်းဖယ်ပစ်သည်။

"ရှင် ကျွန်မလက်ကို ဘာဖြစ်လို့ကိုင်ရတာလဲ၊ ရှင်နဲ့ကျွန်မ အဆင့်ချင်းတူလို့လား၊ ရှုံလိုက်တာ၊ အိမ်ပြန်ရောက်ရင် ရွှေရည်ငွေရည်နဲ့ကို လောင်းပြီးဆေးပစ်မယ်"

"မင်း ကိုယ့်ကို ဆက်ပြီးရန်ပြုနေရင်တော့ မင်းဒက်ဒီကို တိုင်ရလိမ့်မယ်နော်၊ မင်းဒက်ဒီက ကိုယ့်ကို အရမ်းအထင်ကြီးတယ်၊ လူတော်လူကောင်းတစ်ယောက်လို့ သတ်မှတ်ထားတာနော်"

"ဟွန်း"

"ကိုယ်သွားပြီ၊ မင်းလာကြိုနော်၊ မင်းလာမကြိုရင် ကိုယ်က ကိုယ့်အစ်မယောက်ျားဆီ ဖုန်းဆက်ခေါ်ရမှာပဲ၊ အိုကေနော်"





"တောက်"

သူထွက်သွားသည်။ ဘယ်လောက်များ ခံပြင်းဒေါသထွက်စရာကောင်းလဲ။ အချောင်သမားတွေ ကြီးကျယ်နေလိုက်တာနော်။ သူများမိသားစုကို ပြိုကွဲအောင်လုပ်ပြီး အခန့်သားတက်နေကြတဲ့သူတွေကများ။ ကင်းဆိုတဲ့လူ အထက်စီးကနေ ဆက်ဆံလိုက်တာများ ဒေါသထွက်လို့မဆုံးပေ။ ဒက်ဒီက သူတို့ဘက်ကနေပါနေတော့ ညွှာ ဘာတတ်နိုင်မှာလဲ။ ရက်စက်တယ်။ ဒက်ဒီရက်စက်လိုက်တာနော်။ ညွှာ ဘာဆက်လုပ်ရမှန်း မသိတော့ဘဲ ကားကိုမောင်းပြီး ထွက်လာခဲ့သည်။

"ညွှာ"

"ဟင်"

"ရှင်ဘာဖြစ်လာတာလဲ၊ ဒေါသတွေထွက်လာပုံပဲ၊ ရှင့်ဒက်ဒီကို မကျေမနပ်ဖြစ်လာပြန်ပြီလား"

"အင်း...ဟိုလူပေါ့"

"ဘယ်သူလဲ"

"ကင်းတဲ့"

"ဘုရင်ပေါ့"

"အရေးထဲကွာ"

"ရှင် ဘာတွေဖြစ်လာတာလဲဆိုတာ ကျုပ်ကိုပြောပြဦး

လေ”

ညွှာ သင်တန်းကိုမသွားတော့ဘဲ ငယ်သူငယ်ချင်း ချောဆီ ပဲ လာခဲ့သည်။ ဒေါသတွေနှင့် ရင်ထဲမှာ ပေါက်ကွဲနေရ၏။ အရာအားလုံး ညွှာ့အတွက် အရှုံးတွေပဲလား။ မာမီ အသက်ထင်ရှား ရှိလျက်နှင့် မုဆိုးဖိုလို့ပြောပြီး မိန်းမတစ်ယောက်ကို လက်ထပ်ယူခဲ့ တဲ့ ဒက်ဒီ့ကိုလည်း စိတ်ဆိုးနေမိသည်။ ညွှာ့ကို နည်းနည်းလေးမှ တောင် ထည့်ပြီးမစဉ်းစားကြတော့ဘူးလား။ ဖြီးတော့လည်း ကင်းက အပေါ်စီးကနေ ဆက်ဆံနေသေးသည်။

“ညွှာ”

“ဟင်”

“ရှင်ဘာတွေဖြစ်နေတာလဲ”

“ဒက်ဒီ နောက်မိန်းမယူလိုက်ပြီလေ”

“ဟင်”

“အဲဒီမိန်းမကပါလာတဲ့ မောင်က အရမ်းကို အရှက်မရှိ တာဟ သမုဒယကင်းတဲ့”

“နာမည်က မိုက်လှချည်လား ညွှာရယ်”

“ဟွန်း နာမည်နဲ့လူက တခြားစီပဲလေ၊ ချော စဉ်းစားကြည့် စမ်း၊ သူများအိမ်ပေါ် အခန့်သားတက်လာပြီး မာရေကျောရေနဲ့”

“ဟုတ်လား”





“အင်း အခုလည်းကြည့်လေ သူက ဒရိုင်ဘာမဟုတ်ဘူး တဲ့၊ ဒက်ဒီကလည်း သူနဲ့အတူတူသွားခိုင်းတယ်၊ ညွှာက ဒက်ဒီ့ ရှေ့မှာ သဘောကောင်းချင်ယောင်ဆောင်နေရပေမယ့် အရမ်းရွံမုန်း နေတာဟ သေချင်လိုက်တာ”

ကင်းရဲ့ နေထိုင်ပြုမူပုံတွေကို ညွှာ ဒေါသထွက်နေရသည်။ လေသံက နည်းနည်းလေးတောင် မလျှော့ဘူး။ မမြန်မာ့ကလည်း ဒက်ဒီ့ရှေ့မှာ သဘောကောင်းချင်ယောင်ဆောင်နေတာပဲ မဟုတ် လား။ ညွှာ တွေးမိတိုင်း ဒေါသတွေပေါက်ကွဲနေရသည်။

“ညနေကျရင် ညွှာက ဘွဲ့ကိုသွားကြိုရဦးမယ်လေ၊ ဟွန်း အခြောက်တိုက်ဘဝင်မြင့်နေတယ်၊ ဒီလူကို ညွှာ စတွေ့တုန်းက စုတ်ပြတ်သတ်ပြီး အရက်မူးသမားဟ”

“ဟင်”

“ညွှာ စိတ်ညစ်ပြီး ကားမောင်းထွက်သွားတော့ လမ်းမှာ ကားပျက်တာလေ၊ သူပြင်ပေးတာ”

“အဟဲ့ ရှင်တို့နှစ်ယောက်က ဖူးစာဖက်တွေ ဖြစ်နိုင်တယ် နော်”

“ဘာ”

“ဒီလိုတွေ့ဆုံကြတဲ့သူတွေက တစ်နေ့ကျရင် အရမ်းချစ် ကြတဲ့ဖူးစာဖက်တွေ ဖြစ်သွားတတ်ကြတယ်ဟ”

“တော်စမ်းပါဟာ ရွှဲလိုက်တာ၊ ညှာ့မာမီကို ထောင်ချောက်ထဲတိုးဝင်သွားအောင် ဒက်ဒီ ဖန်တီးခဲ့တာပဲ၊ မာမီက အဲဒီလိုမိန်းမမျိုးမှမဟုတ်တာပဲ”

ချောနှင့်ညှာက တစ်ယောက်အကြောင်း တစ်ယောက်အစင်းသိအတွင်းသိတွေ ဖြစ်နေ၍လည်း ညှာ ရင်ဖွင့်စရာရှိတိုင်းချောကိုတွေ့ဆုံကာ ပြောပြတတ်သည်။ မာမီရှိစဉ်က ချောနှင့်ညှာအတူအိပ်အတူစား အတူတူစာတွေကျက်ခဲ့ကြ၏။ ညှာ့ဘဝကိုချောပဲအသိဆုံးဖြစ်နေသည်။

“ဒီလူတွေကို အိမ်ပေါ်ကနေ မောင်းထုတ်ချင်တယ် ချော၊ ဘယ်လိုလုပ်ပစ်ရမလဲဟင်၊ သူက ဆေးကျောင်းသားတဲ့၊ ညှာနဲ့စတွေ့တုန်းက သူ့အရက်တွေမူးနေတာပဲ”

“ညှာရယ် အခြေအနေအရ ဒေါသကိုလျှော့ထားစမ်းပါ၊ တစ်နေ့ကျရင် အမှန်တရားဆိုတာ ရှိတယ်ဟ၊ သူ့အကုသိုလ်နဲ့သူသွားမှာပဲ”

ဒက်ဒီရက်စက်တယ်။ ညှာ့အပေါ် ရက်စက်တယ်။ ညှာနိုင်ငံခြားကိုပြန်သွားဖို့ကလည်း မာမီက ဒီမှာပဲနေပါတဲ့။ ကိုယ်ရမယ့်အခွင့်အရေးကို အရယူပါတဲ့။ ညှာထွက်သွားရင် မမြနန္ဒာတို့မောင်နှမအကြိုက်ဖြစ်သွားမှာ။ ညှာ မျက်ရည်တွေ ပြည့်လျှံလာရပြန်သည်။





“ရှင့်အတွက် စိတ်မကောင်းပါဘူးညှာရယ်၊ ဘယ်တတ်…င်မလဲ အခြေအနေကို စောင့်ကြည့်လိုက်ပေါ့ဟယ်”

ချောက နှစ်သိမ့်ဖျောင်းဖျနေသဖြင့် ညှာ့ဒေါသတွေ…ည်းနည်းလေး ပြေလျော့သွားရသည်။ မမြနန္ဒာတို့ မောင်နှမကို…ိုက်ပေါ်ကနေ ဆွဲချပစ်ချင်တဲ့စိတ်တွေကို ထိန်းချုပ်ထားရ၏။…ချောက ရယ်မောစရာတွေပြောပြီး ညှာ့စိတ်ကို ငြိမ်သက်စေသည်။

“ကင်းဆိုတဲ့လူက ချောလားဟင် ညှာ”

“မသိဘူးဟာ”

“ပညာကတော့မဆိုးဘူးနော်”

“တော်စမ်းပါဟာ၊ သူများပိုက်ဆံတွေကို အချောင်နှိုက်ပြီး…ရှက်မရှိ မျက်နှာပြောင်တိုက်နေတာများ အထင်မကြီးပါဘူး”

ကင်းက လူချောတစ်ယောက်ဆိုတာတော့ ညှာ ဝန်ခံရ…ည်ဖြစ်သည်။ ယောက်ျားပီသစွာ ချောမောပြီး အသားအရေကအစ…င်းအိနေဖတ်နေသည်။ စိတ်ဓာတ်ကတော့ အောက်တန်းကျတယ်။…ားနဲ့ ဟမ်းဖုန်းနဲ့ ဒက်ဒီက အရေးပေးလွန်းနေသည်။ သူ့အတွက်…ခန်းကိုပင် အခမ်းနားဆုံးပြင်ဆင်ပေးခဲ့၏။ ဟိုမိန်းမမြနန္ဒာကို…က်ဒီ အတော်လေးစွဲလမ်းနှစ်သက်နေသည်။

“မကြိုဘူးဟာ သူ့ဟာသူပြန်ပစေ၊ ကြီးကျယ်လို့ ညှာ့…ို တမင်သက်သက် ဖိနှိပ်ထားဖို့လုပ်တာဟ”

ညှာ့ကို သူက အောက်ကျခံပြီး ဂရုတစိုက်လာကြို့ရမည်ကို ပြောင်းပြန်လုပ်ပစ်သည်။ ယုတ်မာတာပဲ။ ဒက်ဒီက သူ့အတွက် ဝယ်ပေးထားတဲ့ အသစ်စက်စက်ကားကိုပင် ညှာ မုန်းနေမိသည်။ မီးရှို့ပစ်လိုက်ချင်တယ် သိလား။ ချောကတော့ အဲလိုလုပ်နေရင် ညှာပဲ ရှုံးသွားမှာတဲ့။ ယောကျ်ားတွေက နောက်မိန်းမဆိုရင် အခွင့်အရေးအထူးပေးချင်ကြတာတဲ့။ ဟိုမိန်းမမြနန္ဒာကလည်း ရုပ်ကလေးဘမ်းပြပြီး ဘယ်လောက်အထိ ညုနေမှန်းမှမသိတာပဲ။ ညှာ ဒေါသမပြေသေးပေ။ ဒက်ဒီ့ကို ပြန်ပြီးစည်းရုံးသိမ်းသွင်းရမှာမို့သာ ညှာ သဘောကောင်းချင်ယောင်ဆောင်နေရတာပါ။ ချောကလည်း ဖျောင်းဖျနေတော့ ညှာ အလိုက်အထိုက်နေရမှာပဲဖြစ်သည်။

"သိမယ် ရှင်တို့ ညှာ့အကြောင်း ကောင်းကောင်းသိရမယ်"

ညှာ ဒေါသတကြီးနှင့် ကြိမ်းဝါးနေမိသည်။



## အခန်း (၈)

"ကင်း"

"ဟင်"

"ကင်း စိတ်ညစ်နေလားဟင်၊ မနန္ဒာ အိမ်ထောင်ကျသွားလို့ ကင်း အရမ်းအဆင်ပြေသွားပြီပဲ မဟုတ်လားဟင်"

ကင်းမျက်နှာက တစ်မျိုးပဲ။ ခပ်နွမ်းနွမ်းလေးဖြစ်နေသဖြင့် ကင်းလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတတ်သော ငယ်သူငယ်ချင်း အချစ်က တယုတယလေးမေးနေမိသည်။ ကင်းနဲ့အချစ်က တစ်မြို့ထဲသားတွေ ကျောင်းနေဘက် ငယ်သူငယ်ချင်းတွေပဲ။ ကင်းနဲ့အချစ် ဆယ်တန်းမှာလည်း ဂုဏ်ထူးတွေနှင့် အောင်မြင်ကြပြီး ဆေးတက္ကသိုလ်လည်း အတူတူတက်ကြသည်။ ယခင်က ကင်း ငွေကြေးအဆင်မပြေခင်ကတည်းက အချစ်ပဲ ကင်းအခက်အခဲတွေ

ကို ဖြည့်ဆည်းပေးခဲ့ပေမယ့် မာနကြီးသော ကင်းက လက်မခံပေ။ ကင်းမှာ ရှိတဲ့ငွေကြေးနှင့်ပင် နေထိုင်တတ်သည်။

"ကင်းအကြောင်း အချစ်သိပါတယ်၊ မမနန္ဒာက ကင်းကို ချမ်းချမ်းသာသာနေစေချင်တာ၊ ကင်းမကြိုက်ဘူးမဟုတ်လား၊ မမနန္ဒာအတွက် အချစ် အရမ်းဝမ်းသာတယ်၊ အဲဒါ သဘာဝတရားပါ ကင်းရယ်၊ လက်မခံချင်တာမျိုး ဖြစ်မနေပါနဲ့လေ"

"ကျေးဇူးပဲ အချစ်၊ ကင်း စိတ်မသက်မသာဖြစ်နေရတယ်၊ ကိုယ် ယောကျ်ားတစ်ယောက်ဖြစ်ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ဖို့ ဘာဖြစ်လို့ ခက်ခဲနေရတာလဲ"

"ကင်းရယ် ပညာရေးမှ တစ်နှစ်လောက်ပဲ လိုတာလေ။ ကင်း စိတ်မလျှော့လိုက်ပါနဲ့၊ ကင်းရဲ့ ဟမ်းဖုန်းနံပါတ် အချစ်ကို ပေးထားဦးလေ"

"ဘာလုပ်ဖို့လဲ"

"အချစ် ဆက်မလို့ပေါ့"

"အချစ်"

"ဟင်"

"ဖုန်းဆက်ဖို့ရော နင့်မှာပိုက်ဆံတွေပေါနေလို့လား။ မဆက်နဲ့၊ ကင်းက ဖုန်းတောင်မလွဲသာလို့ ကိုင်ထားရတာ စကား မပြောချင်ဘူး"





"ကွာင်းရယ်"

ကင်းက မာနကြီးသည်။ အချစ်ကိုပင် အကူအညီမတောင်းခဲ့။ ကင်းကိုသနားပြီး ကူညီပေးတာမျိုး မနှစ်သက်ပေ။ မမနန္ဒာက ပေးထားလို့သာ ကင်း ယူထားတာပါ။ ကင်း အကျင့်စရိုက်တွေကို အချစ်သိသည်။

"အချစ်"

"ဟင်"

"နင်ရော ပိုက်ဆံအသုံးလိုသေးလား"

"ဟင့်အင်း ကင်းထက်စာရင်တော့ အချစ်ကသူဌေးပါနော်"

"ကောင်းတယ် အချစ်၊ နင် ငွေမမက်တာကောင်းတယ်၊ ကိုယ့်ခွန်ကိုယ့်အားနဲ့ရတဲ့ငွေက တန်ဘိုးရှိတယ်"

"ကင်း အဲဒီလောက်ကြီး အစွဲအလမ်းကြီးမနေပါနဲ့ဟာ၊ ကင်းက ဖြူစင်ပါတယ်"

ကင်းရဲ့သူငယ်ချင်း ချစ်ချစ်ခင်ဆိုတဲ့ အချစ်ကတော့ ကင်းအကြောင်း အသိဆုံးဖြစ်နေသည်။ ရွှေသဲညှာ မင်းကတော့ ကိုယ့်ကို အထင်သေးနေတာ မဟုတ်လား။ မင်းမျက်လုံးအကြည့်တွေကို ရလိုက်လားဆုံးပဲ။ ရွှေသဲညှာ ဟန်ဆောင်လိမ်ညာဆက်ဆံနေတာလည်း သူမှန်းတယ်။ ဖခင်အတွက် ဘယ်လောက်အထိ ခံစားနေရတယ်ဆို

ပေမယ့် မင်းက မာယာများလွန်းတယ်။ ကင်း အတန်းပြီးသွား၍ ရွှေသဲညာကို စောင့်နေမိသည်။ အချစ်လည်း မပြန်သေးပေ။ အချစ်က ကင်းကို ဖျောင်းဖျပြောဆိုနေသဖြင့် စိတ်သက်သာရာရနေသည်။

"ကင်း"

"ဟင်"

"အိမ်ကလာကြိုမှလား"

"အင်း"

"အချိန်ရသေးလား"

"ဘာလုပ်မလို့လဲ"

"တစ်ခုခုသွားစားမလားလို့လေ"

"ကောင်းပြီလေ၊ ငါကျွေးမယ်"

"နေပါစေ ကင်းရာ၊ အချစ်ပဲကျွေးပါ့မယ်"

"နင့်မှာ ပိုက်ဆံအရမ်းပေါနေလား အချစ်"

"ကင်းကို ကျွေးချင်လို့ပါ"

"ကောင်းတယ်အချစ်၊ အရင်အတိုင်းပဲ ဆက်ဆံကြတာ အကောင်းဆုံးပဲ"

အချစ်က ကင်းအပေါ် ဂရုတစိုက်နှင့် သံယောဇဉ်ကြီးခဲ့သည်။ ကင်းက အေးစက်နေခဲ့၏။ မိန်းကလေးတွေအပေါ် ကင်း မခံစားတတ်။ ကင်း လက်ကိုင်ဖုန်းကို ကိုင်ထားပေမယ့် ဘယ်သူ့ကို





ဖုန်းနံပါတ်မပေးခဲ့ပေ။ အချစ်နှင့်ထိုင်နေကျ ကော်ဖီဆိုင်လေးမှာ ထိုင်ကြသည်။ ညာက လာကြို့ပါ့မလား။ အချိန်က လိုနေသေး၏။ ညာ ရောက်မလာသေးသဖြင့် ကင်း ခပ်လှမ်းလှမ်းလေးကနေ စောင့်ကြည့်နေမိသည်။

"ကင်း"

"ဟင်"

"ကော်ဖီနော်"

"အင်း"

"ကင်းက အချစ်ထက်ပိုက်ဆံ ပိုချမ်းသာသွားပေမယ့် အမြဲတမ်း အချစ်ပဲကျွေးမှာနော်"

ကင်းရယ် ရှင်ကလေ အမြဲတမ်းအေးစက်နေတာပဲ။ အချစ်ကို စိတ်မဝင်စားသလိုပဲ။ ကင်းအပေါ် အချစ်ဘယ်လောက်အထိ သံယောဇဉ်ကြီးရတယ်ဆိုတာ ကင်းသိရဲ့လား။ ကင်းမျက်နှာက ယောကျ်ားပီသစွာ ချောမောနေသည်။ ကင်းလောက် တည်ကြည်ခဲ့သွားသော ယောကျ်ားကို အချစ်မတွေ့သေးပေ။ ကင်းကို အချစ်ငယ်စဉ်ကလေးတည်းက မြတ်နိုးခဲ့ရတာပါ။ ကင်းက အချစ်အား သူငယ်ချင်းတစ်ယောက်အဖြစ်ပဲ သဘောထားသည်။

"ဟော"

"ဘာလဲဟင် ကင်း"

"ရွှေသဲညှာရောက်လာပြီ"

"ရွှေသဲညှာ"

"အင်း"

"ဘယ်သူလဲဟင်"

"အချစ်မသိပါဘူး"

သူ ထလိုက်သည်။ ရွှေသဲညှာ တော်တော်လေးနောက်ကျမှ ရောက်လာ၏။ အချစ်က ငွေရှင်းပြီး နှစ်ယောက်သား ထွက်လာခဲ့သည်။

"ကင်းအတွက် ရတဲ့ကားက ဟိုကားလား"

"အင်း"

"ရွှေသဲညှာဆိုတာ"

မမနန္ဒာခင်ပွန်းက သမီးတစ်ယောက်ပါနေတာ ပတ်ဝန်းကျင်ကအသိတွေအားလုံး သိနေကြသည်။

"အချစ်"

"ဟင်"

"နေခဲ့တော့"

"ကင်း"

"ပြော"

"ဟိုမှာရပ်ကြည့်နေတဲ့ အမျိုးသမီးလား"





"အင်း"

"ချောလိုက်တာ"

အချစ်က ရပ်နေခဲ့သည်။ ကင်းအတွက်ဆိုရင် အချစ်က အမြဲလိုလိုအလိုက်သိတတ်ခဲ့၏။ အချစ်မျက်နှာလေး ညှိုးနွမ်းနွမ်းလေးနှင့် ရပ်နေခဲ့၏။ ရွှေသဲညှာကတော့ စောင့်နေရမည့်နေရာမှာ ကင်းမရှိသဖြင့် လှည့်ပတ်ရှာကြည့်ရင်း ကင်းနဲ့အချစ်ကိုတွေ့တော့ အကြည့်ကိုလွှဲပစ်လိုက်သည်။

ကင်းရောက်လာသောအခါ ရွှေသဲညှာရဲ့ တင်းမာခက်ထန်နေတဲ့ မျက်ဝန်းတွေ စူးခနဲရောက်လာ၏။ ကင်း ကားတံခါးကို ဖွင့်လိုက်သည်။

"ရှင် ဘာဖြစ်လို့ စောင့်မနေရတာလဲ၊ နောက်ဆို စောင့်နေပါ၊ ကျွန်မက စောင့်မနေနိုင်ဘူး၊ ချစ်သူနဲ့ချိန်းတွေ့မယ်ဆိုရင်လည်း စောစောစီးစီးတွေ့ထားပါ"

"ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာကိစ္စတွေမှာ အမိ အမိန့်ပေးရာမလိုဘူးနော်၊ အမိ လာကြိုချင်လည်းကြို လာမကြိုချင်လည်းနေပါ"

"ရှင်"

"နောက်နေ့ကျရင် အမိသင်တန်းကိုလိုက်ပို့ပေးမယ်၊ ကိုယ်စောင့်နေရတာစိတ်မရှည်လို့"

"ဟွန်း"

ညှာ အမြင်ကတ်ကတ်နှင့် မျက်စောင်းထိုးပစ်မိသည်။ ကင်းက ချစ်သူနဲ့ပဲ။ ဆေးကျောင်းကပဲ ထင်တယ်။ ရှိုးရိုးယဉ်ယဉ် လေးပဲ။ ရှင်က ချမ်းသာသွားပြီဆိုတော့ ကောင်မလေးတွေက အထင်ကြီးမှာပေါ့လေ။ ရှင်တို့ရဲ့ အကျင့်စရိုက်တွေကို မသိလို့ဖြစ် မှာပဲ။ ကင်းက ကားပေါ်တက်ထိုင်ပြီး စက်နှိုးသည်။ ညှာ နောက် ခန်းတံခါးကို ဖွင့်ပြီးဝင်ထိုင်မယ်လုပ်တော့ သူက ရှေ့ခန်းမှာဝင်ထိုင် ဖို့ ပြော၏။ ညှာ ဂရုမစိုက်ဘဲ နောက်ခန်းမှာပဲ ထိုင်သည်။

"ရှေ့ခန်းမှာ လာထိုင်ပါ ရွှေသဲညှာ"

"မထိုင်ပါဘူး၊ ရှင့်ချစ်သူက တစ်မျိုးထင်သွားရင် ဘယ်လိုလုပ်မလဲ"

"ထင် ထင်ကွာ၊ မင်း ရှေ့မှာပဲလာထိုင်၊ ကိုယ့်ကို မင်း ဒရိုင်ဘာလို့အထင်မခံနိုင်လို့ပဲ"

"ကြီးကျယ်လိုက်တာ မထိုင်ဘူး၊ မောင်းချင်မောင်း၊ မမောင်းချင်နေ၊ ကျွန်မလည်း ရှင့်ရည်းစားလို့ အထင်မခံနိုင်ဘူး"

ကင်း ကားကိုစက်မနှိုးတော့ဘဲ ရပ်ထားလိုက်သည်။ ရွှေသဲညှာကို အလျှော့ပေးလို့မဖြစ်ဘူး။ ကွယ်ရာတစ်မျိုး ရှေ့တစ်မျိုး နှင့် မာယာများတတ်သဖြင့် သူမလုပ်ချင်တိုင်း လုပ်လို့မရဘူးဆိုတာ ပြရမည်ဖြစ်သည်။





"မမောင်းချင်နေလေ၊ ရှင် ဘယ်လောက်အထိနေနိုင်လဲ နေပေါ့"

ကင်း ကားပေါ်ကဆင်းလိုက်သည်။ ရွှေသဲညှာ ထိုင်နေ ၏။ အချစ်က စိတ်ပူပြီး ကားနားသို့လျှောက်လာသည်။

"ကင်း ကားဘာဖြစ်လို့လဲဟင်"

"ဘာမှမဖြစ်ပါဘူး အချစ်၊ တော်ပြီကွာ ကိုယ်ကားနဲ့ မပြန်တော့ဘူး၊ အချစ်နဲ့ပဲပြန်မယ်"

ရွှေသဲညှာအား အမြင်ကတ်ကတ်နှင့် အချစ်နာမည်ကို ခပ်တည်တည်နှင့် အချစ်…အချစ်ဟု ထပ်ခါတလဲလဲ ခေါ်ပစ် သည်။ မင်းရဲ့မောက်မာမှုတွေနဲ့ ကင်းတို့အပေါ် အထင်သေးပြီး ဆော်ကားနေမှုတွေကို ရိုက်ချိုးပစ်ရမယ်။ ရွှေသဲညှာ ကိုယ့်မမနှာ ကို ဆော်ကားနေတာလည်း လက်မခံနိုင်ဘူး။ ကင်းက အချစ် လက်ကလေးကို ဆတ်ခနဲဆွဲလိုက်သည်။

"ကင်း"

"အသာနေစမ်းပါ အချစ်၊ အမှန်အတိုင်းပြောရရင် ကင်း ဒီကားကြီးကိုမောင်းနေရတာ စိတ်ညစ်တယ်၊ စိတ်မလုံလို့၊ သူ့ဟာ သူမောင်းပြန်လိမ့်မယ်"

"အားနာစရာကြီးကင်းရယ်၊ တော်ကြာ ပြဿနာတွေ တက်နေပါ့မယ်"

''ရပါတယ်''

ရွှေသဲညွှာရေ မင်း မာနတွေဘယ်လောက်ကြီးပြနိုင်မလဲ ပြလေ။ ကိုယ်မင်းဒက်ဒီပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေကို ခံစားချင်တဲ့ဆန္ဒလည်း မရှိပါဘူး။ ဘာကြောင့်များ မမနွှာက ဒီနည်းလမ်းကိုရွေးချယ်ခဲ့ရတာလဲ။ ရွှေသဲညွှာကို အမြင်ကတ်ကတ်နှင့် ကင်းက အချစ်ရဲ့ပခုံးကိုဖက်လိုက်သည်။

''ကင်း''

''အသာနေ''

အချစ် ရင်တွေဆတ်ဆတ်ခုန်နေရသည်။ အချစ်မျှော်လင့်နေမိသော ကင်းဆီက အကြင်နာတွေ အယုံအယတွေက အစစ်အမှန်တွေမဟုတ်ဘူးဆိုတာ အချစ်သိနေ၏။ ကင်းက ငြိမ်နေတဲ့။ ကားက ရှေ့ခန်းနှင့် အချစ်တို့ဘေးမှ ဖြတ်မောင်းသွားပြီး ခပ်လှမ်းလှမ်းတွင် ရပ်သွားသည်။

''ကင်း''

''ဟင်''

''ဟိုမှာ ကားရပ်သွားပြီ''

ကင်းနှုတ်ခမ်းတွေက တွန့်ပြီး ပြုံးယောင်သမ်းသွားရသည်။ ရွှေသဲညွှာ မင်းမာနတွေကို ကိုယ် တမင်သက်သက် ရိုက်ချိုးပစ်တာတော့ မဟုတ်ပါဘူး။ မင်းဘက်ကနေ အနိုင်ကျင့်စော်ကား





လာမှာကိုပဲ ဟန့်ထားတဲ့သဘောပါကွာ။ မင်းရဲ့ခံစားချက်တွေကို ကိုယ်နားလည်ပါတယ်။ ကင်းကတော့ အချစ်ပခုံးကိုဖက်ပြီး ကားနားရောက်သွားသည်။

''ဒီမှာ''

''ဟင်''

''ကားပေါ်တက်ပါ''

ရွှေသဲညွှာရဲ့လေသံက မာထန်နေသည်။ အချစ်ကတော့ နိုးရိမ်ပူပန်ပြီး ကြည့်နေ၏။ ကင်းက နောက်ခန်းတံခါးကိုဖွင့်လိုက်သည်။

''ရှင် ဘာလုပ်တာလဲ''

''အချစ်''

''ဟင်''

''ကိုယ် လိုက်ပို့မယ်''

''နေ နေပါစေ၊ အချစ် ကိုယ့်ဘာသာပဲပြန်မယ်၊ ကင်း လိုက်သွားနော်''

''ကိုယ်လိုက်ပို့မှာပါ အချစ်ရယ်၊ ရပါတယ် တက်ပါ''

''ရှင် ဘာလုပ်တာလဲ၊ ကျွန်မ လိုက်မပို့နိုင်ဘူးနော်''

''ကင်းရယ်၊ အချစ် ပြန်ပါ့မယ်၊ လိုက်သွားတော့နော်''

''အချစ် အသာနေစမ်းပါ၊ ဘယ်လိုလဲ ရွှေသဲညွှာ၊ မင်း

လိုက်ပို့မှာလား"

"ဟွန်း"

ရွှေသဲညှာက ဒေါသတကြီး ကားစက်နှိုးသည်။ ကင်းကို အနိုင်ကျင့်သလိုမျိုး ဖြစ်သွားမလားပဲ။ မတတ်နိုင်ဘူး ရွှေသဲညှာ။ မင်းဘက်က စတင်စိန်ခေါ်တာပဲ။ ကင်းက အကာအကွယ်ပဲ လုပ်တာပါ။ ကိုယ် ဘယ်လိုယောကျ်ားတစ်ယောက်လဲဆိုတာ မင်း သိလာရမှာပါလေ။ ရွှေသဲညှာ ဒေါသတွေ အကြီးအကျယ်ထွက်နေသည်။

❀ ။ ❀



## အခန်း (၉)

"အဲဒါ ရှင့်ချစ်သူလား"

"အင်း"

"ကျွန်မက မိန်းကလေးတွေကို ဥပေက္ခာပြုတဲ့ ယောကျ်ားတွေဆိုရင် အရမ်းမုန်းတယ်"

"ဗျာ"

"ဘာဗျာလဲ"

ကားမောင်းရင်း မကျေမနပ်လေးဖြစ်နေတဲ့ ညှာကို ကင်း ကြည့်မိနေသည်။ မျက်ဝန်းလေးတွေက ဝင်းတောက်ကာ တင်းမာနေ၏။ ညှာ ဘာကိုများ မကျေနပ်နေရတာလဲ။ ညှာ့ချစ်သူက ညှာ့ကိုများ ဥပေက္ခာပြုထားလို့လား။ ကင်းနဲ့မဆိုင်ပါဘူးလေ။ မပတ်သက်တာအကောင်းဆုံးပဲ။ ညှာက အရှူးမလေးလိုဘဲ အမြဲတမ်း

ဒေါသတွေနှင့် ပေါက်ကွဲနေတတ်သည်။

“ယောကျ်ားတွေ တော်တော်သစ္စာမဲ့ကြတာပဲ၊ ရက်စက်တယ်၊ အတ္တကြီးတယ်၊ အဟင့် အဟင့် အဟင့်”

သူမက ကားကိုလမ်းဘေးမှာ ထိုးရပ်ပစ်လိုက်ပြီး တသိမ့်သိမ့်ရှိုက်ငိုနေသဖြင့် ကင်း အထိတ်တလန့်ဖြစ်သွားရသည်။ ညှာ ဘယ်လိုဖြစ်ရတာလဲ။ ဒီလောက် မာကျောလွန်းတဲ့ မိန်းကလေးက များ။ ညှာ ဝမ်းနည်းငိုကြွေးနေသဖြင့် ပတ်ဝန်းကျင်ကပင် ကြည့်လာကြသည်။

“ရွှေသဲညှာ မင်း ဘာတွေဖြစ်နေတာလဲ၊ ပတ်ဝန်းကျင်က မင်းကို ဥပေက္ခာပြုနေလို့လား”

“ဘာရှင့်”

“အမိ ဒီလောက်အထိ ဝမ်းနည်းကြေကွဲနေတာ မင်း ချစ်သူကြောင့်လား”

“ဘာချစ်သူလဲ၊ ကျွန်မမှာ ဘာချစ်သူမှမရှိဘူး၊ ကျွန်မက ယောကျ်ားတွေကို လုံးဝစိတ်မဝင်စားဘူး”

ညှာ ဘာဖြစ်လို့များ ဟန်မဆောင်နိုင်လောက်အောင် ငိုပစ်မိရတာလဲ။ ကင်းရှေ့မှာ ငိုပစ်မိနေ၍ သူမကိုယ်သူမ ဒေါသဖြစ်ရသည်။ ကင်းဆိုတဲ့လူက သူ့ချစ်သူကောင်မလေးအား ချစ်ခင်ယုယနေတာကပင် သူမရင်ထဲမှာ ဝမ်းနည်းကြေကွဲသွားရတာလား။ ညှာ





ာစ်သက်တာမှာ ယောကျ်ားတွေကို စိတ်မဝင်စားခဲ့။ ဒက်ဒီ့ကြောင့် ည်းပါသည်။ ညှာ ဘာဖြစ်ရတာလဲ။ ကင်းကို လာကြိုပြီး ျစ်သူနှင့်တွေ့သောအခါ ညှာ ရပ်တည်နိုင်စွမ်းမရှိအောင် ဝမ်းနည်း ကြေကွဲသွားရသည်။ မုန်းလိုက်တာ။ ညှာ ဘာဖြစ်လို့များ ပျော့ညံ့ရ ာလဲ။ ညှာ ကားမောင်းနိုင်စွမ်းမရှိတော့သဖြင့် ကင်းကိုပဲ ောင်းစေသည်။

“ညှာ”

“ဟင်”

“မင်း ဘာကိုမကျေနပ်နေရတာလဲ”

“အားလုံးကိုပဲ”

ရှင့်အစ်မလေ။ ရှင့်အစ်မ ကျွန်မအမုန်းဆုံးပဲ။ ကျွန်မ ာမို့ရဲ့ဘဝကို ဖျက်ဆီးပစ်လိုက်တာ ရှင့်အစ်မမြနန္ဒာပဲလေ။ ရှင်က ော အချောင်သမားပဲ။ ညှာ့မျက်နှာလေးက မာထန်သွားရပြီး ှုတ်ခမ်းလေးတွေက စူတင်းနေသည်။ ညှာ ညည်းစိတ်မပျော့စမ်း ါနဲ့။ ကင်းဆိုတဲ့လူက အစ်မကို ဘမ်းပြပြီး ညှာတို့မိသားစုဘဝ လေးကို ဖြိုကွဲအောင်လုပ်ပစ်လိုက်တဲ့လူပဲ။ ပျော့ခွေကျချင်လာ တဲ့စိတ်တွေကို လျှော့ပစ်လိုက်သည်။

“မောင်းလေ”

“ရွှေသဲညှာ”

"ဘာလဲ"

"မင်းမျက်နှာက ငိုထားတဲ့ပုံစံပေါက်နေတယ်လေ၊ တော်ကြာ ကိုယ့်ကို အစ်ကိုကြီးက တစ်မျိုးထင်နေဦးမယ်လေ"

"ဘာအစ်ကိုကြီးလဲ"

"ကိုယ့်အစ်မခင်ပွန်းလေ"

"ရှင်နော်"

"မဟုတ်လို့လား"

"ရှင် ရှင် တော်တော်လေးမျက်နှာပြောင်တာပဲ၊ ရှင့်ပုံစံက တည်ကြည်သလောက် ရှင့်စိတ်က အောက်တန်းကျတယ်"

"မင်းထင်ချင်သလိုထင်နိုင်တယ် ရွှေသဲညာ၊ မင်းဒက်ဒီက ကိုယ့်အစ်မခင်ပွန်းပဲလေ"

"မောင်းတော့၊ မောင်းလေ၊ ရှင့်စကားတွေကို ဘာမှနား မထောင်ချင်ဘူး"

ကင်း ကားကိုဆက်မောင်းလာခဲ့သည်။ ညာရယ် ကိုယ်တကယ်ပဲ အနိုင်မကျင့်ချင်ပါဘူးကွာ။ ကိုယ့်မမကြောင့်ပါ။ မင်းကို အလျှော့ပေးလို့မဖြစ်ဘူး။ ညာက ငြိမ်သက်စွာထိုင်ပြီး လိုက်လာခဲ့သည်။ အိမ်ပြန်ရောက်တော့ ညာက အပေါ်ထပ်သို့ ပြေးတက်သွားတော့၏။ မမက သူ့အနားရောက်လာပြီး ဘာဖြစ်လာကြတာလဲဟု မေးနေသည်။





"မသိဘူး"

"ကှင်း"

"မသိပါဘူး မမ"

"မောင်လေးကင်း"

"ဗျာ"

"အားမငယ်နဲ့နော်၊ မောင်းလေးနေတာ မမခင်ပွန်းအိမ်ပဲ"

"တော်ပါတော့ဗျာ"

ကင်းစိတ်က မမခင်ပွန်းအိမ်ဆိုတာကြီးကို မေ့ထားချင်သည်။ ညှော့ရှေ့မှာ ဟန်ဆောင်မာန်တင်းထားသလောက် တစ်ယောက်တည်းဆိုရင် ကင်းစိတ်တွေ မလုံမလဲနှင့် စိတ်ရှုပ်ထွေးနေရသည်။

"ကင်း"

"ဟင်"

"ရော့"

"ဘာတွေလဲ မမ"

"မင်းသုံးဖို့လေ"

"မလိုပါဘူး"

"ဟဲ့ ယူထားလေ၊ လိုအပ်တော့သုံးပေါ့"

"မမပဲ သိမ်းထားပါဗျာ"

“ကင်း”

“ပြော”

“အချစ်နဲ့တွေ့သေးလား”

“အင်း”

“အချစ်က မဆိုးဘူးနော် ကင်း”

“ဘာကိုလဲ မမ”

“ကင်းရဲ့အိမ်ထောင်ဘက်အဖြစ်လေ၊ မမကတော့ အချစ်နဲ့ပဲ လက်ထပ်စေချင်တယ်၊ အချစ်ကပဲ မောင်လေးဘဝအတွက် အသင့်တော်ဆုံးဖြစ်မလားပဲ”

“အချစ်က ကင်းရဲ့သူငယ်ချင်းပဲ၊ အိမ်ထောင်ဖက်တွေဘာတွေ ကင်း စိတ်မဝင်စားသေးဘူး”

“ကင်း”

“ဗျာ”

“ဟိုလေ ဟိုအစ်ကိုကြီးက သူ့သမီး ရွှေသဲညွှာနဲ့ ကင်းကို ၁က်ထပ်စေချင်တယ်”

“ဗျာ”

မမနန္ဒာ့စကားကြောင့် ကင်း မျက်လုံးပြူးသွားရသည်။ မဖြစ်နိုင်တာပဲ။ ရွှေသဲညွှာက ကင်းကိုအထင်သေးပြီး မုန်းနေတာပါ။ မမနန္ဒာကိုယ်တိုင်က ရွှေသဲညွှာနှင့် လက်မထပ်စေချင်ပေ။





ကင်းဘဝကို အမြဲတမ်း ဘဝကစ်သက်တာ အေးချမ်းပျော်ရွှင်စေချင်၍ပဲဖြစ်သည်။

“မမနန္ဒာကတော့ ကင်းမှာ ချစ်သူရှိတယ်၊ ချစ်ချစ်ခင်လို့ ဆရာဝန်လောင်းမလေးလို့ ပြောထားတယ်”

“ဟင်”

“ရွှေသဲညွှာဆိုတဲ့ ကောင်မလေးက မာန်မာနတွေ မောက်မာလွန်းတယ်၊ မမတို့ကိုလည်း အထင်သေးနေတာလေ၊ ကင်း စိတ်ညစ်ရမယ်၊ အနိုင်ကျင့်ခံရမယ်၊ ကင်း အချစ်နဲ့ပဲ လက်ထပ်နော်”

မမရယ်။ ကင်းကို ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံနေစေချင်လို့သာ ဦးမြတ်ညွှာကို မမလက်ထပ်လိုက်တာပဲ မဟုတ်လား။ မမစိတ်က ဖြူစင်ပါတယ်။ စည်းစိမ်ဥစ္စာတွေအပေါ် လောဘရမ္မက်တက်မနေတာဘဲ ကင်းလေးစားမိနေပါသည်။ ညွှာကတော့ ကင်းတို့ မောင်နှမအပေါ် နာကြည်းမုန်းတီးစွာ အထင်သေးနေသည်။

မမက အချစ်နှင့်သဘောတူနေသည်။ ကင်း အိပ်ခန်းထဲပြန်ဝင်လာခဲ့သည်။ အချစ်ကို သူငယ်ချင်းတစ်ယောက်ကဲ့သို့ပဲခင်မင်၍ရသည်။ ချစ်သူအဖြစ် ကင်း ဘယ်လိုမှ ခံစား၍မရခဲ့။ အချစ်ဘက်မှ မျှော်လင့်ချက်တွေ ရှိနေတာသိပေမယ့် ကင်းစိတ်က သူငယ်ချင်းတစ်ယောက်အဖြစ်သာ ခံစား၍ရနေသည်။

“ကင်း အချစ်ကိုပဲ လက်ထပ်ပါ၊ ရွှေသဲဉာနဲ့တော့ မမ သဘောမတူပါဘူး၊ မမတို့အပေါ် အထင်သေးနေတာလေ”

ရွှေသဲညာ ကြေကွဲစွာငိုကြွေးနေတာကို ကင်း ပြန်၍သတိရနေမိသည်။

“ယောကျ်ားတွေကို ကျွန်မမုန်းတယ်၊ မိန်းကလေးတွေကို ဥပေက္ခာပြုထားရက်တဲ့ ယောကျ်ားတွေကို ကျွန်မ အမုန်းဆုံးပဲ”

မင်း ဘာဖြစ်လို့ အဲဒီလိုပြောရတာလဲ ရွှေသဲညာရယ်။ မင်းဒက်ဒီကြောင့်ပဲလား။ မင်းမာမီရော ဘာဖြစ်လို့များ သေဆုံးသွားခဲ့ရတာလဲ။ ရွှေသဲညာရဲ့ခံစားချက်တွေကို ကင်း နားလည်နေမိသည်။

“ကင်းရေ”

ဦးမြတ်ညာက သူ့အခန်းထဲသို့ဝင်လာခဲ့သည်။ ကင်းကို လေးစားအထင်ကြီးသော မျက်လုံးတွေနှင့် ကြည့်နေ၏။ ဦးမြတ်ညာက ဘယ်လိုလူစားမျိုးလဲ။ လူရည်သန့်ပြီး ရိုတဲ့အသက်ထက်နုပျိုနေသည်။ မမအပေါ် ချစ်ခင်ကြင်နာစွာဆက်ဆံ၍ ကင်းစိတ်သက်သာရာရလေ၏။ ကင်းအနားတွင် ဝင်ထိုင်သည်။

“ကင်းကို အစ်ကိုကြီးပြောစရာရှိလို့လေ”

“ပြောပါ အစ်ကိုကြီး”

ဦးမြတ်ညာနှင့် မျက်နှာချင်းဆိုင်မိလေတိုင်း ကင်းစိတ်





တွေ မလုံမလဲနှင့် မသက်မသာဖြစ်ရသည်။ ရင်မဆိုင်ချင်ပေ။ ကင်းလက်တွေကို တရင်းတနှီးဆုပ်ကိုင်ထား၏။ ကင်းကို ရွှေသဲညာနှင့် လက်ထပ်ဖို့ပြောတော့မည်ထင်သည်။

“သမီးလေးနဲ့ အဆင်ပြေရဲ့လား ကင်း”

“ဟုတ်ကဲ့”

“သမီးလေးဘက်ကနေ အစ်ကိုကြီးအပေါ် နားလည်ခွင့်လွှတ်ပေးလို့ စိတ်သက်သာတော့ရပါတယ်လေ”

ဦးမြတ်ညာ သမီးရွှေသဲညာက သဘောကောင်းချင်ယောင်ဆောင်နေတာကို မသိပေ။ ကင်းလည်း မပြောပြချင်မိ။

“ကင်း”

“ဗျာ”

“ချစ်သူရှိတယ်ဆို”

“ဗျာ”

ဦးမြတ်ညာကတော့ နန္ဒာမောင်လေးကင်းကို သဘောကျနေမိသည်။ ရိုးသားတည်ငြိမ်၍ဖြစ်၏။ ယောကျ်ားပီသစွာ ချောမောသူ ပညာရေးဘက်မှာလည်း ထူးချွန်သည်။ သမီးရှေ့ရေးအတွက် တွေးစားမိနေ၏။ လက်ထပ်ပေးလိုက်ရင် မိသားစုလေး အဆင်ပြေမည်ဟုထင်မိလာရသည်။ သမီးက ငြင်းမှာပဲ။ ဖခင်စိတ်ချမ်းသာမှုတွေအတွက် သမီးလေးလိုက်လျောနိုင်သည်။ ဦးမြတ်ညာက မိမိ

လုပ်ချင်တဲ့အလုပ်ကို ဘယ်သူ့မှမတိုင်ပင်ဘဲ လုပ်ပစ်တတ်၏။ မဖြစ် မနေ လက်ထပ်ပေးဖို့ စီစဉ်ရမည်ဖြစ်သည်။

"ကင်း"

"ဗျာ"

"ချစ်သူနဲ့လက်ထပ်မှာလား"

"ဟုတ်ကဲ့"

"ဪ"

ကင်းကို သမီးညွှာနှင့် လက်ထပ်ပေးလိုတဲ့ဆန္ဒတွေ ဖြစ်ပေါ်နေမိသည်။ ကင်းက ယောကျ်ားပီသ၏။ စိတ်ဓာတ်လည်း ကောင်းသည်။

"အစ်ကိုကြီးက ကင်းကို သမီးနဲ့သဘောတူနေတာ"

"ဗျာ"

"ညွှာနဲ့လေ"

"မဖြစ်နိုင်ဘူးထင်ပါတယ်၊ အစ်ကိုကြီး လုံးဝမဖြစ်နိုင်တာ ပါ၊ ညွှာကလည်း ကင်းကိုနှစ်သက်မယ် မထင်ပါဘူး"

ကင်းမှာ ချစ်သူရှိမနေပေမယ့် ညွှာနဲ့တော့ လက်ထပ်ဖို့ မဖြစ်နိုင်ပါဘူး။ ညွှာ သူ့ကို ဘယ်လောက်ရွံရှာမုန်းတီးနေကြောင်း ကင်းအသိဆုံးပါပဲ။ ဖခင်ရှေ့မှာ သဘောကောင်းချင်ယောင်ဆောင် နေသော ညွှာ့စိတ်ခံစားမှုကို ကင်း သိနေသည်။





"ကင်းနဲ့အချစ်က လက်ထပ်ကြမှာပါ"

"သမီးလေး ညွှာကို စိတ်မချဘူး၊ အရာအားလုံး ကင်းကို ယုံတယ်၊ ညွှာ့ကို စောင့်ရှောက်ပေးနိုင်လိမ့်မယ်လို့ထင်တယ်"

"ကင်း စောင့်ရှောက်ပေးနိုင်ပါတယ်၊ မိတ်ဆွေ သူငယ်ချင်းအဖြစ်လေ"

"အင်းလေ မင်းမှာ ချစ်သူရှိနေပြီးသားကိုး၊ သမီးလေး ညွှာကိုတော့ စောင့်ရှောက်ပေးပါ"

"ဟုတ်ကဲ့"

"ကင်း ညစာစားဖို့ ဆင်းလာလေ"

"ဟုတ်ကဲ့"

ဦးမြတ်ညွှာထွက်သွားတော့ ကင်း ရေချိုးခန်းထဲ ရေချိုး ဝင်လိုက်သည်။ ညွှာ့ကို သူသနားနေမိ၏။ ရန်လိုတတ်သော ညွှာ သည် ဝမ်းနည်းကြေကွဲစွာလည်း ငိုကျွေးတတ်နေသည်။ ကင်းကို မုန်းတီးရွံရှာတဲ့ ညွှာနှင့်သူ ဘယ်လိုလုပ်ပြီးတော့ အတူပေါင်းသင်း နေထိုင်၍ ရနိုင်မလဲ။ ကင်း ညွှာ့ကို လက်မထပ်ပါဘူး။ ညွှာ့ကို ချစ်မြတ်နိုးပြီး လက်ထပ်မယ်ဆိုရင်တောင် ကင်းက ငွေကြေးဥစ္စာ တွေ မက်မောပြီး လက်ထပ်တာလို့ ညွှာကိုယ်တိုင်က ထင်မှတ်နေမှာ ပါပဲ။ သူ ရေမိုးချိုးဝတ်စားပြင်ဆင်ပြီး အောက်ထပ်ဆင်းလာသည်။ မိသားစုဝင်တွေအားလုံး ရောက်နေကြ၏။ ကင်း ဝင်ထိုင်လိုက်သည်။

"ထိုင်လေ ကင်း"

"ဟုတ်ကဲ့"

"မိသားစုဝင်တွေအားလုံး ဒီလိုပဲ စုစုစည်းစည်း ပျော်ပျော်ရွှင်ရွှင်နေထိုင်တာ ဒက်ဒီအမြင်ချင်ဆုံးပဲကွယ်"

ထမင်းပွဲက အေးစက်စက်လေးဖြစ်နေသည်။



## အခန်း (၁၀)

"ညည်း ဘာဖြစ်လို့ မာမှီဆီလာရတာလဲ၊ ငါ့အမှားတွေလို့ ပြောထားပြီးပြီပဲ ညှာ၊ ပြန်စမ်း ညည်းဒက်ဒီ့ဆီမှာပဲနေပါ"

"မာမီ ဘာဖြစ်လို့ ဒီလောက်တောင် ပြောင်းလဲသွားရတာလဲ၊ ညှာ ဒက်ဒီနဲ့မနေချင်ပါဘူး၊ မာမီက အမှားလုပ်တတ်တဲ့ မိန်းမတစ်ယောက်မှ မဟုတ်တာဘဲ၊ ဒက်ဒီ့လှည့်ကွက်ထဲ မာမီဝင်သွားရတာပါ၊ မာမီတစ်သက်လုံး ဒက်ဒီလုပ်သမျှ ခံနေရတာပဲ"

"ဟုတ်တယ် မာမီ သူ့အပေါ်မကောင်းခဲ့တာတွေလည်းရှိတယ်၊ သူ့ရဲ့ရက်စက်မှုတွေက မာမှီအပေါ် ဆိုးဝါးခဲ့ပေမယ့် ဒီတစ်ခါကတော့ မာမှီအမှားပါ"

"မဖြစ်နိုင်ဘူး၊ ညှာ လုံးဝမယုံဘူး မာမီဘာကြောင့်လဲ၊ ညှာ့အတွက်လား၊ ဒက်ဒီ နောက်မိန်းမယူလိုက်တာရော မာမီ

သိလား"

"ဟင်"

ဒေါ်ကြည်ကြည်သာရဲ့ နှုတ်ခမ်းတွေက တင်းတင်းစေ့ကပ်သွားရသည်။ ကိုမြတ်ညွှာရယ်။ ရှင် ကြည်ကြည့်အပေါ် တစ်သက်လုံး အခဲမကြေနိုင်ဘဲ လက်တုံ့ပြန်မှုတွေက ပြင်းထန်လွန်းနေတာပါလား။ သမီးလေးမျက်နှာတော့ ထောက်သင့်ပါတယ်။ တကယ်ဆို ရှင့်လှည့်ကွက်တွေထဲ ကျွန်မ တိုးဝင်ခဲ့မိတာပါ။ ဒေါ်ကြည်ကြည်သာ စိတ်တွေကို ထိန်းချုပ်ပစ်လိုက်သည်။

"ညွှာ"

"ရှင်"

"ပြန်တော့ မာမီ့ဆီမလာနဲ့၊ မာမီက နာမည်ပျက်နဲ့လေ။ တစ်ခုတော့ရှိတယ်နော်၊ သမီး အိမ်ထောင်ဖက်ကို ရွေးချယ်ရင် မာမီ့လိုအမှားမျိုးတွေ မလွန်ကျူးမိပါစေနဲ့၊ သမီးကို ချစ်မြတ်နိုးပြီး ကြင်နာယုယမှုပေးစွမ်းနိုင်တဲ့ အိမ်ထောင်ဖက်ကိုပဲရွေးချယ်"

"တော်ပါတော့ မာမီရာ၊ ညွှာ ဒါတွေစိတ်မဝင်စားပါဘူး၊ မာမီ့ကိုပဲ ညွှာ ဘယ်လိုမှနားမလည်နိုင်တာပါ"

"ညွှာ"

"ရှင်"

"သမီး ဒက်ဒီရဲ့နောက်မိန်းမက သမီးအပေါ် အနိုင်ကျင့်





သေးလား"

"ဟင့်အင်း"

"ဘာပဲဖြစ်ဖြစ် ညွှာဘက်က အလွန်မဖြစ်စေနဲ့နော်၊ ဒက်ဒီက စိတ်မာတယ်၊ အတ္တကြီးတယ်၊ သမီးရသင့်တဲ့ အမွေပစ္စည်းတွေကိုတော့ ရအောင်ယူထားပါကွယ်"

သမီးလေး အပြစ်မဲ့စွာစိတ်သောကတွေ ခံစားနေရတာကို ဒေါ်ကြည်ကြည်သာ စိတ်ထိခိုက်ကြေကွဲနေရသည်။ မိမိအမှားပါပဲ။ စိတ်ကိုမထိန်းချုပ်နိုင်ခဲ့ဘူး။ အိမ်ထောင်သက်တစ်လျှောက်လုံး အိမ်ထောင်မှုတာဝန်တွေကို ကျေပွန်အောင်ထမ်းဆောင်ရင်း ကိုမြတ်ညွှာရဲ့အချစ်တွေ ပြန်လည်ရရှိဖို့ ကြိုးစားထားခဲ့ပေမယ့် မရခဲ့။ အတ္တကြီးစွာ လက်တုံ့ပြန်မှုတွေပဲရလိုက်သည်။

"ညွှာ လိမ္မာပါးနပ်ပါ၊ မာမီ့ကို မေ့ပစ်ထားလိုက်ပါတော့"

"မာမီရယ်"

သမီးလေးညွှာက မိမိရင်ခွင်ထဲ တိုးဝင်ဖက်တွယ်လာသည်။ မိမိရင်ခွင်တွေ မီးတောက်မတတ်ပင်။ ကိုမြတ်ညွှာ ရှင်က ကြောက်စရာကောင်းတဲ့လူပဲ။ သမီးလေးညွှာအပေါ်တော့ ရက်စက်ည်ဟု မထင်မှတ်မိပေ။ ဒေါ်ကြည်ကြည်သာ သမီးလေးကိုချော့ပြီး လိမ်လိမ်မာမာ နေထိုင်ဖို့ပဲ ဆုံးမလိုက်ရသည်။

"သမီး ဒက်ဒီ့အပေါ် အတတ်နိုင်ဆုံး လိမ်လိမ်မာမာ ပါးပါးနပ်နပ်နေထိုင်ပြောဆိုပါ၊ ညှာက ပညာတတ် မိန်းကလေးပါကွယ်"

"ညှာ ပြန်မယ်မာမိ၊ သမီး ဘယ်လိုနည်းနဲ့မှ အရှုံးမပေးဘူး၊ အနိုင်ရအောင် ကြိုးစားမယ်"

"အလိုက်အထိုက်ပဲနေပါ"

မာမို့ဆီကနေ ညှာ ပြန်လာခဲ့ပါသည်။ ဒက်ဒီ့ထောင်ချောက်ထဲ မာမီတိုးဝင်သွားခဲ့ရတာပါ။ မမြနန္ဒာကြောင့်ပဲ ရှင်ကြီးလည်း သဘောကောင်းချင်ယောင်ဆောင်နေတာပါ။ ညှာ့အပေါ်ချစ်ဟန်ဆောင်နေခဲ့တာပဲ။ မိထွေးလုပ်ပြီး သဘောကောင်းနိုင်မှာလဲ။ ဟိုလူကရော ရှင်လည်းဟန်ဆောင်နေတာပဲမဟုတ်လား။ ဒက်ဒီ့ကွယ်ရာမှာဆိုလျှင် ညှာ့ကို အနိုင်ကျင့်နေတာပဲ ညှာ့ကို ဆန့်ကျင်ဘက် လုံ့က်လုပ်နေတဲ့လူ။ ညှာ မကျေမနပ်နှင့် ပွစိပွစိလုပ်ကာ ပြန်လာခဲ့သည်။

"ညှာ"

"ဟင်"

"သမီးလေး ဘယ်သွားနေတာလဲကွယ်၊ ဒက်ဒီက နောက်အရမ်းကျနေလို့ စိတ်ပူနေတယ်"

"ကျွန်မကိစ္စနဲ့ကျွန်[illegible] မမြနန္ဒာ၊ အလကား ပူပင်





နေပါနဲ့"

"ညှာ"

"ဖယ်ပါ"

"မဟုတ်ဘူးလေ မာမီနန္ဒာက"

"ဒီမှာ ရှင့်ကို ကျွန်မက ကျွန်မအမေနေရာ မထားနိုင်ဘူးလို့ ပြောထားပြီးပြီနော်၊ ရှင် ဟန်ဆောင်မနေပါနဲ့ ပုံမှန်ပဲဆက်ဆံပါ"

"ညှာရယ်"

"ဒက်ဒီစိတ်ပူအောင် အပိုတွေပြောမနေပါနဲ့၊ ကျွန်မ ဒီလိုပဲသွားနေကျပါ"

မြနန္ဒာကတော့ သမီးညှာကို မိခင်မဲ့နေသော မိန်းကလေးအဖြစ် ကိုယ်ချင်းစာစွာ သနားကြင်နာနေပေမယ့် မြနန္ဒာကို ညှာယုံကြည်လက်ခံမှာမဟုတ်ပါဘူး။ အရွယ်ချင်းက အစ်မတစ်ယောက်အရွယ်လောက်ပဲ ရှိနေတာကိုး။ ညှာ့အပေါ် အပြစ်မမြင်မိပေ။ မြနန္ဒာ ဆုံးဖြတ်ချက်အလောတကြီး ဖြစ်သွားရတာပါ။ ညှာ့မျက်နှာလေးက တင်းမာနေသည်။

"ကျွန်မ ဒက်ဒီ့ကိုသွားတွေ့လိုက်ပါ့မယ်၊ ရှင် ကင်းကင်းနေပေးပါ"

ညှာထွက်လာခဲ့သည်။ ဒက်ဒီရှိနေတဲ့ လသာဆောင်ကိုရောက်လာခဲ့၏။ လသာဆောင်မှာ ရှိနေသော ဒက်ဒီသည် အရက်

ခွက်ကို အေးဆေးစွာသောက်နေသည်။ မိန်းမ အသက်ထင်ရှားရှိနေပါလျက်နဲ့ မုဆိုးဖိုအဖြစ်ခံယူထားတဲ့ ဒက်ဒီ ပျော်ရွှင်နှစ်ခြိုက်နေ၏။ ညှာ ဒက်ဒီ့အနားသို့ တိုးကပ်သွားသည်။

"သမီးညှာ"

"ဒက်ဒီ"

"မာမီ့ဆီသွားတာလား"

"ဟုတ်ကဲ့"

"မသွားသင့်တော့ဘူး"

"ဒက်ဒီ"

"သမီး ဒီအချိန်အထိ မိန်းကလေးတစ်ယောက်အနေနဲ့ အပြင်မထွက်သင့်ဘူး"

"ဟုတ်ကဲ့ပါ ဒက်ဒီ"

ဒက်ဒီနှင့် အတိုက်အခံမလုပ်တော့။ ညှာ ပြန်ထွက်လာခဲ့သည်။

"ညှာ"

"ရှင် ဒက်ဒီ"

"ညှာ့ကို ဒက်ဒီပြောစရာရှိတယ်"

"ရှင်"

"လာဦး"





ဒက်ဒီ့အနားမှာ ညှာ ဝင်ထိုင်လိုက်သည်။

"ညှာ"

"ရှင်"

"သမီးကို ဒက်ဒီပြောစရာရှိတယ်"

"ပြောပါ ဒက်ဒီ"

ဒက်ဒီ့ကိုကြည့်ရတာ မူးနေပုံပင်။ မမြနန္ဒာကပြော..တာ ညှာ့ကိုစိတ်ပူနေတာတဲ့။ ဒက်ဒီက အေးစက်နေသည်။ မမြနန္ဒာရဲ့ အယုအယအပြုအစုတွေကြားထဲမှာ ဒက်ဒီ သာယာညွတ်နူးနေတာပါ။ ညှာ မငိုမိအောင် စိတ်သွေကို ထိန်းချုပ်ထားရသည်။

"သမီးမှာ ချစ်သူရှိလား"

"ရှင် ဒက်ဒီ"

"ဒက်ဒီသိပါတယ်၊ သမီးမှာ ချစ်သူဆိုတာမရှိပါဘူး"

ဒက်ဒီက ညှာ့ကိုယ်ရေးကိုယ်တာကိစ္စတွေကို ဘယ်အချိန်က စိတ်ဝင်စားသွားရတာလဲ။ ညှာ့ကိုချစ်ပေမယ့် ဒက်ဒီ ဘာသိဘာသာ နေခဲ့သည်။

"သမီးကို ကင်းနဲ့လက်ထပ်ပေးချင်တယ်"

"ရှင်"

"ကင်းမှာ ချစ်သူရှိပေမယ့် ဒက်ဒီက သမီးလေးလက်ခံမယ်ဆိုရင် အတင်းအကြပ် စီစဉ်ရမယ်လေ"

ဒက်ဒီ ဘာဖြစ်လို့များ အတင်းအကြပ်စီစဉ်တတ်တဲ့ အကျင့်စရိုက်တွေကို မဖျောက်ဖျက်ပစ်ရတာလဲ။ ကင်းကိုများ အထင်ကြီးနေသေးသည်။ ယောကျ်ားဖြစ်ပြီး သူများစည်းစိမ်ဥစ္စာတွေကို အချောင်အပိုင်စီးထားတဲ့လူပဲ။ ကင်းမှာ ချစ်သူရှိသည်။ အချစ် အချစ်နှင့် အမြင်ကတ်စရာကောင်းလွန်းနေ၏။ သို့သော်လည်း ကင်းဆိုတဲ့လူကို စိတ်အနှောင့်အယှက်ဖြစ်အောင်တော့ လုပ်ပစ်ချင်သည်။

"ဘယ်လိုလဲ သမီး"

"သမီးဆန္ဒကတော့ ဒက်ဒီ့ဆန္ဒပါပဲလေ"

"ဟင် တကယ်ပဲလား၊ သမီးလေး တကယ်လား"

"ဟုတ်ကဲ့"

"ဒက်ဒီစီစဉ်မယ်၊ ကင်းက လူတော်လူကောင်းလေးပဲ၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲ ဖိတ်စေရမယ်"

ကင်းလက်ထဲ သမီးညှာကို အပ်ရမယ်။ ဘာမှ ပူပင်စရာ မလိုတော့ပါဘူး။ ကင်းက လူတော်ယောကျ်ားကောင်းတစ်ယောက်ပဲ။ ဦးမြတ်ညှာ လုပ်ချင်တာကို လုပ်ပစ်တတ်သူ။ သမီးလေး နောင်ရေးအတွက်တော့ ခွတ်အတင်းစီစဉ်သင့်ရင် စီစဉ်ရမှာပဲ။ ဦးမြတ်ညှာ သမီးလေးအား ပီတိအပြုံးတွေနှင့် ကြည့်နေသည်။

"လိမ္မာလိုက်တဲ့သမီးလေး၊ ဒက်ဒီ့သမီးလေး ကင်းနဲ့လက်





ဆပ်ရမယ်၊ ကင်းလက်ထဲကိုပဲ အပ်ရမယ်၊ ကင်းကို ဒက်ဒီယုံကြည်အားကိုးတယ်"

"ညှာကတော့ ဒက်ဒီ့ဆန္ဒကိုပဲ လိုက်နာမှာပါ၊ ညှာ့မှာ အားကိုးရာ ဒက်ဒီတစ်ယောက်ပဲရှိတာပါနော်"

"သမီးလေးရယ်"

ကင်း ရှင့်ကိုလက်ထပ်မယ်။ ရှင့်ချစ်သူနဲ့ခွဲပစ်ရမယ်လေ။ ညှာတကယ်တမ်း ကင်းကို မုန်းမိသည်။ အရှက်မရှိတဲ့သူဟု ထင်မိနေ၏။ ပြဿနာရှာပစ်ချင်နေမိ၏။ ပြီးတော့ ကင်းမှာ ချစ်သူရှိနေတယ်ဆိုတာ ညှာ့စိတ်ထဲမှာ အလိုမကျသလိုပင်။ ဒေါသတွေဖြစ်နေသည်။ ဘာဖြစ်လို့လဲမသိဘူး။ ညှာ့စိတ်တွေ အရမ်းပဲရှုပ်ထွေးနေ၏။ ညှာ ဘာဆက်လုပ်ရမလဲ။ ညှာ့စိတ်တွေက အသိမဲ့ချင်နေသည်။

"ဒက်ဒီစီစဉ်ပါ ကင်းနဲ့လက်ထပ်ဖို့ စီစဉ်ပေးပါ"

ညှာ ဒက်ဒီ့အနားကနေ ထွက်လာခဲ့သည်။ အိပ်ခန်းထဲရောက်တော့ ညှာ ဒေါသတွေပေါက်ကွဲနေရ၏။ မာမီက အိမ်ထောင်က်ရွေးရင် ကိုယ့်ကိုချစ်မြတ်နိုးယုယမည့် ယောကျ်ားတစ်ယောက်ပဲ ရွေးချယ်တဲ့။ ဟွန်း ရှင့်ကိုတော့မုန်းတယ်။ ရှင်ကရော ညှာ့ကိုနေမှာပဲမဟုတ်လား။ ညှာ အနိုင်ရချင်နေသည်။ မာမီ့အတွက်ည်း ညှာ မကျေမနပ်ဖြစ်ရ၏။ မမြန္မာကြောင့်ပဲ။ ဒက်ဒီထောင်

ချောက်ဆင်တာပဲ။ ဒါတွေအားလုံးအတွက် ရှင်ပေးဆပ်ရမည်။ ရှင်တို့ ကျဆုံးစေရမည်။ ညှာမျက်ဝန်းလေးတွေထဲက မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။

"အချစ်ကို ကိုယ်လိုက်ပို့ပေးမယ်၊ အားနာစရာမလိုပါဘူး ရွှေသဲညှာ လိုက်ပို့ပေးပါ"

ကင်းရဲ့စကားသံတွေကို ညှာ ပြန်ကြားယောင်လာမိပြီး ဒေါသတွေဖြစ်ရသည်။ ကြည့်စမ်း ညှာကို တမင်သက်သက် အနိုင်ကျင့်တာပဲ။ အခု ရှင် ဘာတတ်နိုင်သေးလဲ။ ဒက်ဒီက ဖွတ်အတင်း လက်ထပ်စေမှာလေ။ ဒက်ဒီက သူလုပ်ချင်တာကို ဖွတ်အတင်း အကြပ် လုပ်တတ်တဲ့သူပါ။ သူမ အတော်လေးအိပ်ပျော်အောင် ကြိုးစားအိပ်ရသည်။ ညှာ နိုးလာတော့ နေမြင့်နေ၏။ ညှာ သင်တန်း သွားရမည်ဖြစ်၍ ကပျာကယာထပြီး ရေချိုးခန်းထဲဝင်လာခဲ့သည်။

"ညှာ သမီးလေး"

"ညှာရေ"

"ဒုန်း ဒုန်း"

"ညှာ"

ဟွန်း ဒီမိန်းမက ဘာလာပြီး အမှတ်ယူနေရတာလဲ။ စောစောစီးစီး ကျက်သရေမရှိလိုက်တာနော်။ သမီးလေးညှာတဲ့။ သူမ တံခါးဖွင့်ပေးလိုက်သည်။





"ညှာလေး နိုးပြီလား၊ ဒီနေ့သင်တန်းသွားရမယ်လေ၊ ...င်းတောင်စောင့်နေတယ်"

"ဟုတ်ကဲ့"

"အစ်ကိုကြီး စောင့်နေတယ်"

"ကျွန်မဆင်းလာခဲ့ပါ့မယ် မမြနန္ဒာ"

ညှာ ခပ်ပြတ်ပြတ်ပဲပြောပစ်လိုက်သည်။ သူ့မောင်ကင်းနဲ့ ညှာကိုလက်ထပ်ပေးဖို့ ဒီမိန်းမကပဲ တောင်းဆိုတာဖြစ်မယ်။ ညှာတို့ ...အဖရဲ့ စည်းစိမ်ဥစ္စာတွေ အားလုံးအပိုင်သိမ်းပိုက်ချင်နေကြ ...သည်။ ညှာ ပြင်ဆင်ပြီး အောက်ဆင်းလာတော့ အားလုံးမစားကြ ...သေးဘဲ စောင့်နေကြသည်။

"သမီးလေး နောက်ကျလိုက်တာ၊ ဒီနေ့ သင်တန်းသွားရ ...ယ်လေ"

"ဟုတ်ကဲ့ ဒက်ဒီ"

ညှာက ဒက်ဒီရှေ့မှာတော့ တကယ့်ကို သဘောထားဖြူစင် ...လေးဟန် အပြုံးလေးနှင့်ဖြစ်နေသည်။ ကင်းက ငြိမ်သက်နေ၏။ ...မြနန္ဒာကတော့ ညှာလိုပဲ ဒက်ဒီရှေ့တွင် သဘောကောင်းချင်ယောင် ...ဆောင်နေတာပဲ မဟုတ်လား။ ညှာအတွက် မနက်စာ ပြင်ပေးနေ ...သည်။

"ညှာလေး အေးအေးဆေးဆေးစားနော်၊ ကင်းစောင့်နေမှာ

ပါ"

ဒီနေ့ ကင်း စောစောအတန်းရှိနေတာ ညာသိသည်။ ချစ်သူနှင့်လည်း ချိန်းထားမှာပါ။ ကောင်းတယ် ညာ အမြင်ကတ်ကတ်နှင့် ဖြည်းဖြည်းချင်းစားနေသည်။ ဒက်ဒီ့ရှေ့မှာဆိုတော့လည်း ပြဿနာက အေးချမ်းနေကြရ၏။ ကင်း ရှင့်ချစ်သူနဲ့ချိန်းထားမှာပဲ။ ဒက်ဒီက ကင်းကိုလည်း ညာနှင့်လက်ထပ်ဖို့ကိစ္စ ပြောပြီးလောက်ပြီထင်သည်။ ရှင် စိတ်ညစ်နေပြီမဟုတ်လား။ ကင်း ကျွန်မတို့စည်းစိမ်ဥစ္စာတွေ သိမ်းပိုက်ဖို့ ရှင့်အစ်မရဲ့အကြံအစည်ကို ရှင်က အရှက်မရှိဘဲ လိုက်ပြီး အကောင်အထည်ဖော်ပေးရမှာမဟုတ်လား။ ညာကော်ဖီကို အေးဆေးစွာ သောက်နေမိသည်။



## အခန်း (၁၁)

"အမိ"

"ဘာလဲ"

"ကိုယ် လိုက်ပို့ပေးမယ်"

"ကျွန်မပဲ ရှင့်ကိုပို့မယ်"

"မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"အမိအလာကို ကိုယ် စောင့်မနေနိုင်လို့ပဲ"

"မရဘူး"

"ဒီကားက ကိုယ့်ကားလေ ရွှေသဲညာ"

"ရှင့်ကား"

"အင်း"

“ရှင် တော်တော်ရယ်ရတာပဲ၊ ရှင့်တို့မောင်နှမက တောမှာ အရမ်းဆင်းရဲတာလေ၊ ဒီကားဝယ်စီးနိုင်လောက်အောင် ချမ်းသာလို့လားဟင်”

“အဲဒါအမိကိစ္စမဟုတ်ပါဘူး၊ ဒီကားရဲ့အရောင်းအဝယ်စာချုပ်မှာ ကိုယ့်နာမည်လေ”

“ကျွန်မတို့ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို ရှင်တို့မောင်နှမ ဘာဖြစ်လို့ ဒီလောက်အထိ အချောင်အပိုင်စီးချင်နေရတာလဲ”

“ကိုယ်တို့အစွမ်းအစပဲလေ ရွှေသဲညှာ”

“ဘာရှင့်”

“အမိကို ဘယ်ပို့ပေးရမလဲ၊ ညနေ ကိုယ် အတန်းတွေပြီးတဲ့အချိန်လာကြိုမယ်”

“မကြိုနဲ့တော့”

“ဘာဖြစ်လို့လဲ”

“ကျွန်မကိစ္စပါ ရှင်လာကြိုစရာမလိုတော့ဘူး”

“အိုကေ”

“ဘာ”

“ကောင်းမြီလို့ပြောတာလေ”

“ဟွန်း”

အလကားလူ ညှာက လာမကြိုနဲ့ဆိုတော့ အိုကေတဲ့။





တကယ်ဆို ဖွတ်အတင်းလာကြိုရမှာပေါ့။ ရှင် တော်တော်အနိုင်ကျင့်ချင်တယ်။ အရှက်ဂုဏ်မရှိဘူး။ ဒီကားကရော အရှက်မရှိ သူ့ကားတဲ့။ သူမနှုတ်ခမ်းလေးစူထော်ပြီး မျက်စောင်းထိုးပစ်လိုက်သည်။

“ရွှေသဲညှာ”

“ဘာလဲ”

“မင်း ဒက်ဒီက ကိုယ်နဲ့မင်းကို အတင်းအကြပ်လက်ထပ်ပေးဖို့ စီစဉ်နေတယ်ဆိုတာ မင်းသိလား”

“ဘာရှင့်”

“ကိုယ့်မှာချစ်သူရှိတယ်နော်၊ မင်းဘက်ကပဲ ငြင်းလိုက်ပါ၊ ကိုယ်ငြင်းလို့မကောင်းဘူးလေ အားနာလို့”

“ရှင် ရှင်”

“ကိုယ်သွားပြီ”

“ဒီမှာ”

ကင်း ကားကိုမောင်းထွက်သွားသဖြင့် ညှာတစ်ယောက်တည်း ဒေါသတကြီးကျန်ခဲ့သည်။ ဘယ်လိုလူလဲ။ ညှာ့ဘက်က ငြင်းတဲ့။ ကြည့်စမ်း။ အထက်စီးကနေ ညှာ့ကို ပြောနေတာပဲ။ မငြင်းဘူး။ ရှင့်ကိုလက်ထပ်မယ်လို့ပဲပြောမယ်။ ရှင်ချစ်တဲ့မိန်းမတစ်ယောက်နဲ့ ဘယ်တော့မှ မပေါင်းစေရဘူး။ တော်တော်မုန်းစရာကောင်းတဲ့လူ။ ညှာ မကျေမနပ်ကျန်ရစ်ခဲ့သည်။

“ညှာ”

“ဟင်”

“တစ်ယောက်တည်း ဘာတွေဖြစ်နေရတာလဲ”

“ဟိုလူပေါ့ ညှာ့ကို အနိုင်ကျင့်နေတာလေ”

“မင်းက နိုင်နေတာမဟုတ်လား ညှာရာ”

“ဟုတ်တယ် ညှာနိုင်တယ်၊ သူ့ကို ဘယ်တော့မှ ညှာ အလျှော့မပေးဘူး”

“သင်တန်းသွားရအောင် ညှာ”

ညှာ သင်တန်းတက်နေရပေမယ့် စိတ်ထဲမှာ မကျေနပ်ချက်တွေနှင့် မွန်းကြပ်နေသည်။ ဟိုလူ အခုလောက်ဆို ချစ်သူနဲ့ အကြည်ဆိုက်နေမှာပါ မုန်းလိုက်တာ။ ဒင်္ဂါးရှေ့မှာတော့တစ်မျိုး။ ကွယ်ရာမှာ ညှာ့ကို အဖက်မတန်သလိုပင်။ ရှင့်ကို ညှာလက်ထပ်မယ်။ ရှင့်ချစ်သူနဲ့ကို ခွဲပစ်ရမှာပဲ။ ရှင့်လိုလူမျိုးက ချစ်သူရှိလည်း စည်းစိမ်ဥစ္စာတွေ အပိုင်စီးဖို့ ချစ်သူပေါ် သစ္စာမဲ့ပြီး ကျွန်မကို လက်ထပ်မှာပဲ မဟုတ်လား။ ညှာ မကျေမနပ်ဖြစ်နေသည်။

“ညှာ”

“ဟင်”

“နင် ဟိုလူ့အကြောင်းတွေ တွေးနေတာလား”

“အင်း”





“နင်ကတော့ ညှာရယ်”

“မတွေးပါဘူး၊ သူ့အကြောင်း ညှာက ဘာဖြစ်လို့တွေးရမှာလဲ”

“ရုပ်ကတော့ဖြောင့်တယ်နော်၊ ညှာ ယောကျ်ားပီသလိုက်တာ ပညာရော”

“အကျင့်ကမကောင်းဘူးဟဲ့၊ အကျင့်ကအောက်တန်းကျတယ်လေ၊ အစ်မကိုဘမ်းပြပြီး တို့စည်းစိမ်ဥစ္စာတွေကို အပိုင်သိမ်းထားတယ်လေ”

ညှာ မကျေမနပ်နှင့် ပြောပစ်လိုက်မိသည်။ သင်တန်းမှာ သင်ကြားပို့ချမှုတွေပင် ညှာ စိတ်မဝင်စားနိုင်တော့။ ကင်းအကြောင်းတွေ မတွေးချင်ပါဘူးဆိုမှ တွေးမိနေ၏။ ကင်းရဲ့ချစ်သူ အချစ်ဆိုတာ ကံကောင်းတာလား။ ချစ်သူကို တယုတယလုပ်နေတာ ညှာ့ကို ပြနေတာလား။ ရှင်သိပ်ချစ်တဲ့မိန်းမလား။ ရှင့်ချစ်သူနဲ့ ယုယကြင်နာနေပြီလား။ ညှာ ဘာတွေများ စဉ်းစားနေရတာလဲ။ ရှင့်ကိုမုန်းတယ်။ အရမ်းမုန်းတာပဲ။ ကျွန်မတို့မိသားစုဝင်တွေကို ပြိုကွဲအောင် ခွဲပစ်လိုက်တဲ့လူတွေ။ သူမ မျက်ဝန်းတွေထဲမှ မျက်ရည်တွေ သိမ့်ဆင်းကျလာရသည်။

“ဟဲ့ ညှာ”

“ဟင်”

"နှင် ဘာဖြစ်လို့များ ဒီလောက်ပျော့ညံ့နေရတာလဲဟဲ့"

"ဟုတ်တယ် သူငယ်ချင်း၊ ညွှာ့စိတ်တွေ အရမ်းပျော့ညံ့နေတယ်၊ မာကျောမှုတွေ ဘယ်ရောက်ကုန်ပြီလဲဟင်"

"ညွှာရယ်"

"ညွှာ့အဖေက ညွှာ့အမေအပေါ် ရက်စက်တယ်၊ ပြီးခဲ့တဲ့အမှားတွေကို ညွှာ လူမှန်းမသိခင်တည်းက မာမီ့အပေါ် လက်တုံ့ပြန်နေခဲ့တယ်၊ အဲဒါမတရားတာပဲ၊ အဆိုးဆုံးက မာမီ့ကိုသောင်းချောက်ဆင်ခဲ့တာပဲ၊ မမြနန္ဒာကို လက်ထပ်ချင်လို့လေ"

"ပြီးခဲ့တာတွေ ပြီးပြီပဲညွှာရယ်၊ အရေးကြီးတာက ကိုလူချောကင်းနဲ့ ညွှာ အဆင်ပြေနိုးစပ်ဖို့"

"တော်စမ်းပါဟာ"

ညွှာ တားဆီးလိုက်ပေမယ့် အင်အားတွေက ပျော့တော့နေသည်။ ကင်း ရှင် ကျွန်မကို ဘာဖြစ်လို့များ အနိုင်ယူချင်နေရတာလဲ။ ရှင့်ကို ညွှာ ဘာဖြစ်လို့များ မလွှမ်းမိုးနိုင်ရတာလဲ။ ရှင့်ချစ်သူပါလာမှာလား။ ညွှာ ဘာတွေများတွေးပြီး ပူပန်နေရတာလဲလို့။ ကင်း ချစ်သူပါလာမလားဆိုပြီးတော့လည်း ရင်ထဲမှာ မွန်းကြပ်နေရ၏။ ကင်းကို ညွှာ အရှုံးမပေးချင်ဘူး။ သင်တန်းပြီးသည်နှင့်ညွှာတစ်ယောက်တည်း ထိုင်စောင့်နေမိသည်။ ကင်း တော်တော်လေးနောက်ကျမှရောက်လာပြီး ချစ်သူလည်းပါလာသည်။





"ညွှာ နောက်ကနေတက်လိုက်ပါ"

သူ့ချစ်သူကိုတော့ သူနှင့်အတူ ရှေ့မှာထိုင်ခိုင်းပြီး ညွှာကိုတော့ နောက်မှာထိုင်တဲ့။ တော်တော်ပိုင်စိုးပိုင်နင်းနိုင်တဲ့လူပဲ။ ညွှာစိတ်တွေ ခံပြင်းစွာ ဒေါသဖြစ်သွားရသည်။

"ညွှာ မောင်းမယ်"

"မင်း အလိုက်သင့် နောက်ကနေ တက်လိုက်ရင်ပြီးတာပဲညွှာ၊ ကိုယ်တို့က ဆင်းပြီးမှ နေရာဖယ်ရမှာလေ"

"ရပါတယ် ကင်း၊ အချစ်ပဲ ဖယ်ပေးမယ်လေ"

"ထိုင်နေစမ်းပါ အချစ်"

"ကင်း"

"ညွှာ မင်းနောက်ကပဲဝင်ထိုင်ပါ"

"မထိုင်ဘူး၊ ရှင့်ကားနဲ့လည်း မလိုက်တော့ဘူး၊ ကျွန်မအငှားကားနဲ့ပဲပြန်မယ်"

"ပြန်လေ"

"ရှင်"

ညွှာ ဒေါသဖြစ်ဖြစ်နှင့် အငှားကားတစ်စီးကိုလှမ်းတားပြီး တက်ပစ်လိုက်သည်။ ကင်းက ကားကို ဆက်မောင်းသွားတော့ ဘယ်လောက်များ ဒေါသထွက်ဖို့ကောင်းနေလဲ။ ညွှာ အငှားကားနဲ့ပဲ အိမ်ပြန်လာခဲ့မိသည်။

“ညှာသမီးလေး ကင်းရော”

“သမီးကို မစောင့်ဘူး ဒက်ဒီ၊ သူ့ကောင်မလေးနဲ့လာတာ ပါ”

“ဟင်”

“သူ့မှာ ချစ်သူရှိနေတယ်၊ ဒက်ဒီ ညှာ့ရှေ့မှာတင် တွဲနေတာပါ၊ ကင်းကတော်တော်လေး ဘဝင်မြင့်နေတယ်ထင်တယ်၊ ညှာ့ကိုတောင် အရေးမစိုက်သလိုနဲ့”

“ကင်းက လူတွေကို မထေမဲ့မြင်လုပ်တတ်တဲ့ လူ တစ်ယောက်မဟုတ်လောက်ပါဘူး သမီးရယ်၊ တစ်ယောက်နဲ့ တစ်ယောက် ပြဿနာဖြစ်အောင် ဘာဖြစ်လို့ ပြဿနာရှာလာရတာ လဲ သမီးရယ်”

“သူက ညှာ့ကိုမခေါ်ချင်တာပါ ဒက်ဒီ၊ ကင်းမှာ ချစ်သူနဲ့ လေ၊ သမီးက သူတို့အတွဲကို နောက်ကနေ ထိုင်ကြည့်နေရမှာလား”

“သမီးညှာ ကင်းက ဒီလောက်အထိ အရှက်သိက္ခာမဲ့ အောင် လုပ်တတ်တဲ့လူမျိုးမဟုတ်ဘူးလို့ ဒက်ဒီထင်တယ်၊ သမီး အနားသွားယူတော့”

“ဒက်ဒီ”

“သွားလေ သမီး”

“ဟွန်း”





ညှာ မကျေမနပ်နှင့် ထွက်သွားတာကိုကြည့်ပြီး မြနန္ဒာ စိတ်ညစ်လာရသည်။ ကင်း တမင်အချစ်နဲ့တွဲပြတာပဲနေမှာပါ။ အချစ်နဲ့ကင်းက သူငယ်ချင်းတွေပဲဟာ။ မြနန္ဒာ မျက်နှာလေးညှိုးငယ် တာတွေတော့ ဦးမြတ်ညှာက ပျာပျာသလဲနှင့်မေးနေသည်။

“နန္ဒာ ဘာဖြစ်တာလဲကွယ်၊ သမီးကြောင့်လား၊ ကင်းချစ် သူနဲ့တွဲနေတာကို အစ်ကိုကြီး ဘယ်လိုမှ အပြစ်မမြင်ပါဘူး၊ သမီး ကပဲ အပိုပြောတာဖြစ်မှာပါ”

“မဟုတ်ပါဘူး အစ်ကိုကြီး၊ ညှာ့ခံစားချက်တွေကိုလည်း နန္ဒာနားလည်ပါတယ်လေ၊ အမိမဲ့လေးမဟုတ်လား၊ ညှာ့ကို အပြစ် တောင်ပါနဲ့နော်”

မြနန္ဒာကိုယ်တိုင်လည်း တွေးတွေးပြီး ရှက်နေမိကာ ကင်းနှင့်ညှာ့ကို လက်ထပ်မယူစေချင်မိတော့။ ညှာကိုယ်တိုင် ကလည်း မောင်လေးကင်းအား အထင်သေးကာ ချစ်ခင်နှစ်သက် ည် မဟုတ်ပေ။ ညှာ့အပေါ်လည်း မြနန္ဒာ မျက်နှာပူနေရသည်။

“နန္ဒာ”

“ရှင် အစ်ကိုကြီး”

“အစ်ကိုကြီးကတော့ ကင်းနဲ့သမီးကို အတင်းအကြပ်ပဲ လက်ထပ်စေချင်တယ်”

“ရှင်”

"နန္ဒာတို့မောင်နှမက လောဘမကြီးတတ်ဘူးဆိုတာ အစ်ကိုကြီးသိပါတယ်ကွာ၊ ဘာပဲဖြစ်ဖြစ် ကင်းနဲ့သမီးကို လူကြီးတွေကပဲ စီစဉ်မှရတော့မယ်ထင်တယ်"

"ဖြည်းဖြည်းပါ အစ်ကိုကြီးရယ်၊ ညှာလေး ဆန္ဒအတိုင်းပဲဖြစ်ပါစေ၊ အတင်းအကြပ်လုပ်မယ်ဆိုရင် ညှာလေးက နန္ဒာတို့ကို အရမ်းမုန်းတီးသွားမှာပါ"

"နန္ဒာတို့ကို သမီးညှာက လိုလိုလားလားပဲကြိုဆိုနေတာပါ၊ လက်ခံတာပဲလေ၊ သမီးညှာက အစ်ကိုကြီးအပေါ် သံယောဇဉ်ကြီးတဲ့သမီးပါ နန္ဒာ၊ အစ်ကိုကြီးဆန္ဒဆိုရင် ဘယ်တော့မှ ငြင်းဆန်မှာမဟုတ်ပါဘူး"

ညှာအကျင့်စရိုက်တွေကို မြနန္ဒာက သိနေသည်။ ညှာဟန်ဆောင်သဘောကောင်းချင်ယောင် ဆောင်နေတာပါ။ အစ်ကိုကြီးကွယ်ရာတွင် မြနန္ဒာအား ရန်သူတစ်ယောက်ကဲ့သို့ နှိမ့်ချစွာ ပြောဆိုဆက်ဆံတတ်သည်။

"အစ်ကိုကြီးကတော့ ဇွတ်ပဲစီစဉ်ရလိမ့်မယ် နန္ဒာ၊ သမီးညှာကလည်း လက်ခံပါတယ်တဲ့"

မြနန္ဒာကတော့ ညှာလက်ခံပါတယ်ဆိုတဲ့စကားကို မယုံကြည်မိ။ ဒီကောင်မလေး ပြဿနာရှာချင်လို့ပါ။ ကင်းကို အထင်သေးပြီး မုန်းတီးနေတာ နန္ဒာငိုယားသည်။





"ကင်းကိုပဲ နန္ဒာ တာဝန်ယူပါ၊ ချစ်သူကောင်မလေးကို ဖြတ်လိုက်လို့ပြော"

"အစ်ကိုကြီး"

"ဘာမှတွေဝေမနေစမ်းပါနဲ့၊ ကင်းလက်ထဲကို သမီးလေးညှာကို အပ်ချင်တယ်၊ နန္ဒာ စိတ်သန့်သန့်နဲ့ လက်ခံပါကွယ်နော်"

"ကင်းမှာ ချစ်သူရှိနေတယ်လေ၊ ငယ်ချစ်တွေပဲ၊ နန္ဒာ ဘယ်လိုလုပ်ပြီး အတင်းအကြပ်ပြောရမလဲ၊ သမီးလေးညှာ့အတွက်လည်း ရသင့်ရထိုက်တာပေးလိုက်ပါ"

"အစ်ကိုကြီးက ကင်းကိုပဲ သဘောကျတာ၊ သမီးညှာအတွက် အလိုအပ်ဆုံး ယောကျ်ားတစ်ယောက်ဖြစ်နေလို့ပါ"

"ညှာက လက်ခံမယ်ဆိုရင်တော့ အစ်ကိုကြီးသဘောပါပဲလေ"

သမီးညှာကို အမွေပေးလိုက်လျှင် သမီးညှာရဲ့မာမီ ကြည်ကြည်သာ့လက်ထဲ ရောက်သွားမှာပါ။ ကြည်ကြည်သာ မင်းသဘောကောင်းချင်ယောင် ငါ့အပေါ် ကျိုးနွံချင်ယောင်ဆောင်ပြီး ငါ့ကို အိမ်ထောင်သက်တစ်လျှောက် နှိပ်စက်လာခဲ့တာပဲ။ အချစ်ရှိတဲ့ အိမ်ထောင်ရေးအတွက် ဦးမြတ်ညှာ စိတ်ပင်ပန်းဒုက္ခရောက်ခဲ့ရသည်။ ကြည်ကြည်သာ အိမ်ထောင်ရေး သက်တမ်းတစ်လျှောက်လုံးတော့ ငါ့အဆိုးပဲလေ။ မင်းလည်း ငါ့ကိုမချစ်လို့ ခပ်စိမ်းစိမ်း

နေပြခဲ့တာပဲ မဟုတ်လား။ ငါ အရှုံးတိုက်မိတယ်။ မင်းအနားကို မကပ်တော့ဘူး။ မင်းက ရိုးသားပြီး အိမ်ရှင်မပီသပြနေလေ ငါ့ အသိုင်းအဝိုင်းကအစ ငါ့အလွန်ပဲ ထင်ခဲ့တယ်။ အဲဒါတွေအားလုံး မင်းဖန်းတီးခဲ့တာပါ။ နောက်ဆုံး ငါအရှုံးတိုက်ပြီး ဘဝကို ရေရှုံးမျောအောင် မင်း ဖန်းတီးနေခဲ့တယ်။ နောက်ဆုံးတော့ ငါ့ထောင်ချောက်ထဲကို မင်းတိုးဝင်သွားခဲ့ရတာပဲ။ ဦးမြတ်ညွှာရင်ထဲမှာ ဒေါသတွေပေါက်ကွဲနေသည်။

။



# အခန်း (၁၂)

"ကင်း"

"ဟင် အချစ်"

"ပြဿနာတော့ တက်တော့မယ်ထင်တယ်နော်"

"အချစ်နဲ့မဆိုင်ပါဘူးကွာ"

ကင်း ရှင်ကရော အချစ်ကို ချစ်သူတစ်ယောက်လို့ ဘာဖြစ်လို့များ ပြောလိုက်ရတာလဲ။ ကင်း အချစ်ကို ဘယ်တော့မှ ချစ်သူတစ်ယောက်လို ဆက်ဆံမှာမဟုတ်ဘူးဆိုတာ အချစ်သိပါတယ်။ အချစ်ရင်ထဲမှာ နာကျင်နေရသည်။ ကင်းက အချစ်ကို သူငယ်ချင်းတစ်ယောက်အဖြစ်ပဲ ပတ်သက်နေခဲ့၏။ အချစ်က ကင်းအတွက် အဖြည့်ခံပဲလားဟင်။ ကံကြမ္မာကလည်း ကင်းနှင့် ညွှာကို ဘာဖြစ်လို့များ ဆုံတွေ့စေခဲ့တာလဲ။ အချစ်ရဲ့မျှော်လင့်ချက်တွေ ကင်းမဲ့သွား

ခဲ့ရသည်။

"ကင်းရဲ့မာနတွေကို အချစ်သိပါတယ်၊ ကင်း မလွဲသာ မရှောင်သာလို့ မမနန္ဒာရဲ့စီစဉ်မှုကို လက်ခံလိုက်ရတာမဟုတ်လား ဟင်"

"အချစ်"

"ဟင်"

"ကိုယ် တောင်းပန်ပါတယ်"

"ဘာကိုလဲ ကင်း"

"ကင်းက ချစ်သူလို့ ပိုင်စိုးပိုင်နင်းပြောလိုက်လို့ပါ၊ ကင်း တကယ်ပဲ မလွဲသာမရှောင်သာလို့ပါ အချစ်ရာ၊ ကင်းကို မမနန္ဒာ ခင်ပွန်းက သူ့သမီး ရွှေသဲညွှာနဲ့ လက်ထပ်စေချင်နေတယ်"

"ဟင်"

"ကင်း လက်မထပ်နိုင်ဘူး"

"ကင်းကရော မငြင်းဘူးလား"

အချစ်ရင်ထဲမှာ စိုးရိမ်ပူပန်မှုတွေနှင့် ထိတ်ခနဲဖြစ်သွားရသည်။ ကင်းက ယောကျ်ားပီသသူ။ ငွေကြေးဥစ္စာတွေကြောင့် မိန်းမတစ်ယောက်ကို ဘယ်တော့မှ လက်ထပ်ယူမှာမဟုတ်ပေ။ အချစ်ကလည်း ကင်း ငြင်းပစ်လိုက်ပါစေဟု တိတ်တခိုးဆုတောင်း နေရသည်။





"ကိုယ် ငြင်းနေတာပဲ အန်ကယ်က လက်မခံတာလေ"

"ဟင်"

ကင်း စိတ်တွေလေးလံပြီး ညစ်နွမ်းနေရသည်။ ညွှာကို မပတ်သက်လိုပေ။ အထင်သေးနှိမ်ချသော အကြည့်တွေကြည့်တတ်ကာ အရှောင်သမားတစ်ယောက်ဟု ပြောဆိုဆက်ဆံနေတာတွေကို ကင်းမုန်းတီးမိ၏။ ရွှေသဲညွှာ မင်းနဲ့ငါ ဘယ်တော့မှ လက်မထပ်ဘူး။ ငါရွေးချယ်ရင်လည်း အချစ်ကိုပဲ ရွေးချယ်မှာ။

ကင်းစိတ်တွေ တွေဝေနေတာတော့ အမှန်ပင်။ အချစ်ကို ကင်း မချစ်ပေ။ သူငယ်ချင်းတစ်ယောက်ကဲ့သို့ပင် ခင်မင်နေချင်သည်။ ကင်းစိတ်က ခက်နေ၏။ တကယ်ဆို ကင်းရဲ့ချစ်သူဇနီးလောင်းအဖြစ် အချစ်က အသင့်တော်ဆုံးပါပဲ။

"လိုအပ်ရင် အချစ်က ကင်းအတွက် အကူအညီပေးစေချင်တယ်ကွာ"

"အင်းပါ"

"ဘယ်လိုမှ ငြင်းဆန်လို့မရဘူးဆိုရင်တော့ ကင်းကတော့ အချစ်ကို ခိုးပြေးရမှာပဲလေ"

"ကင်း"

ကင်းက အေးစက်စက်နှင့် ဘာမှမဖြစ်သလိုလို ခပ်ပေါ့ပေါ့ လေးပြောနေပေမယ့် အချစ်ရင်တွေ တုန်နေပြီ။ ကင်းဘက်က

ဘယ်လိုပဲပြုမူလုပ်ဆောင်နေပါစေ။ အချစ်ကြည်ဖြူစွာ လက်ခံနိုင်ကြောင်း အချစ်ပြောချင်နေမိသည်။ ကင်း မျက်ဝန်းတွေက တည်ငြိမ်လွန်းနေ၏။ အချစ်နှင့်ပတ်သက်ပြီး ကင်းမှာ ခံစားချက်မရှိပါဘူးလေ။ ကင်း မလွဲသာမရှောင်သာမှ အချစ်ကို လက်ထပ်မှာမဟုတ်လား။ အချစ်ငြိမ်သက်တိတ်ဆိတ်နေပစ်လိုက်တာကပင် လက်ခံခြင်းပဲ မဟုတ်လားနော်။

"အချစ်"

"ဟင်"

"ကိုယ် အချစ်အပေါ် မတရားဘူးနော်၊ ရက်စက်ရာများကျနေမလား"

"အဟွန်း ဟွန်း"

"အချစ်ဘာရယ်တာလဲ ဟုတ်တယ်ကွာ၊ ကင်း ဒီလိုမလုပ်သင့်ဘူး၊ အချစ်မှာ လွတ်လပ်ခွင့်ရှိတာပဲ၊ ကင်းက ငယ်နိုင်ဆိုပြီး လုပ်ချင်တိုင်းလုပ်လို့ ဘယ်ဖြစ်မလဲ"

"ကင်းရယ် အကြံအစည်တွေကလည်း ကြီးမားလိုက်တာ၊ အချစ်ကိုနိုးပြေးမယ်၊ ပြီးတော့ သူငယ်ချင်းမိတ်ဆွေတွေလိုပဲ ပြန်နေကြမယ်၊ ကင်းရဲ့ရှေ့ဆက်လုပ်ဆောင်မယ့် အကြံအစည်တွေမဟုတ်လား ဟင်"

အချစ်စကားတွေကို မှန်ကန်ကြောင်းထောက်ခံသည့်အနေ





နှင့် ကင်း ပြုံးသည်။ မငြင်းဆန်ဘူးဆိုတော့ အချစ်ပြောတဲ့အစီအစဉ်အတိုင်း ရှင်လုပ်မှာပဲ မဟုတ်လားလို့။ ဒါပေမယ့် အချစ်လည်းလက်ခံသဘောတူကြောင်း ပြုံးပြလိုက်သည်။ ကင်းရယ် ရှင့်ကိုလေအချစ် အမြဲတမ်း သံယောဇဉ်ကြီးမားစွာ တွယ်ငြိနေပြီး မျှော်လင့်နေမိတာပါ။ ကင်းဆန္ဒအတိုင်းပါပဲလေ။ အရက်ကြီးသောအချစ်ကသည်း ရင်ထဲမှခံစားချက်တွေကို ထုတ်ဖော်ခြင်းမရှိခဲ့ပေ။ ကင်းထားရာနေ စေရာသွားခဲ့ရတာပဲဖြစ်သည်။

"အချစ် အိမ်ရောက်ပြီ၊ ကိုယ်မဆင်းတော့ဘူးနော်၊ မနက်မှတွေ့မယ်"

"အင်း"

အချစ်ကိုထားခဲ့ပြီး ကင်း အိမ်ပြန်လာခဲ့သည်။ အချစ်အနေနှင့် ကင်းအပေါ် ဘယ်လောက်အထိ သံယောဇဉ် တွယ်ငြိနေလဲဆိုတာသိပေမယ့် ကင်းနှလုံးသားတွေက အချစ်အပေါ် ဖြူစင်နေ၏။ ရင်ခုန်လှုပ်ရှားခြင်းမရှိ။ သူငယ်ချင်းတစ်ယောက်ကဲ့သို့ပဲ ခင်မင်မိသည်။ ရွှေသဲညှာ မင်းကိုတော့ ကိုယ် လက်မထပ်ချင်ဘူး။ ကိုယ်မိန်းမတစ်ယောက်ကို ချစ်ခင်မြတ်နိုးနှစ်သက်လို့ပဲ လက်ထပ်ချင်တယ်။ ချမ်းသာတဲ့ မိန်းမတစ်ယောက်ကိုတော့ လက်မထပ်နိုင်ဘူးကွာ။ ကိုယ်က အချောင်သမားမဟုတ်ဘူးကွ။ ကင်း ဘဝတစ်သက်တာမှာ အစ်မဖြစ်သူကို ကျေးဇူးဆပ်ဖို့ပဲအဓိကကျပြီး ပညာပဲကြိုးစား

နေခဲ့သည်။ ချစ်သူထားဖို့ စိတ်ကူးပင်မရှိခဲ့။ အချစ်နှင့် အနီးစပ်ဆုံး နေခဲ့တာပင် အချစ်ရေးကို စိတ်မဝင်စားခဲ့။ ကင်း ခြံထဲဝင်လိုက်သည်နှင့် မမနန္ဒာက ဆီးကြိုသည်။

"ကင်း ညာရော"

"ညာ ပြန်လာပြီမဟုတ်လား မမ"

ညာ ပြန်မရောက်သေးဘူးတဲ့။ ကင်း အရင် ညာ ပြန်သွားခဲ့တာပဲ။ ကင်းတောင် အချစ်နှင့် စကားတွေပြောပြီး အေးအေးဆေးဆေး နောက်ကျမှပဲပြန်လာခဲ့သည်။ ညာမပြန်ဘဲ ဘယ်သွားနေရတာလဲ။ တော်တော်လေးတောင် မှောင်နေပြီပဲ။

"ညာရော ကင်း ဒုက္ခပါပဲဟယ်၊ မောင်လေး စောင့်မခေါ်လာခဲ့ဘူးလား"

"သူအရင်ပြန်သွားတာပဲလေ၊ တစ်နေရာရာကို သွားနေတာဖြစ်မှာပါ"

ဦးမြတ်ညာလည်း ခြံထဲသို့ ဆင်းလာသဖြင့် မမနန္ဒာ ပျာယာခတ်သွားရသည်။

"သမီးညာရော ကင်း"

"အရင်ပြန်သွားပါတယ် အန်ကယ်၊ တစ်နေရာရာများ သွားနေလားပဲ၊ ကင်း ပြန်ရှာလိုက်ပါ့မယ်"

"နေပါစေကင်း၊ သမီးညာက လိမ္မာပါတယ်လေ။





ပြန်လာမှာပါ"

သမီးညာ သူ့မာမီဆီသွားနေသည်ဟု ဦးမြတ်ညာထင်မိသည်။ သမီးရဲ့ခံစားချက်တွေကိုလည်း မိမိသိရှိနားလည်မိ၏။ ဒါပေမယ့် သမီးညာကို ထိန်းချုပ်ရမယ်။ ကင်းနဲ့ပဲ မလွဲမသွေ လက်ထပ်ပေးရမည်။ ဦးမြတ်ညာ ဦးဆောင်ပြီး တိုက်ထဲဝင်လာခဲ့သည်။

"ထိုင်ပါဦး ကင်း"

"ဟုတ်ကဲ့"

ညှိခန်းမှာ ထိုင်မိသည်။ ဦးမြတ်ညာကတော့ ကင်းရဲ့ခန့်ညားတဲ့ရုပ်ရည်နှင့် ပညာကို သဘောကျနှစ်သက်မိနေသည်။ အိမ်ထောင်ရေးအဆင်ပြေအောင် ထိန်းသိမ်းနိုင်ခြင်းမရှိသော မိဘတွေကြောင့် သမီးလေး စိတ်လုံခြုံမှုမရှိဘဲ ဖြစ်နေရသည်။ အိမ်ထောင်ရေးကိုပဲ စိတ်အေးရအောင် ဦးမြတ်ညာ စီစဉ်ပေးချင်မိနေသည်။

"ကင်း"

"ဗျာ"

"အန်ကယ် ထပ်ပြောရရင်တော့ သမီးညာကို လက်ထပ်ပါ"

"ဗျာ"

"အန်ကယ့်သမီးလေးညာအတွက် ဘဝလုံခြုံစိတ်ချချင်

တယ်၊ ကင်းလိုယောကျ်ားတစ်ယောက်နဲ့ပဲ လက်ထပ်စေချင်လို့ပါ ကွယ်"

"ညာကရော ညာ့ဆန္ဒက အဓိကကျပါတယ်"

"ညာက လက်ခံပါတယ်"

"ဗျာ"

"သမီးညာက လိမ္မာတယ်လေ၊ အဖေ့ဆန္ဒက သမီးညာရဲ့ ဆန္ဒပဲတဲ့ ကင်း"

ဖြစ်နိုင်ပါ့မလား။ ရွှေသဲညာ့က အလွယ်တကူလက်ခံတာ ပြဿနာရှာချင်၍ပဲ ဖြစ်နိုင်သည်။ မင်း ကိုယ့်ကို အထင်သေးနေတာ မဟုတ်လား။ ရွှေသဲညာ မင်းလက်ခံတာ ကိုယ့်ကို စိတ်သောကတွေ ပေးဖို့ မဟုတ်လား။ မင်းမှာ အချစ်ဆိုတာမရှိနိုင်ပါဘူး။ ကင်း စိတ်ညစ်နေမိသည်။ အချစ်ကိုပဲ ခိုးပြေးရမလား။ ကင်းမှာ ချစ်သူ ရှိနေကြောင်း ဦးမြတ်ညာကို ပြောပြထားသည်။

"ကင်း"

"ဗျာ"

"သမီးညာ့ကို လက်ထပ်ပါ၊ အန်ကယ်တို့ စီစဉ်မယ်၊ ကင်း လက်ခံပါ"

"အန်ကယ်"

"ကင်းမှာ ချစ်သူရှိနေတာသိပေမယ့်၊ သမီးညာကိုပဲ





လက်ထပ်ပါ၊ အန်ကယ့်ရဲ့စည်းစိမ်ဥစ္စာတွေ လွှဲပြောင်းပေးဖို့အတွက် အသင့်တော်ဆုံးပဲမဟုတ်လား၊ မိသားစုကို စည်းစည်းလုံးလုံးနေစေ ချင်တယ်၊ လက်ခံပေးပါ၊ ကင်းနဲ့ပဲသဘောတူတယ်၊ သမီးလေးညာ ရဲ့ဘဝအတွက်ပါ"

ကင်းနဲ့ညာ လက်ထပ်ဖြစ်လျှင် ဘယ်လိုနည်းနှင့်မှ အိမ် ထောင်ရေးအဆင်ပြေသာယာမှာ မဟုတ်ဘူးဆိုတာ ကင်းသိနေ သည်။ ညာက ဖခင်ရှေ့တွင် သဘောကောင်းချင်ယောင်ဆောင်နေ တာပဲ ဖြစ်၏။ ဦးမြတ်ညာ ပြန်ထွက်သွားသည်။

"ကင်း"

"မမ"

"အချစ်ကိုပဲ လက်ထပ်လိုက်ပါ၊ မောင်လေးနဲ့ညာ လက်ထပ်လို့မဖြစ်ဘူး၊ အစ်ကိုကြီးက ဒွတ်အတင်းစီစဉ်နေတယ်၊ ကင်းဆန္ဒမရှိဘူး မဟုတ်လား၊ မမအနေနဲ့ ကင်းအတွက် လက်ထပ်ခဲ့ တာမှန်ပေမယ့် ကင်းကို ညာက ဘဝတစ်သက်တာလုံး နှိပ်စက်နေ မှာပဲ"

နန္ဒာက ကိုယ်တိုင်က မောင်လေးကင်းဘဝတစ်သက်တာ လုံး ပျော်ရွှင်ချမ်းမြေ့စေချင်သည်။ ရွှေသဲညာက အစ်ကိုကြီးရှေ့မှာ သာ သဘောကောင်းချင်ယောင်ဆောင်နေတာပါ။ အတွင်းစိတ်က နန္ဒာတို့မောင်နှမကို မုန်းတီးနေသည်။ နန္ဒာက မုဆိုးဖိုတစ်ယောက်

ကို လက်ထပ်ခဲ့တာပဲ။ ကင်း ပညာဆက်သင်နိုင်ရေးအတွက် နန္ဒာ လက်ထပ်ခဲ့တာပါ။ စည်းစိမ်ဥစ္စာတွေကြောင့်ဆိုပေမယ့် နန္ဒာ တစ်ယောက်ပဲ စိတ်သောကရောက်ချင်ရောက်ပါစေ။ ကင်းကို နို စက်မည့်မိန်းကလေးတစ်ယောက်နဲ့တော့ လက်မထပ်စေချင်ပါဘူး။ ကင်းနှင့် အချစ်ကလည်း ချစ်သူတွေမဖြစ်ကြသေးပေ။ အချစ်နှင့်ပဲ လက်ထပ်စေချင်မိသည်။

"အချစ်နဲ့လက်ထပ်ပါ၊ အချစ်က ကင်းနဲ့ချစ်သူတွေ မဖြစ် ကြသေးဘူးလား"

"မမ"

"ဟင်"

"ညှာနဲ့ဘာဖြစ်လို့များ သဘောမတူချင်ရတာလဲ"

"ကင်းက ညှာ့ကို ချစ်နေလို့လား"

"ဗျာ"

"ကင်းရော ညှာနဲ့လက်ထပ်ချင်တဲ့ဆန္ဒ ရှိနေလား"

"မရှိပါဘူး၊ ညှာနဲ့ကင်း လက်မထပ်ချင်ဘူး"

"မမကတော့ ညှာက ကင်းကိုမချစ်နိုင်ဘူးထင်တယ် အရမ်းမုန်းတီးနေမှာပါ၊ အစ်ကိုကြီးရှေ့မှာသာ မမတို့အပေါ် သဘော ကောင်းချင်ယောင်ဆောင်ပြနေတာပဲ၊ ကြောက်စရာကောင်းတဲ့ ရွှေသဲ ညှာပဲ"





ရွှေသဲညှာကို ကင်း မမုန်းမိ။ မမက ရွှေသဲညှာကို ချစ်နေ သလားဟု မေးတော့လည်း ကင်း အဖြေက မသေချာ။ အချစ်ကို တော့ သူငယ်ချင်းတစ်ယောက်ကဲ့သို့ပဲ ခင်မင်မိသည်။

"ကင်း"

"ဟင်"

"အချစ်ကိုပဲလက်ထပ်ပါ"

"ရွှေသဲညှာရောက်မလာသေးဘူး၊ မမနန္ဒာ ကင်းလိုက်ရှာ မယ်"

"ကင်း ရွှေသဲညှာကို မချစ်နဲ့နော်၊ ဒီကောင်မလေးက ဉာဏ်များတယ်၊ ရိုးသားဖြူစင်တဲ့အချစ်ကိုပဲ လက်ထပ်ပါ"

ကင်း ကားပေါ်တက်လိုက်သည်။ ရွှေသဲညှာရယ် မင်း စိတ်ခံစားမှုတွေကို ကင်း နားလည်လက်ခံပါတယ်။ မင်းဒက်ဒီရဲ့ နောက်မိန်းမနဲ့မောင်က အခန့်သားတက်နေတာကို မင်း ဘယ်လိုလုပ် ပြီး ကြည့်ဖြူနိုင်မှာလဲ။ ရွှေသဲညှာအတွက် သူ စိတ်ပူနေမိသည်။ ရွှေသဲညှာနှင့် ပတ်သက်နေသော သူငယ်ချင်းတွေဆီ ရောက်သွားခဲ့ ၏။ စောစောတည်းကပဲ ပြန်သွားသည်ဟူသော အဖြေပဲရခဲ့သည်။

"ညှာ အစောကြီးတည်းက ပြန်သွားတာပဲလေ၊ ညှာ့ကြည့် ရတာ အတော်လေးစိတ်ညစ်နေသလိုပဲ၊ မျက်နှာလေးက အရမ်းညှိုး နွမ်းနေတယ်"

ကင်း နေရာအနှံ့လိုက်ရှာမိသည်။ မင်း ဘယ်ရောက်နေလဲ ရွှေသဲညှာ။ ဒီနေ့ပဲ အပြီးအပိုင်ထွက်သွားပြီလားကွာ။ ဟိုင်းဝေး လမ်းမကြီးပေါ်မှာ ရွှေသဲညှာနဲ့ဆုံမိတာ ကင်း အမှတ်ရနေမိသည်။ စိတ်ညစ်ပြီး တစ်ယောက်တည်း ကားမောင်းထွက်လာတာပဲ။ ကင်း လည်း စိတ်ညစ်နေခဲ့သည်။ မသောက်ဘူးတဲ့အရက်တွေပင် သောက်လာခဲ့မိ၏။ မမနန္ဒာနဲ့သူ ဦးမြတ်ညှာအိမ်ကို ပြောင်းရွှေ့ရ တော့မည်ဖြစ်၍ ကင်း တော်တော်လေး မျက်နှာပူရှက်နေခဲ့ရသည်။

"ကင်းရော ဒီလိုဘဝမျိုးကို မက်မောတွယ်တာနေမယ်လို့ ထင်နေလား ညှာ၊ ကိုယ်မလိုလားဆုံးပဲ ညှာ၊ ကိုယ်မနှစ်သက်ဆုံး ပဲ၊ မမကြောင့်ပါ၊ မမနန္ဒာကလည်း ကိုယ့်အတွက်ပဲလေ"

ရွှေသဲညှာကို နေရာအနှံ့ရှာခဲ့ပေမယ့် မတွေ့သဖြင့် ကင်း စိတ်ပူပြီး အိမ်ပြန်လာခဲ့သည်။

ꩨ ။ ꩨ



## အခန်း (၁၃)

"ရွှေသဲညှာ"

"ဟင်"

"မင်း ဘယ်သွားနေတာလဲ"

"ကိုယ် လိုက်ရှာနေတယ်၊ မင်း ဒီမှာဘာထိုင်လုပ်နေတာ လဲ"

"ရှင်နဲ့ဘာဆိုင်လို့လဲ"

"ရွှေသဲညှာ"

"ကျွန်မအိမ် ကျွန်မ ပြန်ချင်ပြန်မယ်၊ မပြန်ချင်မပြန်ဘူး၊ ရှင်က ဘာဖြစ်လို့လိုက်ရှာနေရတာလဲ"

"ဝင်မယ်လေ"

"ကျွန်မဘာသာပဲ ဝင်မယ်"

ကင်း အိမ်ပြန်လာတော့ ခြံဝမှာ ညာ ထိုင်နေသည်။ ညာ့ကိုတွေ့လိုက်မှ ကင်း စိတ်အေးသွားရ၏။ ကင်းကိုယ်တိုင် ညာ့ကို ထားခဲ့တာမှားတာပဲ။ ညာက မမအပေါ် မထေမဲ့မြင်လုပ်မှာစိုး၍ ညာ့အပေါ် အနိုင်ကျင့်သလို ဖြစ်နေရသည်။

"ခြံထဲကိုဝင်ပါ ရွှေသဲညာ၊ မင်း ဒက်ဒီ စိတ်ပူနေတယ်"

"ကျွန်မကို ဘာဖြစ်လို့ဝင်ခိုင်းနေရတာလဲ၊ ရှင်ဝင်ပါလား။ ဒီမှာ ဒက်ဒီက အရေးပေးတယ်ဆိုပြီး ရှင် ကျွန်မကို အနိုင်ကျင့်လို့ မရဘူးနော်"

"ကိုယ် မင်းကို အနိုင်ကျင့်နေတာ မဟုတ်ဘူးနော် ညာ။ ကိုယ် တောင်းပန်ပါတယ်ကွာ"

"ဘာတောင်းပန်တာလဲ၊ ရှင်က ကျွန်မကို ရှင့်ချစ်သူရှေ့မှာ အနိုင်ကျင့်ပြတာပဲ"

အချစ်က သူ့ချစ်သူအဖြစ် ညာက သိနေသည်။ မဟုတ်ပါဘူးဟုလည်း ပြောဖို့ခက်နေသည်။ ဆတ်ခနဲထပြီး တိုက်ထဲဝင်သွားသည်။ အပေါ်ထပ်ကို ဆက်တက်သွားတော့၏။ ကင်းလည်း ကိုယ့်အခန်းထဲကိုယ် ပြန်ဝင်လာသည်။

"ကင်း မင်း ရွှေသဲညာကို ချစ်နေပြီလားဟင်၊ အချစ်ထိုပဲလက်ထပ်ပါ"

မမနန္ဒာ့စကားတွေကို ကင်းပြန်၍ကြားယောင်နေမိသည်။





ကင်းလည်း ညာနဲ့လက်မထပ်ချင်ပါဘူး မမရာ။ ကင်း အချောင်သမားအဖြစ် အထင်မခံချင်ပါဘူး။ ညာ မင်းရဲ့အမုန်းတွေကိုလည်း ငါ မခံယူချင်တော့ပါဘူး။ ကင်း စိတ်မောနေမိသည်။

ညာကတော့ အိပ်ခန်းထဲဝင်လာပြီး မကျေမနပ်ဖြစ်နေရသည်။ ညာ အိမ်မပြန်ချင်သေးသဖြင့် မာမီ့ဆီသွားခဲ့သည်။ ညာ မာမီ့ဆီ ခဏခဏမလာနဲ့တဲ့။ ဒက်ဒီ့ဆီမှာပဲနေတဲ့။ မာမီဘာဖြစ်လို့များ ဒီလောက်အထိ ပြောင်းလဲသွားရတာလဲ။ မမြနန္ဒာက ဒက်ဒီ့အပေါ် လွှမ်းမိုးလွှမ်းနေပြီလား။ မုန်းလိုက်တာ။ ညာ ဘာဖြစ်လို့များကံဆိုးနေရတာလဲ။ ကင်းကရော ညာ့အပေါ် အရှုံးမပေးပေ။ ဟွန်း မာရေကျောရေနဲ့ ချစ်ချစ်ခင်ရှေ့မှာ ညာ့ကိုထားခဲ့တာ အရမ်းခံပြင်းဒေါသဖြစ်ဖို့ကောင်းတာပဲ။ ညာတစ်ယောက်တည်း မကျေမနပ်ဖြစ်နေရသည်။

"သမီးညာ"

ညာ ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ထိုင်နေမိသည်။ ဒက်ဒီက ညာ့အနားအထိ လျှောက်လာ၏။ ညာ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်နေသည်။

"မာမီ့ဆီသွားခဲ့တာလား"

"ဟုတ်"

"မသွားနဲ့တော့"

"ဒက်ဒီ"

"ဒက်ဒီ နောက်မိန်းမယူတာက ပြဿနာမရှိဘူးနော်၊ သမီးမာမီက နောက်ယောကျ်ားနဲ့ဆိုတော့"

"တော်ပါတော့ ဒက်ဒီ၊ ညှာ့မှာ ဘာအပြစ်တွေရှိနေလို့ ဒက်ဒီရော မာမီရောက ဒဏ်ခတ်နေကြတာလဲ"

"သမီးညှာ ဒက်ဒီစီမံရာကိုပဲ သမီးနာခံရမယ်၊ သမီးညှာ ထင်တိုင်းသွားလာနေထိုင်လို့မဖြစ်ဘူး၊ ဒက်ဒီတစ်ခုခုတော့ စီမံပေးရမှာပဲ"

"သမီးအတွက် ဘာတွေစီစဉ်ပေးမှာလဲ၊ ဒက်ဒီ ဟိုလူနဲ့ လက်ထပ်ပေးဖို့လား"

"ကင်းလိုယောကျ်ားတစ်ယောက်ကို သမီးလက်ထပ်ခွင့်ရတာ ဘယ်လောက်များကံကောင်းလဲ၊ ယောကျ်ားပီသပြီး ထက်မြက်တဲ့သူလေ"

"ဒါဆိုလည်း ဒက်ဒီစီစဉ်လေ၊ ညှာ့ကို ဘာဖြစ်လို့လာမေးနေတာလဲ၊ ညှာ လက်ခံတယ်လို့ပြောထားပြီးပြီလေ"

ညှာ စိတ်မရှည်ချင်တော့ပေ။ ဒက်ဒီ ဘာသိလို့လဲ။ ကင်းမှာက ချစ်သူနဲ့။ ရှင် ချစ်မြတ်နိုးရတဲ့မိန်းမတစ်ယောက်နဲ့ ဘယ်တော့မှ လက်မထပ်စေရဘူး။ ရှင့်ကို မုန်းနေတဲ့မိန်းမတစ်ယောက်နဲ့ပဲ လက်ထပ်စေရမယ်။ ညှာ ဒေါသတွေပေါက်ကွဲနေမိသည်။ ညှာ့ရဲ့





သူ့ချစ်သူရှေ့မှာ မထေမဲ့မြင်ပြုခဲ့၏။ အနိုင်ကျင့်ခဲ့တဲ့သူပဲ။ ညှာ့အတွက် အရာအားလုံးက ဒေါသဖြစ်စရာတွေပဲ ဖြစ်နေသည်။

"ကင်းကလည်း သမီးညှာဆန္ဒပါပဲတဲ့"

"ညှာ့ဆန္ဒဆိုရင် လက်ထပ်မယ်၊ ဒက်ဒီ အမြန်ဆုံးစီစဉ်ပါတော့"

"သမီးလေး လိမ္မာလိုက်တာကွယ်၊ ဒက်ဒီက ဘယ်လောက်ပဲအတွကြီးပြီး ကိုယ်လုပ်ချင်တာလုပ်ပါစေ၊ သမီးရှေ့ရေးအတွက်တော့ စဉ်းစားပါတယ်ကွယ်"

ဒက်ဒီထွက်သွားတော့မှ ညှာ ငိုပစ်မိသည်။ ညှာ့ဘဝကို ညှာ အရှမ်းမုန်းတီးတာပဲ။ ကင်း ရှင်ကရော ကျွန်မကို ဘာဖြစ်လို့အနိုင်ကျင့်နေရတာလဲလို့။ ကင်းမှာ ချစ်သူရှိနေတာရော။ ညှာ့ကို စိတ်မဝင်စားတာရော မကျေနပ်မိ။ ရှင်က ကျွန်မဘက်က ငြင်းပယ်မယ်ထင်လို့ ကျွန်မသဘောလို့ ပြောတာပဲမဟုတ်လား။ ညှာ ဒေါသတွေပဲထွက်နေမိသည်။

"မင်း ဘယ်တွေသွားနေတာလဲ ရွှေသဲညှာ၊ မင်း ဒက်ဒီ စိတ်ပူနေပြီ၊ ကိုယ် လိုက်ရှာနေတာ"

ကင်း သူတကယ်ပဲ ညှာ့ကိုစိတ်ပူနေတာလား။ ညှာ မျက်လုံးတွေကိုမှိတ်ပြီး အိပ်ပျော်အောင်ကြိုးစားပေမယ့် အိပ်စက်၍မရပေ။ မျက်ဝန်းတွေထဲမှာ ကင်းရဲ့ပုံရိပ်တွေပဲ မြင်ယောင်နေသဖြင့်

မကျေမနပ်ဖြစ်နေရသည်။ ဒီလူကို ဘာဖြစ်လို့ မေ့ပစ်လို့မရတာလဲ။ သမုဒယကင်းတဲ့။ နာမည်ကြီးက စီးပိုးလိုက်တာ။ ရှင့်မှာ အကြင်နာမရှိဘူး။ သမုဒယလည်းမရှိဘူး။ သူများစည်းစိမ်ဥစ္စာတွေကို အချောင်လိုချင်နေတဲ့လူပဲ။ အချောင်သမား။ သူမ ဒေါသတကြီး ရေရွတ်နေမိသည်။ ညဥ့်နက်မှ သူမအိပ်ပျော်သွားပြီး နေမြင့်မှနိုးလာရ၏။ အောက်ထပ်ကိုဆင်းလာဖို့ပင် မမြနန္ဒာက ဘာဖြစ်လို့လာမခေါ်ရတာလဲ။ ရှင်တို့က ကျွန်မကို မထေမဲ့မြင်လုပ်နေတာလား။ ညွှာ ပြင်ဆင်ပြီး အောက်သို့ဆင်းလာခဲ့သည်။

"သမီးညွှာ အိပ်ရာထနောက်ကျနေတာနဲ့ ဒက်ဒီနဲ့မာမီနန္ဒာတို့ စားသောက်ပြီးပြီလေ၊ ကင်းလည်း ဆင်းမလာသေးဘူး သမီးစောင့်လိုက်နော်"

ဒက်ဒီရော မမြနန္ဒာရော ထပြီးထွက်သွားကြသည်။ ဟွန်း ဒက်ဒီရှေ့မှာတော့ မမြနန္ဒာက ရိုးသားဖြူစင်ချင်ယောင်ဆောင်နေတာ။ ရှင်က သိပ်ရိုးသားနေတယ်ပေါ့လေ။ ကင်း မလာသေးဘူးတဲ့။ ရှင်ကရော ကြီးကြီးကျယ်ကျယ်နဲ့ ဘာဖြစ်လို့ စောစောမလာရတာလဲ။ ရှင့်တို့မောင်နှမက ဟန်ဆောင်နေကြတာပါ။ မမြနန္ဒာကိုယ်တိုင်က ဒက်ဒီကို ညွှာနဲ့သူ့မောင် လက်ထပ်ပေးဖို့ တောင်းဆိုနေမှာပေါ့။ အချစ်မရှိဘဲ ငွေကြေးနဲ့လက်ထပ်တာ။ ရှင့်မောင် စိတ်မချမ်းသာစေရဘူး။ စောင့်ကြည့်နေလေ။ သူ့ကို မစောင့်ဘဲ





သူမဘာသာ စားဖို့ပြင်လိုက်သည်။

"ဟွန်း ခုထိမလာသေးဘူး၊ မုန်းလိုက်တာ၊ ညွှာ တစ်ယောက်တည်းစားရင်လည်း ဒက်ဒီက ညွှာဘက်ကအကျင့်ယုတ်တယ် ထင်နေဦးမယ်"

ညွှာ စားမည်ပြင်ပြီးမှ ကင်းကိုစောင့်ချင်နေမိသည်။ ကင်းရောက်မလာသေး၍ ညွှာ့စိတ်တွေ အလိုမကျသလိုကြီး ဖြစ်နေရ၏။ ရှင်သက်သက် ဘဝင်ကိုင်နေတာပဲမဟုတ်လား။ ကြီးကျယ်နေတာပါ။ ညွှာတစ်ယောက်တည်း စားဖို့လည်းဝန်လေးနေရသည်။ ညွှာ သူ့ကိုမုန်းပစ်ချင်တယ်။ အဖက်မတန်သလိုလုပ်ပစ်ရမယ်။ ကင်းရှင်ဘာဖြစ်လို့ မလာသေးတာလဲ။ ညွှာ ကိုယ်တိုင်က စောင့်ချင်နေတာလား။ ညွှာ့ နှုတ်ခမ်းဖူးဖူးလေးက စူထော်နေမိသည်။

"ရွှေသဲညွှာ မင်းက ကိုယ့်ကိုစောင့်နေတာလား"

"ဘာ"

"ရွှေသဲညွှာ ဘာဖြစ်လို့မစားသေးတာလဲ၊ အန်ကယ်နဲ့မမရော"

"ကျွန်မ အခုပဲရောက်လာတာ စားမလို့လေ"

ကင်းမျက်ဝန်းတွေက အေးစက်စက်မာကျောကျောနှင့် ဖြစ်နေ၍ ညွှာဒေါသထွက်ရသည်။ ရှင့်ပုံစံက ကျွန်မကို စိတ်မဝင်စားဘူးပေါ့လေ။ ကြီးကျယ်လိုက်တာ။ ရှင့်ချစ်သူက ပညာပဲတတ်

တာ။ ကျွန်မလောက် လှလို့လား။ ညှာတစ်ယောက်တည်း စိတ်ထဲမှ ဒေါသတကြီး ရန်တွေ့နေမိသည်။

“ဒီနေ့ရော ကိုယ့်ကားနဲ့ မင်း မလိုက်ရင်လည်းနေလေ၊ မင်းမှာ ကားရှိနေတာပဲ၊ ကိုယ်တိုင်ပဲမောင်းသွားပါ”

“ဘာရှင့်”

“ဘာဖြစ်လို့လဲ”

ညှာ ဘာဖြစ်လို့များ ဒေါသတွေထွက်သွားရတာလဲ။ ညှာကားနဲ့ညှာ သွားလို့ရတာပဲလေ။ ကျွန်မမိဘပိုင်တဲ့ကားကို ရှင်က စီးနေပြီး ရှင်က အထက်စီးကပြောနေချင်တယ်။ အလိုမကျသလိုဖြစ် သွားရတဲ့ ညှာ့စိတ်တွေကို ပြန်၍ထိန်းချုပ်လိုက်ရသည်။ ကော်ဖီနှင့် မုန့်ကိုပဲစားနေလိုက်၏။ ကင်းကလည်း အေးစက်စွာ စားနေသည်။

“ကိုယ် သွားတော့မယ် ရွှေသဲညှာ၊ အန်ကယ့်ကို ကိုယ် ပြောလိုက်ပါပြီ၊ မင်းကားနဲ့ပဲ မင်းသွားပါစေလို့”

“ဒီမှာ”

“ပြော”

“ဒီတိုက်က ကျွန်မမိဘတွေပိုင်တဲ့တိုက်နော်၊ ကားတွေ ကရော ကျွန်မမိဘတွေပိုင်တာပဲလေ၊ ရှင်တို့က အချောင်ကပ်နေတာ ပါ၊ ရှင် စကားပြောရင် အထက်စီးကနေ မပြောပါနဲ့”

“ကိုယ်သွားပြီ”





“ဒီမှာ”

သူ ထသွားသည်။ ညှာ ဒေါသတွေနှင့် ကင်းရဲ့ကျောပြင် ကို ငေးမောကြည့်မိနေသည်။

“ကင်းက ယောကျ်ားပီသတဲ့ ယောကျ်ားတစ်ယောက်ပဲ၊ သမီးညှာ လက်ထပ်ခွင့်ရတာ ကံကောင်းပါတယ်လေ”

ဒက်ဒီ့စကားတွေကို ညှာ ကြားမိနေပြီ။ ကင်းရဲ့ မထီမဲ့ မြင်ပြုမှုတွေအတွက် ဒေါသတွေပေါက်ကွဲပစ်ချင်လာရသည်။ ကော်ဖီ ကို ကင်းသောက်မသွားခဲ့။ ကင်းပုံစံက ညှာ့ကို အရှုံးမပေးတဲ့ပုံစံ။ ညှာနဲ့ မုန်းလိုက်တာ။ ရှင်တို့လိုလူမျိုးတွေက ဒီလိုပဲလား။ ညှာလည်း ကော်ဖီကိုဆက်မသောက်ဘဲ ရပ်ပစ်လိုက်သည်။ သူများအိမ်မှာကပ် နေရတဲ့လူတွေဆိုတော့ မမြင်မတွေ့ဘူးတော့ မိုးမမြင်လေမမြင် ဖြစ်နေမှာပေါ့လေ။ ညှာ ဒေါသတကြီးနှင့် အပြင်ထွက်လာခဲ့သည်။

“သမီးညှာ”

“ဒက်ဒီ”

“ကင်းနဲ့ဘာပြဿနာတွေတက်လဲ၊ ဒက်ဒီ သမီးကို ပြောထားတယ်မဟုတ်လား၊ ကိုယ့်အိမ်မှာလာနေရတယ်ဆိုပြီး အထက်စီးကနေ မဆက်ဆံရဘူးလို့”

ကင်း ဒက်ဒီ့ကို အတို့အထောင်ပြောတာပဲဖြစ်မည်။ ကင်းနှာကလည်း ဒက်ဒီ့ကို တို့ထောင်နေမှာပဲ။ ရှင်တို့ သူများအိမ်

မှာကပ်နေပြီး တော်တော်မာနထောင်လွှားနေကြတာပါလား။ ဒက်ဒီ့ အကြည့်တွေက မာထန်နေသည်။

“သူက ညှာ့ကိုထားခဲ့တာပါ ဒက်ဒီ၊ ညှာ့ကားနဲ့ပဲ သွားတော့တဲ့၊ ညှာ ဘာမှမောက်မောက်မာမာ မဆက်ဆံပါဘူး။ မာမီနန္ဒာလည်း ညှာဘက်က ဘယ်လောက်အထိ အလျှော့ပေးဆက်ဆံလဲဆိုတာ အသိဆုံးပါပဲနော်”

“ဟုတ် ဟုတ်ပါတယ် အစ်ကိုကြီးရယ်၊ ညှာ့မှာ အပြစ်မရှိပါဘူး၊ ကင်းက လွတ်လွတ်လပ်လပ်သွားချင်တာဖြစ်မှာပါ”

ဒက်ဒီရှေ့မှာ မမြနန္ဒာအား ရိုကျိုးတဲ့ပုံစံလေးဖြစ်သွားအောင် လုပ်မိသွားတဲ့အတွက် ညှာ ပီတိတွေဖြစ်ရသည်။ ရှင်ကြီး သဘောကောင်းချင်ယောင်ဆောင်နေတာပဲ မဟုတ်လား။ ပျော်လိုက်တာ ညှာ့နှုတ်ခမ်းလေးတွေက ပြုံးယောင်သမ်းနေသည်။

“ဒက်ဒီ ညှာ့အတွက် စိတ်ထဲမှာဘာမှမဖြစ်ပါနဲ့နော် ကင်းနဲ့ပဲလိုက်သွားပါ့မယ်နော်”

“အေး အေး”

ညှာ အိတ်ကလေးလွယ်ပြီး ခြံထဲဆင်းလာခဲ့သည်။ ကင်းက ကားစက်နိူးပြီးမောင်းထွက်သွားတော့၏။ ညှာ လက်ထ လေးပြပြီးတားတာပင် မကြည့်တော့။ ရှင် တမင်တကာ မောင်းထွက်သွားတာမဟုတ်လား ကင်း။ ကြည့်စမ်း ညှာ့ကိုအရေးမစိုက်တဲ့





သဘောပဲ။ ညှာ ဒေါသတကြီးနှင့် သူမကားဆီကို လျှောက်လာခဲ့သည်။ ဒက်ဒီက ကင်းကားကို မတားလိုက်ဘူးလားဟု ညှာ့ကို ဆူချင်နေ၏။ ညှာ မျက်နှာလေးပုပ်သိုးသိုးလေးဖြစ်နေသည်။

“ဒက်ဒီ သူကတမင်မောင်းထွက်သွားတာလေ၊ ညှာ တားနေတာပဲဟာ”

“မမြင်လို့ဖြစ်မယ်ထင်တယ်သမီး၊ ဒီနေ့တော့ ကိုယ့်ကားနဲ့ကိုယ်ပဲသွားလိုက်၊ ကင်းအပေါ် မာရေကျောရေ မဆက်ဆံနဲ့လေ”

“ဟွန်း”

ညှာ မကျေမနပ်နှင့်ကားလေးကို မောင်းထွက်လာခဲ့သည်။ ကင်း ရှင်တော်တော်လူပါးဝတာပဲ။ ညှာ့ကိုအနိုင်ကျင့်တာ။ ရှင့်အစ်မ ကျွန်မဒက်ဒီကို ပိုင်တယ်ဆိုပြီး မောင်းထွက်သွားတာပဲ။ ရှင့်ချစ်သူနဲ့ လွတ်လွတ်လပ်လပ်တွေ့ဖို့ မဟုတ်လား။ ညှာ ဒေါသတကြီးနှင့် ကားကို မောင်းထွက်လာခဲ့မိသည်။

▯

## အခန်း (၁၄)

ကင်း မှားသွားပြီလားတော့မသိတော့ဘူး။ ရွှေသဲညှာ ဘယ်လိုစိတ်ပြောင်းသွားပြီး သူ့ကားနဲ့လိုက်ဖို့တားရတာလဲ။ ကင်း တမင်တွေ့လျက်နှင့် မောင်းထွက်လာခဲ့မိသည်။ ကင်း နောင်တရနေမိသည်။ ညှာ့ကိုလည်း သနားကြင်နာနေမိ၏။ ကင်းစိတ်တွေ ပြောင်းလဲသွားပြီလား။ ရွှေသဲညှာအပေါ် သံယောဇဉ်မတွယ်မိစေနဲ့။ မချစ်မိစေနဲ့။ ဒီကောင်မလေးက ကင်းကို အထင်သေးနေတာပါ။ မုန်းတီးနေတာပါ။ ကင်းကို ဘဝတစ်သက်တာလုံး စိတ်သောက တွေပေးတော့မှာပါ။ မမနန္ဒာက ညှာဖခင် မုဆိုးဖိုတစ်ယောက်ကို လက်ထပ်မိတာ အမှားတွေလား။ မမနန္ဒာလည်း ကိုယ်ကျင့်တရား ပျက်ပြားနေတဲ့ မိန်းမတစ်ယောက်မဟုတ်ပါဘူး ညှာ။ မောင်လေး အတွက်ပါ။ ကင်းကို ချမ်းချမ်းသာသာနဲ့ ပြည့်ပြည့်စုံစုံနေစေချင်





တာပါ။ ကင်းပညာရေးအတွက်ပါ။ ကင်း အပြစ်မတင်ရက်။ ညှာ့ကိုရော ကင်း နားလည်မိနေသည်။ မင်းအလွန်အမင်းခံစားနေရမှာပါ ညှာရယ်။ ကင်းမမအပေါ် အနိုင်ကျင့်ချင်တိုင်းကျင့်နေမှာစိုးလို့ အရှုံးမပေးတာပါ။ မင်းရဲ့အထင်သေးနှိမ်ချမှုတွေကို မခံယူနိုင်ဘူး။ ကင်းက ယောကျ်ားပါညှာ။ ကင်းစိတ်တွေ မပြတ်သားဘဲဖြစ်နေသည်။ သူ့စိတ်တွေ မတည်ငြိမ်တော့ ကားကိုရပ်ပစ်လိုက်သည်။

“ကင်း”

“ဟင် အချစ်”

“ကင်း ဘာတွေဖြစ်နေတာလဲ၊ ဘာစိတ်ညစ်စရာတွေနဲ့ ရင်ဆိုင်နေရလဲ”

“အချစ်”

“ကင်း”

“ကိုယ့်ကို လက်ထပ်မလား”

“ဟင် ကင်း”

ကင်းစိတ်တွေ ယောက်ယက်ခတ်နေတာ အချစ်သိနေသည်။ အချစ်ကို ကင်းက မချစ်ပါဘူး။ သူငယ်ချင်းတစ်ယောက် လို့ပဲ ခင်မင်နေတာပါ။ ကင်း မျက်ဝန်းတွေရီဝေစိုစွတ်နေ၏။ ကင်း ဘာတွေဖြစ်နေတာလဲ။ ကင်းတောင်းဆိုမှုကို မယုံကြည်နိုင်စွာ အချစ် မော့ကြည့်မိနေသည်။

"ကင်းက အချစ်ကိုလက်ထပ်ဖို့ ငြောင်းဆိုနေတာလား၊ ဟုတ်လား ကင်း"

"ဟင်"

အချစ်အသံတွေက မျှော်လင့်ချက်တွေနှင့် တက်ကြွနေခဲ့သော်လည်း မယ့် ကင်းယောင်ချာချာနှင့် ပြန်လည်ကြည့်မိနေသည်။ ကင်းစောစောက အဲဒီလိုပဲပြောခဲ့လား။ ကင်း အသိမဲ့နေသလို အချစ်ကို ကြည့်မိသည်။

"ကင်း"

"ကင်းကို ညွှာနဲ့လက်ထပ်ပေးဖို့ လူကြီးတွေက စီစဉ်နေပြီအချစ်"

"ဟင်"

"ကိုယ် ဘာလုပ်သင့်လဲ၊ မမနှာက အချစ်ကိုလက်ထပ်ပါတဲ့"

ကင်း မျက်ဝန်းတွေက အချစ်ကိုမချစ်ပါဘူး။ အေးစက်နေတယ်။ ကင်းက ယောကျ်ားပီသသူ။ ချမ်းသာတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ပြီး အချောင်ချမ်းသာချင်တာမဟုတ်။ အချစ်ဘက်ကတော့ ဘယ်လိုအနေအထားမျိုးပဲဖြစ်ဖြစ် ကင်းဆန္ဒပါပဲ။ အချစ်ငယ်စဉ်လေးတည်းက ကင်းအပေါ် သံယောဇဉ်တွယ်တာခဲ့ရတာပါနော်။ ကင်းအကြည့်တွေက အဝေးသို့ရောက်နေသည်။





"အချစ်"

"ဟင်"

"စောစောက ကိုယ်ပြောခဲ့တဲ့စကားတွေကို ပြန်ရုပ်သိမ်းပါတယ်၊ ကိုယ့်စိတ်တွေ လှုပ်ရှားသွားရလွန်းလို့ပါကွာနော်၊ ကိုယ့်နဲ့အချစ် သူငယ်ချင်းတွေပဲ"

ကင်း တကယ်တမ်းကျတော့ အချစ်နှင့်လက်ထပ်ဖို့ဆိုတာ ဆန္ဒမရှိဘဲဖြစ်နေရသည်။ တွေဝေနေခဲ့၏။ အချစ်မပါတဲ့ အိမ်ထောင်တစ်ခုကို မတည်ဆောက်လိုပေ။ ကင်းစိတ်တွေထဲမှာ ညွှာက မသိမသာလွှမ်းမိုးနေသည်။ ညွှာပဲရှိနေ၏။ မေ့ပစ်လို့မရခဲ့။ ညွှာစိတ်ဆိုးဒေါသထွက်အောင် လုပ်မိပြီဟုပဲ နောင်တတွေရနေသည်။

"အချစ် ကားပေါ်တက်လေ၊ ကျေးဇူးတင်ပါတယ်၊ အချစ်ရှာ ကိုယ့်စိတ်တွေ အလောတကြီးဖြစ်သွားရတယ်၊ တောင်းပန်ပါတယ်နော် အချစ်"

"ရပါတယ် ကင်းရယ်၊ အချစ်လည်း ကင်းဆန္ဒပါပဲ၊ အချစ် အဆင်ပြေပါတယ်လေ"

"ကိုယ်တို့အတန်းသွားတက်ကြရအောင်နော် အချစ်"

ကင်းပဲ မတရားတာလား။ အချစ်ကိုအားနာမိပေမယ့် သူ အချစ်ကိုမချစ်ပေ။ အတန်းသွားတက်ကြတော့လည်း ကင်းစိတ်တွေက ညွှာဆီပဲရောက်နေ၏။ ညွှာကို တွေ့ချင်နေသည်။ အတန်းပြီး

တော့ ညှာ့ဆီ သူ ယောင်တောင်တောင်နှင့် ဖုန်းဆက်မိသည်။

"ဘာလဲ ရှင်ကများ ရာရာစစ ကျွန်မဆီဘာဖြစ်လို့ ဖုန်းဆက်ရတာလဲ"

သူမ အော်ဟစ်နေသည်။ ကင်းလည်း ညှာ အဆင်ပြေမှ ပြေပါ့မလားဆိုပြီး စိတ်ပူပြီး ဖုန်းဆက်မိ၏။ ညှာက ဒေါသတကြီး အော်ဟစ်တော့ ကင်း ရယ်ပစ်လိုက်သည်။

"ရှင် ဘာရယ်နေတာလဲ၊ ကျွန်မကို ဘာဖြစ်လို့ လှောင်ပြောင်ရယ်မောနေရတာလဲ၊ ရှင် တော်တော်ပျော်နေလား၊ ဟင် ကင်း၊ ရှင်သိပ်ပျော်နေလား"

ညှာ ဒေါသတကြီးနှင့် ပြောပစ်လိုက်သည်။ ကင်း ဖုန်းဆက်သဖြင့် ညှာ တမင်သက်သက် သူမကို စိတ်သောကရောက်အောင် လုပ်နေသည်ဟု ထင်မိနေ၏။ မုန်းလိုက်တာ။ ဒေါသဖြစ်နေရ၏ ကင်း ရယ်နေသည်။

"မင်း အဆင်ပြေရဲ့လား ညှာ၊ ကိုယ် ဘာကူညီရမလဲ"

"မလိုဘူး၊ ရှင့်အကူအညီဘာမှမလိုဘူး၊ ရှင် အခုလောလောဆို ရှင့်ချစ်သူနဲ့ အရမ်းပျော်နေမှာပေါ့လေ"

"အင်း"

"ရှင်နော်"

"ညှာ"





"ဘာ ဘာညှာလဲ"

"ကိုယ်တို့ ငြိမ်းချမ်းရေးယူရအောင်"

"မယူဘူး၊ ရှင်နဲ့ ဘယ်တော့မှ ငြိမ်းချမ်းရေးမယူဘူး၊ မုန်းလို့"

"ညှာ့ကို တောင်းပန်မလို့ပါ"

"မလိုဘူး၊ ရှင်ဘာမှတောင်းပန်စရာမလိုဘူး"

"ကိုယ်နဲ့ညှာကို လူကြီးတွေက လက်ထပ်စေချင်ကြတယ်၊ ညှာ ငြင်းလိုက်နော်"

"မငြင်းဘူး"

"ဩော် ညှာက ကိုယ့်ကိုလက်ထပ်ချင်နေတာလား"

"ဘာ"

"ကိုယ်နဲ့လက်ထပ်ဖို့ကို မငြင်းဘူးဆို"

"ရှင်နော်"

"ငြင်းလိုက်ပါ ညှာ၊ အန်ကယ်က အတင်းစီစဉ်တော့မှာ၊ ညှာကမငြင်းဘူးတဲ့၊ လက်ထပ်မယ်ဆိုတော့ ကိုယ့်မှာက ချစ်သူရှိနေတယ်လေ"

"ရှင် ဖုန်းဆက်တာ အဲ့ဒီအကြောင်းတွေပြောဖို့လား ကင်း"

"ဟုတ်တယ်လေ"

"မငြင်းဘူး၊ ကျွန်မကတော့ ဒက်ဒီဆန္ဒပဲလေ၊ ရှင်ငြင်းပေါ့၊ ရှင်က စည်းစိမ်ဥစ္စာတွေကို မက်မောနေတာပဲ မဟုတ်လား၊ အဟွန်း ဟွန်း"

ညှာ ဖုန်းကိုပိတ်ပစ်လိုက်သည်။ အလကားလူ သူ့ချစ်သူနဲ့အကြည်ဆိုက်နေတာတောင် ရှင်က ကျွန်မနဲ့လက်ထပ်ဖို့ မငြင်းချင်သေးဘူး။ ညှာ စိတ်တွေထဲမှာတော့ ကင်းက တကူးတက ဖုန်းဆက်လာ၍ ကျေနပ်ပျော်ရွှင်မိနေသည်။

"ညှာ"

"ဟင်"

"ရှင် ဘာတွေပြုံးနေတာလဲ"

"မုန်းလို့"

"မဖြစ်နိုင်ပါဘူး၊ ကိုလူချောက ဖုန်းဆက်လို့ ညှာ ပီတိတွေကြိတ်ဖြစ်နေတာမဟုတ်လားလို့"

"ရှင်နော်"

သူငယ်ချင်းက စနောက်နေတာတောင် ညှာ ပြုံးနေလိုက်သည်။ ကိုလူချောတဲ့ မုန်းလိုက်တာ။ အေးစက်မာကျောပြီး လူကိုမထေမဲ့မြင်နေတတ်တဲ့သူ့ကို ညှာ ဘယ်လိုပညာပေးရမလဲဆိုတာပဲ စဉ်းစားနေသည်။

"ရှင် တကယ်ပဲ ကင်းကိုလက်ထပ်မှာလား ညှာ"





"ဟုတ်တယ်လေ၊ ညှာက ဘာဖြစ်လို့ ငြင်းမှာလဲ၊ ဒက်ဒီကို ညှာ့ဘက်က အမြဲတမ်းလိုက်လျောခဲ့တယ်ဆိုတာ ပြရမယ်"

"ညှာ"

"ဟင်"

"ကင်းကို ညှာ လုံးဝစိတ်မဝင်စားဘူးလား"

"ဟင့်အင်း"

"အဲဒီလိုကြီးတော့ လက်မထပ်ပါနဲ့ဟယ်၊ ငြင်းလိုက်ပါ၊ တစ်နေ့ကျတော့ အဓိကကြေကွဲထိခိုက်ရတာက မိန်းမတွေပဲဟ"

"မသိဘူး၊ ညှာက ငြင်းလည်း ဒက်ဒီက အတင်းအကြပ်လက်ထပ်ပေးမှာပဲလေ၊ ကင်းကို အရမ်းအထင်ကြီးပြီး သမက်တော်ချင်နေတာဟ"

"ညှာ့ဒက်ဒီရဲ့ ရွေးချယ်မှုက မမှားပါဘူး"

"ဘာ"

"ကင်းက ရုပ်ချောတယ်၊ တည်ကြည်တယ်၊ ပညာတတ်တယ်"

"အဲ့ဒါတွေက ယောကျ်ားတစ်ယောက်ရဲ့ အရည်အချင်းတွေလားဟဲ့၊ မိန်းမတစ်ယောက်အားကိုးအားထားပြုရမယ့် ကောင်းခြင်းလက္ခဏာတွေလားဟင်"

"အကောင်းပြောနေတာနော် ညှာ၊ ရှင်ပဲ တစ်နေ့ကျရင်

ကင်းကို အစွဲကြီးစွဲ အချစ်ကြီးချစ်ပြီး ရင်ကွဲနာကျနေမယ်"

"ဝေးသေးတယ်"

"ဘယ်လောက်ပဲ မချစ်ကြဘဲ လူကြီးမိဘတွေသဘောတူလို့ လက်ထပ်ကြရပါစေ၊ လက်ထပ်ပြီး အတူနေရင် မိန်းကလေးက သံယောဇဉ်တွယ်ပြီး ချစ်တတ်သွားကြတယ်တဲ့ ညှာ"

ညှာ နည်းနည်းတော့ လက်ခံရမလိုဖြစ်သွားရသည်။ ကင်းကို ညှာ မမုန်းမိ။ အဲ့ဒါကိုပဲ ညှာ မကျေမနပ်ဖြစ်မိတာပါ။ ချစ်လို့မဖြစ်ဘူး။ ရှင်တို့မောင်နှမက အချောင်သမားတွေ။ ကျွန်မဒက်ဒီကို အပိုင်စည်းရုံးသိမ်းသွင်းပြီး မာမီ့ဘဝကိုပါ ဖျက်ဆီးပစ်လိုက်တာပဲ။ မာမီက အိမ်ရှင်မပီသသူ။ ယောက်ျားအပေါ် ကျိုးနွံသူ။ ဒက်ဒီရဲ့ ဥပေက္ခာတွေကို ရင်မှာပိုက်ပြီး အိမ်ထောင်ရေးသောကတွေကို ခံစားနေရသူပဲ။ ညှာ့စိတ်တွေကို ထိန်းချုပ်ရမယ်။ ရှင့်ကို ကျွန်မ ကောင်းကောင်းလက်စားချေရမယ်။ ညှာ စိတ်တွေကို ထိန်းချုပ်ရမယ်။ ရှင့်ကို ကျွန်မ ကောင်းကောင်းလက်စားချေရမယ်။ ညှာ့ နှုတ်ခမ်းသားလေးကို တင်းတင်းစေ့ကပ်ထားမိသည်။

"ညှာ သွားတော့မယ်"

"ဟဲ့ ညှာ"

"ဘာလဲ"

"ပြန်တော့မလို့လား၊ ညစာကို အပြင်မှာသွားစားကြမယ်လေ"

"ဟင့်အင်း"

"ဘာဖြစ်တာလဲဟ"

"အိမ်ပဲပြန်တော့မယ်"

"ကင်းကြောင့်လား"

"တော်စမ်းပါ"

ညှာ အိမ်ပဲပြန်ချင်နေမိသည်။ ကင်းကြောင့်တော့မဟုတ်ပါဘူး။ ဟုတ်နေမလားဘဲ။ ကင်းကိုမုန်းတယ်။ အမြင်ကတ်လိုက်တာ။ ညှာ အိမ်ပြန်လာခဲ့သည်။ ကင်းနှင့်အတူတူဖြစ်နေ၍ ညှာ့မျက်နှာလေးက သုန်မှုန်သွားရ၏။

"မင်း ပြန်တာစောလှချည်လား ညှာ"

"ဟွန်း"

"ညှာ"

"ဘာလဲ"

"ကိုယ်က မင်းကို မိတ်ဆွေလိုဆက်ဆံချင်တာပါ၊ တစ်အိမ်ထဲသားချင်း မိသားစုတွေလေ"

"ဘာမိသားစုလဲ၊ ရှင့်ကို မိသားစုလို့ သဘောမထားပါဘူး"

"ကိုယ်က မင်းနဲ့လက်ထပ်ရတော့မယ် သတို့သား

လောင်းလေ"

"ဘာ"

သူမလက်ကို ဒေါသတကြီးမြှောက်လိုက်စဉ် သူက ဆတ်ခနဲ ဆုပ်ကိုင်လိုက်သည်။

"ရှင် ဘာလုပ်တာလဲ"

"မင်း လက်မြန်ခြေမြန်မလုပ်နဲ့နော်၊ ဟိုမှာ မင်းဒက်ဒီ ဆင်းလာပြီ"

"ဟင်"

ဒက်ဒီထွက်လာသဖြင့် ညှာ ငြိမ်နေလိုက်ရသည်။ ညှာ့လက်ကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်ထားသဖြင့် ဆတ်ခနဲရုန်းဖယ်ပစ်လိုက်သည်။ ဒက်ဒီကလည်း အနားသို့ရောက်လာသည်။

"သမီးညှာနဲ့ကင်း အထဲဝင်ကြလေ၊ ညစာစားကြရအောင်၊ ရေချိုးကြတော့လေ"

"ဟုတ်ကဲ့"

ကင်းလည်း မထင်မှတ်ဘဲ ညှာ့လက်ကို ဆုပ်ကိုင်ထားမိပြီး အားနာသွားရသည်။ ညှာ မကျေမနပ်နှင့် အထဲဝင်သွား၏။ မမနန္ဒာလည်း ကင်းအနားရောက်လာသည်။

"ကင်း"

"ဟင် မမ"





"ညှာနဲ့"

"မဟုတ်ပါဘူး မမ၊ ညှာ့ကို ကင်းလက်မထပ်ပါဘူး၊ ကင်း ငြင်းမှာပါ"

"အချစ်နဲ့ပဲလက်ထပ်လိုက်ပါလား ကင်းရယ်၊ ညှာ့ကို မမကြောက်တယ်၊ ဟန်ဆောင်နေတာ ညှာ မမတို့ဘက်က သဘောဆိုးတဲ့သူတွေဖြစ်အောင် လုပ်ပြနေတာပဲ"

မမနန္ဒာကတော့ ရွှေသဲညှာအားကြောက်ရွံ့နေသည်။ ကင်းကို အချစ်နှင့်လက်ထပ်လိုက်ဖို့ပဲ အထပ်ထပ်ပြောနေခဲ့၏။ ကင်းကတော့ အချစ်ကိုမချစ်မိ။ သူငယ်ချင်းအဖြစ်ပဲ ခင်မင်နေသည်။

"ညှာ့ကိုမချစ်မိစေနဲ့နော်၊ မမလေ ကင်း ပညာဆက်သင်ဖို့အတွက်သာ အစ်ကိုကြီးကို လက်ထပ်ခဲ့တာပါ၊ မမ နောင်တတွေ ရနေပြီ"

နန္ဒာ စိတ်ရှုပ်နေမိသည်။ အစ်ကိုကြီးက နန္ဒာ့ကိုချစ်ပေမယ့် အိမ်ထဲမှာပဲ ထိန်းချုပ်ထားတတ်တာ နန္ဒာမနှစ်သက်မိ။ မောင်လေး ကင်း ပြည့်ပြည့်စုံစုံနေရသော်လည်း ညှာက ကြောက်စရာကောင်းနေ၏။ ဖခင်ရှေ့မှာတစ်မျိုး နောက်ကွယ်မှာတစ်မျိုးဖြစ်နေသည်။

"ကင်းနဲ့ အချစ်လက်ထပ်ပြီး မမအတွက် အစ်ကိုကြီး ဝယ်ပေးထားတဲ့အခန်းမှာ နေကြပါ၊ မမငွေကြေးထောက်ပံ့နိုင်အောင်

ကြိုးစားမယ်လေ"

"အထဲဝင်ကြစို့ မမ"

ကင်းကိုယ်ကင်းပင် နားမလည်နိုင်စွာ မမဆန္ဒတွေကို လိုက်လျောနိုင်ခြင်းမရှိဘဲ ဖြစ်နေသည်။

❀ ▫ ❀



# အခန်း (၁၅)

"နန္ဒာ"

"ရှင် အစ်ကိုကြီး"

"သမီးညာနဲ့ ကင်းတို့မင်္ဂလာပွဲကိစ္စ ဘယ်လိုလုပ်စေချင်လဲကွာ"

"ပြောလေ"

"သမီးညာက လက်ခံတယ်ဆိုတာဟုတ်ရဲ့လားဟင်၊ နန္ဒာအနေနဲ့ အစ်ကိုကြီးကို လက်ထပ်ခဲ့တာ၊ မောင်လေးကင်း ပညာဆက်သင်နိုင်ရေးနဲ့ နန္ဒာမထားနိုင်တဲ့ဘဝလေးဖြစ်စေဖို့ပါပဲ၊ ညာနဲ့လက်ထပ်ဖို့ကိစ္စက ညာ့ဆန္ဒအမှန်တကယ်ပဲ ဖြစ်စေချင်လို့ပါ"

"သမီးညာက လက်ခံနေပြီပဲ နန္ဒာ့အကြောင်း အစ်ကိုကြီး အသိဆုံးပါကွာ၊ ကင်းကို အစ်ကိုကြီး သဘောကျတယ်၊ နန္ဒာ

အမြန်ဆုံးစီစဉ်ပါ”

ဒုက္ခပါပဲ။ နန္ဒာက ညာနှင့်ကင်းကို လက်မထပ်စေချင်ပေ။ ညာ့ကိုကြောက်လို့ပါ။ အစ်ကိုကြီးက တားမရ။ လက်ထပ်ပွဲအတွက် စီစဉ်တော့လေတဲ့။ နန္ဒာ မစီစဉ်ပါဘူး။ ကင်းကလည်း အချစ်နှင့်လက်ထပ်ဖို့ ငြင်းချင်နေသည်။ သူငယ်ချင်းလိုပဲ ခင်တယ်တဲ့။ စိတ်ညစ်နေရ၏။ အစ်ကိုကြီးစကားကိုလည်း နန္ဒာ မလွန်ဆန်နိုင်။ ကင်းအတွက်ပါ ချမ်းသာကြွယ်ဝတဲ့ဘဝလေးမှာ နေစေချင်သေးတယ်။ နန္ဒာ့စိတ်တွေ မွန်းကြပ်နေသည်။

“စေ့စပ်ပွဲတော့ မလုပ်တော့ဘူး၊ မင်္ဂလာပွဲကို အကောင်းဆုံးဟိုတယ်မှာ အခမ်းနားဆုံးကျင်းပမယ်”

“အစ်ကိုကြီး”

“ဘာလဲ နန္ဒာ”

“မင်္ဂလာဆွမ်းပဲကျွေးပါ”

“နန္ဒာ ဘယ်လိုပြောလိုက်တာလဲ၊ အစ်ကိုကြီးမှာအဒီသမီးလေးပဲရှိတာပါ၊ အစ်ကိုကြီးကတော့ အခမ်းနားဆုံး ကျင်းပရမယ်”

နန္ဒာ မစီစဉ်ချင်ပါဘူး။ ညာက တစ်မျိုးထင်မှာလည်း စိုးမိသည်။ ဒီကောင်မလေး ကြောက်စရာကောင်း၏။ တစ်ချက်တစ်ချက် နန္ဒာတို့ကို မုန်းတီးရွံရှာတဲ့အကြည့်တွေနဲ့ ကြည့်တတ်၏။





နဂိုတည်းက နန္ဒာက စိတ်မလုံတာပါ။ အစ်ကိုကြီးက အကောင်းဆုံးဟိုတယ်ကြီးကို ဖုန်းဆက်နေသည်။ မင်္ဂလာပွဲအတွက် အခမ်းနားဆုံးဖြစ်စေရန် ကုမ္ပဏီတစ်ခုကို အပ်နေသည်။

“နန္ဒာက ဘာမှလုပ်တတ်မှာမဟုတ်ပါဘူး၊ အစ်ကိုကြီးပဲစီစဉ်မယ်၊ နန္ဒာဖြစ်စေချင်တဲ့ဆန္ဒပဲပြောလေ၊ ညာနဲ့ကင်း လက်ထပ်ပြီးတာနဲ့ လက်ဖွဲ့အဖြစ်ပေးလိုက်မယ်၊ အစ်ကိုကြီးတို့ကတော့ ခြံနဲ့တိုက်တစ်လုံး ထပ်ဝယ်ပြီးနေကြမယ်”

“နန္ဒာပစ္စည်းတွေ မမက်ပါဘူးနော်၊ မောင်လေးကင်းအတွက်ပါပဲနော်”

“အစ်ကိုကြီးလည်း ကင်းအတွက်ပဲလေ၊ ကင်းနဲ့သမီးလက်ထပ်လိုက်ရင် တခြားဘာမှအပိုတွေ မလုပ်ရတော့ဘူးပေါ့၊ အစ်ကိုကြီးကုမ္ပဏီမှာလည်း သမီးညာကို လွှဲပေးရမယ်”

“အစ်ကိုကြီးသဘောပါပဲလေ”

နန္ဒာ စိတ်ပင်ပန်းနေရသည်။ ပတ်ဝန်းကျင်ကို ရင်ဆိုင်ရတာကတစ်မျိုး၊ နန္ဒာ မုဆိုးဖိုတစ်ယောက်ကို လက်ထပ်ခဲ့ပေမယ့် ပတ်ဝန်းကျင်ကလူတွေအကြည့်က တစ်မျိုးပဲ။ စိမ်းစိမ်းကြီး ဖြစ်နိုင်ရင် မောင်လေးကင်းကို အချစ်နဲ့ပဲ လက်ထပ်စေချင်တာပါ။ ညာ့ကိုတော့ ကြောက်သည်။

“အစ်ကိုကြီးတို့ ညစာဆင်းစားရင်းနဲ့ လက်ထပ်ပွဲအစီ

အစဉ်တွေ ပြောကြရအောင်နော်"

"အင်း"

နန္ဒာကလည်း အစ်ကိုကြီးအိမ်မှာ ကပ်နေရတာဆိုတော့ ငြိမ်နေရသည်။ စိတ်မောလိုက်တာ။ ညွှာနှင့် မျက်နှာချင်းဆိုင်ရမှာပင် ကြောက်နေမိသည်။

"နန္ဒာ"

"ရှင်"

"စိတ်မပူနဲ့နော်၊ ကုမ္ပဏီတွေကို အပ်လိုက်ပြီ၊ အောက်ဆင်းပြီး ညစာစားကြစို့"

"ဟုတ်ကဲ့"

နန္ဒာ အောက်ထပ်ဆင်းပြီး ညစာအတွက် ပြင်နေသည်။ ချမ်းသာတဲ့ဘဝကို ပိုင်ထားပေမယ့် နန္ဒာ့စိတ်က မလုံပေ။ ညွှာ့ကို အကြောက်ဆုံးပဲ။ ကင်းကရော ညွှာ့ကို ချစ်နေပြီလား။ ညွှာနှင့် ရင်ဆိုင်ရမှာပင် ကြောက်လာမိသည်။ မိသားစုဝင်တွေ ရောက်လာကြ၏။ နန္ဒာ့ရင်တွေ တဒိတ်ဒိတ်ခုန်နေရသည်။

"သမီးညွှာ"

"ဟင်…ဒက်ဒီ"

"ကင်းကိုရော သမီးညွှာကိုရော ဒက်ဒီပြောစရာရှိတယ်"

"ပြောပါ အန်ကယ်"





"ညွှာနဲ့ကင်းတို့ မင်္ဂလာပွဲအတွက် ဒက်ဒီကုမ္ပဏီကို အခုပဲ အပ်လိုက်ပြီ"

"ဗျာ"

"ရှင်"

ကင်း နဲနဲတော့ လန့်သွားရသည်။ ညွှာ့မျက်ဝန်းအကြည့်တွေက တင်းမာနေ၏။ ကင်းကိုမချစ်ပေမယ့် မင်းလက်ခံလိုက်တာ ကင်းကို ဘဝတစ်သက်လုံး စိတ်သောကရောက်အောင် ဖန်တီးမလို့ပဲ မဟုတ်လား။ ကင်းကိုယ်တိုင်ရော အချစ်နှင့်လက်ထပ်ဖို့ ဝန်လေးနေတာ စဉ်းစားမရ။ ဦးမြတ်ညွှာ အစီအစဉ်တွေကို လက်ခံလိုက်မိသည်။

"ဒက်ဒီကတော့ အမြန်ဆုံးလက်ထပ်ဖို့ စီစဉ်မယ်၊ ဒီတိုက်နဲ့ခြံကို လက်ဖွဲ့မယ်"

ကင်း ရှင်ငြိမ်နေတယ်မဟုတ်လား။ ရှင်လိုချင်တာက ငွေကြေးစည်းစိမ်ဥစ္စာတွေလေ မာမီရယ်။ ညွှာ့ဘဝကို ညွှာ အရမ်းမုန်းလိုက်တာ။ အချောင်သမားတွေကို မုန်းတယ်။ ဒက်ဒီစီစဉ်သမျှ ညွှာ ငြိမ်နေမိသည်။

"မင်္ဂလာဝတ်စုံတွေရော မင်္ဂလာအခမ်းအနားကြီးတစ်ခုလုံး အကြီးကျယ်ဆုံးဖြစ်အောင် စီစဉ်ပေးမယ်"

"အဲဒီလောက်အထိ မလိုဘူးထင်ပါတယ် အန်ကယ်"

“လိုတယ် ကင်းရယ်၊ အန်ကယ့်မှာက ဒီသမီးလေး တစ်ယောက်ပဲရှိတာပါ၊ အန်ကယ်ပိုင်ဆိုင်သမျှလည်း ဒီသမီးလေး အတွက်ပဲ”

အမေနေရာမှာရော မာမီ့နာမည်ကို ထားမှာလား။ မမြနန္ဒာ နာမည်ပဲထည့်မှာပါ။ ညှာ ငြင်းပစ်လိုက်ရင် ကောင်းမလား။ ညှာ ကိုယ်တိုင်ရော ဘာဖြစ်လို့များ မငြင်းရတာလဲ။ ညှာလည်း ငြိမ်သက်နေမိသည်။

“ကင်း”

“ဗျာ”

“ကင်းအတွက်တော့ အန်ကယ်စိတ်မကောင်းပါဘူးကွာ အန်ကယ့်ဆန္ဒကို လိုက်လျောဖြည့်စွမ်းပေးတဲ့အတွက် ကျေးဇူးအများ ကြီးတင်ပါတယ်”

ညစာစားကြတော့ ညှာ ရှင်လန်းတက်ကြွနေတာ အံ့ဩ စရာပင်။ ဖခင်ရှေ့မှာ သဘောကောင်းချင်ယောင်ဆောင်နေတာပဲ ဖြစ်သည်။

“သားနဲ့သမီး အေးအေးဆေးဆေး စားသောက်ကြပါ စကားလည်းပြောကြဦး ဖြစ်ချင်တာလေးတွေလည်း တိုင်ပင်ကြဦး နော်”

“ဟုတ်ကဲ့ ဒက်ဒီ”





လူကြီးတွေထွက်သွားတော့ ကင်းနှင့်ညှာ နှစ်ယောက် တည်း ကျန်ခဲ့သည်။ ညှာ့မျက်ဝန်းတွေက ကင်းထံ မာထန်စွာ ရောက်ရှိလာသည်။

“သွားတော့မယ်”

“ထိုင်ဦး”

“ကိုယ့်ကို အမိန့်ပေးနေတာလား ညှာ၊ ကင်းက မိန်းမ တစ်ယောက်ရဲ့အမိန့်ကို နာခံတတ်တဲ့ကောင်မဟုတ်ဘူး၊ မင်း ဆင်ခြင်နေပါ ညှာ၊ ကိုယ်က မင်းခင်ပွန်းလောင်းဖစ်ရတော့မယ်ဆို တော့ လေးလေးစားစား ဆက်ဆံပါ”

“ရှင်…ရှင် အချောင်သမားပဲ၊ စည်းစိမ်ဥစ္စာတွေအတွက် နဲ့ ချစ်သူကိုတောင် စွန့်လွှတ်မယ်ပေါ့လေ”

ကင်း နားမထောင်တော့။ အပြင်ကိုထွက်လာခဲ့သည်။ ကင်း ကိုယ်တိုင်ရော ညှာ့ကိုလက်ထပ်ဖို့ မငြင်းဆန်ခဲ့ပေ။ ဘာဖြစ်လို့လဲ။ ညှာ့ကို သူ ချစ်နေပြီလား။ လသာဆောင် ဆီ ထွက်လာခဲ့သည်။

“ကင်း”

“ဟင် မမ”

“အချစ်နဲ့ပဲ လက်ထပ်လိုက်ပါလား ကင်းရယ်”

“မမ”

“ညှာက အရမ်းပဲကြောက်စရာကောင်းတယ်၊ မမ အရမ်းကြောက်တယ်”

“မမ”

“ဟင်”

“ကင်း ကင်းလေ ညှာ့ကို လက်ထပ်ဖို့ လက်ခံရတော့မယ်၊ အချစ်ကို ကင်းမချစ်ဘူး”

“ကင်း”

နန္ဒာလည်း ဘယ်လိုမှကန့်ကွက်ပြောဆိုနိုင်ခြင်းမရှိပေ။ နန္ဒာက အစ်ကိုကြီးကိုလက်ထပ်ခဲ့သည်။

“ညှာ့ကို ညှာ့ကို ကင်းချစ်နေပြီလား”

“မမ”

“မမ နောင်တရနေပြီ ကင်းရယ်၊ အစ်ကိုကြီးက မမကို ချစ်ပေမယ့် မမဘဝက အရုပ်ပဲ၊ အပြင်ထွက်ခွင့်လည်းမရှိဘူးလေ၊ ကင်းကိုလည်း စိတ်သောကတွေရောက်အောင်လုပ်မှာပါ”

“မမစိတ်အေးအေးနေပါ၊ ကင်းရှိပါတယ်”

“မင်း အချစ်ကို မချစ်ဘူးလား၊ အချစ်က ကင်းအတွက် အလိုအပ်ဆုံးမိန်းကလေးတစ်ယောက်ပါကွယ်”

နန္ဒာ စိတ်မောစွာဖြင့် ပြန့်၍ထွက်လာခဲ့မိသည်။ လှေကားပေါ်အတက်တွင် ညှာနှင့်ဆုံမိ၏။ ညှာ့မျက်ဝန်းတွေက တင်းမာ





ခက်ထန်နေသည်။

“ဒီမှာ”

“ဟင်”

“ရှင်က တော်တော်လည်တာပဲ၊ ကျွန်မအဖေကို အပိုင်ချုပ်ကိုင်ထားနိုင်ပြီ၊ အခု ရှင့်မောင်နဲ့လက်ထပ်ဖို့ပါ ဒက်ဒီကို တောင်းဆိုနေတာလား”

“ညှာ”

“ဘာညှာလဲ၊ ရှင့်မောင်ကလည်း ကျွန်မကိုလက်ထပ်ဖို့ ချစ်သူကိုတောင် စွန့်မယ်တဲ့လား”

“မမလေ မမ”

“မာမီပါ ဒက်ဒီ့ရှေ့မှာတော့ မာမီလို့ ရှင်ပဲ အရှက်မရှိ သုံးနှုန်းနေတာလေ”

နန္ဒာ သေချင်လောက်အောင် စိတ်ညစ်သွားရသည်။ ညှာ တော်တော်ဆိုးတဲ့ကောင်မလေးပဲ။ ပြောရက်လိုက်တာ။ ဖခင်ရှေ့မှာတော့ ဖြောင့်ဖြူးနေ၏။ ဒါကြောင့် ညှာ့ကိုကြောက်တာပါ။ နန္ဒာ ရှောင်ဖယ်ပြီး လှေကားထစ်တွေအတိုင်း တက်လာသည်။

“အချောင်သမားတွေ သူများမိသားစုကို ဖြိုခွဲပစ်တဲ့ လူတွေ မုန်းလိုက်တာ”

ညှာ ဘယ်လိုပြောလိုက်တာလဲ။ နန္ဒာ ခြေလှမ်းတွေပင်

ယိုင်ခွေသွားချင်သည်။ သူများမိသားစုကို ဖြိုခွဲတဲ့သူတဲ့။ နန္ဒာလက်ထပ်တာက မုန်းဆိုးဖို့ပါ။ ညာတို့သားအဖကိုလည်း မခွဲပါဘူး။ နန္ဒာ အိပ်ခန်းထဲပြန်ဝင်လာခဲ့သည်။

"နန္ဒာ"

"ဟင် အစ်ကိုကြီး"

"နန္ဒာ ဘာဖြစ်လာလို့လဲ၊ မျက်နှာလည်းမကောင်းပါလား"

"ဟင့်အင်း"

"ကင်းကြောင့်လား ကင်းက လက်ထပ်ပွဲကို ငြင်းနေလား"

"ညာရော အစ်ကိုကြီးရယ်၊ ညာလေးဆန္ဒလည်းအရေးကြီးတယ်၊ ညာ တစ်မျိုးထင်မှာကို နန္ဒာကြောက်တာပါ"

"သမီးညာက သဘောတူလက်ခံပြီပဲ နန္ဒာ၊ အစ်ကိုကြီး စီစဉ်တာကို လက်ခံပါ၊ ကင်း ငြင်းပယ်လည်း ဖွတ်အတင်းစီစဉ် ရလိမ့်မယ်၊ အကောင်းဆုံးစီစဉ်တာပဲလေ၊ ကင်းမှာ ချစ်သူရှိနေလည်း မတတ်နိုင်ဘူး"

"အစ်ကိုကြီး"

"ပြော"

"အစ်ကိုကြီးဇနီးက ဘယ်အချိန်က ဆုံးသွားတာလဲဟင်"





"ဘာဖြစ်လို့လဲ နန္ဒာ"

"နန္ဒာသိချင်လို့ပါ"

"မေးမနေနဲ့တော့ အိပ်ကြရအောင်၊ မင်္ဂလာပွဲအကြောင်းပဲ စဉ်းစားစမ်းပါ နန္ဒာရယ်နော်"

"နန္ဒာသိချင်နေပါတယ်၊ အစ်ကိုကြီးဇနီးက တကယ်ပဲ ဆုံးသွားတာလား"

"ဘာမှမသိချင်ပါနဲ့တော့ နန္ဒာရယ်၊ မေ့ထားပစ်လိုက်ကြရအောင်၊ အကောင်းဆုံးက သမီးညာနဲ့ ကင်းတို့လက်ထပ်မင်္ဂလာပွဲအတွက်ပဲ စီစဉ်လိုက်ကြရအောင်"

"အစ်ကိုကြီး"

"အိပ်တော့ နန္ဒာ"

နန္ဒာ နှုတ်ခမ်းလေးကိုပိတ်လိုက်သဖြင့် နန္ဒာဆက်မေးခွင့်မရတော့ပေ။ ညာက သူများမိသားစုကိုဖြိုကွဲအောင် လုပ်တဲ့လူတွေတဲ့။ ဘာကြောင့်လဲ။ ညာ့မာမီရော။ နန္ဒာ အိပ်လို့မရဖြစ်နေသည်။ မောင်လေးကင်းသာ သိရင်တော့မလွယ်ဘူး။ ရှက်မှာပဲ နန္ဒာ အိပ်ပျော်အောင် ကြိုးစားနေရသည်။

□

# အခန်း (၁၆)

ညွာကတော့ မမြနန္ဒာကို ပြောလိုက်ရသဖြင့် စိတ်ထဲမှာ ကျေနပ်သွားမိသည်။ မမြနန္ဒာက ဒက်ဒီ့ကို သွေးထိုးပေးနေတာပဲ ဖြစ်မှာပါ။ ကင်း ရှင်ရော။ ရှင့်ရုပ်နဲ့မလိုက်အောင် အချောင်သမား ပဲ။ ညွာ အိပ်ခန်းထဲဝင်လာခဲ့သည်။ ဒက်ဒီက လက်ထပ်မင်္ဂလာပွဲ အတွက် ကုမ္ပဏီကို အပ်လိုက်ပြီတဲ့။ ကင်းနဲ့ညွာ တကယ်ပဲ လက်ထပ်ရတော့မှာလား။ တွေးမိတိုင်း ညွာ ရင်ခုန်နေရ၏။ ကင်းနှင့်လက်ထပ်ဖို့ ညွာ ငြင်းသင့်လား။ မမြနန္ဒာကို ညွာ မုန်းတီး နေမိသည်။ ကင်းကရော အချောင်သမားပဲ။ ကင်းအကြောင်း မစဉ်းစားချင်ပေမယ့် ညွာ အိပ်ရာ၊ လှဲပစ်လိုက်သည်နှင့် ကင်းအကြောင်းတွေ စဉ်းစားမိနေသည်။

"ညွာ တကယ်ပဲ ကင်းကိုမချစ်ဘူးလားဟင်၊ လက်ထပ်





ပြီးအတူနေလိုက်ရင် သံယောဇဉ်တွယ်ပြီး ချစ်သွားကြတာပဲ"

သူငယ်ချင်းပြောတဲ့စကားတွေကို ကြားယောင်လာမိသည်။ ကင်းကို ညွာ ချစ်မိသွားမှာလား။ ဟွန်း မဖြစ်နိုင်ပါဘူး။ ရှင့်ကို ကျွန်မ လုံးဝမချစ်ဘူး။ ဘယ်တော့မှလည်း ချစ်မှာမဟုတ်ပါ။ မုန်းတယ် မုန်းနေမှာ။ ရှင့်ကို ဘယ်တော့မှမချစ်ဘူး။ ညွာ မျက်လုံး တွေကို မှိတ်ထားပေမယ့် ကင်းကိုပဲ မြင်ယောင်နေမိသည်။

"ကင်းလိုယောကျ်ားတစ်ယောက်ကို လက်ထပ်ခွင့်ရတာ သမီးညွာ ကံကောင်းတယ်၊ ကင်းက အားကိုးလောက်တဲ့ယောကျ်ား တစ်ယောက်ပဲ"

ဒက်ဒီကလည်း ကင်းကို အထင်ကြီးသည်။ ညွာရော သူ့အကြောင်းတွေ ဘာဖြစ်လို့များ စဉ်းစားနေရတာလဲ။ ကင်း အကြောင်းတွေးပြီး ညွာ ရင်ခုန်နေရသည်။ ညွာ အမုန်းဆုံးက မမြနန္ဒာပဲ။ မာမီ့ဘဝကို အဆိုးဆုံးဘဝရောက်အောင် ရှင် တွန်းပို့ လိုက်တာပါ။ ညွာ အိပ်ပျော်အောင် အတော်လေးကြိုးစားနေရသည်။

"ညွာ သမီးညွာ"

"ဟင်"

အခန်းအပြင်ဘက်မှာ ဒက်ဒီ့ခေါ်သံကြောင့် ညွာ လန့်နိုး သွားသည်။ နေရောင်က လင်းထိန်စွာ ညွာ့အခန်းထဲတိုးဝင်နေ၏။ ညွာ ထလိုက်၏။ ညဘက်ဆို ညွာ အိပ်လို့မရ။ ရှင့်အကြောင်းတွေ

ဘွေးနေလို့လေ။ သူမ တံခါးဖွင့်ပေးမိသည်။

"ညွှာ သမီးညွှာ"

"ဒက်ဒီ"

"ထတော့လေ ကင်း စောင့်နေတယ်"

"ဟင် ဘာဖြစ်လို့လဲ၊ သူက ညွှာ့ကို ဘာဖြစ်လို့ စောင့်နေရတာလဲ၊ ကင်းနဲ့ညွှာ အတူတူသွားမှာမှမဟုတ်တာ"

"အတူတူသွားရမယ် လက်ထပ်ပွဲစီစဉ်ပေးမယ့် ကုမ္ပဏီကို သွားရမယ်"

"ဒက်ဒီ"

"ထ သမီး ဘာဖြစ်လို့ နောက်ကျနေရတာလဲ၊ ကင်း စောင့်နေပြီ"

"ဟွန်း"

သူမထပြီး ရေချိုးခန်းထဲဝင်ပြီး ပြင်လိုက်သည်။ ကုမ္ပဏီကိုသွားရမယ်တဲ့။ မျက်နှာပူလိုက်တာနော်။ ဒက်ဒီကလည်း ညွှာနဲ့ ကင်းကို တော်တော်တွဲနေစေချင်တာပဲ။ ညွှာ ဘယ်လိုလုပ်ရမလဲ။ ညွှာ ငြင်းလိုက်ရမလား။ ကင်းနဲ့လက်ထပ်ရတော့မယ်။ သူမ စိတ်တွေလှုပ်ရှားနေရသည်။ ညွှာ အောက်ကိုရောက်လာတော့ ကင်း ကားထဲမှာ စောင့်နေ၏။ ညွှာ တကယ်တမ်း မျက်နှာချင်းဆိုင်ရမည် ဆိုတော့ မျက်နှာပူနေမိသည်။





"ရှင် ကျွန်မကို စောင့်နေတာလား"

"အင်း"

"ကျွန်မကားနဲ့ ကျွန်မသွားမယ်"

"မင်းသဘောပဲ"

"ရှင် ရှင်"

"ဘာဖြစ်လို့လဲ"

"ရှင် ကျွန်မကို စိတ်သောကရောက်အောင် လုပ်နေတာလား"

"ဘာဖြစ်လို့လဲ"

"ကျွန်မ ရှင့်ကားနဲ့ပဲလိုက်မယ်"

"သဘောပဲ"

"ဘာရှင့်"

"ညွှာ မင်းတစ်ယောက်တည်း ဘာတွေဖြစ်နေတာလဲ၊ ကိုယ့်ကိုမကျေနပ်တာလား"

"တော်ပြီ ရှင်နဲ့ဘာမှ မပြောချင်တော့ဘူး၊ မောင်း"

အပေါ်ထပ်ပြတင်းပေါက်မှ ဒက်ဒီရပ်ကြည့်နေသဖြင့် ညွှာ ကားပေါ်တက်ထိုင်လိုက်ရသည်။ ကင်း ရှင်က ညွှာ့ကို ညှင်းပမ်းနှိပ်စက်ဖို့ တမင်လက်ထပ်ဘာမဟုတ်လား။ သူက ဘယ်ကိုမှ မကြည့်ဘဲ ကားမောင်းနေသည်။

“ဒီမှာ”

“ဟင်”

“ဒက်ဒီက ရှင့်ကို ဘာပြောလိုက်လဲ”

“မပြောဘူး”

ဒုက္ခပါပဲ။ သူနှင့်ညှာ မင်္ဂလာပွဲကိစ္စဆောင်ရွက်ပေးမည့် ကုမ္ပဏီကိုသွားရမှာ ညှာပဲသိသည်။ ဘယ်လိုပြောရမလဲ။ ဒက်ဒီက ညှာ့ကိုမှာလိုက်တာပဲ။ သူ့ကို ဘယ်လိုပြောရမလဲ။ သေချင်လိုက်တာ။ ရှင်သိသိကြီးနဲ့ တမင်မသိချင်ယောင်ဆောင်နေတာပဲ မဟုတ်လား။ ညှာ ဘယ်လိုစပြောရမှန်းမသိ ဖြစ်နေသည်။

“အမိ”

“ဟင်”

“ဘယ်ကိုမောင်းပို့ပေးရမှာလဲ”

“ဒက်ဒီပြောတဲ့နေရာ”

“ဘာ”

“ရှင့်ကို ဒက်ဒီပြောလိုက်တယ်မဟုတ်လား”

“မပြောပါဘူး”

“ရှင် ရှင် တမင်မသိချင်ယောင်ဆောင်နေတာပဲ၊ ရှင့်ကို ဒက်ဒီပြောလိုက်မှာပါ”

“မပြောပါဘူး ညှာ၊ ကိုယ် တကယ်မသိတာပါ”





အန်ကယ်ဦးမြတ်ညှာက ကင်းကို ဘာမှမပြောပေ။ ညှာ ဘာတွေပြောနေတာလဲ။ ညှာ့မျက်နှာ ပုပ်သိုးသိုးလေးကို သူကြည့်ရင်း ညှာ ရှက်နေသည်ဟု ထင်မိသည်။ သူ ကားကို လူရှင်းတဲ့ နေရာမှာ ရပ်လိုက်မိ၏။ ညှာက မျက်ဝန်းပြူးပြူး ဝိုင်းဝိုင်းလေးများဖြင့် ကြည့်နေသည်။

“ညှာ”

“ဟင်”

“ကိုယ် ညှာ့ကို ပွင့်ပွင့်လင်းလင်းမေးချင်တယ်”

“ဘာလဲ”

“ကိုယ်နဲ့လက်ထပ်ဖို့ကိစ္စ ညှာ အတော်လေး စိတ်ပင်ပန်းနေတယ်ထင်တယ်”

“ရှင်ကရော”

“မင်းဖြေပါ”

“အင်း”

“ဒါဆိုလည်း မင်္ဂလာကိစ္စတွေ စီစဉ်စရာမလိုပါဘူး၊ ကိုယ့်ဘက်ကပဲ အချစ်နဲ့လက်ထပ်လိုက်ပါ့မယ်”

“ဟင်”

“အန်ကယ် ဘာတွေပြောလိုက်လဲ”

“ရှင်”

"ကိုယ်တို့ကို ဘယ်သွားခိုင်းလိုက်တာလဲ"

"ဟို ဟို လက်ထပ်ပွဲစီစဉ်ပေးမယ့် ကုမ္ပဏီကို သွားခိုင်းတာပါ"

"သွားစရာမလိုတော့ပါဘူး"

"ရှင်"

"ကိုယ်တို့မှ တကယ်လက်မထပ်ကြတာပဲ"

"ဟို ဟို"

"အန်ကယ်ဦးမြတ်ညှာ ဆူမှာကြောက်လို့လား"

"အင်း"

"ကိုယ်- တာဝန်ယူပါတယ် ညှာ"

"ရှင်"

"အဲ့ဒီကုမ္ပဏီကို မသွားနဲ့တော့လေ"

ညှာ ဘယ်လိုပြောရမလဲ။ မင်္ဂလာပွဲဖျက်ပစ်ဖို့ကြတော့လည်း ညှာ မဖြစ်စေလိုပေ။ ကင်းက မာနကြီးလိုက်တာ။ သူမအား အတင်းအကြပ်လက်ထပ်မယ်လို့ ထင်မှတ်မိခဲ့တာပါ။ ဟွန်း ရှင် တမင်သက်သက် အိုက်တင်ခံနေတာပဲ။ ညှာ ငြိမ်သက်နေမိသည်။

"မင်းကို ကိုယ် အတင်းအကြပ်လက်မထပ်ချင်ပါဘူး ညှာ၊ မင်း အရမ်းစိတ်ညစ်နေတာလား"

"ရှင် ရှင် ရှင့်ချစ်သူနဲ့ လက်ထပ်ချင်တာမဟုတ်လား





"မင်းဆန္ဒကပဲ အရေးကြီးပါတယ် ညှာ"

ကင်းမှာ [redacted]ရှိနေတော့ ချစ်သူနှင့် လက်ထပ်သွားမှာလည်း ညှာ [redacted]လိုလား[redacted]ပေ။ [redacted] ညှာ့ဘက်ကနေ လက်ထပ်ဖို့ မငြင်းဘူးဆိုတာသိလို့ အကျင့်ယုတ်နေတာပါ။ ညှာကိုများ သူက လက်မထပ်ချင်ဘဲနေမလား။ ငွေကြေးချို့တဲ့သော ချစ်သူကို ရှင် စွန့်လွှတ်မှာပါ။ ညှာ တွေဝေစွာ ရပ်နေမိသည်။

"မင်း ကိုယ့်ကို လက်မထပ်ချင်ဘူးမဟုတ်လား၊ မင်းဒက်ဒီကြောင့် ကိုယ့်ကို လက်ထပ်မှာမဟုတ်လား"

"ဟုတ်တယ်"

"ကိုယ်တို့မင်္ဂလာပွဲကိစ္စတွေ မလုပ်တာအကောင်းဆုံးပဲထင်တယ် ညှာ"

"ဒက်ဒီဆူရင်တော့ ကျွန်မနဲ့မဆိုင်ဘူးနော်"

"အိုကေ"

"ဟွန်း"

"ဘာလဲ ရွှေသဲညှာ၊ ကိုယ်ဘာပဲလုပ်လုပ် မင်း အမြင်မှာ ဘော်တော်လေးအမြင်ကတ်စရာ ကောင်းနေတာလား"

"ကျွန်မကို သင်တန်းပဲပို့ပေးတော့၊ မင်္ဂလာပွဲကိစ္စကတော့ ရှင့်သဘောပဲ၊ ကျွန်မကတော့ မငြင်းဘူးနော်"

"ကိုယ် ရှင်းပါ့မယ်"

ညာ့စိတ်တွေက မကျေနပ်ဖိ။ ဘာကိုဒေါသဖြစ်ရမှန်းပင် မသိတော့။ ကင်း မာနကြီးနေသဖြင့် ညာ့ဘက်ကနေ အရှုံးပေးရ မလိုဖြစ်နေရသည်။ ကင်းက သင်တန်းကိုပြီး ပြန်ထွက်သွားတော့ ၏။ ဒက်ဒီ့ကိုတောင် မာနပြချင်နေတဲ့သဘောလား။ ညာ့စိတ်တွေ ဒေါသတွေနှင့် ပေါက်ကွဲတော့မတတ် ဖြစ်နေရသည်။ သင်တန်းချိန် စောစောဆင်းတော့ ညာ မာမီ့ဆီသွားခဲ့၏။ မြင်တွေ့လိုက်ရတဲ့မြင် ကွင်းက ညာ့ကို မွှန်းကြပ်သွားစေသည်။ မာမီကိုယ်တိုင် ညာ့ကို လက်မခံချင်ဘဲ နောက်အိမ်ထောင်နှင့် ပျော်ရွှင်နေပုံပင်။ ညာ မကျေ နပ်မှုတွေက ပို၍ကြီးမားသွားရသည်။

"ဒက်ဒီရော မာမီရော ဘာတွေဖြစ်နေကြတာလဲဟင်၊ ညာ့ကို နည်းနည်းလေးမှ မညာတာ မထောက်ထားကြတော့ဘူး လား၊ ဒက်ဒီရော မာမီရော ပျော်ရွှင်နေကြပြီး ညာ့ပဲ စိတ်သောက တွေ ရောက်နေရတာလားဟင်"

"သမီးကိုမလာနဲ့လို့ မာမီပြောထားတယ်မဟုတ်လားသမီး ဒက်ဒီ့အရိပ်ကပဲ သမီးကိုလုံခြုံမှုပေးနိုင်မှာပါ၊ ပြန်တော့ ညာ"

"မာမီ ဘာဖြစ်လို့ပြောင်းလဲသွားရတာလဲ၊ ညာ အထင် ကြီးလေးစားရတဲ့ မာမီရောဟင်၊ ဒီလောက်ကြီးပဲ ပြောင်းလဲသွားရ လား"





"ဟုတ်တယ် မာမီက အရင်ကလိုမနေချင်တော့လို့ပဲ၊ သမီးကို ရှင်းမပြနိုင်ဘူး၊ မာမီမှားခဲ့တယ်၊ ဒါပေမယ့် သမီးအတွက် လည်း စည်းစိမ်ဥစ္စာတွေထားခဲ့ပြီပဲ"

"ဘာတွေလဲ ဒက်ဒီ့နောက်မိန်းမအတွက်လား၊ အဲဒီမိန်းမ က ဒက်ဒီ့စည်းစိမ်ဥစ္စာတွေအားလုံး အပိုင်သိမ်းယူဖို့ကြိုးစားနေတာ ရော မာမီသိလား"

"အဲဒါက သမီးဒက်ဒီ့ကိစ္စပဲလေ၊ မာမီ ဘာတတ်နိုင်မှာ လဲ၊ တစ်ခုတော့ရှိပါတယ် သမီးညာ၊ ဒက်ဒီက သမီးဘဝရေးရေး အတွက်တော့ စီမံပေးထားမှာပါ"

"ဘာတွေလဲ နောက်မိန်းမဘက်ကပါလာတဲ့သားနဲ့ အတင်းအကြပ်လက်ထပ်ပေးပြီး သမီးညာအတွက်လို့ ပြောမှာလား၊ သူတို့တွေကို သမီးအရမ်းမုန်းတယ်၊ သမီးတို့မိသားစုကို ပြိုကွဲအောင် လုပ်ခဲ့ကြတာလေ၊ ဒက်ဒီ့ကို စည်းရုံးသိမ်းသွင်းပြီး အားလုံးသိမ်း ပိုက်ထားနေကြတာ"

"ဒက်ဒီစီမံတာကိုပဲ နာခံလိုက်ပါ ညာ"

"မာမီ"

"ပြန်တော့"

"ညာ့ကို ဘယ်သူမှ မသနားကြတော့ဘူးလားဟင် ရက်စက်ကြတယ်၊ ရက်စက်လိုက်ကြတာ"

ညွှာ ပြန်လာခဲ့ရသည်။ မာမီက နောက်ထပ်မလာဖို့ဘဲ ပြောနေ၏။ ညွှာ ရင်တွေ ကြေကွဲနာကျင်နေရသည်။ မာမို့ဆီကနေ သင်တန်းကိုပြန်လာပြီး ကင်းကိုစောင့်နေရ၏။ ညွှာအပြစ်ပဲဖြစ်နေမည်။ မင်္ဂလာပွဲကိစ္စလည်း ပျက်ပြီဆိုတော့ ဒက်ဒီကို အကောင်းဆုံး ဖြေရှင်းဖို့ အချိန်တန်ပြီဟု ညွှာ တွေးထားမိသည်။ ရှင်တို့မောင်နှမ ရပ်တည်ရာမရအောင်လုပ်ပြမယ်။ ဒက်ဒီရဲ့အမုန်းတွေကို ခံယူစေရမယ်။ ညွှာ ဒေါသတွေ ပေါက်ကွဲနေရသည်။ ခဏကြာတော့ ကင်းလာမှ ကင်းချစ်သူပါ လိုက်ပါလာသဖြင့် ညွှာ မခံမရပ်နိုင်အောင် နာကျင်ပေါက်ကွဲသွားရသည်။

"ကျွန်မ ရှင့်ကားနဲ့မလိုက်တော့ဘူး၊ ရှင်တို့ပဲ အေးအေးဆေးဆေးသွားကြပါ"

"ပြဿနာမရှာပါနဲ့ ညွှာ၊ ပြန်လိုက်ခဲ့ပါ၊ အချစ်ကို ပို့ပေးရုံလေးပါ"

"မလိုက်ဘူး"

ညွှာ ခေါင်းမာစွာငြင်းဆန်ပြီး အငှားကားတစ်စီးအပေါ် တက်လိုက်ပြီး အမြန်ဆုံးမောင်းခိုင်းလိုက်သည်။

"ရှင် တမင်သက်သက်အရွဲ့တိုက်ပြီး ရှင့်ရည်းစားကို ခေါ်လာတာမဟုတ်လား"

"ဗျာ"





"သြော် ရှင့်ကိုပြောတာမဟုတ်ဘူး၊ ကားကို အမြန်ဆုံး မောင်းပေးပါ"

"ဟုတ်ကဲ့"

ညွှာ သတိလစ်ပြီး နှုတ်က ဒေါသတကြီးပြောမိလို့ ၎င်း အငှားကားမောင်းသမား အသံကြားမှ အသိဝင်လာရသည်။ ဒေါသဖြစ်ဖို့တော့ ကောင်းလိုက်တာနော်။ ညွှာ ရှုံးနေပြီလား။ ကင်းဆိုတဲ့လူကို ညွှာ ဘယ်လိုမှ အနိုင်မရနိုင်တော့တာလား။ မျက်ရည်တွေပင် ဝဲချင်လာရသည်။

## အခန်း (၁၇)

"ကင်းဘာတွေလုပ်နေတာလဲ၊ ညှာ့ကို ဘာဖြစ်လို့ စိတ်ဒုက္ခရောက်အောင် လုပ်နေရတာလဲဟင်၊ ညှာ့ရဲ့ခံစားချက်တွေကို ကင်း ဘာဖြစ်လို့ ဥပေက္ခာပြုချင်ရတာလဲ"

အချစ်ကို ကင်းကြည့်မိနေသည်။ စိတ်သဘောထားဖြူစင်တဲ့ မိန်းကလေးကို ကင်းမချစ်ခဲ့မိပေ။ သူငယ်ချင်းအဖြစ်ပဲ သံယောဇဉ်ရှိနေခဲ့မိ၏။ အချစ်ရဲ့ မျှော်လင့်ချက်တွေကိုလည်း ကင်း ဘာဖြစ်လို့များ မဖြည့်ဆည်းပေးနိုင်ရတာလဲ။ ညှာ့ကိုရော မင်္ဂလာပွဲကိစ္စသွားစရာရှိနေတာကို ကင်းမသွားခဲ့။ ညှာ့မှာ ဆန္ဒရောရှိရဲ့လား။ မမက ညှာနှင့်လက်မထပ်စေချင်ပေ။ ကင်းတွေဝေနေမိသည်။

"ကင်း"

"ဟင်"





"ကင်းဘာဆက်လုပ်မှာလဲဟင်"

"အချစ်"

"ပြော"

"ကိုယ်က အချောင်သမားလား"

"ကင်း အဲ့ဒီလိုယောကျ်ားတစ်ယောက်မဟုတ်ပါဘူး၊ အချစ် အသိဆုံးပါနော်"

ကင်းလိုယောကျ်ားတစ်ယောက်ကို ညှာက ဘာဖြစ်လို့များ မပိုင်ဆိုင်ရတာလဲ။ ညှာက အထင်သေးနေခဲ့သည်။

"ကင်းလက်ထပ်မှာလား"

"ကိုယ်ဘာဆက်လုပ်ရမလဲ အချစ်"

"ကင်းနှလုံးသားတွေက ညှာ့ကို ချစ်နေပြီလားဟင်"

"အချစ်"

"ရှင် ပွင့်ပွင့်လင်းလင်းပဲပြောစမ်းပါ၊ ကင်း ဘဝတစ်လျှောက်လုံး မာန်မာနတွေနဲ့ အေးစက်မာကျောတဲ့ နှလုံးသားတွေကို ရင်မှာထာဝရပိုက်ထားတော့မှာလားဟင်"

ကင်း ဘယ်တုန်းကမျှား မိန်းကလေးတစ်ယောက်ကို စိတ်ဝင်တစားရှိခဲ့ဘူးလို့ ညှာ့ကို သနားကြင်နာတဲ့စိတ်တွေ ရှိနေခဲ့သည်။ အချစ်ကိုပင် ညှာ့လောက် သံယောဇဉ်မတွယ်မိခဲ့။ ကင်း မပြတ်သားနိုင်ဘဲ ဖြစ်နေသည်။

"ကင်း"

"ဟင်"

"ညှာ့ကို လက်မထပ်ချင်ဘူးလားဟင်"

"ဟင်"

"ကင်းဘာတွေလုပ်နေတာလဲ၊ ရှင်ဘာဖြစ်လို့ တွေဝေနေရတာလဲဟင်"

"ဟုတ်တယ် ကိုယ်တွေနေတယ်၊ ကိုယ် ယောကျ်ားစစ်သရာရောက်နေပြီ၊ ညှာ့ကို အနိုင်မယူသင့်ဘူးထင်တာပဲ၊ ကိုယ်သွားတော့မယ် အချစ်"

"ကင်း"

"ကိုယ်လုပ်သင့်တာလုပ်ရမယ်၊ ကိုယ် ညှာ့အပေါ်ထိုအနိုင်မကျင့်သင့်ဘူး၊ အချစ်ကိုတော့ ကင်း တောင်းပန်ပါတယ်၊ အချစ်က ကင်းရဲ့ထာဝရ မိတ်ဆွေသူငယ်ချင်းပါပဲ"

"ကင်းရယ်"

"ကိုယ်သွားပြီနော်အချစ်"

"ကင်း"

"ဟင်"

"ကင်းအတွက် အချစ်အမြဲတမ်းရှိနေမှာပါနော်၊ ကင်းဆန္ဒက အချစ်ဆန္ဒပါပဲ၊ ကင်းနဲ့အချစ်က ထာဝရသူငယ်ချင်းတွေ





ပဲနော်"

အချစ်မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်နေတာ ကင်းတွေ့နေသည်။ အချစ်က ကင်းရဲ့ အချစ်ဆုံးသူငယ်ချင်းပါပဲ။ ကင်းကားလေးက မင်္ဂလာဧည့်ခံပွဲကျင်းပဖို့ အကူအညီပေးမည့် ကုမ္ပဏီကိုတန်းမောင်းနေမိသည်။ ကင်း မာနတွေမထားလိုတော့ ညှာကသနားစရာကောင်းလွန်းတဲ့ မိန်းကလေးပဲ။ မင်္ဂလာပွဲကိစ္စတွေစီစဉ်ပြီး ကင်းပြန်လာခဲ့သည်။

"ကင်း"

"အန်ကယ်"

"ညှာရော"

"ညှာမရောက်သေးဘူးလား အန်ကယ်"

"ကင်း ကုမ္ပဏီကို ညှာနဲ့အတူတူမသွားဘူးလား"

"ကင်းတစ်ယောက်တည်းသွားခဲ့တာပါ၊ ညှာက ကိစ္စတစ်ခုရှိလို့ နေခဲ့ပါတယ်"

"သမီးညှာက မောင်ရင့်အပေါ် ပြေပြေလည်လည်ဆက်ဆံရဲ့လား ကင်း"

"ဆက်ဆံပါတယ် အန်ကယ်"

"သမီးညှာကို နားလည်ပေးပါ ကင်း"

"ဟုတ်ကဲ့"

"ကင်း"

"ဗျာ"

"သမီးညွှာက မေတ္တာငတ်ရတဲ့ကလေးပါ၊ အန်ကယ်ကိုယ်တိုင် ဥပေက္ခာပြုထားခဲ့တယ်၊ ကင်းကိုပဲ အန်ကယ်စိတ်ချတယ်"

ညွှာစိတ်သောကတွေ ရောက်နေပြီလားပင် မသိတော့။ ကင်း မှားသွားသည်။ ညွှာ့အရိပ်မှာ ခိုကပ်ပြီး ညွှာ့အပေါ် မရက်စက်သင့်ဟု ထင်မိ၏။ ကင်းထားခဲ့သည့်တိုင် ညွှာ အချိန်မှီမှာ ပြန်လာတတ်သည်။ မင်းကို ကင်းချစ်မြတ်နိုးမိပြီ ညွှာ။ ကင်း ဘဝတစ်သက်တာမှာ အချစ်ဦးက ညွှာပဲ။ အချစ်ကိုတောင် ငယ်စဉ်လေးထဲက အတူနေလာပြီး သူငယ်ချင်းကဲ့သို့ပင် ခင်မင်မိလေသည်။

"သမီးညွှာကို ကြင်နာပါ ချစ်ပါ၊ ကင်းမှာ ချစ်သူရှိရပေမယ့် သမီးညွှာကို ကင်းလက်ထဲပဲအပ်ပါရစေ"

"စိတ်ချပါအန်ကယ်၊ ညွှာ့ကို ကင်း စောင့်ရှောက်ပေးပါ့မယ်၊ စည်းစိမ်ဥစ္စာတွေကြောင့်မဟုတ်ဘဲ ညွှာ့ကို စောင့်ရှောက်ပေးမှာပါ"

မမနန္ဒာက မကျေနပ်ပေမယ့် ကင်းလည်း မတတ်နိုင်တော့ ညွှာ့ကို ချစ်မိနေပြီဖြစ်သည်။ မိသားစုဘဝ မပြည့်စုံတဲ့သူတွေအချင်းချင်း ကိုယ်ချင်းစာနာစွာ ချစ်မိသွားရပြီဖြစ်သည်။ ကင်း ခြံထဲမှာပဲ





ထိုင်ပြီး ညွှာပြန်လာတာကို စောင့်နေမိ၏။ မင်းဘယ်ကိုသွားနေတာလဲ ညွှာ။ ဘယ်အချိန်ရှိနေပြီလဲကွာ။ ညွှာ့ကို ကင်းစောင့်ရှောက်မှုဖြစ်တော့မှာပါ။ ညွှာ့အပေါ် အနိုင်ယူပြီး မဆက်ဆံသင့်ဟု သူထင်မိသည်။ ကင်းမှားပါတယ်ကွာ။ ကင်းဘက်က အလျှော့ပေးရမှာပါလေ။ ညဦးနက်လာလေ ကင်းစိတ်ပူလာမိသည်။ ညွှာ့လက်ကိုင်ဖုန်းကိုဆက်တော့လဲ ဖုန်းပိတ်ထား၏။ ကင်းစိတ်ပူပြီး ခြံအပြင်အထိထွက်လာခဲ့ရသည်။

"ဟင် ညွှာ"

ခြံအပြင်ဘက်အုတ်ခုံပေါ်တွင် ညွှာထိုင်နေတာတွေ့လိုက်ရ၍ ကင်း စိတ်ပူပြီး ညွှာ့ကိုယ်လေးအား ဆွဲယူပွေ့ဖက်ထားလိုက်မိသည်။

"ဟင် ရှင် ရှင် ဘာလုပ်တာလဲ၊ ဖယ်ပါ"

"ညွှာ"

"ဖယ်နော် လွှတ်"

"ညွှာ့ကို ကိုယ်ချစ်တယ်၊ အရမ်းပဲမြတ်နိုးတယ်၊ ညွှာ့အပေါ် ကိုယ်အနိုင်ယူဖို့ကြိုးစားခဲ့တာတွေအတွက် တောင်းပန်ပါတယ် ညွှာရယ်"

"ဖယ် ဖယ် ရှင်လာလုပ်တာလဲ၊ ရှင်ဟန်ဆောင်နေတာလိမ်ညာနေတာ၊ ရှင် ဘာပြောလိုက်တယ်၊ ကျွန်မကိုချစ်တယ်၊

ဟုတ်လား ဟွန်း၊ ဟွန်း အဟွန်း ကင်းဆိုတဲ့လူက ညွှာ့ကိုချစ်တယ် ဟုတ်လား"

"အထဲဝင်ကြရအောင်နော် ညွှာ၊ ကိုယ် ဒီနေ့ မင်္ဂလာစွဲ ကိစ္စတွေ ကုမ္ပဏီမှာသွားပြီး စီစဉ်ခဲ့တယ်"

"ဘာ"

"အထဲဝင်ရအောင် ညွှာ"

"ရှင် ရှင်က ကျွန်မကို လက်ထပ်မယ်ဟုတ်လား။ တော်တော်ရယ်ရတဲ့လူပဲ၊ ဒီတိုက်နဲ့ခြံကို မက်မောပြီး အရမ်းလှတဲ့ ပညာတတ် ဆရာဝန်မလေးလေးကို စွန့်ပစ်မယ်ပေါ့လေ ဟုတ်လား"

ညွှာ့စကားကြောင့် ကင်း နှလုံးသားတွေ နာကျင်စူးနစ်သွားရပေမယ့် အချစ်က ကင်းသူငယ်ချင်းပါလို့ပြောလဲ ညွှာလက်ခံမှာ မဟုတ်တော့ပေ။ အမှောင်ထုမှာ ညွှာ့မျက်ဝန်းတွေ ဝင်းဝင်းတောက်နေပြီ။ ကိုယ့်ကို ရွံရှာမုန်းတီးတဲ့ အကြည့်တွေနဲ့ကြည့်ပါ။ ကိုယ်ဘာမှ ရှင်းမပြနိုင်ဘူး။ ကိုယ့်ဘဝမှာ အချစ်ဆုံးမိန်းကလေးကမင်းပဲညွှာ။ ကိုယ့်ရဲ့အချစ်ဦးပါ။ အခုအချိန်မှာ ညွှာ့ကိုရှင်းပြနေလည်း လက်ခံမှာမဟုတ်ပေ။ သူ ညွှာ့လက်ကိုဆွဲပြီး တိုက်ထဲဝင်လာခဲ့သည်။

"ဒီမှာ"





"ညွှာ"

"ကျွန်မလက်ကိုလွှတ်ပါ၊ ပိုင်စိုးပိုင်နင်းမကိုင်ပါနဲ့၊ ရှင့်ကို ကျွန်မလက်ထပ်ဖို့ သဘောတူတာ၊ ရှင် ကျွန်မကြောင့် စိတ်သောကတွေ တစ်သက်လုံးခံစားရအောင်ပဲ သိလား"

"ညွှာရယ် ကိုယ့်ကို ဒီလောက်အထိ မုန်းတီးနာကြည်းမနေပါနဲ့တော့ မကြာခင် ညွှာက ကိုယ့်ဇနီးဖြစ်တော့မယ်လေ"

"ဘာပြောတယ် ကျွန်မက ရှင့်ဇနီးဖြစ်တော့မယ် ဟုတ်လား၊ ရှင် ကျွန်မအသားကို ထိလို့ရမယ်များထင်နေလား"

သူမလက်ကလေးကို ဆတ်ခနဲဆောင့်ရုန်းပစ်လိုက်ပြီး ခါးသီးနာကြည်းစွာ ကြည့်မိသည်။ အချောင်သမား။ လူယုတ်မာ။ ရှင့်ချစ်တာက အချစ်ပဲ။ ညွှာနေတာ အရှက်မဲ့လိုက်တာနော်။ ချစ်သူအပေါ်လည်း သစ္စာမဲ့နေတဲ့သူ။ သူမခြံထဲမှာပဲ ရပ်နေမိသည်။

"အထဲကိုပဲဝင်ပါ ညွှာရယ်၊ ညဥ့်နက်နေပြီလေ ကိုယ် အရမ်းစိတ်ပူနေတယ်၊ နောက်ဆို ညွှာမကြိုက်တာတွေကို ကိုယ် မလုပ်တော့ပါဘူး၊ ညွှာ ဒေါသဖြစ်အောင်လည်း မလုပ်ပါဘူး"

"ရှင့်ကိုမယုံဘူး၊ တော်တော်စကားအပြောင်းအလဲမြန်တဲ့လူပဲ၊ အလကားလူ"

ညအမှောင်ထုက ပဟ်ဝန်းကျင်မှာ ပိတ်ပိတ်မှောင်အောင် လွှမ်းမိုးထားသည်။ ခြံထဲမှာနေရန် မသင့်တော်တော့၍ ညွှာ့လက်

လေးကိုဆွဲပြီး တိုက်ထဲဝင်ဖို့ ကြိုးစားပေမယ့် ညှာကမဝင်ပေ။ ကင်း အရမ်းစိတ်ညစ်သွားရသည်။

"ညှာ"

"ဟင်"

"အန်ကယ်လာနေပြီ"

ကင်းဘာမပြောညာမပြောနှင့် ညှာ့ခန္ဓာကိုယ်လေးအား သူ့လက်မောင်းတွေနှင့် ရစ်သိုင်းဖက်လိုက်သည်။

"မရှန်းနဲ့လေ၊ ဟိုမှာ အန်ကယ်နဲ့ မမနန္ဒာတို့ထွက်လာနေတယ်၊ ကိုယ်ကတော့ မင်းကိုချစ်ကြောင်း သက်သေပြရမှာပဲလေ"

ညှာ မရှန်းရဲတော့။ ဒက်ဒီက ကင်းကို အထင်ကြီးသည်။ သမက်တော်ချင်နေ၏။ ညှာ့ဘက်က အပြစ်မဖြစ်စေလိုပေ။ ဒက်ဒီနှင့် မမြနန္ဒာ ခြံထဲဆင်းလာကြသည်။

"အဟမ်း"

ဒက်ဒီက ချောင်းဟန့်သံပေးပြီး ညှာတို့အနားရောက်လာသည်။ အဲဒီတော့ ကင်းလက်မောင်းတွေကြားမှ ညှာ လွတ်ထွက်သွားရ၏။ ညှာရှက်လွန်း၍ ဘယ်သူ့ကိုမှ စကားတုံ့ပြန်မပြောနိုင်ဘဲ ဖြစ်သွားရသည်။

"သမီးညှာ ဘယ်တွေသွားနေတာလဲ၊ ဒက်ဒီမသွားစေချင်တဲ့နေရာကို သမီးညှာသွားနေတာမဟုတ်လား"





မာမီ့ဆီသွားနေတာမဟုတ်လားဟု ဒက်ဒီမေးခြင်းဖြစ်သည်။ ညှာ မဖြေမိ။ ရင်တွေက တဆတ်ဆတ်တုန်ရီနေကာ စကားတွေပင် ဆွံ့အသွားသလိုပြောမရဘဲ ဖြစ်နေသည်။

"ဒက်ဒီတို့ စိတ်ပူလို့ ခြံထဲအထိဆင်းလာကြတာလဲ၊ ကင်းဘက်ကနေ သမီးညှာကို ချစ်ခင်မြတ်နိုးနေပြီပဲ၊ သမီးညှာရပ်တည်ချေယ်၊ ဘဝကို စဉ်းစားဆင်ခြင်သင့်နေပြီလေ"

ဒက်ဒီလေသံက ပျော့နေပေမယ့် ညှာ့ကိုအပြစ်တင်သံတွေဖြစ်နေသည်။ ကင်းဆိုတဲ့လူ ဒက်ဒီအထင်ကြီးလွန်းနေ၏။ နောက်မိန်းမ မြနန္ဒာကိုလည်း ဒက်ဒီ ချစ်မြတ်နိုးလွန်းနေတာပဲ။ သူဟန်ဆောင်နေတာ ဒက်ဒီ။ သူ့မှာ ချစ်သူရှိနေတာပါ။ ငွေကြေးခနဥစ္စာတွေကြောင့် မိန်းမတစ်ယောက်ကို အလွယ်တကူလက်ထပ်ယူတဲ့ယောကျ်ားတစ်ယောက်ကို ညှာမုန်းတယ်။ ချစ်ဟန်ဆောင်နေတာပါ။

ညှာ့လက်ကလေးကို သူက ခပ်ဖွဖွလေးဆုပ်ကိုင်သည်။

"ညှာ အထဲဝင်ရအောင်၊ ညှာ အရမ်းပင်ပန်းနေပြီ၊ နားလိုက်တော့နော်"

ညှာ့လက်ကိုဆွဲပြီး တိုက်ထဲဝင်လာခဲ့ကြသည်။

"သမီးညှာ မင်္ဂလာပွဲက မဖြစ်မနေကျင်းပမှာပဲနော်၊ သမီးညှာ လက်ခံပါ၊ ဒက်ဒီ ဒါပဲပြောချင်တယ်"

မုန်းတီးနာကျည်း တင်းမာသော မျက်ဝန်းတွေက မြနန္ဒာဆီ

ရောက်လာ၍ ညှာ့ကို မြနန္ဒာကြောက်သွားရသည်။ အထင်သေး၍ ရှာတဲ့ အကြည့်တွေပါ။ မြနန္ဒာ အသက်ရှူကြပ်လာပြီး အပေါ် ထပ်သို့တက်လာခဲ့သည်။

"ကင်းကလက်ခံနေပြီပဲ၊ ငွေကြေးစည်းစိမ်ဥစ္စာတွေကြောင့် မဟုတ်တာ၊ ကင်း စိတ်ဓာတ်ကို ဒက်ဒီလေးစားယုံကြည်တယ်"

ဒက်ဒီပါ အပေါ်ထပ်တက်သွားတော့ ညှာ့မျက်ဝန်းတွေ ထဲမှာ မျက်ရည်တွေ လိမ့်ဆင်းကျမတတ် ပြည့်လျှံလာသဖြင့် ညှာလည်း သူမအိပ်ခန်းထဲ ဝင်လာခဲ့မိသည်။ အိပ်ရာပေါ် မှောက် လျက်အိပ်ချပစ်ပြီး ညှာ ငိုမိ၏။ မမြနန္ဒာကြောင့် မိန်းမဘက်က ပါလာတဲ့ မောင်ကို ဒက်ဒီ အရေးတယူလုပ်နေသည်။ ကင်း ကင်း..ကင်းနှင့် ဖြစ်နေ၏။ ညှာ့ဘက်ကနေ ဒယ်ဒီ လုံးဝမရပ် တည်ခဲ့။ ညှာ့ဘဝမှာ ဒက်ဒီရော မာမီရော ထောက်ထားညှာတာ မှုမရှိဘဲ ရက်စက်နေကြသည်။ ကင်းနဲ့ညှာ တကယ်ပဲ ဇနီးမောင်နှံ တွေ ဖြစ်ကြတော့မှာလား။ ညှာ တသိမ့်သိမ့် ရှိုက်ငိုနေသည်။

□



# အခန်း (၁၈)

ကင်း အိပ်ရာပေါ်မှာ ပက်လက်အနေအထားဖြင့် မျက်နှာ ကျက်အမိုးကို စူးစိုက်စွာကြည့်မိနေသည်။ ကင်း နှလုံးသားတွေက မထင်မှတ်ဘဲ ညှာ့ကို ချစ်မိသွားတာ နားလည်လို့မရဘဲ ဖြစ်နေ ခဲ့ရ၏။ အချစ်နှင့် ငယ်စဉ်လေးကတည်းက အတူနေထိုင်လာခဲ့ ပြီး ပညာသင်တော့လည်း တစ်ကျောင်းတည်းမှာပဲတက်ကြကာ အနေနီးခဲ့ကြ၏။ ကင်းစိတ်တွေက အချစ်အပေါ် တိမ်းညွတ်ယစ်မူး ခြင်း မရှိခဲ့။ ညှာ့ကိုကျမှ။ ကင်း ဒီလိုအခြေအနေမျိုးကို လုံးဝ မနှစ်သက်ခဲ့ပေ။ ညှာ့ကို ချစ်သွားလိမ့်မည်ဟုလည်း မထင်မှတ်မိ။ ကင်းကို နားလည်ပေးပါ ညှာရယ်။ ငွေကြေး စည်းစိမ်ဥစ္စာတွေ နဲ့မဆိုင်ဘဲ ကင်း နှလုံးသားထဲက ချစ်နေမိတာပါ။ ကင်း အိပ်လို့ မရပေ။ ညှာ့မျက်နှာလေးကိုပဲ တမ်းတမ်းတတ မြင်ယောင်နေရ

သည်။

"ရှင့်ကိုမချစ်ဘူး၊ ရှင်တို့လို အချော်သမားတွေကို ကျွန်မ အရမ်းမုန်းတယ်"

ညှာ့အသံလေးကို ကင်း ပြန်၍ကြားယောင်လာရသည်။

ကိုယ်နားလည်ပါတယ်။ မင်း ဒီလိုပဲ စွပ်စွဲပြောဆိုသင့်ပါတယ် ညှာ။ မမနှင့် ဦးမြတ်ညှာ လက်ထပ်ခဲ့စဉ်က ကင်း ကိုယ်တိုင် လက်မခံနိုင်ဘဲ ကန့်ကွက်ခဲ့သည်။ မမနှင့် ပဋိပက္ခတွေပင် ဖြစ်ခဲ့ရ၏။ ကင်း စိတ်လေပြီး အရက်တွေပင် သောက်မိသည်။

"ကင်းကြောင့်၊ မင်း မမ ဆက်ပြီးမရုန်းကန်နိုင်တော့လို့ပါ ကင်းရယ်"

နောက်ဆုံးတော့ မမက မုဆိုးဖိုတစ်ယောက်ကို လက်ထပ်ခဲ့တာပါပဲဟု စိတ်ကိုဖြေကာ မမခေါ်ဆောင်ရာနောက်သို့ ကင်း လိုက်လာခဲ့ရသည်။

"မမက မုဆိုးဖိုတစ်ယောက်ကို လက်ထပ်တာပါ၊ မမ အပြစ်လားဟင် ကင်း၊ ဘယ်လောက်ရုန်းကန်ရတယ်ဆိုတာ ကင်း သိပါတယ်လေ"

မမနန္ဒာကို ကင်း သနားလွန်း၍ မမနန္ဒာခေါ်ဆောင်ရာ နောက်ကို ကင်း လိုက်လာခဲ့ရသည်။ ဒီဘဝကြီးကို ကင်းရော မမနန္ဒာပါ မက်မောတွယ်တာလွန်းနေတာတော့ မဟုတ်ပါဘူး





ညှာရယ်။ တကယ့်ကို မလွဲသာမရှောင်သာလို့ပါ။ ဒီရောက်လာမှ မင်းရဲ့မောက်မာမှုတွေကို တားဆီးတဲ့အနေနဲ့ မင်းကိုဆန့်ကျင်ပြီး မာန်မာနတွေ ပြခဲ့မိတာပါ။ ကိုယ် ဘယ်လိုရှင်းပြရမလဲဟင်။ မင်းကို ဘယ်လိုပဲရှင်းပြရှင်းပြ လက်မခံနိုင်ဘူးဆိုတာ ကိုယ်သိနေတယ်။ ဒီနေ့အထိ ကိုယ်ရော မမနန္ဒာရော မင်းတို့သားအဖအပေါ် ယုတ်မာကောက်ကျစ်တာတွေ မိသားစုပြိုကွဲအောင်လုပ်တာတွေ မရှိခဲ့ပါဘူး ညှာ။ ယုံပါကွာ။ ကိုယ့်နှလုံးသားက မထင်မှတ်ဘဲနဲ့ မင်းကို ချစ်မိသွားခဲ့တာပါ။ ကင်း အိပ်လို့မရအောင် မျက်လုံးတွေ ကြောင်နေသည်။

"ဖျပ်"

"ဖျပ်"

"ဖျပ်"

"ဟင်"

ခြေသံသဲ့သဲ့ကို သူကြားမိသလိုပင်။ အောက်ထပ်သို့ ဆင်းသွားသောခြေသံဖြစ်သည်။ မမများလား…သူနှင့်ညှာ လက်ထပ်မှာကို မမနန္ဒာ မလိုလားပေ။ အချစ်နှင့်ပဲ လက်ထပ်စေချင်သည်။

"ဖျပ်"

"ဖျပ်"

"ဖျပ်"

ခြေသံက ခြံထဲသို့ဆင်းသွားသော ခြေသံဖြစ်နေ၍ ကင်း စိတ်ပူပြီး ပြတင်းပေါက်ဖွင့်ပြီးကြည့်တော့ ခြံထဲမှာ ညှာ ဆင်းပြီး ထိုင်နေသည်။

"ညှာ မအိပ်သေးပါလား၊ ကင်းကြောင့်များ စိတ်သောက တွေ ရောက်နေရပြီလား"

ကင်းလည်း အောက်ထပ်ကို ဆင်းလာခဲ့မိသည်။ ကင်း လိုပဲ ညှာ အိပ်လို့မပျော်ဘဲ ဖြစ်နေလို့ပင်။ ကင်း စိတ်ပူပြီး ခြံထဲ ဆင်းလာခဲ့မိသည်။

"ညှာ"

"ဟင် ရှင် ရှင်"

"ညှာ အိပ်လို့မပျော်ဘူးလား"

"ရှင်နဲ့ဘာဆိုင်လို့လဲ၊ ကျွန်မကို မနှောင့်ယှက်ဖို့ တောင်း ပန်ပါတယ်"

"ကိုယ်နဲ့လက်ထပ်ဖို့ ညှာ ဒီလောက်တောင်ပဲ စိတ် သောကတွေ ခံစားနေရလား"

"ကျွန်မ အထဲဝင်တော့မယ်"

"ညှာ"

"ရှင် ဘာဖြစ်လို့ ဆင်းလာခဲ့ရတာလဲ၊ ကျွန်မကို လက်





ထပ်ခွင့်ပဲ ရှင့်အတွက်လိုအပ်တာမဟုတ်လား၊ ဒီလောက်အထိ အောက်ကျခံမနေစမ်းပါနဲ့"

"ညှာ"

"ညှာ"

"ကိုယ့်အချစ်တွေကို ယုံပေးပါ၊ ညှာက ကိုယ့်ရဲ့အချစ် ဆုံး မိန်းကလေးပါ"

"ရှင် တော်တော်ရယ်ရတာပဲ၊ အချစ်ဆိုတာ ရှင် မချစ် တော့ဘူးလားဟင်"

ညှာ ရယ်မောနေသည်။ ကင်းကို မယုံကြည်တာလား။ ညှာ့အချစ်က ကိုယ့်ချစ်သူဆိုတာ ကိုယ် တမင် ညှာ့ကို အနိုင် ယူချင်လို့ ပြောခဲ့တာပါ။ ကင်း ဘယ်လိုရှင်းပြရမလဲ ညှာ ယုံမှာ လား။

"အထဲကိုဝင်ပါ ညှာ၊ အရမ်းအေးတယ်"

"မဝင်ဘူး၊ အား"

"ဟင် ညှာ ဘာဖြစ်တာလဲ"

သူ့အနားကနေ ထွက်သွားရန် ညှာအထတွင် ခေါင်းထဲမှ မိုက်ခနဲဖြစ်သွားကာ မူးဝေနေသည်။

"ညှာ မင်းကိုယ်တွေ အရမ်းပူနေတာပဲ၊ အထဲဝင်ကြရ အောင်နော်"

သူ့လက်တွေက ညှာ့ကို သိုင်းဖက်လိုက်တာ ညှာ သိသည်။ ညှာ ရှန်းဖယ်၍မရ။ ခေါင်းတွေက မူးနောက်နေ၏။ ညှာ ဖျားနေပြီထင်တယ်။ အအိပ်ပျက် အစားပျက်နေတာ ကြာပြီပဲ။ မူးလိုက်တာ။ ညှာ မဟန်နိုင်တော့ဘူး။ ရှန်းဖယ်ပစ်နိုင်တဲ့ အင်အားလည်း မရှိပေ။ အာခေါင်တွေလည်း ပူနေသည်။

"ညှာ ကိုယ်ရှိတယ်နော်၊ ကိုယ်က ဆရာပန်ပါ၊ ကိုယ်အရမ်းပူနေတာတောင် ညှာ ဘာဖြစ်လို့ အပြင်ထွက်လာရတာလဲ။ မင်းအဖျားတွေ အရမ်းကြီးနေတာပဲ"

ရှင့်ကိုမယုံဘူး၊ ကျွန်မအနားကနေ ဖယ်စမ်းပါ။ ရှင်ချစ်တာက ချစ်ချစ်ခင်ပဲ။ ကျွန်မဒက်ဒီဆီက စည်းစိမ်ဥစ္စာတွေ ရယူချင်လို့ပဲ။ မယုံဘူး၊ ရှင့်ကိုမယုံဘူး။ ဒက်ဒီ မာမီ ညှာကို လာကြည့်ကြပါဦး။ ရင်ထဲမှာ ပူလိုက်တာ။ ညှာ့မှာ ရှန်းဖယ်နိုင်တဲ့အင်အားတွေ မရှိတော့ဘူးထင်တယ်။ ကင်း ညှာ့ကိုကယ်ပါဦး။ ညှာ့အနားမှာ ကင်း နေပေးပါ။ ညှာ့ဘဝတစ်လျှောက်လုံးမှာ ကင်း အနားမှာရှိမှ ဖြစ်တော့မယ်ထင်တယ်။ ညှာ့အသိတွေ အမှောင်ကျသွားသည်။

"ညှာ ညှာ သတိထားဦးကွာ၊ ကိုယ်တွေ အရမ်းပူနေတာပဲ"

ညှာ့ကိုပွေ့ချီပြီး တိုက်ထဲဝင်လာခဲ့သည်။ ညှာ့အိပ်ခန်းထဲ





အထိ သူ ပွေ့ချီခေါ်ဆောင်လာခဲ့၏။ အိပ်ရာပေါ်လှဲချပေးလိုက်ပြီး ဆေးအိတ်ကို ပြေးယူကာ အဖျားကျစေရန် အမြန်ဆုံး ကုသပေးရသည်။

"ညှာ ညှာရယ်"

အဖျားတွေကြီးပြီး ညှာ သတိလစ်နေသည်။ ကင်း စိတ်တွေပူကာ ဘာလုပ်ရမှန်းပင်မသိတော့။ ညှာ့နဖူးပေါ် ရေပတ်တင်ပေးနေရသည်။ ညှာရယ် သတိရပါတော့။ ကိုယ် အရမ်းစိတ်ပူနေပြီ။ မင်း ဒီလောက်အထိပဲ စိတ်သောကတွေ ရောက်နေရလားညှာ။ ကင်း ပြုစုကုသမှုကြောင့် ညှာ့ခန္ဓာကိုယ်က အပူချိန်ကျသွားသည်။ ကင်း လူကြီးတွေကို အသိပေးဖို့ပင် သတိမေ့နေရပြီ။ ညှာ့ကိုပဲ ဂရုတစိုက် ပြုစုပေးနေမိ၏။ ညှာ အဖျားကျသွားသဖြင့် ကင်းအနားမှာစောင့်ပေးရင်း အိပ်ပျော်သွားသည်။

"ဟင် ကင်းပါလား၊ ဒီမှာ ဘာလာလုပ်နေတာလဲ"

ညှာ နိုးလာတော့ ကင်းကို သူမအိပ်ခန်းထဲမှာ တွေ့လိုက်ရသဖြင့် မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရသည်။ ညှာ အိပ်ရာမှထလိုက်မိ၏။ ကင်း အိပ်ပျော်နေသည်။ မျက်လုံးတွေမှိတ်ပြီး အိပ်စက်နေသော ကင်းသည် ကလေးတစ်ယောက်လို အပြစ်ကင်းစွာ နှုတ်ခမ်းနီနီထွေးထွေးတွေက တိကျပြတ်သားမှုရှိသော ယောကျ်ားကောင်းတစ်ယောက်အဖြစ် ဖော်ကျူးနေသည်။

ကင်းအသားက ဝင်းအိပြီး ချောမွတ်နေ၏။ ယုတ်မာကောက်ကျစ်မှုတွေ ကင်းမဲ့နေသည်။ ဒါပေမဲ့ ရှင့်လုပ်ရပ်တွေက ယောကျ်ားကောင်း မပီသလိုက်တာ။ ရှင့်မှာ ချစ်သူရှိလျက်နှင့် ငွေကြေးကြောင့် သစ္စာမဲ့တာ ကျွန်မ အမုန်းဆုံးပဲ။ ညက ညွှာ အိပ်လို့မရသဖြင့် ခြံထဲဆင်းထိုင်နေမိပြီး အအေးပတ်၍ အဖျားသွေးဝင်လာတာ သတိရမိသွားရ၏။ သူရောက်လာပြီး ညွှာ့ကို အထဲဝင်ရန် ပြောနေသည်။ ညွှာ ငြင်းဆန်ရင်း သူ့ရင်ခွင်ထဲ လဲပြိုသွားတာပဲ သတိရလာ၏။ ကင်း ပွေ့ချီပြီး အထဲခေါ်လာခဲ့တာပဲ။ ဘုရားရေ ကင်းနဲ့ညွှာ အိပ်ခန်းထဲမှာ အတူတူရှိနေခဲ့ကြတာပဲ။ သူ လူကြီးတွေကို အသိပေးပုံမရပေ။ ညွှာ ထိတ်လန့်တုန်လှုပ်သွားရသည်။

"ကင်း ကင်း ထစမ်းပါ၊ ရှင် ဘာဖြစ်လို့ ဒီအခန်းထဲရောက်နေရတာလဲ၊ ထလေ"

ညွှာ လှုပ်နှိုးတော့မှ ကင်း နိုးလာသည်။ အနားမှာလည်း ရေပတ်တိုက်ထားပေးပုံပင်။ ရေဇလုံနှင့် တဘက်သေးသေးလေးတွေ ရှိနေသည်။

"ရှင် ဘာဖြစ်လို့ ကျွန်မ အိပ်ခန်းထဲမှာ ရှိနေရတာလဲ၊ ရှင် အခွင့်အရေးသမား"

"ညွှာ မင်း ကိုယ်တွေအရမ်းပူနေလို့ ကိုယ် ပြုစုပေးနေ





တာပါ"

"ရှင် ရှင် လူကြီးတွေကို ဘာဖြစ်လို့ အသိမပေးရတာလဲ၊ ကျွန်မ အခန်းထဲမှာ ဘာဖြစ်လို့နေရတာလဲ၊ ထွက်သွား၊ ရှင်ထွက်သွားပါ၊ ရှင် တော်တော်ပိုင်စိုးပိုင်နင်း လုပ်တဲ့သူပဲ"

"ကိုယ် ညွှာ့ကိုစိုးရိမ်ပြီး လူကြီးတွေအသိပေးဖို့ မေ့သွားခဲ့တာပါ၊ ညွှာ အခုရော နေကောင်းရဲ့လား၊ အဖျားတိုင်းရအောင်နော်"

"မတိုင်းဘူး၊ ရှင်လည်း ဆေးကုပေးစရာမလိုဘူး၊ ထွက်သွားပါ"

"မသွားဘူး"

"ဘာရှင့်"

"မင်းကို အဖျားတိုင်းပေးရမယ်"

"မတိုင်းဘူး"

"မရဘူး ညွှာ၊ မင်း အဖျားတိုင်းရမယ်၊ သွေးပေါင်ချိန်တိုင်းရမယ်၊ ဆေးထိုးရမယ်"

"မလုပ်ဘူး"

"ညွှာ မင်းကို ငါ အလိုမလိုက်နိုင်ဘူး ညွှာ၊ မင်း ငြိမ်ငြိမ်နေစမ်းပါ၊ ကိုယ်လုပ်သင့်တာ လုပ်ရမှာပဲ"

"ကျွန်မ ဆေးခန်းသွားမယ်၊ ရှင့်ထက် တတ်ကျွမ်းတဲ့

ဆရာဝန်နဲ့ပဲ သွားပြမယ်”

ညှာ ထသည်။ အားတွေနည်းလွန်းနေသဖြင့် ခေါင်းတွေ မူးဝေကာ ပြန်၍လဲကျသွား၏။ ကင်း ထိတ်ထိတ်ပျာပျာနှင့် ညှာကို ပွေ့ချီထားလိုက်၏။

“ကိုယ် ပြောတယ်မဟုတ်လား ညှာ၊ မင်း အရမ်း အားနည်းနေတယ်၊ ဆေးခန်းပြတာ နောက်မှလုပ်ရမယ်၊ လောလော ဆယ် ကိုယ်စမ်းသပ်ပြီး ဆေးသွင်းပေးရမယ်”

“ဒက်ဒီ့ကိုခေါ်ပေးပါ ကျွန်မအဖေနဲ့တွေ့ချင်တယ်၊ ရှင့်နဲ့ နှစ်ယောက်တည်း မနေချင်ပါဘူး”

ကင်း ဘာမှပြောမနေတော့ဘဲ ညှာ့ကိုပွေ့ဖက်ပြီး အိပ်ရာ ပေါ် လှဲချလိုက်သည်။ ကိုယ် အရမ်းစိတ်ပူနေတာ မင်းသိရဲ့လား ညှာ။ ခေါင်းမမာစမ်းပါနဲ့ကွာ။ ညှာ ဘယ်လောက်ပဲ ငြင်းဆန် နေပါစေ၊ အဖျားတိုင်းတာတွေ သွေးပေါင်ချိန်တာတွေ လုပ်ပေး နေမိသည်။

“မင်း သွေးအားအရမ်းကျနေတယ်၊ မင်း မအိပ်ဘူး မဟုတ်လား၊ မင်းကို အားဆေးသွင်းပေးမှ ဖြစ်တော့မယ် ညှာ”

“ရှင် ဘာမှလုပ်ပေးစရာမလိုပါဘူး၊ ကျွန်မ ဒက်ဒီ့ဆီ ပဲ ခေါ်ပေးပါ၊ ရှင်ထွက်သွား”

“မသွားဘူးကွာ ညှာ”





အိပ်ရာပေါ်လှဲနေတဲ့ ညှာ ကိုယ်လေးပေါ် အုပ်မိုးကာ ချစ်ရသော ညှာ့မျက်နှာလေးကို စူးစိုက်ကြည့်မိနေသည်။ သူမက မျက်နှာလေးကို ဘယ်ညာရမ်းခါပြီး ရုန်းဖယ်နေ၏။ ကင်းကို ဘာဖြစ်လို့ ဒီလောက်အထိ အထင်သေးပြီး မုန်းတီးနေရတာလဲ ညှာရယ်။ ကိုယ် မင်းကိုချစ်တယ်။ ကိုယ်အချစ်ဆုံး မိန်းကလေးက မင်းပဲ။ ညှာက ရုန်းဖယ်နေသည်။

“ရှင် ဘာလုပ်တာလဲ၊ ဖယ်နော်၊ ကျွန်မကို ဘာလုပ် မလို့လဲ၊ ရှင် အခွင့်အရေးမယူနဲ့၊ ကျွန်မ နေကောင်းသွားပြီ၊ ဘာမှ မဖြစ်တော့ဘူး”

“မင်းငြိမ်ငြိမ်နေပါ ညှာ၊ ကိုယ် အားဆေးသွင်းပေးရ မယ်၊ မင်း ငြိမ်ငြိမ်မနေရင် မင်းကို ကိုယ် ဖက်နမ်းမိလိမ့်မယ်”

“ရှင် ရှင်”

ညှာမျက်နှာ ရူတင်းတင်းလေးနှင့် ငြိမ်သက်သွားသည်။ ကင်း အားဆေးသွင်းပေးလိုက်၏။ အဖျားကတော့ ကျသွားပြီ ဖြစ်သည်။ ညှာ့နှုတ်ခမ်း နီနီထွေးထွေးလေးက ဖြူဖျော့ဖျော့လေး ဖြစ်နေသည်။

“ညှာ”

“ဘာလဲ”

“ကိုယ် အန်ကယ်တို့ကို အကြောင်းကြားပေးမယ်၊ မင်း

ငြိမ်ငြိမ်လေးအနားယူမနေဘဲ ကိုယ့်ကို ကလန်ကဆန် လုပ်နေမယ်ဆိုရင်တော့ ကိုယ့်အဆိုးမဆိုနဲ့နော် ညှာ''

''ရှင် ရှင်''

ကင်း ထွက်လာခဲ့သည်။ ညှာရဲ့ မျက်နှာရှုတင်းတင်းလေးအား မြင်ယောင်နေရင်း ကင်း ကိုယ့်ကို လက်မထပ်ချင်ဘူးလား။ မင်း စိတ်ညစ်နေလား။ ညှာ့ဆန္ဒက သူ့ဆန္ဒပဲ ဖြစ်နေသည်။



## အခန်း (၁၃)

''ကင်း''

''မမ''

''မင်း မင်း ညှာ့ကို တကယ်လက်ထပ်တော့မှာလား ကင်း''

''ဟုတ်ကဲ့ မမ''

''မောင်လေး''

''မမ''

''ကင်း''

''ညှာ့ကို ကင်းချစ်နေမိပြီ''

''အချစ်ကိုပဲ မင်းလက်ထပ်ပါ၊ မင်းဘဝအတွက် အချစ်က အလိုအပ်ဆုံးပဲ''

"ကင်းချစ်မိတာက ညှာပဲ မမ"

"မင်းတာဝန်က သူ့ကြောင့်လားဟင်၊ ကင်း ဘာဖြစ်လို့လဲ၊ မောင်လေးရဲ့ အသိစိတ်ကြောင့်လား"

"မမ စိတ်မကောင်းဖြစ်မနေပါနဲ့၊ ညှာက စိတ်သဘောထားကောင်းပါတယ်၊ ညှာ့ကို ကင်း ချစ်မိတယ်"

"ကင်းဘဝလေးကို မမ ပျိုးထောင်လာတာပါ၊ ဘဝတစ်သက်တာလုံး ပျော်ရွှင်ချမ်းမြေ့ ပြည့်စုံနေစေဖို့ပဲ"

"မတတ်နိုင်တော့ဘူး မမ၊ ကင်း ညှာ့ကို ချစ်မိသွားတာပါ၊ ငွေကြေးကြောင့်လည်း မဟုတ်ပါဘူး၊ တာဝန်ကြောင့်လည်း မဟုတ်ပါဘူး"

"ကင်းရယ်"

မောင်လေးကင်းကို နန္ဒာ ဘာမှပြောမနေတော့ဘဲ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ အစ်ကိုကြီးက ညှာ့ဆီ ဆန်ပြုတ်လေးသွားပို့လိုက်ပါပြောတော့ နန္ဒာ တော်တော်လေး ထိတ်လန့်သွားရသည်။ ညှာ့ကို ရင်ဆိုင်ရမှာ အကြောက်ဆုံးပါပဲ။ နန္ဒာ ဆန်ပြုတ်ပန်းကန်လေးယူပြီး ညှာ့အိပ်ခန်းထဲ ပြန်ဝင်လာခဲ့သည်။ ညှာက အိပ်နေသည်။ ဖြူရော်ရော်နှင့် အင်အားတွေ နည်းနေသည်။

"ညှာ"

"ထားခဲ့ပါ"





"ထနိုင်ရဲ့လားဟင်"

"အပိုတွေပြောမနေပါနဲ့ မမြနန္ဒာ၊ ထားခဲ့ပါ၊ ရှင်တို့မောင်နှမ နှစ်ယောက်လုံးက ကျွန်မကို အတော်လေး ဖားနေတာပါလား"

"ညှာ"

"မလိုပါဘူး၊ ကျွန်မရဲ့အရာအားလုံး ရှင့်သဘောဆန္ဒအတိုင်း ဖြစ်နေပြီပဲ၊ အရှက်မရှိ မျက်နှာပြောင်တိုက်ပြီး ဖားမနေပါနဲ့တော့"

"ညှာ မမကို အထင်မလွဲပါနဲ့၊ မင်းအနေနဲ့ ကင်းကို လက်မထပ်လည်း ရပါတယ်၊ ငြင်းငိုက်ပါ ညှာရယ်"

"ရှင်တို့ဘက်ကနေ ငြင်းပါလား၊ ဒက်ဒီ စီစဉ်တာလို့ ဘာဖြစ်လို့ လက်ခံချင်ရတာလဲ၊ ရှင်တို့အကြံအစည်တွေ မဟုတ်လား"

"ညှာ"

"ထားခဲ့ပါ၊ သွားပါတော့၊ အပိုတွေ လာလုပ်မနေပါနဲ့၊ ကျွန်မကို သဘောကောင်းချင်ယောင်ဆောင်ပြီး ပြုစုမနေပါနဲ့တော့"

မမြနန္ဒာ အပြင်သို့ ပြေးထွက်သွားသည်။ ညှာ ထလိုက်၏။ ဒက်ဒီ လာကြည့်ပြီး ကင်း ရှိသားပဲ၊ အပြင်ဆေးခန်းတွေ

ပြစ်ရာမလိုဘူးတဲ့။ ဟွန်း ဒက်ဒီက ကင်းကို အထင်ကြီးလွန်းနေတာပဲ။ သမက်တော်ချင်လွန်းနေပြီ။ မမြနန္ဒာရဲ့ စနက်ပဲနေမှာပါ။ ကင်း အားဆေးသွင်းပေးထားသဖြင့် အားတွေပြည့်နေသည်။ အဖျားလည်း ကျသွားပြီဖြစ်၏။ ညှာ ထိုင်ပြီး ဆန်ပြုတ်သောက်ဖို့ပြင်လိုက်စဉ် ကင်းကို သတိရမိသွားရသည်။

"မင်း ငြိမ်ငြိမ်လေးနေပေးစမ်းပါကွာ၊ မနေရင် ကိုယ်မင်းကို ဖက်နမ်းပစ်လိုက်မှာနော်"

ကင်းစကားတွေကို ပြန်ကြားယောင်လာပြီး ရင်တွေတုန်သွားရသည်။ ကင် တကယ်ပဲ ညှာကိုချစ်တာလား။ မဖြစ်နိုင်ပါဘူး။ ကင်းမှာ ချစ်သူရှိနေတာပဲ။ အဲဒီချစ်သူကိုလည်း ရှင်ကြင်နာခဲ့တာပဲ။ မိန်းမတစ်ယောက်ကို ယုယကြင်နာပြဖို့ဆိုတာ မဆန်းပါဘူး။ ကင်းချစ်သူ ချစ်ချစ်ခင်က ချောမောပြီး ပညာတတ်မိန်းကလေးပဲ။ အရှက်မရှိတဲ့သူ။ ကင်းအကြောင်းတွေ ညှာက ဘာဖြစ်လို့တွေးနေရတာလဲ။ သူ့အစ်မကြောင့် ဒက်ဒီက မာမီ့ကို ထောင်ချောက်ဆင်ခဲ့တာပဲ။ မတွေးတော့ဘူး။ ရှင် ကျွန်မကြောင့် စိတ်သောကတွေပဲ ရောက်စေရမယ်။ ညှာ့အနေနဲ့ ကင်းအပေါ် သံယောဇဉ်မတွယ်ငြိစေရန် ကြိုးစားရမည်ဖြစ်သည်။ ညှာ ဆန်ပြုတ်သောက်နေမိ၏။ မမြနန္ဒာက အချက်အပြုတ်တော့ ကောင်းသားပဲ။ ဒက်ဒီကိုဆွဲဆောင်နိုင်ဖို့ နည်းမျိုးစုံ သုံးနေမှာပေါ့လေ။





ကင်းကိုချစ်လို့ မဖြစ်ဘူး။ ညှာ ကျဆုံးတာမခံနိုင်ဘူး။ ကင်းကို မေ့ပျောက်ပစ်နိုင်အောင် ကြိုးစားနေသည်။

"ညှာ"

"ဟင် ရှင်ဘာလာလုပ်တာလဲ၊ ရှင့်အစ်မက လွှတ်လိုက်တာလား"

"ကိုယ့်ဇနီးလောင်းရဲ့ အခန်းထဲကိုလာတာပဲ ညှာ၊ မမ လွှတ်မှ လာရမှာလား"

"ဘာဇနီးလောင်းလဲ၊ ရှင့်ကို ကျွန်မ အရမ်းမုန်းတယ်၊ ကျွန်မနဲ့လက်ထပ်ခွင့်ရလို့ ရှင် အရမ်းပျော်မနေနဲ့ဦးနော်"

"နေကောင်းရဲ့လား ညှာ၊ ကိုယ် အဖျားတိုင်းရမယ်၊ မင်း ဆေးသောက်ရဦးမယ်"

"ကျွန်မ ဘာမှမဖြစ်တော့ဘူးလို့ ပြောနေပြီပဲ"

ညှာ့မျက်နှာလေးအား ကင်း စူးစိုက်စွာကြည့်နေမိသည်။ ကင်းနှလုံးသားတွေကိုပင် နားမလည်နိုင်အောင်ဖြစ်ရင်း ညှာ့ကို ချစ်နေမိသည်။ ညှာရဲ့ တင်းမာနေသော မျက်ဝန်းလေးက သူ့နှလုံးသားတွေကို နာကျင်သွားရသည်။

"ညှာ"

"ဟင်"

"ကင်းကို အရမ်းပဲမုန်းနေတာလား"

“ရှင် ထွက်သွားပါ”

“ကိုယ်က ဆရာဝန်လေ၊ မင်း ၂ နေမှမကောင်းတာပဲ၊ ကိုယ် ဆေးကုပေးရမယ်”

“ရှင့်ကို ကျွန်မ အထင်မကြီးဘူး”

ကင်းက အောက်တန်းကျတဲ့ ယောကျ်ားတစ်ယောက် မဟုတ်ပါဘူး ညှာရယ်။ ညှာ့ကို ချစ်မိသွားတာပါ။ တကယ်ဆို ကိုယ် ဒီလိုဘဝမျိုးကို မနှစ်သက်ပါဘူး။ ကိုယ့်ခြေထောက်ပေါ်ကို ကိုယ် ရပ်တည်ချင့်တာပါ။ ကင်းနှလုံးသားက ဘာဖြစ်လို့များ ညှာ့ကို ချစ်မြတ်နိုးမိသွားရတာလဲ။ ညှာက ငြင်းဆန်နေသည့်ကြားမှပင် ကင်း ဇွတ်အတင်းပဲ ညှာ့ကို အဖျားတိုင်းသည်။ သွေးပေါင်ချိန်ပြီး ဆေးတိုက်သည်။

“ညှာ အနားယူတော့နော်၊ ကိုယ် ကျောင်းသွားရမယ်၊ အရေးကြီးတဲ့ အတန်းတွေရှိနေလို့၊ ညှာ နေကောင်းသွားပါပြီ၊ အပြင်တော့ မထွက်နဲ့ဦးနော်”

ညှာ့လက်လေးကို ဆုပ်ကိုင်ပြီး အကြင်နာမျက်ဝန်းလေးတွေနဲ့ကြည့်ပြီး ပြောနေမိသည်။ ညှာ့မျက်ဝန်းတွေက တင်းမာခက်ထန်နေ၏။ ကင်းလက်တွေကို ဖယ်ရှားပစ်နေသည်။

“ရှင် အပိုတွေလုပ်မနေပါနဲ့၊ အထင်မကြီးဘူး၊ ရှင်တော်တော်ရယ်ရတဲ့လူပဲ၊ ကျွန်မပိုင်ဆိုင်ရမယ့် စည်းစိမ်ဥစ္စာတွေကို





ယူချင်တာနဲ့ ကျွန်မကို ဒီလောက်အထိ အောက်ကျခံနေတာလား အဟွန်း ဟွန်း အဟွန်း”

“မင်းထင်ချင်သလိုထင်လေ ညှာ၊ မင်းက ကိုယ့်ဇနီးလောင်းပဲ၊ ပြီးတော့ ကိုယ်သိပ်ချစ်တယ်”

“ရှင် ရှင်”

ညှာ့ပါးပြင်လေးကို ဆွဲဖျစ်လိုက်ပြီး ကင်း ထွက်လာခဲ့သည်။ ကင်း ခြံထဲဆင်းလာတော့ မမ နောက်ကလိုက်လာပြီး အချစ်ကိုလက်ထပ်ဖို့ပဲ ပြောနေသည်။

“ညှာ့ကို မမ အရမ်းကြောက်တယ်၊ ညှာ့မျက်ဝန်းတွေက မမတို့ကို အထင်သေးနှိမ့်ချတဲ့ အရိပ်အငွေ့တွေနဲ့ ပြည့်နေတယ် ကင်း၊ မင်း မမကို လက်စားပြန်ချေတာလား ကင်း၊ မမက အစ်ကိုကြီးကို လက်ထပ်မယ်လုပ်တုန်းက မင်း အကြီးအကျယ်ကန့်ကွက်တော့ မမ ဇွတ်အတင်းပဲ လက်ထပ်ခဲ့မိတယ်”

“မမ”

“ဟင်”

“ကင်း ဝဋ်လည်တာထင်တယ်”

“ဘာ”

“ညှာ့ကို ကင်း ချစ်မိနေလို့ပါ၊ ညှာက ကင်းရဲ့အချစ်ဦး ဖြစ်သွားခဲ့လို့ပါ”

"ဟင်"

"အချစ်ကို ကင်း မချစ်ဘူး၊ သူငယ်ချင်းထက်ပိုပြီး မချစ်နိုင်ခဲ့လို့ပါ၊ ညွှာနဲ့ပတ်သက်သမျှ ကင်း သည်းခံနိုင်စွမ်း ရှိနေတယ်၊ ကင်းရဲ့မာနကို ညွှာက ရိုက်ချိုးပစ်နိုင်တယ်ထင်တယ်"

ကင်း ထွက်လာခဲ့သည်။ ညွှာ ဘာပဲပြောပြော ဘယ်လိုပဲ ပြုမူပါစေ ကင်း သည်းခံဖို့ ဆုံးဖြတ်ထားမိသည်။ ညွှာ့ကို ချစ်တာပါ။ ညွှာက ကင်းရဲ့နှလုံးသားတွေထဲ အနက်ရှိုင်းဆုံး တိုးဝင်ငြိတွယ်နေတဲ့ အချစ်ဦးဖြစ်နေသည်။ ကျောင်းမှာ အချစ်နဲ့ တွေ့တော့ ကင်း ရှောင်နေချင်၏။ ညွှာ့ကို သစ္စာဖောက်သလို ဖြစ်သွားမှာစိုးလို့ဖြစ်သည်။

"အချစ်ကိုတောင် ရှောင်နေပြီလား ကင်းရယ်၊ အချစ်နဲ့ ကင်းက သူငယ်ချင်းတွေပါနော်၊ ညွှာ့ကို အချစ် သွားရှင်းပြရ မလားဟင်"

"မလိုပါဘူး အချစ်၊ ကင်းကိုပဲ နားလည်ပေးပါကွာ၊ ညွှာ့အပေါ် ကင်း သစ္စာဖောက်တစ်ယောက်လို ခံစားမိလို့ပါ၊ အချစ်နဲ့ကိုယ် ခပ်ဝေးဝေးလေးပဲ နေချင်တယ်၊ ညွှာ အထင်လွဲမှာ ကို မခံယူနိုင်လို့ပါ"

"ကင်း ညွှာ့ကို ချစ်သွားပြီပဲ၊ ဘယ်သူတွေ ဘာပဲပြော ပြော အချစ်က ကင်းကို နားလည်ပါတယ်၊ ကင်း ဘယ်လို





ယောကျ်ားမျိုးလဲဆိုတာ အချစ် အသိဆုံးပါပဲလေ"

ညွှာ့ကို အချစ် အားကျနေမိသည်။ ကင်းက ယောကျ်ား ပီသပါတယ်။ ငွေကြေးစည်းစိမ်ဥစ္စာတွေကြောင့်တော့ မဖြစ်နိုင် ပါဘူး။ ညွှာ့ကို ကင်း နှလုံးသားထဲက ချစ်သွားပြီပဲ။ အချစ်နဲ့ ကင်း ငယ်စဉ်လေးကတည်းက အတူတူနေထိုင်လာခဲ့ကြတဲ့ သူငယ်ချင်းတွေမဟုတ်လား။ ကင်းက မိန်းကလေးတွေကို စိတ် မဝင်စားဘူး။ ဘယ်လောက်ပဲ ချမ်းသာကြွယ်ဝတဲ့ မိန်းကလေး ဖြစ်ပါစေ။ ကင်း ပတ်သက်ဆက်ဆံခြင်းမပြုပေ။ ညွှာ့ကို ကင်း နှလုံးသားထဲမှ ချစ်မြတ်နိုး၍သာဖြစ်ကြောင်း အချစ် နားလည် သွားခဲ့ရသည်။

"ကင်းရယ် အချစ်နားလည်ပါတယ်နော်၊ ကင်းကို လေးစားအထင်ကြီးပြီး အချစ် သံယောဇဉ် ကြီးခဲ့ရတာပါနော်၊ ကင်းဆန္ဒပါပဲ၊ ကင်း ပျော်ရွှင်မယ်ဆိုရင် အချစ်လည်းပျော်ရွှင် ဝမ်းမြောက်ရပါတယ်"

အချစ်က အသံတုန်တုန်လေးကို ထိန်းပြီးပြောရင်း ကင်း အနားမှ ထွက်သွားသည်။ ကင်း စိတ်ထိခိုက်ကြေကွဲသွားရ၏။ ကင်းရဲ့ ပျော်ရွှင်ချမ်းမြေ့မှုတော့ မဟုတ်ပါဘူး အချစ်ရာ။ ကင်းနှလုံး သားတွေက ညွှာ့ကို ချစ်မိသွားတာ နားမလည်နိုင်ဘူး။ အချစ် နားလည်ဆုံး ဖြစ်မှာပါ။ ကင်းစိတ်တွေက ညွှာ့အပေါ် သစ္စာ

ရှိရှိ ချစ်တာပါ။ အချစ်နဲ့ သူ့ကို ချစ်သူတွေလို့ ညွှာက သိထားတာမဟုတ်လား။ ကင်း တောင်းပန်ပါတယ် အချစ်။ သူ့နှလုံးသားထဲမှာ ညွှာပဲ လွှမ်းမိုးထားသည်။ ကင်း အတန်းတစ်ခုပြီးချိန်နားချိန်များတွင် ညွှာ့ဆီဖုန်းဆက်ပြီး ကျန်းမာရေးအခြေအနေကို မေးမြန်းတိုင်း ညွှာက ခေါသတကြီး တုံ့ပြန်ဖြေတတ်သည်။

"ရှင် ဘာဖြစ်လို့ ဖုန်းဆက်နေရတာလဲ၊ ဒီလောက်အထိ ကျွန်မအပေါ် ဂရုစိုက်ပြမနေပါနဲ့၊ အပိုတွေ"

"ညွှာ ကိုယ်တကယ်ပဲ စိတ်ပူတာပါ၊ ညွှာ နေကောင်းတယ်မဟုတ်လား၊ အဖျားကျသွားပြီလား၊ ညွှာ အားရှိမယ့် အစားတစ်ခုခုရော စားရဲ့လား"

"ဟွန်း မုန်းလိုက်တာ၊ အပိုတွေ၊ ဒီမှာ ရှင်ဂရုစိုက်ရှာက အချစ်ပဲ၊ နားလည်လား"

"မဆိုင်တာကွာ၊ ညွှာက ကိုယ်ချစ်မြတ်နိုးရတဲ့ မိန်းကလေးပါ၊ ပြီးတော့ ကိုယ့်ချစ်ဇနီးလောင်းလေ"

"ရှင် ရှင်"

"ညွှာရယ် ခေါင်းမမာစမ်းပါနဲ့ကွာ၊ နေကောင်းအောင်နေနော်၊ အချစ်က ကိုယ့်သူငယ်ချင်းပါ၊ ညွှာ့ကို အရွဲ့တိုက်ပြီး ချစ်သူလို ရွဲ့တွဲပြတာပါ"

"ရှင် တော်တော်အပြောင်းအလဲမြန်တာပဲ၊ အခုမှ သူငယ်





ချင်း ဟုတ်လား၊ တော်တော်ရယ်ရတာပဲ၊ ဟား ဟား ဟား"

"ညွှာ"

"အဟွန်း ဟွန်း ဟွန်း"

ညွှာ ခေါသတကြီးဖြင့် ဖုန်းပိတ်ပစ်လိုက်သည်။ ကင်း စိတ်မောသွားရ၏။ အင်းလေ သူ့လုပ်ရပ်တွေကလည်း ညွှာ အထင်လွဲစရာပါပဲ။ ညွှာ ယုံကြည်လက်ခံဖို့ အချိန်အတော်လေးစောင့်ရမည်ဖြစ်သည်။

❀ ▫ ❀

## အခန်း (၂၀)

"မချစ်ချစ်ခင်"

"ပြောပါ မွှေသဲညှာ"

"မချစ်ချစ်ခင်နဲ့ ကင်းနဲ့က ချစ်သူတွေလား"

"ရှင်"

"ညှာ ကိုယ်ချင်းစာလို့ပဲ၊ ရှင်နဲ့ကင်းက ချစ်သူတွေလား လို့ပါ"

"ကင်းက အခု မွှေသဲညှာနဲ့ လက်ထပ်တော့မှာမဟုတ်လား"

"ပြောစမ်းပါ၊ ရှင်နဲ့ချစ်သူတွေလားလို့၊ ရှင့်ကို သစ္စာမဲ့ပြီး ကျွန်မကိုလက်ထပ်တာ ယောကျ်ားမပီသတဲ့လူပဲ၊ ကျွန်မတို့ လက်ထပ်တာ ငွေကြေးကြောင့်လား၊ ကင်းအစ်မကလည်း ကျွန်မ





ဒက်ဒီကို ဖြားယောင်းသွေးဆောင်ပြီး အရယူခဲ့တာလေ၊ သိပ် အောက်တန်းကျတဲ့လူတွေ၊ ရှင် အထင်ကြီးမနေစမ်းပါနဲ့"

"ဒီမှာ ရှင်မှားနေပြီထင်တယ် မွှေသဲညှာ၊ ကင်းရော မနန္ဒာရော အခြေအနေအရ ရှင့်ဒက်ဒီကို လက်ထပ်လိုက်ရတာပဲ ဖြစ်မှာပါ၊ သူတို့က အချောင်သမားတွေ မဟုတ်ကြပါဘူး"

"အဲဒါကြောင့် ပြောတာပေါ့ မချစ်ချစ်ခင်၊ ရှင်က အရမ်းအထင်ကြီးနေတာပါ၊ အခု ရှင့်အပေါ်သစ္စာမဲ့ပြီး ကျွန်မနဲ့ လက်ထပ်ဖို့ ကြိုးစားတာလေ"

"ကျွန်မနဲ့ကင်းက ချစ်သူတွေမဟုတ်ကြပါဘူး"

"ဘာရှင့်"

"သူငယ်ချင်းတွေပါ"

"မချစ်ချစ်ခင် ရှင်က ကင်းဆိုတဲ့လူအပေါ် ဒီလောက် အထိ အနစ်နာခံပေးမနေစမ်းပါနဲ့၊ ပိုင်းလုံးတွေ"

"မွှေသဲညှာ"

"ငွေမက်တဲ့လူတွေ၊ သူများမိသားစုကိုဖြိုခွဲပြီး စည်းစိမ် ဥစ္စာတွေကို အပိုင်စီးကြတာပဲ"

"မွှေသဲညှာ အထင်မှားနေတာပါ၊ သူတို့က အဲဒီလို လူမျိုးတွေ မဟုတ်ကြပါဘူး၊ ကျွန်မနဲ့လည်း ချစ်သူတွေ မဟုတ် ကြပါဘူး"

“ဘာပြောတယ်၊ ရှင်နဲ့ချစ်သူတွေ မဟုတ်ကြပါဘူး ဟုတ်လား”

“ဟုတ်ပါတယ်”

“ရှင် ရှင်”

“တကယ်ပါ၊ ကင်းက ရှင်ထင်သလို ယောကျာ်းမျိုး မဟုတ်ပါဘူး၊ ကျွန်မနဲ့လည်း သူငယ်ချင်းလိုပဲ ခင်မင်တာပါ”

“ရှင်လိမ်တာပဲ၊ ကင်းက ရှင့်ကို ဒီလိုပဲပြောဖို့ မှာထားတာမဟုတ်လား”

“မရွှေသဲညာ”

“ရှင့်အပေါ် ဒီလောက်အထိ သစ္စာမဲ့နေတဲ့ လူတစ်ယောက်ကို ဘာဖြစ်လို့ အထင်ကြီးနေရတာလဲ”

“ရှင့်ကိုတကယ်ပြောနေတာပါ၊ အချစ် လိမ်ညာပြောနေတာ မဟုတ်ပါဘူး၊ ယုံပါ၊ ကျွန်မနဲ့ သူငယ်ချင်းတွေပါ”

“ရှင် ကင်းဘက်က ဘာဖြစ်လို့ လိမ်ညာပေးနေရတာလဲ၊ ပြောစမ်းပါ”

“မရွှေသဲညာ”

အချစ် ဘယ်လိုပဲ ရှင်းပြရှင်းပြ မရွှေသဲညာက လက်မခံပေ။ ကင်းအပေါ် အထင်သေးနေတာကို အချစ် ဒေါသဖြစ်မိသည်။ ကင်းကို ရှင်ဘာဖြစ်လို့ အထင်သေးနေတာလဲ။ ကင်းကို





အချစ်ပိုင်ဆိုင်ချင်တာ ချစ်သူအဖြစ် ချစ်မြတ်နိုင်းချင်တာပါ။ ကင်းအတွက် စိတ်ထိခိုက်မိနေသည်။

“ကင်းက ရှင့်ကိုချစ်နေတာပါ၊ ယုံပါ မရွှေသဲညာ၊ ရှင်က ကင်းရဲ့အချစ်ဦးပါ၊ ရှင်ကံကောင်းတယ်၊ အရမ်းကံကောင်းတာပဲ၊ ကျွန်မ အားကျနေတာပါ”

“မယုံဘူး၊ မယုံဘူး၊ ရှင်လိမ်ညာနေတာပဲ၊ မဖြစ်နိုင်တာ”

မရွှေသဲညာ ထွက်သွားသဖြင့် အချစ်တစ်ယောက်တည်း ကျန်ခဲ့သည်။ အချစ် ရှင်းပြလည်းမရ။ ကင်းက ရှင့်အပေါ် ဘယ်လောက်အထိ သစ္စာတွေရှိနေ ချစ်နေလဲ။ အချစ်လို ငယ်သူငယ်ချင်းနဲ့တောင် မတွေ့တော့ဘူး။ ကင်းလို ယောကျာ်းတစ်ယောက်ကို လက်ထပ်ခွင့်ရတာ ရှင့်ကံအကောင်းဆုံးပဲ။ အချစ် အော်ဟစ်ပြောပစ်ချင်နေမိသည်။ ကင်းကို သွားတွေ့မိ၏။ အတန်းပြီးလာသော ကင်းသည် အိမ်ပြန်ဖို့ ကားပေါ်တက်နေသည်။

“ကင်း”

“ဟင်”

“ညာလာတာ သိလား”

“ဘာ”

“အချစ်ကိုလာတွေ့တယ်”

“ဟင်”

“အချစ်ကိုပြောစမ်းပါ၊ ညွှာကိုချစ်တာ သဘောရိုးနဲ့ လား၊ ငွေကြေးကြောင့်လား၊ ရှင့်ကိုအထင်သေးလွန်းတဲ့ မိန်းမတစ်ယောက်ကို ရှင် ဘာဖြစ်လို့ လက်ထပ်ချင်ရတာလဲ၊ မမနန္ဒာက အချစ်ကို လက်ထပ်ဖို့ ဖုန်းဆက်ပြောတယ်လေ”

“ကိုယ်သွားတော့မယ်”

“ကင်း” -

“အချစ် မင်းနဲ့မဆိုင်တဲ့ကိစ္စပါ၊ ကင်းအကြောင်းတွေကို စိတ်မဝင်စားတာ အကောင်းဆုံးပါပဲ”

“ကင်း ရှင့်ဘဝက ဘာဖြစ်လို့ ဒီလိုအခြေအနေဖြစ်နေရတာလဲ၊ ရှင့်အတွက် အချစ်နှလုံးတွေ ဘယ်လောက်နာကျင်ကြေကွဲနေရပြီလဲ သိလား”

“ကိုယ် စိတ်မကောင်းပါဘူး အချစ်၊ တောင်းပန်ပါတယ်၊ ကင်းနဲ့ပတ်သက်တာတွေ အားလုံးမေ့ပစ်လိုက်ပါ၊ ကိုယ်သွားပြီ”

“ကင်း”

အချစ်ကို ထားခဲ့ပါသည်။ ကင်း လှည့်မကြည့်တော့ ကိုယ်တော့ ဘာမှနားမလည်နိုင်တာပါ အချစ်ရာ။ ဘယ်လို ရှင်းပြရမှန်းတောင် မသိတော့ဘူး။ ညွှာကို ချစ်နေတယ်။ ကိုယ်ချစ်





နေတယ်။ ညွှာ့အပေါ် ကိုယ်နားလည်နေမိသလိုပဲ။ ညွှာ တစ်နေ့ကျရင် ကိုယ့်အပေါ် ချစ်မြတ်နိုးလာလိမ့်မယ်လို့ ကိုယ် ယုံကြည်နေတယ်။ ကင်း ညွှာ့ကို ချစ်မိနေသည်။ ကင်း အိမ်ပြန်လာတော့ ညွှာ နေကောင်းနေပြီဖြစ်၍ ကင်း စိတ်အေးသွားရ၏။ အန်ကယ်က လက်ထပ်ဖို့ကိစ္စကို လုံးဝနောက်မဆုတ်ဘဲ စီစဉ်နေသည်။

“ညွှာ့ကို ကိုယ်ချစ်တာပါ၊ ငွေကြေးဥစ္စာတွေကြောင့် မဟုတ်ပါဘူး၊ ညွှာ့ကို ကိုယ့်နှလုံးသားထဲက ချစ်မိတာပါ”

“ရှင့်ကိုမယုံဘူး၊ ရှင်လိမ်ညာနေတာပဲ၊ ရှင့်ကိုအရမ်းမုန်းတယ်”

ညွှာက ခါးခါးသီးသီးပဲ ငြင်းဆန်နေခဲ့သည်။ အန်ကယ်ဦးမြတ်ညွှာ ရှေ့မှာတော့ လက်ထပ်ပွဲကို လက်ခံသယောင် သဘောကောင်းချင်ယောင် ဆောင်နေခဲ့သည်။

“ညွှာက ဒက်ဒီဆန္ဒပါပဲနော်၊ ကင်းနဲ့အဆင်ပြေအောင် ညွှာ အတတ်နိုင်ဆုံး အလျှော့ပေးပြီး ဆက်ဆံပါတယ် ဒက်ဒီ”

“အေးကွယ်၊ သမီးညွှာ လိမ္မာလိုက်တာကွယ်၊ ဒက်ဒီက သမီးလေးရှေ့ရေးအတွက်ပါ၊ ကင်းက အားကိုးအားထားပြုလောက်တဲ့ ယောကျ်ားကောင်းတစ်ယောက်ပါပဲ”

“ဒက်ဒီစိတ်ချမ်းသာဖို့ ညွှာ လက်ခံရတာပါ၊ ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် ဒက်ဒီ ချစ်တဲ့လူက ညွှာချစ်တဲ့လူပါပဲ”

"သမီးလေးရယ် လိမ္မာလိုက်တာ၊ ဒက်ဒီ ချစ်မြတ်နိုးရတဲ့ သမီးလေး အရင်က ဒက်ဒီဘက်ကလည်း အမှားလွန်ကျူးခဲ့တာပါပဲ၊ အခုတော့ သမီးညှာ နောင်ရေးအတွက်ပဲ ဒက်ဒီ စဉ်းစားတယ်"

"ဒက်ဒီရယ်"

ကင်းကို ညှာ ချစ်မိနေပြီလား မသိတော့ဘူး ဒက်ဒီ။ ဒါပေမဲ့ သူတို့ကို ညှာ မုန်းတီးနာကြည်းနေတယ်။ ညှာတို့ မိသားစုဘဝကို ဖျက်ဆီးပစ်လိုက်တာပါ။ မာမီ့ကို ထောင်ချောက်ဆင်ပြီး အဝေးလွင့်သွားအောင် ဒက်ဒီ ကြံစည်လိုက်တာပါ။ အဲဒါ မမြနန္ဒာကြောင့်ပဲ မဟုတ်လား။ ညှာ့ရင်ထဲမှာ အချစ်တွေရော အမုန်းတွေရော နာကြည်းမှုတွေရော မွန်းကြပ်နေတယ်။ ကင်းဆိုတဲ့ လူကိုလည်း ညှာ မယုံဘူး။ မိန်းမတစ်ယောက်ကို စည်းစိမ်ဥစ္စာတွေကြောင့် အလွယ်တကူ လက်ထပ်လိုက်တာ စိတ်ဓာတ်ညံ့ဖျင်းလွန်းပါတယ်။ ချစ်သူအပေါ်လည်း အနိုင်ကျင့်ပြီး လိမ်ညာနိုင်းတယ်။ ကင်းချစ်သူက ကင်းကိုအပြစ်မမြင်အောင် ပြောနေတယ်။ မိန်းမတစ်ယောက်အပေါ် အနိုင်ကျင့်နေတဲ့လူပဲ။ ကင်းကို မုန်းပစ်ချင်တယ်။ မုန်းတယ်။ ညှာ ရင်ထဲမှာ မကျေနပ်ချက်တွေနှင့် မွန်းကြပ်နေသည်။

"သမီးညှာ"





"ရှင် ဒက်ဒီ"

"ဒီနေ့ မင်္ဂလာပွဲဖိတ်စာတွေ ရမယ်၊ ကင်းနဲ့ သွားယူခဲ့ပါ၊ ပြီးတော့ မင်္ဂလာခန်းဝင်ပစ္စည်းတွေ မှာထားတာလည်း ရပြီ၊ သမီးနဲ့ကင်း သွားကြပါ"

"ဟုတ်ကဲ့ပါ ဒက်ဒီ"

"သမီးညှာ ပြင်ဆင်ပြီးရင် အောက်ကိုဆင်းလာခဲ့နော်"

"ဟုတ်ကဲ့"

ဦးမြတ်ညှာကတော့ ကင်းကို ယုံကြည်မိနေသည်။ ငွေကြေးစည်းစိမ်ဥစ္စာတွေကို မက်မောတဲ့လူတစ်ယောက် မဟုတ်ဘူးဆိုတာ ယုံကြည်မိနေ၏။ သမီးညှာကတော့ မိဘတွေရဲ့ပြဿနာကြောင့် မယုံကြည်တာမျိုးလည်း ဖြစ်နိုင်သည်။ ဦးမြတ်ညှာကတော့ မင်္ဂလာပွဲကို မဖြစ်မနေလုပ်ရမှာပဲဖြစ်၏။ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

"ကင်း"

"ပြောပါ အန်ကယ်"

"မင်္ဂလာဖိတ်စာတွေ ရပြီတဲ့၊ ပြီးတော့ မင်္ဂလာခန်းဝင်ပစ္စည်းတွေ သွားကြည့်ပါ၊ အန်ကယ်က အဖေဖြစ်နေလို့ နေရာတကာ လိုက်နေလို့ မသင့်တော်ဘူးလေ၊ မင်္ဂလာပွဲကိစ္စကို ကင်းပဲ စီစဉ်ပါ"

"အန်ကယ်"

"ကင်းကို အန်ကယ်ယုံတယ်၊ မင်္ဂလာပွဲကိစ္စ မဖြစ်မနေ စီစဉ်ပါ၊ အန်ကယ့်သမီးလေးကို လက်ထပ်တာ ကင်းကို ကျေးဇူးတင်ပါတယ်"

"အန်ကယ့်ကို ပြောချင်တာက ငွေကြေးစည်းစိမ်ဥစ္စာတွေနဲ့မဆိုင်ဘဲ လက်ထပ်တာ ချစ်မြတ်နိုးလို့ဆိုတာ ယုံကြည်ပေးပါ"

"ကင်းရယ် အန်ကယ် ကျေးဇူးအများကြီးတင်ပါတယ်။ ကင်းကို အန်ကယ်ယုံပါတယ်၊ ကင်းကိုပဲ အပ်ပါတယ်"

ညှာရယ် မင်းဘက်က အမုန်းတွေနဲ့ ဘယ်လိုပဲတုံ့ပြန်ပါစေ၊ ကိုယ့်ရဲ့ချစ်ခြင်းမေတ္တာတွေကို လက်ခံနားလည်လာမှာပါ။ ညှာသည် ဝတ်စားပြင်ဆင်ပြီး ကျော့ကျော့မော့မော့လေး ဆင်းလာသည်။

"သွားမယ်လေ ကင်း"

အန်ကယ်မြတ်ညှာ ရှေ့မှာတော့ ညှာက ရွှင်လန်းသွက်လက်နေပြီး သဘောကောင်းပြနေသည်။ ကင်းက သိနေ၏။ ကားပေါ်ရောက်သည်နှင့် ညှာ့မျက်ဝန်းတွေက တင်းမာသွားတော့သည်။

"ဒီမှာ"





"ညှာ"

"ရှင့်ဟာရှင် တစ်ယောက်တည်းသွားတော့၊ ကျွန်မ ဒီကိစ္စတွေ လိုက်မလုပ်ချင်ဘူး၊ လက်ထပ်ပွဲကိစ္စ ဒက်ဒီဆန္ဒအတိုင်း ကျွန်မလက်ခံပေးတာ၊ အစစအရာရာတော့ ကျွန်မ လိုက်မလုပ်ပေးနိုင်ဘူး"

ကင်းကတော့ ညှာ မာနပြနေတာကို စိတ်မရှည်စွာဖြင့် ကားကိုရပ်ပြီး စေ့စေ့ကြည့်နေမိသည်။ မင်းမျက်ဝန်းတွေက အမုန်းတကယ်ပဲ အချစ်တွေ ရှိမနေတာလား။ အမုန်းတွေပဲ ဘဝတစ်သက်လုံး ရှိနေမှာလား ညှာ။ ကိုယ်ဘာဆက်လုပ်ပေးရမှာလဲ။ ညှာ မျက်ဝန်းလေးကို ကင်း စူးစိုက်ကြည့်မိသည်။

"ရှင် ဘာကြည့်နေတာလဲ မောင်းလေ"

"ညှာ"

"ဘာလဲ"

"ကိုယ်နဲ့လက်ထပ်ဖို့ ဒီလောက်အထိ စိတ်ညစ်နေတာလားဟင်"

ညှာ ရင်ထဲမှာ နာကျင်နေမိသည်။ ကင်းကို လက်မထပ်နိုင်ဘူးဟုလည်း ညှာ ပြောရမှာ ဝန်လေးနေရသည်။ ညှာ မာနပြချင်နေ၏။ ကင်းကို အလျှော့မပေးချင်ပေ။ ချစ်လည်း မချစ်ချင်ပါဘူး။ ညှာ့မျက်ဝန်းလေးက တင်းမာနေသည်။

"ကင်း ဘာဆက်လုပ်ပေးရမလဲ ပြောလေ ညှာ၊ ကင်း ဆန္ဒက ညှာ့ဆန္ဒပဲ၊ ကိုယ့်ကို ဒီလောက်အထိ မုန်းတီးမနေပါနဲ့၊ ညှာ့ကို ချစ်တာတွေကို သံသယမရှိ ယုံပါ ညှာရယ်"

"ကျွန်မ ဆင်းတော့မယ်"

"ညှာ ဘာလုပ်ချင်တာလဲ ဟင်၊ ကင်းကို ပွင့်ပွင့်လင်း လင်း ပြောပါ"

ညှာလက်လေးကို ဆုပ်ကိုင်ပြီး ကင်း မေးမိသည်။ ညှာက သူမလက်လေးကို ရုန်းဖယ်ပစ်နေမိ၏။ ကင်း မလွှတ်။ လက်လေး ကိုဆွဲယူပြီး ရင်ခွင်ထဲ ပွေ့ဖက်ထားမိနေသည်။

"ရှင်ဘာလုပ်တာလဲ ဖယ်စမ်းပါ၊ ရှင် ပိုင်စိုးပိုင်နင်း ဘာလုပ်တာလဲ"

"ချစ်တယ်၊ ကိုယ့်နှလုံးသားတွေထဲမှာ ညှာပဲရှိတယ်၊ ညှာက ကိုယ့်အချစ်ဦးပါ"

"မယုံဘူး၊ ရှင့်ကို ကျွန်မ လုံးဝမယုံဘူး၊ လွှတ်ပါ"

ကင်း စိတ်တွေလွှတ်ထွက်ချင်နေမိသည်။ ညှာ့ဆီက တုံ့ပြန်တဲ့အချစ်တွေကို ရရှိချင်နေမိ၏။ ညှာ့မျက်ဝန်းတွေက တင်းမာနေဆဲပင်။ နှုတ်ခမ်းဖူးဖူးလေးကို ဖျတ်ခနဲ အမှတ်မထင် ငုံ့နမ်းမိတော့ ညှာ့ဒေါသတွေက အထွတ်အထိပ်ရောက်သွားရသည်။ ကင်း ဘာဖြစ်လို့များ ညှာ့နှုတ်ခမ်းသားလေးကို နမ်းမိသွားရတာလဲ။





ညှာက ဒေါသတကြီး ရုန်းဖယ်နေသည်။

"ရှင် ရှင် ဘာလုပ်တာလဲ၊ ကျွန်မကို ရှင်စော်ကားတာ လား၊ ရှင် ဘယ်လိုယောကျ်ားတစ်ယောက်လဲ ဟင်"

"ကိုယ်တောင်းပန်ပါတယ် ညှာ၊ ကိုယ် စိတ်တွေလွှတ် ထွက်သွားတယ်။ ညှာ့ကို ချစ်လို့ပါ၊ မြတ်နိုးလို့ပါ"

"ဖယ်ပါ၊ ကျွန်မ ဆင်းတော့မယ်၊ မင်္ဂလာကိစ္စတွေ ရှင်ပဲလုပ်တော့၊ ကျွန်မဘက်က မငြင်းဘူးနော်"

"ညှာ"

"ရှင့်ကို ကျွန်မ အထင်မကြီးဘူး၊ ဘယ်တော့မှလည်း ချစ်လာမှာမဟုတ်ဘူး၊ အဲဒါ ကျွန်မရဲ့သဘောထားပဲ"

ညှာ ကားပေါ်မှဆင်းပြီး အငှားကား ငှားလိုက်သည်။

"မင်းကို ဘယ်မှာလာကြိုရမလဲ ညှာ၊ သင်တန်းလား"

"ဟုတ်တယ်"

ညှာ့နှုတ်ခမ်းလေးတွေ နာကျင်စပ်ဖျင်းနေဆဲဖြစ်သည်။

# အခန်း (၂၁)

ညှာတို့မင်္ဂလာပွဲသည် ကြီးကျယ်ခမ်းနားစွာ ပြီးဆုံးသည်။ ဒက်ဒီက ညှာ့မာမီနေရာတွင် မမြနန္ဒာကို အစားထိုးသွား၏။ ဦးမြတ်ညှာ၊ ဒေါ်မြနန္ဒာတို့၏သမီးတဲ့။ မာမီ့ကို မင်္ဂလာပွဲကို လာရောက်ရန် ညှာ ဆန္ဒရှိနေခဲ့ပေမယ့် ဒက်ဒီက လက်မခံခဲ့။ ဒက်ဒီ မတရားတာပဲ။ မာမီ့အပေါ် တော်တော်လေး ရက်စက်နေခဲ့တာပါ။ မာမီကလည်း ညှာ့ကို သမီး ရှေ့ဆက်လျှောက်ရမယ့် ခရီးလမ်းတိုင်း သမီးဒက်ဒီဆန္ဒအတိုင်းပဲ လျှောက်လှမ်းပါတဲ့။ ကင်းက ညှာ့လက်လေးကို ဆုပ်ကိုင်စဉ် ရုန်းဖယ်ပစ်ချင်သော ဆန္ဒတွေကို အတတ်နိုင်ဆုံး ချိုးနှိမ်ထားခဲ့ရသည်။

"ညှာ့လက်တွေ အေးစက်နေတာပါလား၊ ညှာ ကြောက်နေတာလား"





"ကျွန်မလက်ကို မကိုင်ထားပါနဲ့ ကျေးဇူးပြုပြီး လွှတ်ပေးပါ"

"လွှတ်မပေးနိုင်ဘူး"

"ဘာရှင့်"

"ဒီအချိန်က ကိုယ်တို့နှစ်ယောက်ရဲ့ လက်တွေကို ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်ထားရမယ့်အချိန်လေ"

"ရှင် အနိုင်ကျင့်တာပဲ၊ ကျွန်မအမုန်းဆုံးက မိန်းမတွေကို အနိုင်ကျင့်တတ်တဲ့ ယောကျ်ားတွေကိုပဲ"

"ညှာ ထင်လို့ပါ၊ ကိုယ်က အနိုင်ကျင့်တာမဟုတ်ပါဘူး၊ ချစ်မြတ်နိုးလို့ပါ"

"ရှင် တော်တော်အရှက်မရှိတာပဲ၊ မျက်နှာပြောင်တိုက်လွန်းတယ်၊ ဟိုမှာ ရှင့်ချစ်သူ မချစ်ချစ်ခင် ထိုင်နေတယ်လေ၊ ရှင် နည်းနည်းမှ ခံစားချက်မရှိဘူးလား၊ မချစ်ချစ်ခင် မျက်ဝန်းတွေက ဘယ်လောက် ရီဝေကြေကွဲနေသလဲ၊ ရှင် ရက်စက်လွန်းတယ်"

"အချစ်က ကိုယ့်သူငယ်ချင်းပဲ"

"ရှင်"

ညှာက ဒေါသတကြီး တုံ့ပြန်မယ်လုပ်တော့ ကင်းလက်တွေက ညှာ့လက်လေးကို တင်းကြပ်စွာ ဆုပ်ကိုင်မိသည်။

"သတို့သား သတို့သမီး ဓာတ်ပုံရိုက်မယ်၊ ပြုံးပြုံးလေး နေပေးပါ၊ စကားတွေ တတွတ်တွတ်ပြောနေလိုက်တာ၊ နောင် နှစ်ပေါင်းများစွာ အတူနေပြီး စကားတွေပြောကြရမှာပါနော်"

ဓာတ်ပုံဆရာရောက်လာ၍ ညာ ပြုံးလိုက်ရသည်။ ကင်း တော်တော်ရျက်နှာပြောင်တိုက်တာပဲ။ ဒက်ဒီကသာ အထင်ကြီး နေတာပါ။ ညာ့ကိုလက်ထပ်ဖို့ သူ့ချစ်သူကိုတောင် ဥပေက္ခာပြု နိုင်တယ်။ မိန်းမတွေအပေါ် အနိုင်ယူချင်တဲ့စိတ်ဓာတ်ပဲ။ ညာတို့ မိသားစု ပြုကွဲခဲ့ရတာ ကင်းတို့မောင်နှမကြောင့်ပါပဲ။ မင်္ဂလာပွဲ ကြီး ပြီးဆုံးသွားတော့ ညာ့စိတ်တွေ တော်တော်လေး ပင်ပန်း နွမ်းနယ်နေရသည်။

"သမီးညာ"

"ရှင် ဒက်ဒီ"

"သမီးညာ အခုဆို ကင်းရဲ့ဇနီးမယား ဖြစ်သွားပြီနော် အံ့ရေးကြီးတာက ယောကျ်ားတစ်ယောက်ရဲ့မာနကို မထိပါးမိစေ ဖို့ပဲကွယ့်၊ သမီးမာမီက ဒက်ဒီကိုမချစ်ဘူး၊ ကြည်ကြည်သာမှာ ချစ်သူရှိတယ်၊ ချစ်သူနဲ့ ခိုးရာလိုက်ပြေးဖို့ ကြိုးစားခဲ့တယ်၊ ဒက်ဒီ ကို မုန်းတီးတယ်၊ နောက်ဆုံးတော့ ဒက်ဒီက ကြည်ကြည်သာ့ထို မရမက လက်ထပ်ပြီး တစ်သက်လုံး ဥပေက္ခာပြုထားလိုက်တယ် လေ၊ ဒက်ဒီရဲ့သိက္ခာတွေ အရှက်တွေ မာနတွေအတွက်ပဲ၊ သမီး





ညာကို ဒက်ဒီလို အိမ်ထောင်ရေးမျိုးနဲ့ အိမ်ထောင်ရှင်ဘဝကို မဖြတ်သန်းစေချင်ဘူး၊ ဒက်ဒီ ခုလိုပြောရတာက ကင်းက ဒက်ဒီ လို ယောကျ်ားမျိုး မဟုတ်လို့ဘဲ"

ကင်းကို ဒက်ဒီ အထင်ကြီးနေတာပဲ။ ညာ့ကို ဘဝ တစ်သက်တာလုံး အနိုင်ကျင့်မှာပါပဲ။ သူ့ကို ညာ အထင်မကြီး ဘူး၊ ချစ်လည်း မချစ်ဘူး။ သူ ညာ့ကြောင့်ပဲ စိတ်သောကတွေ ရောက်စေရမယ်။ ညာ နှုတ်ခမ်းသားလေးတွေကို တင်းကြပ်စွာ စေ့ကပ်ထားမိသည်။

"သမီးညာက မိန်းမပဲ၊ ခင်ပွန်းကို ရိုသေချစ်ခင်ပါ၊ ဘဝတစ်သက်တာလုံး တွဲရမယ့်သူလေ၊ ပျော်ရွှင်ချမ်းမြေ့ဖွယ် ကောင်းတဲ့ မိသားစုလေးကို ဖန်တီးပါ၊ ကင်းက စိတ်သဘောထား ပြည့်ဝပြီး အစွမ်းအစရှိတဲ့ ယောကျ်ားပါ၊ သမီးညာဘက်က အလွှန် မဖြစ်ပါစေနဲ့ကွယ်"

ညာ အပေါ်ထပ်သို့ ဖြည်းညင်းစွာ တက်လာခဲ့သည်။ အပေါ်ထပ်မှာ ညာနဲ့ကင်းတို့ရဲ့ မင်္ဂလာအိပ်ခန်းကြီး ရှိနေ၏။ ကင်း ရှိနေသည်။ ဒက်ဒီပြောသလိုပဲ ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းတဲ့ အိမ်ထောင်တစ်ခုကို တည်ဆောက်ရမလားပဲ။ ညာ့ရင်တွေ နာကျင် နေသည်။ ကင်းနှင့် ပြဿနာဖြစ်ရမှာကိုလည်း စိုးရိမ်ထိတ်လန့် နေရ၏။ မိန်းမတစ်ယောက်ရဲ့ စိတ်ခံစားမှုလား။ သူငယ်ချင်း

ပြောသလိုပဲ လက်ထပ်ပြီးသွားရင် ညွှာက ယောက်ျားအပေါ် ကြီးမားတဲ့ သံယောဇဉ်တွေ ငြိတွယ်သွားမလား။ ကင်းကို ငွေကြေးဥစ္စာမက်မောတဲ့ ယောက်ျားတစ်ယောက်အဖြစ် ညွှာ ဘာဖြစ်လို့ များ တွေ့ဆုံခဲ့ရတာလဲဟင်။ ညွှာ မဖြစ်မနေဘဲ ကင်းရှိနေတဲ့ မင်္ဂလာအိပ်ခန်းကြီးထဲ ဝင်ရောက်ရမှာပဲဖြစ်သည်။ ညွှာ့စိတ်တွေကို တင်းပစ်လိုက်ပြီး အခန်းထဲဝင်လာခဲ့၏။ ကင်းက အပြုံးတွေနှင့် ဆီးကြိုနေသည်။

"ညွှာ"

"ရှင် ကျွန်မအနားကို မကပ်ပါနဲ့"

"ဘာဖြစ်လို့လဲ ညွှာ"

"ဒက်ဒီကြောင့် ကျွန်မ ရှင့်ကိုလက်ထပ်လိုက်တာပဲ၊ ကျွန်မ ရှင့်ကိုမချစ်ဘူး၊ ကျွန်မတို့မိသားစုကို ဖြိုခွဲပစ်တဲ့လူအဖြစ် မုန်းတယ်"

"ညွှာ"

"ရှင့်ရဲ့ဟန်ဆောင်မှုတွေက ကျွန်မအတွက်တော့ တကယ့်ကို ရွံမုန်းစက်ဆုပ်ဖွယ်ပဲ"

"ကိုယ်ပြောပြီးပြီပဲ ညွှာ၊ အချစ်က ကိုယ့်သူငယ်ချင်း ညွှာ့ကိုရှဲပြီး ကိုယ်ပြောခဲ့တာပါကွာ၊ ကိုယ် မလွဲသာ မရှောင်သာလို့ မမ အိမ်ထောင်ပြုလိုက်လို့ ဒီလိုလိုက်လာခဲ့ရတာပါ၊ ကိုယ့်





ဆန္ဒတွေက ညွှာထင်သလို ငွေကြေးဥစ္စာတွေအတွက် လာနေတာမဟုတ်ပါဘူး၊ ကိုယ့်ခြေထောက်ပေါ်ပဲ ကိုယ်ရပ်တည်ချင်ခဲ့တာပါ"

"အဲဒီတွေပြောမနေစမ်းပါနဲ့၊ ရှင့်ကိုမယုံဘူး၊ အထင်လည်း မကြီးဘူး၊ ရှင် ကျွန်မကိုချစ်တယ်ဆိုတာလည်း အပိုတွေပဲ၊ ကျွန်မ ရှင့်ကိုမချစ်ဘူး၊ ရွံတယ်"

"ညွှာ"

"ကျွန်မဒက်ဒီရှေ့မှာပဲ ကျွန်မ ပြေပြေလည်လည် ဆက်ဆံမှာနော်၊ ရှင့်အနေနဲ့ ကျွန်မကိုရလို့ စည်းစိမ်ဥစ္စာတွေ စံစားနိုင်ပေမယ့် ကျွန်မကို ဇနီးမယားအဖြစ် ပေါင်းသင်းဆက်ဆံလို့တော့ ရမယ်မထင်လိုက်နဲ့၊ ကျွန်မအသားကို ထိလို့တော့မရဘူး၊ မှတ်ထား"

ညွှာ့ကိုကြည့်ပြီး ကင်း စိတ်မဆိုးတဲ့အပြင် ရယ်ချင်နေမိသည်။ ညွှာ့အနေနဲ့ ဒီလိုပဲပြောမှာပါပဲ ညွှာရယ်။ တစ်နေ့ကျရင် ကင်းရဲ့ချစ်ခြင်းမေတ္တာတွေနဲ့ အကြင်နာတွေကို မင်းသိလာမှာပါ။ ကင်းက ညွှာ့ကို စောင့်ရှောက်ချင်တာတစ်ခုပါပဲ။ ညွှာ့မျက်ဝန်းလေးကို စူးစိုက်ကြည့်မိနေသည်။

"ရှင် ဘာကြည့်နေတာလဲ"

"ချစ်လို့"

"ဘာ"

"ညာရယ် ကိုယ့်အချစ်တွေကို ဘာဖြစ်လို့ မယုံကြည်နိုင်ရတာလဲ"

"ရှင် ရှင် ကျွန်မအသားကို လုံးဝမထိနဲ့နော်"

"ထိတယ်ကွာ"

"အို"

ညာ့ကိုယ်လုံးလေးကို ကင်း လက်တွေက ဆတ်ခနဲ ပွေ့ဖက်လိုက်ပြီး အိပ်ရာလေးပေါ်လှဲချလိုက်တော့ ညာက ဒေါသတကြီး ရုန်းကန်နေသည်။ ညာရယ် ကင်းက မိန်းကလေးတစ်ယောက်ကို အနိုင်ကျင့်တာမဟုတ်ပါဘူး။ ညာ့ကိုချစ်လို့ ညာ့ကိုယ်လေးပေါ် အုပ်မိုးပြီး ညာ့မျက်နှာနှင့် ကင်းမျက်နှာကို အပ်ကာ မြတ်နိုးစွာ ကြည့်နေမိသည်။ ညာ့မျက်နှာလေးက ဘယ်ညာ ရမ်းခါနေသည်။

"ဘာဖြစ်လို့ ရုန်းဖယ်နေရတာလဲ ညာ၊ ကင်းက ညာ့ယောကျ်ားလေ"

"ဘာယောကျ်ားလဲ၊ ကျွန်မက ဒက်ဒီဆန္ဒကို မလွန်ဆန်ချင်လို့ လက်ခံတာ"

"မရဘူး"

"ဘာ"

"ညာက ကိုယ့်မိန်းမပဲ၊ မင်္ဂလာဦးညကို အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းကြရအောင်နော် မိန်းမရာ"

"ဘာ ဘာပြောတယ် ဘာမိန်းမလဲ၊ ရှင် တော်တော်အရှက်မရှိတဲ့လူပဲ၊ မျက်နှာပြောင်တိုက်လွန်းအားကြီးတယ်၊ ဖယ်ပါ"

"မင်း ဘာဖြစ်လို့ ငြင်းဆန်ရုန်းကန်နေရတာလဲ ညာ၊ ကိုယ် အန်ကယ့်ကို သွားပြောလိုက်ရမလား"

"ဘာရှင့်"

ဒက်ဒီကို ပေါက်ကရတွေသွားပြောမှာတော့ ညာ လန့်သွားရသည်။ တကယ့်ကို အနိုင်ကျင့်ချင်တဲ့လူပဲ။ ညာ ရုန်းကန်၍ မဖြစ်တော့။ ညာ့မျက်ဝန်းလေးတွေ တင်းမာခက်ထန်နေတော့သည်။

"ညာ"

"ရှင် ရှင်"

"ညာ့ကို ကိုယ်ချစ်တယ်၊ မြတ်နိုးတယ်၊ ညာယုံပါ"

"ရှင် ကျွန်မကို အပိုင်ချုပ်ကိုင်ဖို့ ကြိုးစားတော့မှာမဟုတ်လား၊ ဒါပေမဲ့ ရှင် ဘယ်တော့မှ စိတ်မချမ်းသာစေရဘူး"

ညာ့စိတ်တွေက ထိန်းချုပ်နိုင်စွမ်း ကင်းမဲ့နေရ၏။ မာမီ့အတွက် ညာ့နှလုံးသားတွေ ရူးရှူးကျင်နေရ၏။ ကင်းကိုမချစ်ဘူး။ ချစ်မိသွားမှာ ကြောက်မိနေသည်။ ရှင်ကတော့ ကျွန်မကို ရအောင်ယူမှာပဲ။ ကင်း အနမ်းတွေက ရင်ခုန်လှိုက်မောရပေမယ့်

နာကျင်ခါးသက်နေသည်။ ကင်းနဲ့ညာ့ရဲ့ မင်္ဂလာဦးညက အေးစက်နေ၏။ ကင်းက ညာ့ကိုချစ်တယ်ဟု တတွတ်တွတ်ပြောဆိုနေပေမယ့် ညာ လက်မခံနိုင်ပေ။ ညာ့တို့မိသားစုကို ပြိုကွဲအောင်လုပ်ခဲ့တဲ့သူတွေ။ ကင်းအစ်မ မြနန္ဒာကရော ဒက်ဒီ့ကို အပိုင်ချုပ်ကိုင်ပြီး ညာ့ကိုပါ သူ့မောင် ကင်းနဲ့ လက်ထပ်စေခဲ့တဲ့ မာယာများတဲ့မိန်းမပဲ။ ကင်းတို့မောင်နှမအပေါ် လက်စားချေဖို့ပဲ ဆုံးဖြတ်ထားသည်။ ကင်းကတော့ ညာ့အပေါ် အနိုင်ကျင့်ခဲ့တာဟု မထင်မှတ်မိ။ ချစ်ရသောညာ့ကို လက်လွှတ်ဆုံးရှုံးသွားမှာ စိုးမိသည်။ တစ်နေ့နေ့မှာတော့ ကင်းအချစ်တွေကို ညာ လက်ခံယုံကြည်လာမည်ဟုပဲ ထင်မှတ်ထားသည်။

“ညာ မနက်စာ ဘာစားမလဲ၊ ကိုယ်စီစဉ်ပေးမယ်လေ”

“ကျွန်မအတွက် ရှင်ကစီစဉ်မယ်၊ ဟုတ်လား”

“ဟုတ်တယ်လေ ညာ”

“ရှင်က သူဌေးသမီးကို အရယူထားတော့ အောက်ခြေသိမ်းအလုပ်တွေ လုပ်ပေးရမှာပဲလေ၊ အင်း ကျွန်မ မုန့်ဟင်းခါးစားချင်တယ်၊ ရှင် အပြင်မှာ သွားဝယ်ပေးပါ၊ ပြီးတော့ စားပွဲမှာ အဆင်သင့်လုပ်ပေးထားပါ”

“ကောင်းပါပြီ ညာ၊ ကင်း ကားနဲ့သွားဝယ်လိုက်မယ် ခဏလေးစောင့်ပါ”





“ဒီမှာ”

“ပြောလေ ညာ”

“ကျွန်မ အကြာကြီးမစောင့်နိုင်ဘူး”

“ခဏလေးပါ ညာ၊ ခဏလေးနော်”

ဒက်ဒီတို့က ခြံနှင့်တိုက်ကို ညာ့တို့အတွက် မင်္ဂလာလက်ဖွဲ့အဖြစ် ပေးအပ်ပြီး တခြားမှာခွဲနေကြသည်။ ကင်းကို ညာ ဘယ်လိုပဲပြောပြောဆိုဆို ဒေါသတွေ ပေါက်ကွဲနေပါစေ ကင်း သည်းခံတတ်၏။ ညာ အမုန်းဆုံးပဲ။ ငွေကြေးဥစ္စာတွေကြောင့် မိန်းမတစ်ယောက်အပေါ် ဒီလောက်အထိ အောက်ကျခံပေါင်းသင်းနေတာကို မနှစ်သက်ပေ။ အချစ်ဆိုတာကို မယုံကြည်မိ။ ချစ်သူကိုပစ်ပြီး ညာ့ကိုလက်ထပ်နိုင်တာ အချစ်ရှိတဲ့သူလား။ ညာ့ကြောင့် သူ့စိတ်တွေ အနှောင့်အယှက်ဖြစ်စေချင်မိသည်။

“ညာ”

“ဟင် ရှင်ပြန်လာပြီလား၊ မြန်လိုက်တာ”

“ညာက မြန်မြန်ပြန်လာဆိုလို့လေ၊ ညာ့ကို စောင့်မနေစေချင်လို့ပါ”

“ရှင် ကျွန်မစားချင်တဲ့ဆိုင်ကရော ဟုတ်ရဲ့လား”

“ဟုတ်ပါတယ် ညာ၊ ကိုယ်ပြင်ပေးမယ်နော်”

နှုတ်ခမ်းစူတင်းတင်းလေးနှင့် ထိုင်နေသော ညာ့ကို ကင်း

ရှုးစိုက်စွာကြည့်ရင်း ဖခင်တစ်ယောက်ရဲ့ အချစ်တွေ အကြင်နာတွေကို ဖွဲ့ခြွေခံလိုက်ရတဲ့ ညွှာ့ကို ကင်း သနားကြင်နာမိတာပါ။ ကိုယ်ချင်းလည်း စာနေမိတယ်။ တစ်နေ့ကျရင် ကိုယ့်ကို ညွှာ ချစ်မြတ်နိုးလာမှာပဲလို့ ကိုယ်က ယောကျ်ားကောင်းတစ်ယောက်ဆိုတာ ညွှာ့ကို အမြဲတမ်း အချစ်တွေ အကြင်နာတွေနဲ့ သက်သေပြသွားမှာပါ။ ညွှာနဲ့ပတ်သက်လာလျှင် မာနတွေကို ချိုးနှိမ်ထားခဲ့သည်။

"ညွှာ မနက်စာ စားလို့ရပြီနော်"

ညွှာ့လက်လေးကို ဆွဲကိုင်ပြီး ခေါ်လေသည်။ ညွှာက ဆတ်ခနဲ ရုန်းဖယ်လိုက်၏။ ကင်းက မလွှတ်။ ညွှာ့ပခုံးလေးကိုပါ ထပ်ဖက်ပြီး စားပွဲကို ခေါ်ဆောင်လာခဲ့သည်။

"ရှင် ဘယ်လောက်အထိ ဟန်ဆောင်မှာလဲ၊ ကျွန်မတို့ ဘယ်လောက်အထိ အောက်ကျခံနေမှာလဲဟင်၊ ရှင် ကျွန်မတို့ ကွာရှင်းပေးပါ၊ ကျွန်မအနားကနေ ရှင့်သဘောနဲ့ရှင် ထွက်သွားပေးပါ၊ ဒက်ဒီ အပြစ်မမြင်အောင် ရှင့်ချစ်သူနဲ့ လက်ထပ်သွားပါ"

"ညွှာ ဘာတွေပြောနေတာလဲကွာ၊ ကင်း အချစ်တွေကို ယုံကြည်ပေးပါ၊ လက်ခံပေးပါ၊ ညွှာက ကိုယ့်ရဲ့အချစ်ဦးပါ၊ ကင်း အမြတ်နိုးရဆုံး မိန်းကလေးပါ"

"ဖယ်ပါ"





"မဖယ်ဘူးကွာ၊ ညွှာက ကိုယ့်မိန်းမပဲ၊ ဖက်ပိုင်ခွင့်ရှိတယ်၊နမ်းပိုင်ခွင့်ရှိတယ်"

ကင်းကို ယုံကြည်အားကိုးတဲ့ အန်ကယ်ဦးမြတ်ညွှာရဲ့ အလေးထားမှုကို သက်သေပြရမည်ဖြစ်သည်။ အန်ကယ်ဦးမြတ်ညွှာရဲ့ ကျေးဇူးတွေရှိနေ၏။ ကင်းတို့ကို လက်ဖွဲ့ခဲ့တဲ့ ခြံနဲ့တိုက်အပြင် အခြားစည်းစိမ်ဥစ္စာတွေကိုလည်း ကင်း မက်မောတွယ်တာခြင်း မရှိပေ။ ညွှာ သိလာမှာပါ။ ကင်း အဲဒီအချိန်အထိ စောင့်နေပါမယ်။ ညွှာ့မျက်နှာလေးကတော့ တင်းမာနေသည်။ တစ်ခါတစ်ရံ ပြုံးသနားမရှိ ပြုံးသနားရှာနေတတ်သည်။

"ရှင် ဒီမုန့်ဟင်းခါးကို ဘယ်ကနေဝယ်လာတာလဲ၊ ကျွန်မကြိုက်တဲ့ ဆိုင်ကနေမဟုတ်ဘူး၊ ရှင် အလွယ်တကူ ဝယ်လာတာမဟုတ်လား"

"မဟုတ်ပါဘူး ညွှာရယ်"

"ရှင်လိမ်နေတာ၊ ညာနေတာ၊ ရှင် သဘောကောင်းချင်ယောင် ဆောင်နေတာပဲ၊ လူလိမ်လူညာ"

"ညွှာ"

"သွား၊ ရှင်ထွက်သွား"

"မထွက်ဘူးကွာ"

ကင်း ပို၍ပင် ညွှာ့ကို ဖက်ထားလိုက်သည်။ ညွှာ့ကို

နမ်းပစ်၏။ ညှာ့ကို ကိုယ်ချစ်တယ်။ မြတ်နိုးတယ်။ ကင်းကို ယုံပါ ညှာ။ မင်းရဲ့ယုံကြည်မှုတွေနဲ့ အချစ်တွေကို ကိုယ်ရယူပိုင်ဆိုင်ချင်တယ်။ ညှာ ဘယ်လောက်ပဲ ငြင်းဆန်ပါစေ။ ကင်းက တော့ ချစ်မြတ်နိုးစွာ ထွေးပွေ့ထားမိသည်။



# အခန်း (၂၂)

"ကင်း"

"ဟင် အချစ်"

"ကင်း အဆင်ပြေရဲ့လား"

"အင်း"

"အချစ်ကတော့ ကင်းရဲ့သူငယ်ချင်းပါနော်၊ ကင်း အရမ်းပိန်သွားသလိုပဲ"

"ကိုယ်အဆင်ပြေပါတယ် အချစ်၊ ညှာရဲ့ အထင်လွဲမှုတွေကို ပြေပျောက်သွားအောင် ကိုယ်နေထိုင်ရမယ်"

"အချစ်လေ ညှာ့ကို အားကျလိုက်တာ၊ ညှာ အရမ်းကံကောင်းတာပဲ၊ ကင်းရဲ့အချစ်တွေကို ပိုင်ဆိုင်ရတာ ညှာ

ကံကောင်းတယ်"

ညှာရဲ့အတွေးတွေဟာ အချစ်လို့ဖြစ်နေရင် ဘယ်လောက်ကောင်းမလဲ။ ညှာက ပြဿနာမရှိ ပြဿနာရှာနေတတ်၍ အချစ်နဲ့ပင် မပတ်သက်ခဲ့။ ကင်းဘက်မှ ညှာ့တစ်ယောက်ကိုပဲ ချစ်မြတ်နိုးကြောင်း သက်သေပြရမည်ဖြစ်သည်။ ကင်း ပညာရေးဘက်မှာလည်း ထူးချွန်အောင် ကြိုးစားနေခဲ့၏။ ညှာ့အတွက် ထူးချွန်ထက်မြက်တဲ့ ခင်ပွန်းဖြစ်စေရမည်။

"ကင်း အဖြစ်ချင်ဆုံးက ညှာ့ရဲ့ခင်ပွန်းကောင်းပဲ၊ ညှာ့ရဲ့ အချစ်တွေကို ပိုင်ဆိုင်ချင်တယ်၊ ကိုယ် ညှာ့ကို အရမ်းချစ်တယ်၊ မြတ်နိုးတယ်၊ ညှာ့ရဲ့ အသိအမှတ်ပြုမှုတွေကိုလည်း ကိုယ်လိုအပ်နေတယ် အချစ်"

"ကင်းရယ်"

အချစ်က နားလည်စွာဖြင့် ကင်းနှင့်အဝေးဆုံးမှာ နေခဲ့သည်။ ညှာက အမြဲတမ်းပဲ အချစ်နှင့် စွပ်စွဲပုတ်ခတ်နေခဲ့၏။ ကင်း ရှင်းပြခဲ့သည်။ ညှာ သံသယကင်းစေရန် အနေအထိုင်ဆင်ခြင်ခဲ့၏။ ညှာ ပြောသလိုပဲ ညှာ့ကိုလက်ထပ်မိလို့ ရှင်စိတ်သောကတွေ ရောက်စေရမယ်တဲ့။ ကင်းစိတ်ထဲမှာ သောကတွေပဲ ရှိနေသည်။ ညှာ့ထံမှ လူလိမ်လူညာ အချောင်သမားဟု





သော စကားကို ထာဝရကြားယောင်နေခဲ့၏။ ညှာ ဘယ်လိုပဲပြောပါစေ ကင်း အချစ်မပျက်ခဲ့ပေ။ သည်းခံပြီး ညှာ ချစ်ခင်မြတ်နိုးလာမည့်အချိန်ကိုသာ စောင့်နေခဲ့သည်။

"ကင်းရယ် မောင်လေးကင်း စိတ်သောကတွေ ဘယ်လောက်အထိ ရောက်နေရမယ်ဆိုတာ မမ သိပါတယ်ကွယ်"

"ညှာနဲ့ ကင်း ကိစ္စက မမနဲ့မဆိုင်ပါဘူး၊ ညှာ့ကို ကင်း ချစ်မိလို့ပါဗျာ၊ မမကြောင့်လည်း မဟုတ်ပါဘူး"

"ကင်းရယ် မမက ကင်းကို စိတ်ချမ်းသာစေချင်တယ်၊ ပညာတွေတတ်စေချင်တယ်၊ ပျော်ရွှင်စေချင်တာပါ၊ ညှာ့ကို ကင်းချစ်လို့သာ လက်ထပ်ဖို့ မမ လက်ခံခဲ့တာပါနော်၊ ကင်းရဲ့စိတ်ဓာတ်ကို မမ အသိဆုံးပါ၊ ဒီလိုဘဝကို ကင်း အမုန်းဆုံးဆိုတာ"

"ညှာ့ကို ကင်းချစ်တယ်၊ ညှာ့ဆီက အချစ်တွေကို ကင်းရမှာပါ"

ညှာ့အပေါ် သစ္စာအရှိဆုံးယောကျ်ား၊ တာဝန်ကျေပွန်စွာစောင့်ရှောက်ပေးနိုင်သော ယောကျ်ားအဖြစ် ရပ်တည်ချင်သည်။ ကင်း ကြိုးစားနေခဲ့၏။ ညှာ ဘယ်လောက်ပဲ ကင်းအပေါ် နိုင်ထက်စီးနင်း ပြောပါစေ ကင်း အချစ်မပျက်ခဲ့။ ညှာက ကင်းကို လုံးဝအသုံးမကျသော ယောကျ်ားတစ်ယောက်အဖြစ် သတ်မှတ်ခဲ့သည်။

"ရှင် အလကားလူပဲ၊ ရှင့်ရည်းစားဟောင်းနဲ့လည်း တွေ့နေတယ်မဟုတ်လား၊ ကျွန်မအနားမှာ ဘာဖြစ်လို့ လာကပ်နေရတာလဲ"

"မင်းကိုချစ်လို့လေ၊ ညှာ့ကို အရမ်းချစ်မြတ်နိုးလွန်းလို့ပါပဲ"

"လူလိမ်လူညာ အရှက်မရှိလိုက်တာ"

ညှာ ဒေါသတကြီး အော်ဟစ်ပြောဆိုနေသည်။ ညှာ့စိတ်တွေက ကင်းအပေါ် ဘာဖြစ်လို့များ မုန်းတီးနာကြည်းနေခဲ့ရတာလဲ။ မာမီကြောင့်လား။ ကင်းအပေါ် အထင်သေးနေမိ၏။ ကင်းကို ယောကျ်ားမပီသတဲ့ ယောကျ်ားတစ်ယောက်ဟုပဲ ထင်မှတ်နေမိသည်။ ငွေကြေးဥစ္စာတွေအတွက် ချစ်သူမိန်းကလေးကို စွန့်ပစ်နိုင်ခဲ့တာရယ်၊ ကင်းအစ်မက ဒက်ဒီကို အပိုင်စီးလိုက်တာရယ်၊ ညှာကိုချစ်တယ်လို့ တတွတ်တွတ်ပြောနေတာရယ်၊ ညှာပြောသမျှ သည်းခံနေတာရယ် မုန်းစရာတွေက အများကြီးပဲ။ သူများတွေ ပြောတော့ လူကြီးမိဘတွေ ဘယ်လောက်အတင်းအကြပ် လက်ထပ်ပေးပါစေ၊ လင်မယားအဖြစ် ပေါင်းသင်းရင်း သံယောဇဉ်တွယ်သွားကြတာပဲတဲ့။ ညှာ့နှလုံးသားတွေက ကင်းအပေါ် သံယောဇဉ်တွယ်နေရပေမယ့် ညှာ မဖြစ်ချင်ဘူး။ ကင်းကို သံယောဇဉ်





မတွယ်ချင်ဘူး။ မုန်းနေချင်တယ်။ ညှာတို့မိသားစုတွေ ဖြိုကွဲရတာ ရှင့်အစ်မကြောင့်ပဲ။ ရှင်ကိုယ်တိုင်ကရော ဘာဖြစ်လို့ လက်ခံခဲ့ရတာလဲ။ အဲဒါ ယောကျ်ားပီသတာလားဟင်။ ဒက်ဒီက ရှင့်ကို ဘာဖြစ်လို့များ အထင်ကြီးနေရတာလဲ။ ကင်းက သူမအပေါ် လိုလေသေးမရှိအောင် ဖြူစုယုယလေ ညှာက အမြင်ကတ်လေလေပဲဖြစ်သည်။

"သမီးညှာ ကင်းဟာ ယောကျ်ားကောင်းတစ်ယောက်ဆိုတာ မမေ့ထားနဲ့နော်၊ ယောကျ်ားက အငြိုးအတေးထားအောင် မုန်းတီးနေအောင် ရိုင်းစိုင်းတဲ့ အပြုအမူတွေ မလုပ်သင့်ဘူး၊ သမီး ဆင်ခြင်ပါ၊ သမီးလို ခံစားမှုမျိုးတွေ သမီးညှာရဲ့မျိုးဆက်အထိ ကူးစက်ခံစားရမှာ ဒက်ဒီမလိုလားတော့ဘူး"

ဒက်ဒီက ညှာ့ကိုတွေ့တိုင်း ဆုံးမစကားတွေ ပြောနေတတ်သည်။ မာမီနှင့် ဥပမာပေးနေတတ်၏။ သမီးညှာ မာမီက ဒက်ဒီစိတ်တွေကို နာကျင်အောင်လုပ်ပြခဲ့တာတဲ့။ ဒါအကြောင်းပြချက်ဟု ညှာ ထင်မိသည်။ သမီးရဲ့မျက်နှာကိုတောင် မထောက်ထားတော့ဘူးလား။ မာမီဘဝပျက်ရတာ ဒက်ဒီကြောင့်ပဲ၊ မုန်းတီးနေရခြင်း အကြောင်းအရင်းတွေပဲ ဖြစ်ရသည်။

"ညှာ"

“ဟင်”

“ညှာ ဒီနေ့ သင်တန်းကို မသွားပါနဲ့လား”

“ဘာဖြစ်လို့လဲ”

“ကိုယ့်အားရက်လေ၊ ညှာနဲ့ အတူတူရှိချင်တယ်၊ ကိုယ်နဲ့ညှာ ဒက်ဒီတို့အိမ်သွားပြီး မနက်စာသွားစားကြမယ်”

“ကျွန်မ ဒက်ဒီကို ရှင်ခေါ်နေကျအတိုင်း အန်ကယ်ပဲ ခေါ်ပါ”

“အခု ကိုယ့်အဖေ ဖြစ်နေပြီလေ၊ ဒက်ဒီ့ကို အန်ကယ်လို့ ခေါ်နေလို့ ဘယ်ကောင်းပါ့မလဲ”

“ရှင် ရှင်”

ညှာ ဒေါသတကြီး ရန်တွေ့ပုံလေးကို ကင်း ကြည့်နေမိသည်။ စိတ်ဆိုးဒေါသဖြစ်နေလည်း ညှာက ချစ်စရာကောင်းသည်ဟု ကင်း ထင်နေမိ၏။ ကင်းရဲ့ ခွင့်လွှတ်သည်းခံကာ ချစ်နေမိတာကပင် ညှာ့နှလုံးသားတွေထဲမှာ အမုန်းတွေပဲ ဖြစ်နေစေခဲ့တာလား။ ညှာက ကင်းကိုမကြည့်ပေ။

“ရှင့်အစ်မကို ကျွန်မ ပိုမုန်းတယ်၊ လုံးဝမတွေ့ချင်ဘူး၊ ကျွန်မအဖေရှေ့မှာ မကောင်းတတ်လို့ အဆင်ပြေအောင် ဆက်ဆံပေးတာ သိလား”





“မမက ညှာထင်သလို စိတ်ဓာတ်အောက်တန်းကျတဲ့ မိန်းမတစ်ယောက် မဟုတ်ပါဘူး၊ ကိုယ့်အတွက်ပါ၊ မင်းဒက်ဒီ မုဆိုးဖိုတစ်ယောက်ကို လက်ထပ်ယူဖို့ ဆုံးဖြတ်တာ ကိုယ့်ကြောင့်ပါ၊ ကိုယ့်မှာ တာဝန်အရှိဆုံးပါ ညှာ၊ ဒါကြောင့်လည်း ကိုယ့်အနေနဲ့ ညှာ့အပေါ် တာဝန်ယူချင်ခဲ့တာပါ”

“ကျွန်မဒက်ဒီက မုဆိုးဖို ဟုတ်လား၊ ဒါကို မစူးစမ်းမဆင်ခြင်ဘဲ ရှင့်အစ်မက လက်ထပ်ယူဖို့ ဆုံးဖြတ်လိုက်တာပဲလား”

“ဘာပြောတယ် ညှာ၊ မင်းဒက်ဒီက မုဆိုးဖိုမဟုတ်ဘူးလား၊ မင်းမာမီ သေဆုံးသွားတာ မဟုတ်ဘူးလား”

“မဟုတ်ဘူး မဟုတ်ဘူး၊ ကျွန်မမာမီ အသက်ထင်ရှားရှိတယ်၊ ရှင့်အစ်မကြောင့် ကျွန်မဒက်ဒီက ပထုတ်ပစ်လိုက်တာလေ၊ ရိုးသားအေးချမ်းတဲ့ ကျွန်မမာမီ နာမည်ပျက်တွေနဲ့ အဝေးကို ထွက်သွားခဲ့ရတာ”

“ဘာ”

ညှာ့စကားကြောင့် ကင်း ထိတ်လန့်တုန်လှုပ်စွာ ပြူးကြောင်တဲ့ မျက်ဝန်းတွေနဲ့ကြည့်ပြီး ရူးသွပ်မတတ် ဖြစ်သွားရသည်။ ညှာ့မာမီက အသက်ထင်ရှား ရှိနေသည်တဲ့။ မမကြောင့်

ညှာ့မာမီ နာမည်ပျက်တွေနဲ့ အဝေးကိုထွက်သွားရတာတဲ့။ ကင်း မယုံနိုင်ပေ။ မမနန္ဒာက ကင်းကို ညာပြောခဲ့တာပဲ။ မုဆိုးဖို တစ်ယောက်နှင့် မမ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာပါတဲ့။ ရှက်စရာ ကောင်းလိုက်တာ။ ဒါကြောင့်လည်း ညှာက ကင်းကို ခါးခါး သီးသီး ရွံရှာမုန်းတီးနေခဲ့တာပဲဖြစ်သည်။

“မင်း မင်း တကယ်ပြောတာလား ညှာ၊ မင်းမာမီ ရှိနေလား၊ ကိုယ့်အစ်မ လိမ်ညာပြောခဲ့တာပဲ၊ ကိုယ် တောင်းပန် ပါတယ်၊ အဲဒီလိုအဖြစ်မျိုးတွေ မင်းရင်ဆိုင်ကြုံတွေ့ရလို့ ကိုယ် တောင်းပန်ပါတယ် ညှာ၊ ဟုတ်တယ်၊ ကိုယ်ဒီမှာမနေသင့်တော့ ဘူး၊ မင်းခင်ပွန်းအဖြစ် ကိုယ်မတန်ဘူး၊ ရှက်စရာကောင်းလိုက် တာ၊ ကိုယ်တို့မောင်နှမက တကယ့်ကို အချောင်သမားတွေပဲ”

ကင်း ရှက်လွန်း၍ ညှာ့ကိုပင် မျက်နှာမပြရဲတော့ချေ။ ညှာ့ဆီက အချစ်တွေကို ကင်း မျှော်လင့်နေခဲ့တာ ရူးသွပ်တာပဲ။ မိသားစုဘဝကို အဖြိုခွဲခံလိုက်ရတဲ့ ညှာ့နှလုံးသားတွေထဲမှာ ခါးသီး တဲ့ မုန်းတီးမှုတွေ ရှိနေမှာပါ။ ကင်း လှည့်ထွက်လာခဲ့သည်။ ညှာ့အနားမှထွက်ခွာသွားဖို့ ဆုံးဖြတ်လိုက်၏။ ညှာ့ကို လက်ထပ် မိတာပင် ညှာ့ဘဝကို ကင်း ဖျက်ဆီးပစ်လိုက်တာပဲ။ ကင်း အခန်းထဲဝင်လာပြီး သူပိုင်တဲ့ ကျောင်းစာအုပ်တွေပဲ ယူလိုက်သည်။





မမကိုလည်း ခေါ်ရမယ်။ ဒီလိုလုပ်ရပ်တွေအတွက် ကင်း လက်မခံ နိုင်ဘူး။ မမနန္ဒာရှိနေရင် ညှာတို့မိသားစု ပြန်လည်ပေါင်းစည်း နိုင်မှာမဟုတ်ပေ။ ကင်း ထွက်လာခဲ့သည်။ မမနန္ဒာဆီ ရောက် လာခဲ့၏။ ကင်း ဒေါသတကြီးနှင့် မမနန္ဒာလက်ကို ဆွဲကိုင်လိုက် သည်။

“ကင်း ဘာဖြစ်လာတာလဲ၊ ဘာတွေဖြစ်လာတာလဲ”

“ဘာမှပြောမနေနဲ့ မမ၊ ကင်းနဲ့လိုက်ခဲ့ပါ၊ မမပြောတော့ မမခင်ပွန်းက မုဆိုးဖိုဆို၊ အခု ညှာကပြောတယ်၊ မမကြောင့် ဒက်ဒီရဲ့ပထုတ်ခြင်းကို ခံလိုက်ရတာတဲ့၊ မမ ဘာဖြစ်လို့လိမ်ရ တာလဲ၊ ကင်းကို လူတောထဲမတိုးရဲလောက်အောင် လိမ်ညာပြော ခဲ့ရတာလဲ”

“ကင်း ဘာတွေပြောနေတာလဲ၊ ကင်းကို မမ ဘယ်တော့ မှ လိမ်ညာမပြောခဲ့ဘူး၊ မမ သိရတာကလည်း အစ်ကိုကြီးမိန်းမ သေပြီ၊ အစ်ကိုကြီးက မုဆိုးဖိုပဲ”

“မမ ဘာဖြစ်လို့ ယုံရတာလဲ၊ လက်ခံလိုက်ရသလဲ၊ မမ စုံစမ်းစစ်ဆေးတာတွေ မလုပ်ဘဲ ဘာဖြစ်လို့ လက်ထပ်ဖို့ သဘောတူရတာလဲ၊ ဘာပဲဖြစ်ဖြစ်ဗျာ မမ ဒီယောကျ်ားကို မပေါင်း ရတော့ဘူး၊ အရမ်းရှက်စရာကောင်းတယ်၊ ဒီလိုစည်းစိမ်တွေ ကင်း

မခံစားချင်ဘူး၊ ကင်းကြောင့်ဆိုတဲ့ စကားကို မမ ထပ်မပြောပါနဲ့တော့၊ ကင်းတို့သွားကြမယ်၊ ကင်း ပညာဆက်မသင်ရလည်း ကိစ္စမရှိပါဘူး၊ ကင်း အရွယ်ရောက်နေပြီပဲ၊ မမကို ရှာဖွေကျွေးမွေး စောင့်ရှောက်နိုင်ပါတယ်”

“ကင်း”

“လိုက်ခဲ့ပါဗျာ၊ ဘာပစ္စည်းမှမယူပါနဲ့၊ ကင်းတို့လုပ်အားနဲ့ရတဲ့ ပစ္စည်းလည်း တစ်ခုမှမရှိပါဘူး၊ အားလုံးထားခဲ့ပါ၊ ကင်းနဲ့အတူလိုက်ခဲ့ဖို့ပဲ”

ကင်း မမနန္ဒာကို အတင်းဆွဲခေါ်နေစဉ် ဦးမြတ်ညွှာ ရောက်လာသည်။

“ကင်း ဘာဖြစ်လို့လဲ၊ ဘာတွေဖြစ်နေတာလဲ၊ သမီးညွှာက ဘာပြောလို့လဲ၊ နန္ဒာကို ဘယ်ခေါ်နေတာလဲ”

“အစ်ကိုကြီး”

“နန္ဒာ”

“နန္ဒာ့ကို ဘာဖြစ်လို့ မိန်းမသေပြီလို့ လိမ်ညာပြောခဲ့ရတာလဲ၊ နန္ဒာ့ကြောင့် မိသားစုပြိုကွဲရပြီ၊ နန္ဒာအရမ်းရှက်တယ်၊ အစ်ကိုကြီးကို မုဆိုးဖိုဖြစ်နေလို့ နန္ဒာ လက်ထပ်ခဲ့မိတာပါ”

“အစ်ကိုကြီး ရှင်းပြပါရစေ နန္ဒာ၊ ကင်း အန်ကယ်





ရှင်းပြပါရစေ၊ ခဏလောက်ပဲ သည်းခံနားထောင်ပေးပါ”

“ကျွန်တော်တို့ကို ဘာမှရှင်းပြမနေပါနဲ့တော့ အန်ကယ်၊ မမကို ကွာရှင်းပေးဖို့ပဲ တောင်းဆိုပါတယ်၊ တရားရုံးကနေ မတောင်းဆိုပါရစေနဲ့”

“ကင်း”

“ညွှာ့ကိုလည်း ကင်း တရားဝင်ကွာရှင်းပေးပါ့မယ်၊ မမ သွားကြရအောင်”

“ကင်း မင်းအဲဒီလို မလုပ်ပါနဲ့ကွာ၊ နန္ဒာ အစ်ကိုကြီးကို ထားခဲ့ပြီး မသွားပါနဲ့”

“နန္ဒာလည်း ဝမ်းနည်းပါတယ် ဦးမြတ်ညွှာ၊ စောစောကသာသိခဲ့ရရင် နန္ဒာ လက်ထပ်ဖို့ သဘောမတူပါဘူး၊ တောင်းပန်ပါတယ်၊ မောင်လေးကင်းကို လူတောမတိုးရဲအောင် နန္ဒာလုပ်မိသွားပြီ၊ ဦးမြတ်ညွှာကို နန္ဒာ မပေါင်းနိုင်တော့ပါဘူး၊ ကွာရှင်းပေးပါ၊ တောင်းပန်ပါတယ်၊ နန္ဒာ့ကို အေးအေးဆေးဆေး ကွာရှင်းပေးပါနော်”

“နန္ဒာ”

မောင်လေးကင်း ခေါ်ဆောင်ရာနောက်သို့ နန္ဒာလည်း လိုက်ခဲ့သည်။ နန္ဒာလည်း ရှက်နေမိသည်။ ဦးမြတ်ညွှာအား မိန်းမ

သေဆုံးသွားသည်ဟုပဲ နန္ဒာသိခဲ့သည်။ မုဆိုးဖိုတစ်ယောက်အဖြစ် သိခဲ့လို့ လက်ထပ်ဖို့ လက်ခံမိတာပါ။ ကင်းကိုပင် နန္ဒာမကြည့်ရဲတော့။ သေပစ်ချင်တဲ့စိတ်တွေပင် ဖြစ်ပေါ်နေရသည်။

"ကင်းရယ် မမ တကယ်ပဲမသိခဲ့လို့ပါ၊ မမနန္ဒာ မှားပါတယ်၊ ကင်းကို နစ်မွန်းအောင် မမနန္ဒာ လုပ်ခဲ့မိတယ်၊ မောင်လေးကင်း ကျောင်းဆက်တက်ပါ၊ မမ ဈေးရောင်းပြီး ပညာသင်စရိတ် ရှာပါ့မယ်"

"တော်ပါတော့ မမ၊ ကင်း တာဝန်ယူပါ့မယ်၊ တခြားကိစ္စတွေ ဘာမှမစဉ်းစားပါနဲ့တော့၊ ကင်းပဲ အကောင်းဆုံးဖြစ်အောင် ကြိုးစားပါ့မယ်"

"ကင်း"

"မမ ဘာမှပူမနေပါနဲ့၊ ကင်းတို့မြို့လေးကိုပဲ ပြန်ကြမယ်၊ ဒေါ်လေးမေတို့အိမ်မှာ ခဏနေပြီး ကင်း ဘဝ ရပ်တည်နိုင်အောင် ကြိုးစားမယ်၊ ကင်း ယောကျ်ားပါ၊ အချောင်သမားဖြစ်အောင် မလုပ်ပါနဲ့"

ကင်းစိမ်ရာပဲ နန္ဒာလိုက်ရတော့မည်ဖြစ်သည်။ ကင်းတို့ဒေါ်သတွေငြိမ်းအေးစေချင်ခဲ့ပေမယ့် နန္ဒာ ဒီလိုဘဝမျိုးကိုတော့ အလွယ်တကူ မခံယူသင့်ပါဘူး။ နန္ဒာ မှားခဲ့သည်။ မစဉ်းစား





မဆင်ခြင်ဘဲ မိုက်မဲစွာ ဦးမြတ်ညွာနှင့် လက်ထပ်ခဲ့၏။ ညွှာရဲ့နာကြည်းမုန်းစွာ စွပ်စွဲပုတ်ခတ်မှုတွေကို နန္ဒာခံယူနေခဲ့၍ စည်းစိမ်ချမ်းသာတွေက မီးကဲ့သို့ ပူလောင်နေရသည်။ မောင်လေးကင်း ဘယ်လောက်ရှက်နေမလဲ။ ဦးမြတ်ညွာကို ကွာရှင်းပြီး ရိုးသားဖြူစင်တဲ့ ဘဝလေးမှာပဲ နေထိုင်ဖို့ နန္ဒာ ဆုံးဖြတ်လိုက်သည်။

❀ ❀ ❀

# အခန်း (၂၃)

"သမီးညာ မှားနေပြီ၊ သမီးနဲ့ဒက်ဒီကိစ္စက ဘယ်သူနဲ့မှ မဆိုင်ပါဘူး၊ မာမီက သမီးဒက်ဒီကို ရွဲ့ခဲ့တာပဲ"

"ရှင်"

"ဒက်ဒီကို မာမီမှ မချစ်တာဘဲ၊ အမြဲတမ်း ပြဿနာရှာခဲ့တာပဲ၊ မာမီက ပညာရှိနည်းနဲ့ နှိပ်စက်ခဲ့တာလေ"

"မာမီ ဘာတွေပြောနေတာလဲ၊ ညာ သိရသလောက် မာမီက အိမ်ထောင်မှုတာဝန်တွေ ကျေပွန်ခဲ့တာပဲ"

"မဟုတ်ပါဘူး၊ သမီးညာ ဒက်ဒီကို လူတွေက အပြစ်မြင်အောင် မာမီ့ဘက်က အေးစက်ပြခဲ့တာပါ"

"မာမီ"





"အခု သမီးမာမိ နောက်အိမ်ထောင်ပြုခဲ့တာလည်း ငယ်ချစ်ဦးနဲ့ပါ၊ မာမီ့အမှားတွေလည်း ပါပါတယ်၊ မာမီက ဒက်ဒီ့အပေါ် လူတွေမကောင်းမြင်အောင် မာမီက အိမ်ရှင်မ ပီသပြနေခဲ့တာလေ၊ သမီးညာကိုယ်တိုင်တောင် မာမီ့ကိုပဲ သနားခဲ့တာပဲ"

"ဟင်"

"ကင်းက သမီးဘဝအတွက် အသင့်တော်ဆုံး အိမ်ထောင်ဖက်ပါ၊ ဒက်ဒီ စီစဉ်ပေးတာ မှန်ပါတယ် သမီးညာ၊ ဒက်ဒီရှုပ်ပွေပြီး လူဆိုးကြီးဖြစ်သွားအောင် မာမီလုပ်ပစ်ခဲ့တာပါ"

"မာမီတို့ ဖြစ်ချင်တိုင်း ဖြစ်ကြတာပါလားဟင်၊ ညာ့ကိုတောင် လုံးဝငဲ့ညာ ထောက်ထားမှု မရှိကြပါလား"

ညာ ငိုကြွေးနေသည်။ ဒက်ဒီကတော့ သမီးညာ့ကို အပြစ်မတင်ရက်တော့ပါဘူး။ ဒက်ဒီတို့မိဘတွေရဲ့ တာဝန်မဲ့မှုတွေလည်း ရှိပါသည်ဟု ပြောခဲ့သည်။

"ညာ မှားသွားပြီပဲ မာမီ၊ ညာက ဒက်ဒီနဲ့မာမီကို ပြန်ပေါင်းစေချင်တာပါ"

"မဖြစ်နိုင်တော့ဘူး ညာ၊ မာမီကို ခွင့်လွှတ်ပါလို့ပဲ ပြောချင်တယ်၊ မာမီတာဝန်မဲ့မှုအတွက် သမီးညာကို တောင်းပန်

ပါတယ်၊ ကင်းကို တောင်းပန်လိုက်ပါကွယ်၊ ဒက်ဒီလည်း သူချစ်မြတ်နိုးတဲ့ နန္ဒာနဲ့ ပေါင်းဖက်ပြီးတော့ နေပါစေတော့"

ညှာ မှားသွားပြီပဲ။ မိသားစုအကြောင်း ဘာမှမသိဘဲ အစ်မဖြစ်သူ စီမံရာကို နာခံလိုက်ရတဲ့ ကင်းအပေါ် ညှာ အထင်သေးစွာ ဆက်ဆံနေမိသည်။ ဒက်ဒီက ညှာနှင့်လာနေ၏။ စိတ်သောကတွေ ဖိစီးနေသော ဒက်ဒီက ပိန်ချုံးကျသွားသလို စီးပွားရေးလည်းမလုပ်ဘဲ အိမ်ထဲမှာပဲနေ၏။ ကင်းကို ညှာရှာရမယ်။ တောင်းပန်ရမယ်။ ဒက်ဒီ့ကို ဘယ်သူက ပြုစုစောင့်ရှောက်မှာလဲ။ ဒက်ဒီကတော့ ကင်းနဲ့ပတ်သက်တာတွေမပြောဘဲ ငြိမ်နေသည်။ ညှာ ကင်းကိုရှာဖို့ပဲ ဆုံးဖြတ်လိုက်၏။ မချစ်ချစ်ခင်ကို ညှာ သွားတွေ့ခဲ့သည်။

"ကင်းနဲ့အချစ်က ငယ်သူငယ်ချင်းတွေပါ မရွှေသဲညှာ။ ကင်းက အချစ်ကို ချစ်သူတစ်ယောက်လို ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ပါဘူး၊ ကင်းက စာပဲကြိုးစားခဲ့တာပါ"

"ကင်းရောဟင်၊ ညှာ မှားသွားပါတယ်၊ ကင်းကို ညှာ အထင်သေးပြီး မောက်မှားခဲ့တာတွေ တောင်းပန်ချင်လို့ပါ"

"ကင်းက မာနကြီးတယ်၊ သူ့အစ်မ အိမ်ထောင်ပြုမယ်ဆိုတုန်းက ကင်း အကြီးအကျယ်ကန့်ကွက်ခဲ့တာပဲ၊ အရက်တွေ





သောက်ပြီး စိတ်သောကတွေ အရမ်းရောက်ခဲ့ရတာလေ"

ကင်းနှင့်ညှာ စတွေ့စဉ်က ကင်း အရက်တွေသောက်ထား၍ အရက်သမားတစ်ယောက်ဟုပင် ညှာ ထင်မိသည်။

"မရွှေသဲညှာ ထင်သလို ကင်းက အချောင်သမားမဟုတ်ပါဘူး၊ မမြနန္ဒာကလည်း ကိုယ်ကျင့်တရားပျက်ပြားတဲ့ မိန်းမတစ်ယောက် မဟုတ်ပါဘူးရှင်"

"အချစ်နဲ့ကင်း တွေ့သေးလားဟင်၊ သူ သူ ကျောင်းလာမတက်ဘူးလား"

"လောလောဆယ်တော့ ကင်း မလာဘူး၊ အချစ်နဲ့လည်း မတွေ့ဘူး၊ အချစ်နဲ့တွေ့ရင် ပြောပြပေးပါ့မယ်၊ ကင်းက ရှက်တတ်တယ်၊ ညှာ့ကို သူချစ်လို့ ဒီလောက်အထိ သည်းခံပေါင်းသင်းနေတာပါ"

"ညှာ အရမ်းမှားသွားပါတယ်၊ ကင်းကို ညှာ ချစ်ပေမယ့် မချစ်မိအောင် နေခဲ့မိတာပါ၊ ညှာ့မိဘတွေရဲ့ကိစ္စက ကင်းတို့မောင်နှမနဲ့ မပတ်သက်တာ ညှာ သိသွားရပါပြီ"

"ကင်းက အရမ်းမာနကြီးတယ်၊ ညှာ့ဆီကို ပြန်လာမှာမဟုတ်ဘူး၊ ကျောင်းကိုတောင် ဆက်တက်နိုင်ပါ့မလားမသိဘူး၊ ကင်းတို့မှာ ပိုက်ဆံမရှိနိုင်ဘူးလေ"

"ဟုတ်ပါတယ်၊ ကင်းတို့ဘာမှမယူသွားဘူး၊ ညှာ ဘယ်လိုလုပ်ရမလဲဟင်၊ ကင်းကိုတွေ့ချင်တယ်၊ ညှာ လိုက်သွားပါရစေ"

"ညှာ့ကို လိပ်စာပေးလိုက်ရင် ကင်း အချစ်ကို အရမ်းမုန်းသွားလိမ့်မယ်၊ ညှာလိုက်သွားလည်း အပိုပဲဖြစ်မှာပါ"

ဒက်ဒီ့ဆီမှာ မမမြနန္ဒာတို့နေတဲ့လိပ်စာ ရှိနေတာပဲ၊ ညှာ ဘယ်လောက်ပဲ အောက်ကျခံရပါစေ၊ ကင်းကို တောင်းပန်မယ်။ ဒက်ဒီ့ဆီ လိပ်စာတောင်းတော့ ဒက်ဒီက သမီးညှာသွားလည်း အပိုပဲဖြစ်မှာပါဟုပြောသည်။

"ဒက်ဒီ သွားတွေ့ပြီးပါပြီ၊ နန္ဒာရော ကင်းရော လုံးဝ အတွေ့မခံဘူး၊ လာပြီးမပတ်သက်ပါနဲ့တော့တဲ့"

"ညှာ သွားတွေ့ချင်တယ် ဒက်ဒီ၊ သမီး တောင်းပန်ချင်တယ်၊ ကင်းကို တောင်းပန်ပါရစေ"

"မသွားပါနဲ့ သမီးညှာ၊ ကင်း အရမ်းရှက်နေတယ်၊ သမီးညှာနဲ့ ဖူးစာရေစက်ဆုံရင် ပြန်ပြီးပေါင်းကြရမှာပေါ့ကွယ်"

"ညှာ့ကို ခွင့်လွှတ်ပါ ဒက်ဒီ၊ ညှာ မှားပါတယ်၊ ကင်းက ညှာ့အပေါ် ချစ်မြတ်နိုးခဲ့တာပါ၊ ကြင်နာယုယခဲ့တာပါ"

"လောကကြီးက ဒီလိုပါပဲ သမီးညှာရယ်၊ ဒက်ဒီလည်း





မှားခဲ့တာပါပဲ။ မိန်းမအပေါ် ရန်သူလိုသဘောထားပြီး အရွဲ့တိုက်ခဲ့တယ်၊ လုပ်ချင်တာတွေ လုပ်ခဲ့မိတယ်၊ အားလုံး အမှားကင်းတဲ့လူတော့ မရှိကြပါဘူး"

ဦးမြတ်ညှာလည်း မှားခဲ့တာပဲ။ သမီးညှာရဲ့ မာမီကို ရွံ့ပြီး ကြည်ကြည်သာထက် ငယ်တဲ့ မိန်းမတွေနှင့် ရှုပ်ပွေခဲ့မိသည်။ မြနန္ဒာကတော့ လိမ္မာယဉ်ကျေးသူပါ။ ဦးမြတ်ညှာက လိမ်ညာလက်ထပ်ခဲ့မိသည်။

"ကင်းအကြောင်းကို ဒက်ဒီအသိဆုံးပါပဲကွယ်၊ သမီးညှာဆီ ဘယ်တော့မှ ပြန်လာမှာမဟုတ်ဘူး"

ကင်းရယ် ညှာ မှားသွားပါတယ်။ ညှာ့ဘဝမှာ ငယ်ငယ်လေးကတည်းက မိဘတွေရဲ့ အိမ်ထောင်ရေးအဆင်မပြေမှုတွေကြောင့် အထီးကျန်ဆန်ပြီး စိတ်အလိုမကျမှုတွေနဲ့ ဒေါသတွေပေါက်ကွဲနေခဲ့ရတာပါ။ ကင်းကို ညှာ ချစ်မိနေပါတယ်။ သံယောဇဉ်မတွယ်မိအောင် မချစ်မိသွားအောင် ကြိုးစားနေမိရတာပါ။ ညှာ အိပ်ခန်းထဲမှာ ကင်းရဲ့အငွေ့အသက်တွေ ရှိနေဆဲဟု ထင်မှတ်မိနေသည်။

"ကင်းကို ညှာ ဆိုးချင်သလောက် ဆိုးစမ်းပါကွာ၊ ညှာက ကိုယ်ချစ်မြတ်နိုးရတဲ့ ချစ်သူဖြစ်နေလို့ ကိုယ် ခွင့်လွှတ်သည်း

ခံနိုင်ပါတယ်"

"ရှင် ဘာချစ်နေတာလဲ၊ ကျူ့်မရမယ့် အမွေတွေကို အပိုင်သိမ်းချင်လို့ ချစ်ဟန်ဆောင်နေတာပါ၊ အလကားလူ"

ညှာ ဘယ်လိုပဲ အပြစ်တင်ပြောဆိုပါစေ၊ ကင်းက ချစ်ခင်ကြင်နာယုယနေခဲ့သည်။ ညှာက စည်းစိမ်ဥစ္စာတွေကို မက်မောနေတဲ့လူဟု နေ့စဉ်ဗွပ်စွဲပုတ်ခတ်ပြောဆိုနေခဲ့၏။ ကင်း အပေါ် ညှာ စော်ကားမိခဲ့တာပါ။ ညှာ့ကို ခွင့်မလွှတ်နိုင်တော့ဘူးလား ဟင်။ ကင်းကို လွမ်းနေမိသည့်စိတ်က ညှာ ဘယ်လိုမှ ဖြေဖျောက်လို့မရပေ။ ကင်းကို ညှာ ချစ်မိနေပါပြီ။ ရက်စက်လိုက်တာ ကင်းရယ်။ ဒီလောက်အထိ စိမ်းကားနိုင်လွန်းတယ်။ ကင်းရဲ့ အယုအယ အကြင်နာတွေကို ညှာ တမ်းတသတိရနေမိ၏။ ညှာ အခုတလော ဖျို့အန်ချင်တဲ့စိတ်တွေ ဖြစ်နေတတ်၍ ညှာ စိတ်ပူနေမိသည်။ မိန်းကလေးဓမ္မတာလည်း လာရမည့်ရက်ကို ကျော်လွန်နေသည်။

"ဝေါ့ ဝေါ့"

"သမီးညှာ ဘာဖြစ်တာလဲ"

"ဝေါ့ ဝေါ့၊ ဘာမှမဖြစ်ပါဘူး ဒက်ဒီ၊ ရင်ပြည့်နေလို့ပါ"

စိုးမိုး - တာပေ



ဒက်ဒီ့ကိုလည်း ညှာ ဘာတွေဖြစ်နေသလဲဆိုတာ ပြောမပြချင်ပေ။ အဖေ ဖြစ်နေသည်။ မာမီဆီလည်း ညှာ သွားမတွေ့ဖြစ်တော့။ အားငယ်လိုက်တာ ကင်းရယ်။ ညှာ အရမ်းလွမ်းတာပဲ။ ညှာ့ကို ဘယ်တော့များမှ ကင်း ခွင့်လွှတ်နိုင်မှာလဲဟင်။ ညှာ့မှာကိုယ်ဝန်ရှိနေရင်။ ညှာ ဆက်မတွေးရဲတော့။ ညှာတို့လို မိဘတွေကြောင့် မျိုးဆက်တွေရဲ့ အနာဂတ် စိတ်ဝေဒနာတွေ ခံစားရရှာပေမည်။ ညှာ နောင်တတွေ အကြီးအကျယ်ရနေသည်။

"ဝေါ့ ဝေါ့"

"ဝေါ့ ဝေါ့"

ညှာ အန်ပစ်ချင်ပေမယ့် မရ။ အနံ့အသက်တွေ မခံနိုင်လောက်အောင် ဖြစ်နေသည်။

"သမီးညှာ မာမို့ဆီကို မလာနဲ့၊ မာမီက ပတွေးနဲ့၊ နောက်မလာပါနဲ့တော့၊ ဒက်ဒီနဲ့ပဲနေပါ၊ ဒက်ဒီကပဲ အကောင်းဆုံး စီမံပေးနိုင်မှာပါ"

မာမီ အခြားတစ်နေရာကို ပြောင်းသွားတာလည်း ညှာ သိထားသည်။ ဒက်ဒီ့ကို တချို့ကိစ္စတွေ ဖွင့်ဟတိုင်ပင်ရမှာ ခက်နေ၏။ ညှာ နေမကောင်းဖြစ်နေသည်။ နောက်ဆုံး ညှာ ဆေးခန်းသွားပြတော့ ညှာ့မှာ ကိုယ်ဝန်ရှိနေပြီတဲ့။ ညှာ ခွေလျက်သား

စိုးမိုး - တာပေ

လဲကျမသွားစေရန် ထိန်းထားလိုက်ရသည်။

"ကိုယ်ဝန်ရှိနေပါတယ်၊ ညီမလေး စိတ်တွေလှုပ်ရှားလို့ ထင်တယ်၊ သွေးပေါင် နည်းနည်းတက်ချင်နေတယ်၊ စိတ်မပူနဲ့နော်၊ အားဆေးသောက် အနားယူနော်၊ ကိုယ်ဝန်ရှိခါစဆိုတော့ ဒီလိုပါပဲလေ"

"ဟုတ်ကဲ့"

ညှာ ခြေလှမ်းတွေအင်အားမဲ့စွာ နွေးကွေးလေးလံနေရသည်။ ညှာ မိုက်မဲတဲ့ မိန်းမတစ်ယောက်ပဲ။ ယောကျ်ားကောင်း တစ်ယောက်ကို လက်ထပ်ခွင့်ရခဲ့ပါလျက်နှင့် မပြသင့်တဲ့မာနတွေ ပြခဲ့မိ၏။ ကင်း ဘယ်မှာလဲ။ ညှာ့ကို လုံးဝအတွေ့မခံခဲ့ပေ။ ညှာ့မှာ ကင်း ရင်သွေးလေး ရှိနေပါပြီ။ ခွင့်လွှတ်ပါတော့။ ဒက်ဒီကို လည်း ညှာ့မှာကိုယ်ဝန်ရှိနေပါပြီဟု မပြောပြချင်။ ဒက်ဒီလည်း စိတ်ထိခိုက် ကြေကွဲနေသည်။

"ညှာ သမီးဘာဖြစ်နေလဲ၊ နေမကောင်းဘူးလားကွယ်၊ အရမ်းကို ပိန်ကျသွားပါလား၊ ဒက်ဒီ့အမှားတွေပါ၊ သမီးလေးကို မင့်ညှာဘဲ ဒက်ဒီတို့ အတ္တတွေကြီးခဲ့လို့ သမီးလေးခံစားရတာပါ၊ နောက်ဆို သမီးလေးဆီမှာ မိတွေးဆိုတာ မရှိစေရဘူးနော်"

"ဒက်ဒီ"





"ဟင်"

"ကင်းက ညှာ့အပေါ် ခွင့်မလွှတ်နိုင်လို့ တစ်သက်လုံး မပတ်သက်ချင်လည်း နေပါစေလေ၊ မမနန္ဒာနဲ့ ဒက်ဒီကို ညှာ သဘောတူပါတယ်၊ ပြန်ပေါင်းပါနော်၊ မမနန္ဒာက ဘယ်လို မိန်းကလေးမျိုးလည်းဆိုတာ သမီး သိပါပြီ"

"နန္ဒာကလည်း ဒက်ဒီ့လိမ်ညာမှုတွေအတွက် ခွင့်လွှတ်မှာမဟုတ်ဘူး သမီးညှာ၊ ကိစ္စမရှိပါဘူးလေ၊ ကံကြမ္မာပဲပေါ့"

ဒက်ဒီလည်း အရမ်းပိန်ချုံးနေတယ်။ ညှာ့အမှားတွေ ပါပဲ။ ညှာ ငယ်စဉ်ကလိုပဲ မိဘတွေရဲ့ မာနပြိုင်မှုကြောင့် ညှာ့ရင်သွေး လေးလည်း စိတ်အင်အားချည့်နဲ့မှုတွေ၊ အထီးကျန်မှုတွေ၊ သောက တွေ ခံစားရရှာတော့မယ်။ ကိုယ်နဲ့လက်ထပ်ခဲ့တဲ့ ယောကျ်ားကို မထီမဲ့မြင်မပြုသင့်ဘူးဆိုတာ ညှာ သိပါပြီ။ ဒက်ဒီ ပိုပြီးစိတ် ထိခိုက်ကြေကွဲမှာစိုး၍ ညှာ ဟန်ဆောင်ပြုံးပြနေရသည်။

"သမီးညှာ"

"ရှင် ဒက်ဒီ"

"နန္ဒာရဲ့ တောင်းဆိုမှုအရ ဒက်ဒီရော ညှာရော ကွာရှင်း စာချုပ်မှာ လက်မှတ်ရေးထိုးပေးရမယ်လေ၊ မကြာခင် ရှေ့နေ တွေ လာကြလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် ဒက်ဒီတို့ ကွာရှင်းပေးရမှာပဲ

သမီးညှာ"

ရက်စက်လိုက်တာ ကင်းရယ်။ ညှာ့မှာ ကင်းရင်သွေး လေး ရှိနေပြီလေ။ တကယ်ပဲ မိဘတွေက ကွာရှင်းပြတ်စဲကြတော့ မှာလားဟင်။ ညှာ အဲဒီလိုမဖြစ်စေချင်ပါဘူး။ မိသားစုဘဝလေး ပဲ တည်ဆောက်ချင်ပါတယ်။ ကင်းကို ညှာ ဘယ်လိုတောင်းပန် ရမလဲ။ ကင်းဘက်က မာနတွေ မထားသင့်ပါဘူး။ ညှာ့ခေါင်း ထဲမှာ မိုက်ခနဲ ပြာဝေသွားသည်။

"သမီးညှာ ဘာဖြစ်တာလဲ၊ သတိထားပါ သမီးညှာ ရယ်"

ဒက်ဒီကစိတ်ပူပြီး မိသားစုဆရာဝန်ကို ဖုန်းဆက်ခေါ်ပြီး ဆေးကုသမှုခံယူစေတော့ ညှာ့မှာ ကိုယ်ဝန်ရှိနေမှန်း သိသွားသည်။

"သမီးညှာ ဒက်ဒီ့ကို ဘာဖြစ်လို့မပြောရတာလဲ၊ ဒက်ဒီ က သမီးညှာရဲ့ အမေဆိုလည်း ဟုတ်ပါတယ်၊ ဘာမှအားမငယ် နဲ့နော်"

"ဒက်ဒီရယ်"

ညှာ့မှာ ကိုယ်ဝန်ရှိနေကြောင်း ကင်းကို အသိပေးခဲ့သေ မယ့် ကွာရှင်းပြတ်စဲဖို့ပဲ ကင်း စီစဉ်ခဲ့သည်။ ရင်သွေးလေးအပေါ် မှာတောင် ငဲ့ညှာထောက်ထားမှုတွေ မရှိတော့ဘူးလား။ ကင်း





ဆန္ဒအတိုင်းပဲ ကွာရှင်းစာချုပ်မှာ လက်မှတ်ရေးထိုးခဲ့ရသည်။

"ရှင် ဘာဖြစ်လို့များ ကျွန်မအပေါ် ဒီလောက်အထိ ရက်စက်ရတာလဲဟင်၊ အငြိုးအတေးတွေနဲ့ လက်စားချေနေတာ လားဟင်"

ကြေကွဲစွာ ရှိုက်ငိုမိသည်။ ညှာကတော့ မိခင်တစ်ယောက် ရဲ့ တာဝန်ဝတ္တရားတွေ ကျေပွန်ရမှာပါပဲ။ ညှာ့မှာ အင်အားတွေ ရှိနေမှ ဖြစ်မှာပါ။ ကင်းကို မေ့ပစ်နိုင်ဖို့ပဲ ကြိုးစားနေမိသည်။

# အခန်း (၂၄)

"မရွှေသဲညှာ"

"ရှင် ဟင် အချစ်"

"ရှင်တို့ တကယ်ကွာရှင်းပြတ်စဲလိုက်ပြီလား"

"အင်း"

"ကင်းက အရှက်ကြီးတယ်၊ မာနကြီးတယ်၊ ဒီလို အဖြစ်အပျက်တွေအတွက် ကင်း ဘယ်တော့မှ ညှာ့ကို မျက်နှာချွေ ရဲမှာမဟုတ်တော့ဘူး၊ အချစ်လည်း တတ်နိုင်သလောက် ကူညီ ပါ့မယ်၊ ကင်း ကျောင်းပြန်တက်မယ်လို့ သတင်းကြားတယ်၊ ကင်း အဲဒီလောက်အထိ မာနတွေမထားသင့်ဘူးလို့ ထင်တာပဲ"

"ညှာ မှားတာပါ၊ အခြေအနေတစ်ခုကို သေသေချာချာ မလေ့လာမသုံးသပ်ဘဲ ကင်းကို အထင်သေးပြီး ဆက်ဆံခဲ့တဲ့





အမှားအတွက် ညှာ နောင်တရလို့မဆုံးပါဘူး၊ ကျေးဇူးတင်ပါ တယ် အချစ်၊ အရာအားလုံးအတွက် ညှာ တောင်းပန်ပါတယ် နော်"

"ညှာရယ်"

ညှာ့ဘဝကို အင်အားတွေနဲ့ချီတက်ဦး။ ညှာ စိတ်ဓာတ် ကျနေလို့မဖြစ်ဘူး။ ရင်သွေးလေး ရှိနေတယ်။ ညှာ စောင့်ရှောက် မယ်။ ကင်းကို သတိရတမ်းတနေမိပေမယ့် ညှာ့စိတ်ကို ထိန်းချုပ် ထားမိသည်။

"ကင်းက သမီးညှာဆီ ဘယ်လိုနည်းနဲ့မှ ပြန်လာမှာ မဟုတ်တော့ဘူး၊ စည်းစိမ်ချမ်းသာတွေနဲ့ ပြည့်စုံနေတဲ့ သမီးညှာ ကို ကင်း စိတ်ပူမှာလည်း မဟုတ်ဘူး၊ သူ့ကိုယ်သူ တာဝန်မဲ့တဲ့ ယောက်ျားလို့လည်း သတ်မှတ်မှာမဟုတ်ဘူးကွယ်"

ညှာ့စိတ်တွေကို ထိန်းချုပ်နိုင်စွမ်းရှိအောင် ကြိုးစားရတာ ခက်ခဲပင်ပန်းလိုက်တာ ကင်းရယ်။ ညှာ စားချင်သောက်ချင်စိတ် မရှိလို့ အင်အားတွေမဲ့ပြီး အိပ်ရာထဲမှာ လဲနေတယ်လေ။ ဒါပေမဲ့ ညှာ ပြန်ပြီးထူထောင်နိုင်အောင် ကြိုးစားမှာပါ။ ညှာ့ကိုယ်ဝန်က တစ်စတစ်စ ရင့်လာသည်။ အစားအသောက်တွေကို ညှာ ပြန်စား နိုင်လာ၏။ ညှာက အမေပဲ။ ရှင်ပဲ အကြင်နာကင်းမဲ့နေတာပါ ကင်း။ ညှာကတော့ ညှာ့ရင်သွေးလေးအတွက် တာဝန်ယူမယ်။

ညှာ့လို မဖြစ်စေရပါဘူးနော်။ ညှာ့ကိုယ်ဝန် လရင့်လာသည်နှင့် အမျှ စစ်ဆေးချက်အရ ညှာ့ရင်သွေးလေးက မိန်းကလေးဆိုတာ သိရတော့ ပို၍ပင် စိုးရိမ်ပူပန်သွားရသည်။

“မိန်းကလေးပဲ၊ သမီးလေးနော် ညှာ”

ညှာ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်တက်လာရသည်။ ညှာ့ရင်သွေးလေးက သမီးလေးပဲတဲ့။ ညှာ့လိုပဲ ရင်ဆိုင်ဖြတ်သန်းနေရတော့မှာလား။ သမီးလေးဆိုတာ အဖေကို လိုအပ်မှာပဲ။ ကင်း ကျောင်းပြန်တက်နေပြီဆိုတဲ့ သတင်းတွေ ကြားနေရသည်။ ကင်းကို သတိရတမ်းတတဲ့စိတ်တွေ ရင်နှင့်အပြည့် မွန်းကြပ်လာရ၏။ ညှာ ထူမတတ်ဖို့ပင် ခက်ခဲနေသည်။

ကင်းကတော့ ရွှေသဲညှာကို မေ့ပစ်လိုက်ပြီဖြစ်သည်။ ဘယ်လိုမှ မျက်နှာချင်းဆိုင်ဖို့ဆိုတာ မဖြစ်နိုင်ပေ။ မမနှစ်စ ဈေးဆိုင်ဖွင့်နေတာ အဆင်ပြေသလို ကင်းကိုယ်တိုင်လည်း အငယ်တန်းကျောင်းသူကျောင်းသားတွေ ဂိုက်ပြန်လုပ်ရင်း ငွေရှာပြီး ကျောင်းပြန်တက်နေခဲ့သည်။ ညှာ ကိုယ်က မင်းနဲ့မတန်ပါဘူး။ ကိုယ်ကသူများမိသားစုကို ပြိုကွဲအောင်လုပ်ခဲ့မိတဲ့ မမနှစ်ရဲ့အပြစ်တွေကိုဆေးကြောဖို့ အဝေးမှာပဲနေဖို့ဖြစ်သည်။

“ကင်း”

“ဟင် အချစ်”





“ကင်းကို ပြောစရာရှိလို့ လိုက်ရှာနေတာ”

“ဘာတွေပြောမလို့လဲ အချစ်၊ ကိုယ် ပညာရေးအတွက်ပဲ စိတ်ဝင်စားတယ်”

“ကင်းရဲ့ရင်သွေးအတွက် ကင်း စိတ်မဝင်စားလို့မဖြစ်ဘူးလေ”

“ညှာက ချမ်းသာကြွယ်ဝတဲ့ မိခင်တစ်ယောက်ပဲ၊ လိုလေသေးမရှိ ပြည့်စုံနေတယ် အချစ်၊ ကင်းကို ဘာမှထပ်မပြောပါနဲ့တော့၊ ကင်း ဘယ်လိုနည်းနဲ့မှ ညှာနဲ့ မျက်နှာချင်းမဆိုင်ချင်တော့ဘူး”

“ကင်း မှားတယ်”

“ဘာပြောတယ် အချစ်”

“ညှာ့မှာသမီးလေးရှိနေပြီ၊ ညှာမွေးမှာ သမီးလေး၊ အဖေက လိုအပ်တယ်မဟုတ်လား”

သမီးလေးတဲ့။ ကင်းရင်ထဲမှာ ငူးနစ်သွားရသည်။ ညှာက ကင်းကို တောင်းပန်ခဲ့ပေမယ့် အိမ်ထောင်ရေးမှာ အဖုအထစ်တွေနဲ့ ရှေ့ဆက်မသွားစေချင်တော့။ ကင်း အချစ်နဲ့ သူငယ်ချင်းမိတ်ဆွေအဖြစ်ပဲ ပတ်သက်ခဲ့သည်။ ကင်းနှလုံးသားတွေထဲမှာ ညှာရှိနေသလို သမီးလေးဆိုတော့လည်း စိုးရိမ်ပူပန်နေမိ၏။ သမီးလေးအတွက် ဖခင်လိုအပ်ချက်လည်း ရှိနေမည်ဖြစ်သည်။

"ကင်း"

"ဟင်"

"ညွာက ကင်းကိုလိုအပ်နေတယ်၊ သူ တောင်းပန်နေပြီပဲဟာ၊ ရှင် မာနတွေပြမနေပါနဲ့၊ ညွာ့ကို သွားတွေ့လိုက်ပါ"

"ကိုယ် သွားပြီ"

"ကင်း"

"ဆောရီးပဲ"

ကင်း ထွက်လာခဲ့သည်။ ညွာနဲ့ရင်ဆိုင်ဖို့ ကင်း သတ္တိမရှိတာပါ။ ကိုယ် မာနတွေ ပြနေတာမဟုတ်ပါဘူး ညွာ။ မင်းနဲ့အဝေးဆုံးကိုပဲသွားဖို့ ကိုယ်ဆုံးဖြတ်ပြီးသား။ ကိုယ် မင်းဆီကို ဘယ်တော့မှ ပြန်လာဖို့ဆိုတာ မဖြစ်နိုင်ဘူးထင်တယ် ညွာ။ ကင်းစိတ်တွေထဲမှာ သမီးလေးဆိုတဲ့အတွေးက ပူလောင်နေသည်။

"ကင်း"

"မမနန္ဒာ"

"မောင်လေး ဘာဖြစ်လာလို့လဲ၊ နေကောင်းရဲ့လား"

"ကောင်းပါတယ် မမနန္ဒာ"

"မမအမှားတွေပါကွယ်၊ မောင်လေးကင်းကို စိတ်သောကတွေရောက်အောင် ပေးမိနေပြီပဲ"

"ကင်း ဘာမှမဖြစ်ပါဘူး မမနန္ဒာ"





"ကင်း"

"ဗျာ"

"ညွာ့ကိုယ်ဝန်က မိန်းကလေးတဲ့၊ သမီးလေးတဲ့လေ"

"ကင်း သိပြီးပါပြီ"

"သမီးလေးဆိုတော့ ဖခင်လိုအပ်မယ်ထင်တယ်ကွယ်"

"ဗျာ"

"မမနန္ဒာက အစ်ကိုကြီးနဲ့ ပြန်ပေါင်းချင်လို့မဟုတ်ဘူးနော်၊ သမီးဆိုတော့ ဖခင်အရင်းအချာ ရှိသင့်တယ်လေ၊ ညွာငယ်ပါသေးတယ်၊ ကင်းလို တာဝန်သိတတ်တဲ့ လူတစ်ယောက်အနေနဲ့ ပြန်ပြီးစဉ်းစားသင့်ပါတယ်"

"မမနန္ဒာ ဘာတွေပြောနေတာလဲ၊ ဒီလိုစကားတွေ ထပ်မပြောပါနဲ့တော့၊ ညွာက အရမ်းချမ်းသာတဲ့ သူဌေးသမီးပဲ။ အခြွေအရံတွေ အများကြီးနဲ့ နေနိုင်တာပဲ၊ ဘာမှပူစရာမလိုပါဘူး"

"မမ သီလရှင်ဝတ်တော့မှာ"

"ဗျာ"

"မမရဲ့ အတိတ်ကံကြမ္မာတွေကြောင့် မိုက်မဲခဲ့မှုတွေအားလုံးအတွက် ဆေးကြောပစ်ချင်တယ် ကင်း၊ ဒီအချက်လေးကိုတော့ ကင်း ယုံကြည်ပေးပါ"

ကင်းကို ညွာနဲ့ပြန်ပေါင်းစေချင်တာ ညွာနဲ့ကင်းတို့ရဲ့

သမီးလေးအတွက်ပါ။ ဦးမြတ်ညွှာကို ဘယ်လိုနည်းနဲ့မှ နန္ဒာ ပြန်ပေါင်းရန် ဆန္ဒမရှိတော့ပေ။ ကင်းကတော့ တာဝန်ယူရမယ်။ ညွှာကလည်း တောင်းပန်နေခဲ့တာပဲ။ ကင်းကိုယ်တိုင် ညွှာကို ချစ်မြတ်နိုးတယ်ဆိုတာ နန္ဒာ သိနေသည်။

"မမ ဘာမှမပူပါနဲ့၊ ကင်း အစွမ်းအစရှိတဲ့ ယောကျ်ား တစ်ယောက်ပါဗျာ၊ ကင်း သမီးလေးမွေးပြီးရင်လည်း ကင်း ခေါ်ပြီး စောင့်ရှောက်နိုင်အောင် ကြိုးစားပါ့မယ်၊ ညွှာ့လက်ထဲမှာပဲ မထား ပါဘူး"

"အင်းလေ၊ ကင်းဆန္ဒအတိုင်းပါပဲကွယ်၊ မမက မိန်းကလေးချင်းကိုယ်ချင်းစာလို့ပါ၊ မီးဖွားတော့မယ့် မိန်းမ တစ်ယောက်က ကိုယ့်ခင်ပွန်းကို အနားမှာရှိစေချင်တာပါပဲ"

"ကင်း မသွားဘူး၊ ဒါ အကြောင်းပြချက်တစ်ခုပဲ၊ ညွှာကို ကင်း ဘယ်လိုနည်းနဲ့မှ မျက်နှာချင်းမဆိုင်နိုင်ဘူး၊ ဒီအကြောင်း တွေကို ထပ်မပြောဖို့ တောင်းပန်ပါတယ်၊ မကြားချင်တော့ဘူး၊ မေ့လိုက်ပါတော့ မမရာ"

မမနန္ဒာအနားကနေ ကင်း ထွက်လာခဲ့မိသည်။ ကင်း စိတ်ဖော ဆောက်တည်ရာမရနိုင်အောင် တုန်လှုပ်ချောက်ချားလာ ရ၏။ ဘာကြောင့်များ ဖြစ်ရတာလဲ။ မမနန္ဒာက ဦးမြတ်ညွှာနဲ့ ပြန်ပေါင်းချင်လို့လား။ မမနန္ဒာ ဆန္ဒရှိရင် ဦးမြတ်ညွှာကို ပြန်ပေါင်း





ချင် ပေါင်းပါစေ။ ကင်းကတော့ ညွှာနဲ့အဝေးဆုံးမှာပဲ နေဖို့ ဆုံးဖြတ်ထားသည်။

"ကင်းကို ညွှာ တောင်းပန်ပါတယ်၊ တကယ်တော့ ညွှာ နှလုံးသားတွေထဲမှာ ကင်းကို ချစ်မြတ်နိုးနေခဲ့ရတာပါ၊ မချစ်မိ အောင် သံယောဇဉ်တွယ်ငြိမသွားအောင် ပြောဆိုနေခဲ့ရတာပါ"

ညွှာ့အသံတွေကို ကင်း ကြားယောင်ပြီး သူ့စိတ်တွေ တုန်လှုပ်သွားရသည်။ မျက်လုံးတွေက အိပ်စက်ခြင်းတွေကို ကင်းမဲ့နေ၏။ ညွှာ့ကိုပဲမြင်ယောင်နေသည်။ ကင်း ခေါင်းကို ရမ်းပစ်မိသည်။ ညွှာနှင့်စတင်တွေ့ဆုံခဲ့တဲ့ အချိန်လေးကို မြင်ယောင် နေ၏။ မမနန္ဒာ လက်ထပ်မှာကိုစိတ်ညစ်၍ သူ အရက်သောက် မိသည်။

"အမိကားကို ကျုပ်ပြင်ပေးပါ့မယ်၊ ကျုပ်က ဝပ်ရှော့ မှာ ကြီးပြင်းလာတာပါ"

ညွှာက မျက်လုံးပြူးပြူးလေးနဲ့ သူ့ကို ကြည့်နေမိသည်။ ကင်းက အရက်တွေ မသောက်စဖူး သောက်ပြီး မူးနေခဲ့၏။ မင်းလည်း မင်းမိဘတွေကြောင့် စိတ်သောကတွေရောက်နေလို့ ခြေဦးတည့်ရာ ထွက်လာတာပဲမဟုတ်လား။ မဖြစ်ဘူး။ ညွှာ့ဆီ ကင်း သွားလို့ လုံးဝမဖြစ်ပါဘူး။ ကိုယ်တို့မောင်နှမက စိတ်ဓာတ် အောက်တန်းကျတဲ့လူတွေပါ။ အရှမ်းရှက်စရာကောင်းတယ်။

မဖြစ်ဘူး ညွှာ။ ကိုယ် မာနပြနေတာမဟုတ်ပေမယ့် ညွှာ့ရှေ့မှာ ကိုယ် ဘယ်လိုမှ ရပ်တည်နိုင်မှာမဟုတ်ပါဘူး။ ကင်း နိုင်ငံခြားကို အပြီးအပိုင်ထွက်သွားရန်ပဲ ဆုံးဖြတ်ထားမိသည်။ ကင်း အရက်သောက်ဖို့ ကြံစည်ပြီးမှ မသောက်ဖြစ်တော့ပေ။ သူ့ဘဝအတွက် အများကြီး ကြိုးစားရမယ်။ သူ့သမီးကို သူတာဝန်ယူရမယ်။ ကင်း အိပ်စက်ဖို့ပဲ ကြိုးစားနေသည်။

"ကင်းရယ် ညွှာ့ကိုကယ်ပါဦး၊ အမလေး နာလိုက်တာ၊ ညွှာ သေရတော့မယ်ထင်တယ်၊ သမီးလေးကို ကင်း စောင့်ရှောက်ပါနော်၊ ညွှာ့မှာ အင်အားတွေမရှိတော့ဘူး၊ ညွှာ့ကို မုန်းတီးသလို သမီးလေးကိုတော့ မမုန်းလိုက်ပါနဲ့"

ညွှာသည် ခုတင်ပေါ်မှာ လူးလိမ့်အော်ဟစ်နေသည်။ ညွှာ ခန္ဓာတစ်ခုလုံး သွေးအလိမ်းလိမ်း ပေကျံနေ၏။ သမီးလေးက အနားမှာရှိနေသည်။

"ညွှာ အရမ်းမောတယ်၊ ညွှာ သေရတော့မယ်ထင်တယ်၊ ကင်း ညွှာ့ကို ဖက်ထားပေးပါ၊ ညွှာ့နှလုံးသားတွေထဲမှ ကင်းကို ချစ်နေပါတယ်၊ မုန်းတီးသွားအောင်ပဲ ညွှာ ကြိုးစားနေတာပါ"

"ညွှာ မသေရဘူး၊ ကင်း ရှိပါတယ်၊ ညွှာ မရက်စက်လိုက်ပါနဲ့၊ ကင်းကိုထားပြီး လူ့လောကကြီးထဲကနေ ထွက်မသွားပါနဲ့နော် ညွှာ ညွှာ"





ညွှာ ကင်းလက်တွေကို တင်းကျပ်စွာဆုပ်ကိုင်ထားပြီး ငြိမ်သက်သွားသည်။ ကင်း အထိတ်တလန့်နှင့် ညွှာ့ကို ပွေ့ဖက်ရင်း အော်ဟစ်ခေါ်နေမိစဉ် အိပ်ရာမှ လန့်နိုးသွားသည်။

"ဟင်"

ကင်းတစ်ကိုယ်လုံး ချွေးတွေပျံနေပြီး တုန်လှုပ်ချောက်ချားနေသည်။ ညွှာ့ကိုယ်ဝန်က ရင့်မာနေပြီး မွေးတော့မယ်။ ကင်း တာဝန်မဲ့စွာ ရှောင်ပုန်းနေမိသည်ဟု ကိုယ့်ကိုယ်ကို ထင်မိလာရသည်။ အကယ်၍များ ကင်းမက်ခဲ့တဲ့ အိပ်မက်ထဲကလို ညွှာ သေဆုံးသွားခဲ့ရင်ရော ကင်း ဆက်မတွေးရဲတော့ပေ။ မျက်နှာသစ်ကိုယ်လက်သုတ်သင်ပြီး အပြင်ထွက်လာခဲ့သည်။ ညွှာတို့အိမ်ရောက်သွားတော့ အန်ကယ်ဦးမြတ်ညွှာက ဝမ်းသာအံ့သြတဲ့ မျက်ဝန်းတွေနဲ့ ကြောင်ပြီးကြည့်နေမိသဖြင့် ညွှာရော‌ဟု မေးလိုက်၏။ ကင်းအသံကြားမှ အန်ကယ်ဦးမြတ်ညွှာက အသိဝင်လာပြီး ပြန်ဖြေသည်။

"ညွှာ အချိန်မတန်ဘဲ ဗိုက်နာလို့ ဆေးခန်းပို့လိုက်ရတယ်၊ ကင်းရဲ့သူငယ်ချင်း ချစ်ချစ်ခင်ဆိုတဲ့ ကောင်မလေး ရောက်လာလို့ပေါ့၊ အန်ကယ်က အဖေဆိုတော့ နေရာတကာ မသင့်တော်ဘူးလေ"

ညွှာတက်တဲ့ ဆေးခန်းနာမည်ကိုမေးပြီး သူ အလျင်အမြန်

လိုက်သွားခဲ့သည်။ စိတ်တွေစောနေ၍ ဓာတ်လှေကားကိုပင် မစောင့်တော့ဘဲ လှေကားထစ်တွေအတိုင်း ပြေးတက်လာခဲ့သည်။

"ကင်း"

"ဟင် အချစ်"

"ညွှာက ဒီမှာ"

"ဟင်"

ခွဲစိတ်ခန်းအဝတွင် တွန်းလှဲပေါ် လဲလျောင်းနေသော ညွှာကိုတွေ့လိုက်ရသည်။ ညွှာ့လက်မောင်းမှာ ပိုက်က တန်းလန်း ဖြစ်နေ၏။ သူ စိတ်ပူသွားသည်။ ညွှာ့လက်လေးကို ဆုပ်ကိုင် ထားမိသည်။

"ညွှာ အားမငယ်နဲ့နော်၊ ကိုယ်ရှိတယ်၊ ညွှာ့အနားကနေ ကိုယ် ဘယ်မှထွက်မသွားတော့ဘူး"

"ကင်း"

"ညွှာရယ်"

"ကင်း တကယ်ပြန်လာတာနော်၊ ညွှာ ဝမ်းသာလိုက်တာ ကင်းရယ်၊ ကင်းပြန်လာတာ ညွှာ အားရှိလိုက်တာ၊ ညွှာ ဘာမှမကြောက်တော့ပါဘူး"

ညွှာ မျက်နှာလေးရှုံ့မဲ့နေရာမှ မျက်ဝန်းလေးတွေ ကြည်လင်ဝင်းလက် တောက်ပလာသည်။





"ညွှာ အခုအရမ်းနာနေလားဟင်၊ အချိန်မတန်ဘဲ ဗိုက်နာ တာဆိုတော့ စိုးရိမ်ရလား"

ညွှာ့လက်လေးကို ဆုပ်ကိုင်ရင်း ကင်းမေးနေမိသည်။

"အန္တရာယ်ကင်းပါတယ်၊ မွေးဖွားမယ့်ရက်ထက် တစ်ရက်လောက်စောပြီး ဗိုက်နာတာပါ၊ မပူပါနဲ့ဟာ"

အချစ်က အမြင်ကတ်တဲ့လေသံနှင့် ဝင်ပြောသည်။ ခွဲစိတ်ခန်းထဲဝင်တော့မည့် ညွှာ့လက်လေးကို မလွှတ်တမ်း ဆုပ် ကိုင်ဖျစ်ညှစ်ထားမိ၏။ တာဝန်ကျဆရာဝန်မလေးက ခွဲခန်းထဲဝင် ရတော့မည်ဟု သတိပေးတော့မှ မလွှဲသာမရှောင်သာ လွှတ်ပေး လိုက်သည်။

"စိတ်မပူပါနဲ့တော့ ကင်းရယ်၊ ညွှာမှာ အင်အားတွေ ပြည့်ဝနေပါပြီ၊ သမီးလေးကိုလည်း ကောင်းကောင်းမွန်မွန် မွေးဖွား နိုင်မှာပါ"

ညွှာက အပြုံးလေးနဲ့ပြောပြီး ခွဲစိတ်ခန်းထဲ ဝင်သွားသည်။ ကင်း စိတ်ပူပင်စွာ စောင့်နေခဲ့ရ၏။ သူ့အိပ်မက်ထဲကလိုသာဆို ရင်။ ကင်း ဆက်မတွေးရဲတော့ပေ။ ညွှာရော သမီးလေးပါ ကျန်းမာပါစေလို့ ဆုတောင်းနေရသည်။

"မရွှေသဲညွှာ အိမ်ကလား၊ သမီးလေး မွေးပြီးပါပြီ"

"ဗျာ"

ခွဲစိတ်ခန်းဝမှ ထွက်ပေါ်လာသောအသံကြောင့် ကင်း မော့ကြည့်လိုက်တော့ ခွဲစိတ်ခန်းဝတ်စုံ ဝတ်ဆင်ထားသော သူနာပြု ဆရာက ဝဝကစ်ကစ် မွေးကင်းစကလေးလေးကို ပြသည်။

"လူကြီးရော နေကောင်းတယ်နော်"

"ဘာမှ စိတ်ပူစရာမရှိတော့ပါဘူး"

"သမီးလေးက ချစ်စရာလေးနော်၊ ကင်း ကျက်သရေ မင်္ဂလာရှိလိုက်တာ၊ ကင်းက ယောကျ်ားကောင်းတစ်ယောက်ပဲ၊ သမီးလေးအတွက် ဖခင်ကောင်းပဲ"

ကင်းရင်ထဲမှာ ဝမ်းသာပီတိဖြစ်ရလွန်း၍ အချစ်ကိုပင် ပြန်မဖြေနိုင်ဘဲ ညှာထွက်လာမည့် ခွဲစိတ်ခန်းကိုသာ စူးစိုက်ကြည့် နေမိသည်။ တစ်နာရီလောက်ကြာတော့ ညှာ ထွက်လာသည်။ နာကျင်တဲ့ ဝေဒနာတွေ ခံစားရပေမယ့် ညှာ့နှုတ်ခမ်းလေးက ပြုံးနေသည်။

"ညှာရယ် ဘာမှအားမငယ်နဲ့နော်၊ ကင်းက ညှာ့ရဲ့ ချစ်ခင်ပွန်းကောင်း၊ သမီးလေးရဲ့ ဖခင်ကောင်းဖြစ်အောင် အစွမ်းကုန် ကြိုးစားပါ့မယ်နော်"

"ကင်းရယ်"

ညှာ့လက်လေးကို ကင်း ဆုပ်ကိုင်လိုက်တော့ တွန်းလှည်း တွန်းတဲ့ ဝန်ထမ်းကောင်မလေးတွေက ပြုံးနေကြသည်။ ကင်း





မရှုက်နိုင်တော့ပေ။ အတိတ်က ဘာတွေပဲဖြစ်ခဲ့ပါစေ၊ မေ့ပျောက် ပစ်လိုက်ပြီး ကင်း မိသားစုတာဝန်တွေကို အပြည့်အဝ ထမ်းဆောင် ဖို့ပဲ ဆုံးဖြတ်လိုက်ပါလေသည်။

ရှင်မြတ်နိုး